
www.burmeseclassic.com
ပင်းမြွက်သူရ
ဆားပုလင်းမင်းအောင် နှင့် ဓမြမင်းသမီး
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်နှင့်မြေမြင်းသမီး


စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၀၅၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၁၂၀၁၀၉

၂၀၀၉ ခုနှစ်၊ ဇွန်လ၊

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်
## နှင့်
## မြေမြင်းသမီး


စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com




၂၅။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၂၆။ စကြာရှင်
၂၇။ မိုးကြိုးတံခွန်
၂၈။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၂၉။ အတုမရှိစည်တော်
၃၀။ ဖီဝရိုးရွှေလိုက်ဥ
၃၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၃၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၃၃။ ဘာမထိဘွား
၃၄။ ဆားပုလင်းမင်းအောင်နှင့် သစင်မြိုင်
၃၅။ မိုးမြေသစ္စာ
၃၆။ လနတ်သမီး
၃၇။ တစ်ကျွန်းမဲ
၃၈။ ဂုမ္ဘဒါမင်းထင်နှင့် သေမင်းနာရီဝင်
၃၉။ ရွှေနတ်တောင်
၄၀။ ငြိုည်လုံးကျော်
၄၁။ ယက္ခညီနောင်
၄၂။ တိမ်ကြာမင်းအခါင်
၄၃။ နဂရတ်ကိုးသွယ်
၄၄။ လျှို့ဝှက်ကော်ဇော
၄၅။ လေးကျွန်းမောင်ကြီး
၄၆။ မနောစကြာ
၄၇။ ချိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၄၈။ ကျောက်စိမ်းဆမိန့်တော်





လောကမှာ လက်သီးဆုပ်ထားတဲ့ လူတွေအားလုံး ကြောက်ရွံ့သူတွေပဲ။ လက်ဝါးဖြန့်ထားတဲ့ သူတွေဟာ ရဲ့ဝံ့သူတွေဖြစ်တယ်။ ကြောက်ရွံ့သူတွေဟာ မာန်တွေ တင်းထားတယ်။ ထိုးနှက်တိုက်ခိုက်တယ်။ ရက်စက်ကြမ်းကြုတ်တယ်။ ယုတ်မာရိုင်းစိုင်းတယ်။ ရဲ့ဝံ့သူတွေဟာ သည်းခံနိုင်စွမ်းရှိတယ်။ မေတ္တာထားနိုင်တယ်။ ခွင့်လွှတ်နိုင်စွမ်းရှိတယ်။ စွန့်လွှတ် အနစ်နာခံရဲတယ်။

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com







တစ်နေ့သ၌ ကျွန်ုပ်၏ဇနီး မယ်က ဦးရှင်ကြီးတင်ချင်သည်ဟု ပူဆာနေသဖြင့် ကျွန်ုပ်လည်း ရပ်ကွက်ထဲတွင် မိုနေရာစပ်စပ် သည်နေရာစပ်စပ် ပါလေ့ရှိသော ဦးပေါစီ ဆိုသည့်အဘိုးကြီးကို အပူကပ်ရလေ၏။ ဦးပေါစီက ...

"မုန့်ဆန်းဝယ်ရမယ်၊ အုန်းသီးဖယ်ရမယ်၊ ငှက်ပျောသီးနဲ့ ကွမ်းရာဝယ်ရမယ်၊ လက်ဖက်လည်း ဝယ်ရမယ်၊ အဲ ... သပြေညွှန့်နဲ့ အမွှေးတိုင်လည်း ဝယ်ရဦးမယ်၊ အုန်းရွက်ကိုတော့ ရပ်ကွက်ထဲက ငါ ခူးလာခဲ့မယ်၊ လောလောဆယ်ငါ့ကို ငွေတစ်ကျပ်ပေးရမယ်"

ဟု ဆိုသဖြင့် ၎င်းကို ငွေတစ်ကျပ်ပေးကာ ကျောက်မြောင်းဈေးသို့ပြေး၍ အထက်ပါပစ္စည်းများကို ဝယ်ယူရလေ၏။ အိမ်သို့ ရောက်သောအခါ၌လည်း မနားရသေးဘဲ ဦးပေါစီခိုင်းသော အလုပ်များကို လုပ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်စိကြီးက အုန်းသီးကို အခွံခွာခိုင်းသဖြင့် အခွံခွာရလေ၏။ ပြီးနောက် အုန်းရည်ကို ဖန်ခွက်ဖြင့် ခံရ၏။ အုန်းသီးကိုလည်း ခြစ်ရ၏။ ဦးရှင်ကြီး တင်ချင်သည်ဆိုသော မေကမှ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်း၍ ဦးပေါ်စိကြီးနှင့်အပြိုင် ကျွန်ုပ်အား ညြဇာပေး၍ နေလေ၏။

အလုံးစုံကို ပြင်ဆင်ပြီးသောအခါ ဦးပေါ်စိကြီးက နတ်စင်ပေါ်သို့ ပသမည့် ပစ္စည်းများကို တင်လေ၏။ ပြီးနောက် လွှန်စွာကျယ်လောင်သော အသံကြီးဖြင့် ...

BURMESE CLASSIC .com

"ပုလဲငွေမို့ သဲရေစို့ ပဲခွေမြို့အပိုင် အောက်ခရိုင်၌ ကျောက်တိုင်ဘက်နေမင်းအထိ ရေစာရင်းညှိလိုက်တော့ ရေကင်းအထိ ပိုင်ပေသော ဦးရှင်ခင်ဗျာ"

အစချီကာ ဦးရှင်ကြီးအား ပင့်လေ၏။ ဦးရှင်ကြီး ကြွလာသောအခါ ရိုသေစွာရှိခိုးကန်တော့၍ လိုအပ်သောဆုကို တောင်းကြ၏။

ထိုအချိန်၌ ရပ်ကွက်ထဲရှိ မိမဆုံးမ၊ ဖမဆုံးမကလေးများသည် နတ်စင်အနီးသို့ ရောက်လာပြီး ပသမည့်ပစ္စည်းများကို လုယက်ရန် ကြံစည်လေရာ ကလေးများအား အနူးအညွတ်တောင်းပန်၍ မုန့်ဆန်းများကို ခွဲဝေပေးရလေ၏။





အိမ်နီးချင်း မိတ်ဆွေများသို့လည်း လှည့်လည်ပို့ဆောင်ရလေ၏။ ဦးရှင်ကြီး တင်ပြီးသောအခါ ဦးပေါ်စိက နတ်စင်ကို ပြန်လည်ယူဆောင်သွားပြီး ...

"ဝါထွက်ရင် တစ်ခါတင်ရမယ်၊ ဒါဆိုရင် မင်းတို့ဒီတစ်နှစ်လုံး လာဘ်လာဘပေါ်ကြွယ်ဝမယ်၊ အဲဒီကျရင် ငါ့ကို ပင့်ခတစ်မူး ပို့ပေးရမယ်"

ဟု ပြောဆိုကာ ရွှင်လန်းစွာဖြင့် ပြန်လည်ထွက်ခွာသွားလေ၏။ မေသည် ဦးပေါ်စိကြီး၏ စကားကို နားထောင်၍ ပီတိဖြစ်ကာ ကျန်ရစ်ခဲ့ရှာ၏။ ကျွန်ုပ်က ...

"လာဘ်လာဘ ပေါမပေါ်တော့ မသိဘူး မေရေ၊ လောလောဆယ် ငွေ ၄/– ထွက်သွားပြီ"

ဟု ပြောဆိုလေရာ မေက မျက်စောင်းထိုး၍ ...

"ကိုကိုနော်၊ ဘာနောက်တာ လဲ၊ ဒါ မေတို့ဘက်က ရိုးရာ"

ဟု ပြောလေ၏။ အိမ်နီးချင်းများကို ပေးပြီးနောက် မုန့်ဆန်းများစွာ ကျန်သေးသဖြင့် ဆားပုလင်းမင်းအောင်ကို သတိရကာ မုန့်ဆန်းနှင့် ငှက်ပျောသီးများကို ချိုင့်ထဲသို့ထည့်၍ ၎င်းနေထိုင်ရာ အမှတ်(၇) အသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်သို့ ရောက်သောအခါ ဂမ္ဘီရစာအုပ်ကြီး တစ်အုပ်ကို ဖတ်ရှုနေသော ကိုမင်းအောင်ကို တွေ့ရလေ၏။ ကိုမင်းအောင်က ကျွန်ုပ်ကို မြင်သည်နှင့် ...

"လာဗျို့၊ အိုင်ပီအိမ်မှာ ဦးရှင်ကြီးတင်တယ် မှတ်တယ်"

ဟု အတတ်ဟောလိုက်ရာ ကျွန်ုပ်က ...

"ဟုတ်ပါ့ဗျာ၊ မေတို့ဘက်က ရိုးရာဖြစ်လို့ ဝါဝင်ဝါထွက်တိုင်း တင်နေကျဗျ"

ဟု ပြောလေ၏။ ကိုမင်းအောင်က ကျွန်ုပ်လက်မှ ချိုင့်ကိုယူ၍ စားပွဲပေါ်တင်လိုက်ပြီး ...

"မြန်မာ့ဓလေ့မှာ ယုံကြည်ကိုးကွယ်မှု နှစ်မျိုးရှိတယ်ဗျ၊ ပထမတစ်မျိုးက ကြည်ညိုလေးစားလို့ရှိခိုးပူဇော်တဲ့ ကိုးကွယ်မှုမျိုး၊ ရတနာသုံးပါးနဲ့ မိဘဆရာတွေကို ကိုးကွယ်တဲ့ ကိုးကွယ်မှုမျိုးပေါ့ဗျာ၊ ဒုတိယတစ်မျိုးကတော့ စိုးရိမ်ပူပန်မှုကြောင့် ကြောက်ရွံ့ခန့်ညားပြီး ပိဇော်ပသတဲ့ ဓလေ့မျိုးဗျ။ ကြောက်ရွံ့ခန့်ညားပြီး ပူဇော်ပသတာကို ရိုးရာကိုးကွယ်တယ်၊ ရိုးရာတင်မြှောက်တယ်လို့ ခေါ်တယ်"

ဟု ပြောလေရာ ကျွန်ုပ်က ...

"ကိုမင်းအောင် ပြောမှပဲ ရိုးရာကိုးကွယ်တယ်ဆိုတာ ရှင်းသွားတယ်၊ ဦးရှင်ကြီးတင်တဲ့အကြောင်း ရှင်းပါဦး"





ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ဗျူနပလေးယားမှတ်ဆိတ်စီးကရက်ကို မီးညှိ၍ ...

"အထက်အညာမှာ ပန်းပဲမောင်တင့်တယ်နဲ့ လွတ်တဲ့အိမ်မရှိသလို အောက်ပြည်အောက်ရွာမှာလည်း ဦးရှင်ကြီးနဲ့ လွတ်တဲ့အိမ် ရှားတယ်ဗျ။ ဦးရှင်ကြီးဟာ အတွင်း ၃၇၊ အပြင် ၃၇ နတ်စာရင်းမှာ မပါပေမယ့် သူတော်ကောင်းနတ်ဗျ၊ သူ့ကို ပူဇော်ပသတဲ့ ပစ္စည်းအားလုံးက သက်မဲ့ပဲ၊ ဦးရှင်ကြီးကို ဝါတွင်းသုံးလကလွဲရင် ကျန်ကိုးလမှာ မနက်၊ ည တင်မြှောက်နိုင်တယ်၊ အိမ်တွင်းမှာတင်လို့တော့ မရဘူးဗျ၊ နတ်စင်ကို အိမ်တံစက်မြိတ်နဲ့ လွတ်အောင်ထားရတယ်၊ နတ်စင်ဆောက်ချင်ရင် ဝါးလုံးတစ်လုံးရဲ့ ထိပ်ပိုင်းကို လေးစိတ်ခွဲဟထားပြီး အနံ့နှစ်ပေ အလျားနှစ်ပေလောက်ရှိတဲ့ ကပ်ကျဲတစ်ခုယက်ပြီး ဝါးအခွပေါ်တင်လိုက်ရင် နတ်စင်ဖြစ်တာပါပဲဗျာ၊ ဒါ အရိုးဆုံး အရှင်းဆုံးနတ်စင်ပါပဲ၊ ဒါပေမဲ့ ချဲ့ချင်တဲ့သူတွေက ချဲ့ထွင်လိုက်တဲ့အတွက် နတ်စင်အထက် ထောင့်လေးထောင့်မှာ အုန်းရွက်နဲ့ သပြေညွန့်တွေ စိုက်လာတယ်၊ ဒါကို မကျေနပ်နိုင်သေးဘဲ အောက်ပွဲဆိုပြီး ထွင်လိုက်သေးတယ်ဗျ၊ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြချက်ကတော့ ဦးရှင်ကြီးရဲ့နောက်လိုက်ငယ်သားတွေ စားဖို့တဲ့၊ ဒီထက်ပိုပြီး ချဲ့ချင်တဲ့သူတွေက နတ်စင်ကိုအနီရောင်ဆေးသုတ်တယ်၊ ပို၍ ပို၍ ချဲ့ထွင်သူများက မိချောင်းစီးပြီး စောင်းပိုက်ထားတဲ့ ဦးရှင်ကြီးရုပ်ကို ထွင်လိုက်ကြတယ်ဗျ၊ ရယ်စရာကောင်းတာက အချို့နတ်ရုပ်တွေမှာ မိချောင်းမစီးဘဲ ကျားစီးထားပြန်တယ်၊ ဦးရှင်ကြီးတင်တဲ့စာကတော့ ရတနာပုံသတင်းစာ စကားပြေမျိုးဗျ၊ များသောအားဖြင့် ဇာတ်ကျစာရေးဆရာတွေနဲ့ ကွပ်စိပ်ဆရာတွေ လက်စွမ်းပြပြီး ရေးလေ့ရှိတယ်"

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်က ...

"ဦးရှင်ကြီးအကြောင်း ပြောပါဦး"

ဟု မေးမြန်းလေ၏။ ဆရာပုလင်းမင်းအောင်က ...

"လူတိုင်းသိတဲ့ ဇာတ်လမ်းမို့ အတိုချုပ်ပဲ ပြောမယ်ဗျာ၊ ပဲခူးနယ် စည့်တီးရွာမှာ မောင်ရှင်ဟာ မိခင်မုဆိုးမကြီးကို စောင်းပညာနဲ့ လုပ်ကျွေးပြုစုတယ်ဗျ၊ အရွယ်ရောက်လာတော့ ရှင်ပြုဖို့ ငွေလိုတာနဲ့ မိန်းမလှကျွန်းကို သစ်ခုတ်တဲ့အဖွဲ့နဲ့ လိုက်သွားတယ်ဗျာ၊ ကျွန်းကိုရောက်လို့ သစ်ခုတ်နေစဉ် မောင်ရှင် လှေစောင့်ကျတဲ့နေ့မှာ စောင်းတီးလိုက်





မိတယ်၊ မောင်ရှင်တို့ ပြန်မယ့်နေ့မှာ စောင်းသံကို စွဲလမ်းတဲ့ နာနာဘာဝ ညီအစ်မလေးယောက်က လှေကိုဆွဲထားတယ်၊ ဒီလိုနဲ့ လှေသားတွေကို ရေစာကျွေးဖို့ မဲလိပ်ချတဲ့အခါ မောင်ရှင် တစ်ယောက်တည်း ၃ ကြိမ်မဲကျတဲ့အတွက် ရေထဲကို ပစ်ချလိုက်တယ်၊ ဒီလိုနဲ့ အရှင်လတ်လတ် နတ်ဖြစ်သွားတယ်ပေါ့ဗျာ"

ဟု ပြောလေ၏။ ထို့နောက် ဂျွန်ပလေးယားမုတ်ဆိတ်စီးကရက်ကို မီးညှိလိုက်ပြီး ဖွာရှိုက်ကာ မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပြီး ...

"ယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှ မပြောလိုပါဘူးဗျာ၊ လူသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိပါတယ်။ ဒါပေမဲ့ ဦးရှင်ကြီးတင်တဲ့ ပုဂ္ဂိုလ်တွေက ရတနာသုံးပါးနဲ့ သက်ဆိုင်တဲ့ အသုံးအနှုန်းတွေကို ဦးရှင်ကြီးတင်တဲ့နေရာမှာ သုံးနှုန်းတာ သတိပြုသင့်တယ်၊ ဦးရှင်ကြီးနတ်စင်ကို 'ကျောင်းဆောင်' တဲ့ စားသောက်ဖွယ်ရာကို 'ဆွမ်း' တဲ့၊ စားပါ သောက်ပါ၊ သုံးဆောင်ပါလို့ ဆိုရမဲ့အစား 'ဘုဥ်းပေးပါ" လို့ ဆိုနေကြတယ်ဗျ၊ ဒါဟာ သတိပြုရမယ့် အချက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လေးနက်စွာ ပြောလိုက်လေတော့၏။ ထို့နောက် ဆားပုလင်းမင်းအောင်က မုန့်ဆန်းများကို ချိုင့်ထဲမှပန်းကန်ပြားသို့ ပြောင်းထည့်လိုက်ပြီး ...

"အိုင်ဝီ မနက်ဖြန် ကျွန်တော့်ကို ကွမ်းခြံဘူတာကြီး လိုက်ပို့ပါဦးဗျာ၊ အုတ်ဖိုဘက်ကို ခရီးထွက်စရာရှိတယ်ဗျ"

ဟု ပြောလေရာ ကျွန်ုပ်က ...

"အရေးကြီးလို့လား ကိုမင်းအောင်"

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"အုတ်ဖိုဘက်ကရွာတွေမှာ ဓားပြခေါင်းဆောင် ပတ္တမြားမောင်မောင်ဆိုတဲ့သူဟာ အတော်သောင်းကျန်းနေတယ်ဗျ၊ ဒီလူဟာ သူရသတ္တိလည်းရှိတယ်၊ လက်ရုံးရည်နှလုံးရည်နဲ့လည်း ပြည့်စုံတယ်၊ ပုလိပ်အဖွဲ့က လက်မြှောက်ထားရတဲ့သူပဲ၊ သူဟာ သူခိုးကြီးတောက်ပြားလိုမျိုးဗျ၊ လူချမ်းသာတွေကို ဓားပြတိုက်ပြီး ဆင်းရဲသားတွေကို ဝေခွဲပေးလေ့ရှိတယ်၊ ဓားပြတိုက်ရုံဆို ကျုပ်က မျက်စိမှိတ်နေလို့ရပါတယ်ဗျာ၊ ခက်တာက အဲဒီပတ်ဝန်းကျင်က လူဆိုးလူမွမ်းတွေကို သူ့နည်းသူ့ဟန်နဲ့ အပျောက်ရှင်းပစ်နေတာဗျ၊





လူသတ်မှု ကျူးလွန်နေတယ်ပေါ့ဗျာ၊ ပုလိပ်အဖွဲ့က လိုက်ရင် ပဲခူးရိုးမထဲကို ခြေရာပျောက်သွားလေ့ရှိတယ်ဗျ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ပ[illegible] ၏ သတင်းကို နားထောင်၍ ကျောထဲတွင် စိမ့်သွ[illegible]

"အဖော်လိုက်ဖို့ လိုသေးသလား ကိုမင်းအောင်"

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ...

"မလိုက်ပါနဲ့ဗျာ၊ အန္တရာယ်များပါတယ်၊ အဆင်မသင့်ရင် တောအောင်းသင့် အောင်းရမှာဗျ"

ဟု ပြောလေ၏။ ထိုအခါမှပင် ကျွန်ုပ်၏ရင်ထဲ၌ အေးမြသွားလေ၏။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင် အုတ်ဖိုသို့ ထွက်သွားပြီး နောက်တစ်နေ့တွင် ဦးပေါ်ဦး ရောက်လာပြီးလျှင် ...

"စီအိုင်ဒီမှာ အမှုလေးတွေပါးတုန်း အေးအေးဆေးဆေး အနားယူရအောင်ဗျာ"

ဟု ဆိုကာ ဂင်ဇာဟိုတယ်သို့ ဘီယာသွားသောက်ကြလေ၏။ ဟိုတယ်ပန်ကာအောက်၌ သောက်ဆိပ်ဘီယာနှင့် ဒိန်ခဲကိုဝါး၍ အရသာခံရုံဖြင့် အားမရနိုင်သေးတဲ့ ဦးပေါ်ဦးကြီးက ...

"ကိုအောင်ထွန်းရေ တရုတ်တန်းမှာ လေးကောင်ဂျင်သွားထိုးရအောင်"

ဟု ဆွယ်လေ၏။ ထိုအခါ ကျွန်ုပ်က ခေါင်းခါ၍...

"ပိုက်ဆံမပါဘူးဗျ၊ အိတ်ထဲမှာ ငွေ ၂ ကျပ်ပဲရှိတယ်"

ဟု ဆိုလိုက်ရာ ဦးပေါ်ဦးကြီးက ကျွန်ုပ်၏ဘောင်းဘီအိတ်ကို မျက်လုံးဝေ့ကြည့်၍ ...





"ခင်ဗျား ဘောင်းဘီအိတ်ကြီးက ဖောင်းနေတာ ပိုက်ဆံတွေ မဟုတ်ဘူးလားဗျ"

ဟု မသင်္ကာသလို မေးမြန်းလေ၏။

ကျွန်ုပ်က ရယ်မော၍ ...

"ဒါတော့ ထိလို့မှရဘူးဗျ၊ မေက ရွှေဒင်္ဂါးတွေ ဝယ်စုနေကျ၊ ဒီလ မေ့အတွက်ရွှေဒင်္ဂါးနှစ်ပြားဝယ်ဖို့ ငွေ ၃၅/- ဖယ်ထားတာ"

ဟု ငြင်းဆန်သော်လည်း ဦးပေါ်ဦးကြီးက လေးကောင်ဂျင်ထိုးရန် တကျိုကျိုပူဆာနေသဖြင့် အပျော်အပါး ဝါသနာထုံသော ကျွန်ုပ်မှာ သူ့နောက်သို့ ပါချင်ချင် ဖြစ်လာပြီး ...

"ကဲ ... ခင်ဗျားမှာ ဘယ်လောက်ပါသလဲ"

ဟု ဦးပေါ်ဦးကြီးကိုမေးမြန်းလေရာ ၎င်းက ပိုက်ဆံအိတ်ထဲသို့ မွှေနှောက်ရှာဖွေ၍ ...

"ရှစ်ကျပ်နဲ့တစ်မူး ပါတယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ...

"ဒါဆိုရင် ကျုပ်တို့နှစ်ယောက်ပေါင်းရင် ငွေတစ်ဆယ်ရှိတယ်၊ ငွေတစ်ဆယ်နဲ့ပဲ ကစားကြတာပေါ့။ ရွှေဒင်္ဂါးဝယ်ဖို့ထားတဲ့ ငွေကိုတော့ တတ်နိုင်သမျှ မထိဘဲ ထားမယ်ဗျာ၊ သဘောတူလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေရာ ဦးပေါဦးက ...

"တူတာပေါ့ဗျာ၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ"

ဟု ထောက်ခံသဖြင့် တရုတ်တန်းသို့ ချီတက်ခဲ့ကြလေ၏။ တရုတ်တန်းရှိ ကလပ်တစ်ခုသို့ ရောက်သောအခါ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် ငွေတစ်ဆယ်ကို အရင်းတည်၍ လေးကောင်ဂျင် ကစားကြရာ တစ်နာရီခန့် အကြာတွင် ပါသမျှငွေ ကုန်လေ၏။ ကျွန်ုပ်က ကစား၍ အားမရသေးသော်လည်း ရွှေဒင်္ဂါးဝယ်ရန်ထားသောငွေကို မထိလို၍ ...

"ပြန်မယ် ဦးပေါဦး၊ တော်လောက်ပြီဗျာ"

ဟု ဆိုလေရာ ဦးပေါဦးက ...

"မပြန်ချင်သေးဘူးဗျာ၊ ခင်ဗျားအိတ်ထဲက ပိုက်ဆံတွေထုတ်၊ ရှုံးရင် ကျုပ်လည်း တစ်ဝက်ခံမယ်ဗျာ"

ဟု မြှောက်ထိုးပင့်ကော် လုပ်လေရာ ကျွန်ုပ်လည်း မပြန်နိုင်တော့ဘဲ ငွေ ၃၅ ကျပ်ကိုထုတ်၍ ကစားပြန်ရာ မကြာမီအချိန်အတွင်းမှာပင် ပါသမျှငွေ တက်တက်ပြောင်လေ၏။ ဦးပေါဦးကြီးက တက်ခေါက်၍ ...

"တောက် ... ဆိုးလိုက်တဲ့ကံဗျာ"

ဟု ညည်းညူလေ၏။





ကျွန်ုပ်တို့နှစ်ဦးသည် စိတ်ညစ်ညစ်နှင့် ကလပ်မှ ပြန်ထွက်ခဲ့ကြရာ တံခါးပေါက်သို့ ရောက်သည်နှင့် ဦးပေါဦးက ...

"အနာမခံနိုင်ဘူးဗျာ၊ ပြန်စရိတ် တောင်းမယ်"

ဟု ပြောကာ ပြန်စရိတ်ပေးသော တရုတ်ထံသို့သွားလေ၏။ တရုတ်ကလပ်များ၏ ထုံးစံမှာ ရှုံးသောသူများအား ငွေ ၁၀၀ ကျပ်လျှင် ပြန်စရိတ် ၁၀ ကျပ်ပြန်ပေးလေ့ရှိ၏။ ဦးပေါဦးက တရုတ်အား ၄၅ ကျပ်ရှုံးသည်ဆိုသဖြင့် တရုတ်က ၄ ကျပ်ပြန်ပေးလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ငွေ ၄ ကျပ်ကိုင်၍ ကလပ်နှင့် မလှမ်းမကမ်းတွင် ရပ်ထားသော ကားဆီသို့ ပြန်ခဲ့လေ၏။ တစ်နေရာသို့ ရောက်သောအခါ တိုက်ရိပ်တစ်ခုကိုခို၍ ဗေဒင်ဟောသော ဂျူးအဘိုးကြီးတစ်ဦးက ...

"ဗေဒင်မေးမလား လူကလေး"

ဟု ဖိတ်ခေါ်လေရာ ဦးပေါဦးကြီးက ဂျူးအဘိုးကြီးကို ကြည့်၍ ...

"ဒီနေ့ ဘာလို့ ဒီလောက် ကံဆိုးလဲ မသိဘူး၊ ဗေဒင်မေးကြည့်ရအောင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုသဖြင့် ကျွန်ပ်လည်း အဖျင်းပြေသဘောဖြင့် ဗေဒင်မေးရန် သဘောတူလိုက်လေ၏။ ဂျူးအဘိုးကြီးသည် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများဖြင့် အသက်ကြီးလှပြီဖြစ်၏။ သူ၏အရှေ့တွင် အပြာရောင်ကတ္တီပါစတစ်စရှိ၏။ ထိုအစပေါ်တွင် ဖဲချပ်ကဲ့သို့သော သစ်သားပြားကလေးများရှိ၏။ ဦးပေါ်ဦးကြီးက ...

"ဒီမှာ ကျူပ် တစ်ခွန်းတည်း မေးချင်တယ် ရမလား"

ဟု မေးမြန်းလေရာ ဂျူးအဘိုးကြီးက ပြူးကျယ်သော မျက်လုံးများနှင့် ကျွန်ုပ်တို့နှစ်ဦးကိုကြည့်၍ ...

"ရပါတယ်၊ မေးပါ"

ဟု တီးတိုးပြောလေ၏။

ဦးပေါ်ဦးက ...

"ကဲ ... ဒါဆို မေးမယ်၊ ဒီနေ့ လေးကောင်ဂျင်ကစားရင် နိုင်မှာလား"

ဟု မေးမြန်းလေ၏။ ဂျူးအဘိုးကြီးသည် ဦးပေါ်ဦး၏စကားကို နားထောင်၍ အပြာရောင်ကတ္တီပါစပေါ်တွင် တင်ထားသော သစ်သားပြားကလေးကို ရှေ့သို့တိုး၍ ...

"ဒီသစ်သားပြားကလေးတွေကို လူကလေးလက်နဲ့ မွှေလိုက်ပါ"





ဟု ပြောလေ၏။ သစ်သားပြားကလေးများကို ကတ္တီပါစပေါ်တွင် မှောက်ထား၏။ ဦးပေါ်ဦးက သစ်သားပြားများကို မွှေနှောက်လိုက်ပြီးသောအခါ ဂျူးအဘိုးကြီးက စက်ဝိုင်းပုံဖြန့်စီလိုက်၏။ ပြီးနောက် သစ်သားပြားတစ်ပြားကို ကောက်လှန်လိုက်ပြီး ...

"ဒီနေ့ လေးကောင်ဂျင် ကစားရင် နိုင်ကို နိုင်ရမယ်"

ဟု ပိုင်နိုင်သောလေသံဖြင့် ပြောလိုက်ရာ ဦးပေါ်ဦးက တဟားဟား ရယ်မော၍ ...

"ဟား ဟား ဟား ... လွဲပြီဗျ။ ကျူပ်တို့နှစ်ယောက် ဂျင်ဝိုင်းမှာ ဒီနေ့ ၄၅ ကျပ်တောင် ရှုံးခဲ့တယ်၊ အခု တရုတ်ဆီက လမ်းစရိတ် ၄ ကျပ်တောင်းပြီး ပြန်လာတာ"

ဟု လှောင်ပြောင်လေ၏။

ဂျူးအဘိုးကြီးကမူ ဦးပေါ်ဦး၏ စကားကို တုန့်လှုပ်ဟန်မရှိဘဲ ...

"ကျူပ်ကို ဗေဒင်ဟောခ တစ်မူးပေးပြီး ကျန်တဲ့ပိုက်ဆံနဲ့ ပြန်ကစားပါ၊ ဒီနေ့ လူကလေး နိုင်ကိုနိုင်မှာပါ"

ဟု ပြောလေ၏။ ဦးပေါ်ဦးကမူ ဂျူးအဘိုးကြီး၏ စကားကို ယုံဟန်မရှိဘဲ ၎င်းအား ဗေဒင်ဟောခ တစ်မူးပေး၍ ပြန်ခဲ့လေ၏။ လမ်းသို့ရောက်သောအခါ ကျွန်ုပ်က ...

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်စိတ်ထဲမှာ ဂျူးအဘိုးကြီးဟောတာ ယုံချင်သလိုပဲ ကျုပ်တို့ ကလပ်ကို ပြန်သွားပြီး ကစားကြည့်ရအောင်"

ဟု ဆိုလိုက်ရာ ဦးပေါ်ဦးက ...

"တော်ပါတော့ဗျာ၊ ဒီတစ်ခါဆိုရင် တရုတ်က ပြန်စရိတ်တောင် ပေးမှာမဟုတ်တော့ဘူးဗျ၊ လမ်းဘေးကဗေဒင်ကို မယုံစမ်းပါနဲ့ဗျာ"

ဟု တားဆီးလေ၏။ သို့သော် ကျွန်ုပ်ကမူ ကလပ်သို့ပြန်၍ကစားရန် စိတ်အားထက်သန်နေသဖြင့် ဦးပေါ်ဦးကြီးမှာ မငြင်းဆန်နိုင်တော့ဘဲ လိုက်ရရှာ၏။

ကျွန်ုပ်တို့နှစ်ဦး ကလပ်သို့ပြန်ရောက်သောအခါ ပြန်စရိတ် ထုတ်ပေးသော တရုတ်က အလိုမကျဟန်ဖြင့် ကြည့်ရှုလေ၏။ အချို့သောလူများသည် ပြန်စရိတ်ထုတ်ပြီး အိမ်သို့မပြန်ဘဲ လောင်းကစားဝိုင်းသို့ ပြန်ဝင်လေ့ရှိသောကြောင့်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ကလပ်များ၏ထုံးစံမှာ ပြန်စရိတ်ကို နှစ်ကြိမ်ထုတ်ပေးလေ့ မရှိပေ။ ကစားဝိုင်းရှေ့သို့ ရောက်သောအခါ ကျွန်ုပ်က ...

"ဦးပေါ်ဦး ... ခင်ဗျားကို ဂျူးအဘိုးကြီးက နိုင်မယ်လို့ ဟောလိုက်တာဗျ၊ ခင်ဗျား ထိုးဗျာ"





ဟု တိုက်တွန်းလေရာ ဦးပေါ်ဦးကြီးသည် ဗေဒင်ကို ယုံသူဖြစ်၍ နှောက်တီးနှောက်တောက်ဖြင့် ...

"အသီးမှာသရက်၊ အသားမှာဝက်ဆိုတဲ့ စကားရှိတာယ်မဟုတ်လား၊ ဒါကြောင့် ဝက်ပဲထိုးမယ်ဗျာ"

ဟုဆိုကာ ငွေ ၄ ကျပ်ကို ဝက်ပေါ်တွင် အောထိုးလိုက်ရာ ကျွန်ုပ်က ...

"ဟောလူ ... နည်းနည်းစီ ထိုးပါဗျာ"

ဟု တားဆီးလေ၏။ ဦးပေါ်ဦးက ...

"မြန်မြန်ကုန်တော့လည်း မြန်မြန်ပြန်ရတာပေါ့ဗျာ"

ဟု စိတ်မရှည်ဟန်ဖြင့် ပြောလေ၏။

တရုတ်က ဂျင်ကိုဖုံးထားသော ခွက်ကို ဖွင့်လိုက်သောအခါ ဝက်ထွက်လာဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် ပျော်ရွှင်သွားသလေ၏။ ဤကဲ့သို့ တစ်လုံးတည်း အောထိုး၍တိုက်လျှင် ၃ ဆ အလျော်ရသည်ဖြစ်ရ ကျွန်ုပ်တို့သည် ငွေ ၁၂ ကျပ်အလျော်ရသလေ၏။ ကျွန်ုပ်က ပိုက်ဆံများကို ရွတ်ခနဲ နမ်းလိုက်ပြီး ...

"ဂျူးအဘိုးကြီး ဗေဒင်ဟောတာ မှန်နေပြီဗျ၊ ကဲ ... ဦးပေါ်ဦး ထိုးဦးဗျာ"

ဟု အားပေးလေ၏။ ဦးပေါ်ဦးက ...

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ခုနထိုးတာ စိတ်ရှုးပေါက်သလို ထိုးလိုက်တာဗျ၊ စဉ်းစားထိုးရင် ရှုံးရင်ရှုံးဦးမယ်"

ဟု တီးတိုးပြောလေရော ကျွန်ုပ်က ...

"ဒါဆိုလည်း စိတ်ရှုးပေါက်သလို ထိုးဦးဗျာ"

ဟု မြှောက်ပင့်ပေးပြန်၏။ ဦးပေါ်ဦးက ခေါင်းညိတ်၍ အခြားသော ဖား၊ ကြက်၊ ငါးရှဉ့် စသော ဇယားကွက်များကို မထိုးဘဲ ဝက်တစ်လုံးတည်း အောတိုက်၍ လှမိုက်ဆန်ဆန် ငွေ ၁၂ ကျပ်လုံး ထိုးလိုက်ပြန်၏။ ဦးပေါ်ဦး ထိုးပုံကိုကြည့်၍ ကျွန်ုပ်၏ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေလေ၏။

ဒိုင်ဖြစ်သူ တရုတ်မှာလည်း ဦးပေါ်ဦးကို သတိထားကြည့်နေပြီဖြစ်၏။

ထို့နောက် တရုတ်က ဂျင်ကိုလှည့်၍ အဖုံးဖွင့်လိုက်ရာ ဝက်ပင်ထွက်လာသဖြင့် ထိုးသားအားလုံး မကျေမချမ်းဖြင့် ...

"ဝက်ပဲ ထွက်တယ်ကွာ"

ဟု ညည်းညူကြလေ၏။

ကျွန်ုပ်နှင့် ဦးပေါ်ဦး မျက်နှာမှာမူ ပျားရည်ဆမ်းသည်နှယ် လန်းဆန်းသွားလေ၏။ ကျွန်ုပ်တို့သည် ငွေ ၃၆ ကျပ်တိတိ အလျော်ရလိုက်ပြန်၏။ ကျွန်ုပ်က ရယ်မော၍ ...



"ဟဲ ဟဲ ... အရင်းရတော့မယ် ဦးပေါ်ဦး၊ လုပ်ဦးဗျာ"

ဟု ပြောလေ၏။

ဦးပေါ်ဦးကြီးသည် ငွေ ၃၆ ကျပ်ကိုကိုင်၍ အခြားသော ဇယားကွက်များကို မျက်လုံးဝေ့ကြည့်လိုက်ပြီးမှ ဝက်ဇယားပေါ်တွင် ငွေ ၃၆ ကျပ်ကို တင်လိုက်ပြန်၏။

ဦးပေါ်ဦး ထိုးပုံကို တစ်ဝိုင်းလုံး စိတ်ဝင်စားစွာဖြင့် ကြည့်ရှုနေကြလေ၏။ ထိုးသားအများစုကမူ ...

"ဒီလူ ကုန်တော့မယ်၊ ဝက်နှစ်ကြိမ်ထွက်သွားတာ အတော်တိုက်ဆိုက်လို့ ထွက်တာ၊ သုံးကြိမ်တော့ မထွက်နိုင်ဘူး"

ဟု မှတ်ချက်ချလေ၏။ ကျွန်ုပ်၏စိတ်ထဲတွင်လည်း ထိုနည်းတူ ခံစားနေရ၏။

တရုတ်က ဂျင်ကိုဖုံးထားသောခွက်ကိုဖွင့်ရန် ပြင်သောအခါ ရင်တဒိတ်ဒိတ် ခုန်နေမိ၏။ တရုတ်က ...

"လက်ရှောင် ... ဖွင့်တော့မယ်"

ဟု ဆိုကာ ခွက်ကိုဖွင့်လိုက်ရာ ဝက်ပင်ထွက်လာသဖြင့် တစ်ဝိုင်းလုံး ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားလေ၏။

ကျွန်ုပ်တို့နှစ်ဦး ပျော်မိသည်မှာ ပြောဖွယ်ရာပင်မရှိတော့၊ ငွေ ၁၀၈ ကျပ်တိတိ အလျော်ရလိုက်လေ၏။ ဦးပေါ်ဦးကြီးက တဟဲဟဲ ရယ်မော၍ ...

www.burmeseclassic.com

www.burmeseclassic.com

"တော်ပါတော့ဗျာ၊ တရုတ်စကားပုံရှိတယ်၊ ကြားဖူးလား ကံဆိုတာ သုံးကြိမ် သုံးခါထက် ပိုမကောင်းနိုင်တဲ့ ဒီလောက်နဲ့ပဲ ကျေနပ်ကြပါစို့"

ဟု ဆိုကာ အနိုင်နှင့်ပိုင်း၍ တရုတ်ကလပ်မှ ပြန်ထွက်ခဲ့ကြလေ၏။ ကလပ်အဝင်သို့ ရောက်သောအခါ ဦးပေါ်ဦးက ...

"ဂျူးအဘိုးကြီးက သစ်သားပြားလေးတွေ မွှေနှောက်ပြီး ဟောတာ မှန်လိုက်တာဗျာ၊ သူ့ကို မထေမဲ့မြင်လုပ်ခဲ့မိတာ ပြန်ပြီးတောင်းပန်ရမယ်"

ဟု ပြောလေ၏။

တိုက်အရိပ်ကွက်လပ်သို့ ရောက်သောအခါ ဗေဒင်ဆရာ ဂျူးအဘိုးကြီးကို မတွေ့ရတော့ပေ။

အနီးပတ်ဝန်းကျင်၌ မုန့်ရောင်းသော တရုတ်လူငယ်လေးအား မေးမြန်းလေရာ ဂျူးအဘိုးကြီးကို ဤတစ်ကြိမ်သာ မြင်ဖူးကြောင်း ပြောလေ၏။

စုံထောက်ဦးပေါ်ဦးကြီးသည် ဂျူးအဘိုးကြီး၏ ဗေဒင်ကို လွန်စွာယုံကြည်နေသဖြင့် နောက်ရက်များတွင် ဤနေရာသို့ လာရောက်ရှာဖွေသော်လည်း ဂျူးအဘိုးကြီးကို မတွေ့ရတော့ပေ။





မှတ်ချက်။ ။ ဂျူးအဘိုးကြီးဟောသော ဗေဒင်ကို ရွှန်းဗေဒင်ဟုခေါ်ပါသည်။ ခရစ်နှစ် တစ်ရာစုခန့်က ယူတန်လူမျိုးများသည် ရွှန်းဟုခေါ်သော အက္ခရာ များကို အသုံးပြုခဲ့ကြပါသည်။ ထိုခေတ်က ဗေဒင်ပညာရှင်များသည် ရွှန်းအက္ခရာများကို အသုံးပြု၍ဟောကိန်းထုတ်ခဲ့ကြ၏။ ရွှန်းဗေဒင်ဟောပုံမှာ ရွှန်းအက္ခရာများကို သစ်သား(သို့)ကြေး၊ ငွေ၊ ရွှေ ချပ်များတွင် ထွင်းထုရပါသည်။ ထိုနောက် စိတ်ငြိမ်ငြိမ်ထားပြီး ရွှန်းအက္ခရာပါ အချပ်များကို မှောက်ထားရပါမည်။ ဗေဒင်မေးသူကို အချပ်များအား မွှေနှောက်ခိုင်းပြီး စက်ဝိုင်းပုံပြန်စီရပါသည်။ ဗေဒင်ဟောသူသည် ၎င်းတို့ကို လှန်ကြည့်၍ အဟောထုတ်ရပါသည်။ ရွှန်းအက္ခရာပါ အချပ်များသည် တစ်ချပ်နှင့်တစ်ချပ် ဆက်စပ်မှုရှိပါသည်။ ရွှန်းအက္ခရာပါ အချပ်များကို များသောအားဖြင့် ကပ်သဖွယ်၊ သစ်သားတုံးများ၌ ထွင်းထုလေ့ရှိပါသည်။

(စာရေးသူ)

အင်းစိန်စီအိုင်ဒီရုံးသို့ ရောက်သောအခါ စုံထောက်မင်းကြီးက ခေါ်သည်ဆိုသဖြင့် ရင်တဒိတ်ဒိတ်ဖြင့် ရုံးခန်းထဲသို့ ဝင်ခဲ့လေ၏။ ရုံးခန်းထဲ၌ စုံထောက်ကိုစိန်မြင့်၊ ကိုတင်လှ၊



www.burmeseclassic.com

www.burmeseclassic.com



ဘိလပ်ပြန်ဆရာပွ စသော စုံထောက်များသည် မင်းကြီးရှေ့တွ[illegible]
တန်းစီလျက်ရှိလေ၏။ ကျွန်ုပ်တို့လည်း ၎င်းတို့နောက်တွင်ဝင်[illegible]
တန်းစီလိုက်သောအခါ မင်းကြီးက ...

"မောင်မင်းတို့အားလုံး အသုံးမကျဘူး၊ မောင်မင်းတို[illegible]
ကြောင့် ကျွန်ုပ်သိပ်ရှက်တယ်၊ ဗာရာဏသီမိုးမောင်ဆိုတဲ[illegible]
သူခိုးက အင်းစိန်စီအိုင်ဒီကို စိန်ခေါ်နေပြန်ပြီ၊ စုံထောက်[illegible]
တွေဖြစ်ပြီး သူခိုးကိုတောင် မိအောင်မဖမ်းနိုင်တော့ဘူ[illegible]
လား၊ မောင်မင်းတို့ကို ကျွန်ုပ် ပင်စင်ပေးလိုက်ရမလား[illegible]

ဟု ကြိမ်းမောင်းလေရာ ဦးပေါဦးကြီးက လေသံ[illegible]
တိုးတိုးဖြင့် ...

"ဗာရာဏသီမိုးမောင် ပေါ်လာပြန်ပြီ၊ ဒုက္ခပါပဲဗျာ၊ ဆာ[illegible]
ပုလင်းမင်းအောင်ကလည်း အခုတ်ဖို့ ရောက်နေတယ်"

ဟု ညည်းညူလေ၏။ ဗာရာဏသီမိုးမောင်၏[illegible]
အကြောင်းကို ကျွန်ုပ် ကောင်းစွာသိ၏။ သူသည် သူခိုးအတတ်[illegible]
တွင် တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်သူဖြစ်၏။ အင်္ဂလိပ်[illegible]
အစိုးရအားလည်း မကြာခဏ ဒုက္ခပေးလေ့ရှိ၏။

မိုးမောင်သည် သူခိုးတစ်ယောက် ဖြစ်သော်လည်[illegible]
ကောင်းမှုကုသိုလ်အလုပ်များကို ဘုရားလူကြီးကဲ့သို့ လုပ်ကိုင်၏





[illegible]ခိုး၍ရသောပစ္စည်းများကို မကြာခဏ အလှူအတန်းလုပ်၏။
[illegible]ဆင်းရဲနွမ်းပါးသူများကိုလည်း ခွဲဝေပေးလေ့ရှိ၏။

ထို့ကြောင့် မြန်မာရာဇဝင်တွင် ထင်ရှားသော သူခိုး
[illegible]ကြီးငတက်ပြားကဲ့သို့ပင် ဖြစ်လေ၏။

ဗာရာဏသီမိုးမောင်သည် အင်းစိန်စီအိုင်ဒီကို တစ်ခါ
က ကောင်းစွာဒုက္ခပေးဖူး၏။ ယင်းမှာ ဂျူဗလီဟောတွင် ပြသ
ထားသော အိန္ဒိယပန်းချီဆရာကြီး ဒဗလျူအက်စ်ရာဘီ၏ ပေါင်
တစ်ထောင်တန် ပန်းချီကားကြီးကိုခိုးယူခဲ့၏။ ထို့နောက် ရွှေတိဂုံ
စေတီတော်သို့ ငွေသုံးထောင်လှူမှသာလျှင် ပန်းချီကားကို အကောင်း
ပကတိအတိုင်း ပြန်ရမည်ဟု ခြိမ်းခြောက်ခဲ့၏။

အင်းစိန်စီအိုင်ဒီမှ စုံထောက်များကိုလည်း စာတစ်
စောင်ပေးပို့၍ ထိုနေ့ည(၈)နာရီတိတိအချိန်တွင် ဂျူဗလီဟောခန်းမ
သို့ ပန်းချီကားကြီး ပြန်ပို့ပေးမည်၊ သူ့ကို မိအောင်ဖမ်းကြပါဟု
စိန်ခေါ်ခဲ့၏။ သူသည် ပြောသည့်အတိုင်းပင် စုံထောက်ကျော်များ
နှင့် ပုလိပ်များကို လှည့်စား၍ ပန်းချီကားကြီးကို ဂျူဗလီဟော
ခန်းမသို့ ပြန်ပို့ပေးခဲ့၏။

ထိုညက ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ယုန်
တောင်ပြေး ခွေးမြောက်လိုက်သကဲ့သို့ ရှိလေ၏။ ယခုလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခန့် ပျောက်ကွယ်နေသော ဟာရာဏာသီမိုးမှောင် ပြန်ပေါ်လာပြီဟု မင်းကြီးကဆိုနေ၏။ စုံထောက်မင်းကြီးက ဆက်လက်၍ ...

"ဟာရာဏာသီမိုးမှောင်ဟာ စီအိုင်ဒီကို စိန်ခေါ်တဲ့ စာတစ်စောင် ရေးပို့လိုက်ပြန်ပြီ၊ မောင်မင်းတို့ ဖတ်ကြည့်ကြစမ်း"

ဟု ဆိုကာ စာတစ်စောင်ကို စားပွဲပေါ်သို့ ပစ်တင်းသဖြင့် ကျွန်ုပ်တို့စုံထောက်ကျော်များ ဝိုင်းဝန်းဖတ်ရှုကြည့်သောအခါ အောက်ပါအတိုင်း ရေးသားထားသည်ကို မြင်လေ၏။

"အင်းစိန် စီအိုင်ဒီမှ ခပ်ညံ့ညံ့စုံထောက်များသို့ ...

ရှိုင်ရယ်ဟိုတယ်မှာ အိန္ဒိယက မဟာရာဇာတစ်ဦး လာရောက်တည်းခိုတယ်လို့ သိရတယ်၊ မဟာရာဇာနဲ့အတူ ပေါင်တစ်သောင်းလောက်တန်တဲ့ ရှေးစိန်တုံးကြီးတစ်တုံးလည်း ပါလာတယ်။ အဲဒီ စိန်တုံးကြီးကို ကျုပ်က မရ,ရအောင် ခိုးယူပါ့မယ်၊ သင်တို့ အစွမ်းအစရှိရင် ကျွန်ုပ်ကို မိအောင်ဖမ်းကြပါ၊ သင်တို့အားလုံးကို စိန်ခေါ်လိုက်တယ်။

မိတ်ဆွေဟောင်းကြီး

ဟာရာဏာသီမိုးမှောင်"





ထို့ကြောင့်ပင် မင်းကြီးဆွေ့ဆွေ့ခုန်နေခြင်း ဖြစ်တန်ရာ၏။ စုံထောက်မင်းကြီးက ဆက်လက်၍ ...

"ဟာရာဏာသီမိုးမှောင်ရဲ့ အန္တရာယ်အတွက် မဟာရာဇာကြီးကို ဆက်သွယ်တဲ့အခါ မဟာရာဇာက သူ့မှာ အင်မတန်ယုံကြည်စိတ်ချရတဲ့ သက်တော်စောင့် ၇ ယောက်တောင် ပါတယ်ဆိုပြီး ငြင်းလိုက်တယ်၊ မဟာရာဇာက ဟာရာဏာသီမိုးမှောင်အကြောင်း မသိသေးဘူး၊ မိုးမှောင်ဟာ သက်တော်စောင့် ၇ ယောက်ကို ကောင်းကောင်းလှည့်စားသွားနိုင်တယ်၊ နောက်ပြီး မဟာရာဇာဟာ ဇော်ဘွားကြီးတစ်ယောက်ဖြစ်တဲ့အတွက် သူ့ရဲ့အဖြစ်ကို လူသိမခံနိုင်ဘူး၊ သူဟာ ငွေအသုံးလိုနေတဲ့အတွက် မိုးကုတ်က သူဌေးကြီးတစ်ယောက်ဆီမှာ စိန်တုံးကြီးကို လာရောင်းတာဖြစ်တယ်၊ ဒါကို သတင်းစာသမားတွေ သိလို့မဖြစ်ဘူး၊ ကျွန်ုပ်တို့က သိုသိုသိပ်သိပ်လုပ်မှ ဖြစ်မယ်၊ ဒါကြောင့် လူကလေးတို့အားလုံး ရှိုင်ရယ်ဟိုတယ်ကို သွားကြပါ၊ ဟိုတယ်ကိုနေ့စဉ်လာတဲ့သူတွေကို ကြည့်ပြီး ဟာရာဏာသီမိုးမှောင်ကို ရှာဖွေပါ၊ ဟာရာဏာသီမိုးမှောင်လို့ မသင်္ကာတဲ့သူတွေကို ဖမ်းဆီးပါ၊ ရှိုင်ရယ်ဟိုတယ်မန်နေဂျာက လူကလေးတို့လိုအပ်တဲ့ အကူအညီတွေ ပေးပါလိမ့်မယ်၊ ရှိုင်ရယ်ဟိုတယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇာရဲ့အခန်းကလွဲရင် ဟိုတယ်တစ်ခုလုံး ကြိုက်သလို ဝင်ထွက်သွားလာနိုင်တယ်၊ ဆားပုလင်းမင်းအောင်ရောက်နေတဲ့ အုတ်ဖိုဂါတ်ကိုလည်း သံကြိုးရိုက်ပြီး အမြန်ဆုံး ခေါ်နိုင်းလိုက်တယ်"

ဟု အာဏာကုန် လွှဲအပ်လိုက်လေတော့၏။ မင်းကြီး၏ရုံးခန်းမှ ထွက်ခွာခွင့် ရသောအခါ ကျွန်ုပ်က ...

"ကိုမင်းအောင် ပြန်လာရင်တော့ ပွဲကြီးပွဲကောင်းပေါ့ဗျာ၊ ဘာရာဏသီမိုးမှောင်နဲ့ ဆားပုလင်းမင်းအောင် ဘယ်သူသာသလဲဆိုတာ သိရမှာပေါ့"

ဟု ပြောဆိုလေရာ ဦးပေါ်ဦးကြီးက ...

"ဂျူဗလီဟောက ပန်းချီကားကြီးခိုးတဲ့ အချိန်တုန်းကလည်း ဆားပုလင်းမင်းအောင် နယ်ပြောင်းနေတဲ့ အချိန်ဗျ၊ ကံကြမ္မာက ကိုမင်းအောင်နဲ့ ဘာရာဏသီကို မဆုံးအောင် လုပ်ပေးနေတာများလားဗျာ"

ဟု ညည်းညူလေ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့စုံထောက်ကျော်များသည် ရှိုင်ရယ်ဟိုတယ်သို့ ထွက်ခဲ့ကြလေ၏။ ဝီရိယကောင်းသော စုံထောက်ကိုစိန်မြင့်တို့လူစုမှာ ကျွန်ုပ်တို့ရှေ့မှ ဦးဆောင်၍ ထွက်ခွာနေပြီဖြစ်၏။

*○*





ရှိုင်ရယ်ဟိုတယ်သို့ ရောက်သောအခါ ဟိုတယ်မန်နေဂျာက သီးသန့်ခန်းတစ်ခန်းသို့ခေါ်၍ စုံထောက်များအား လက်ဖက်ရည် မုန့် စသည်တို့ဖြင့် ဧည့်ခံပေ၏။ ပြီးနောက် ဟိုတယ်အပေါ်ဆုံးထပ်သို့ ခေါ်ဆောင်သွားပြီး အပေါ်ဆုံးထပ်တစ်ထပ်လုံးကို မဟာရာဇာကြီးက ငှားရမ်းထားကြောင်း ပြောလေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက ...

"ဒါဆို ဘာခက်လို့လဲဗျာ၊ အပေါ်ဆုံးကိုတက်တဲ့ လှေကားရှေ့မှာ ထိုင်စောင့်မယ်ဗျာ၊ လှေကားပေါ်ကို မဟာရာဇာကြီးတို့လူစုကလွဲရင် ဘယ်သူမှ အတက်မခံဘူး"

ဟု အားတက်သရော ပြောလေ၏။ စုံထောက်ကိုတင်လှတို့ လူစုမှာလည်း ဦးပေါ်ဦးကြီး၏အကြံကို သဘောကျဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျို့၊ လှေကားထစ်တွေမှာ ထိုင်စောင့်ကြမယ်၊ ဒီတစ်ခါတော့ ဗာရာဏသီမိုးမှောင် မြေလျှိုးပြီးမိုးပျံရင်တောင် ကျုပ်တို့လက်က မလွတ်နိုင်ဘူး၊ ရာထူးတက်မှာ မြင်ယောင်သေးတယ်ဗျာ"

ဟု အားရဝမ်းသာ ပြောလေ၏။ ဟိုဘယ်မန်နေဂျာက ကျွန်ုပ်တို့၏စကားကို နားထောင်၍ ...

"ရှိုင်ရယ်ဟိုတယ် အပေါ်ဆုံးထပ်ကိုတော့ ဆရာတို့ တက်ခွင့်မရှိဘူး၊ စောင့်ချင်ရင် အောက်ကပဲစောင့်ကြပါ၊ မဟာရာဇာကြီးက သူရဲ့ကိုယ်ရံတော်နဲ့ လူယုံတစ်ယောက်ကလွဲရင် ဘယ်သူမှ အပေါ်ထပ်ကို တက်ခွင့်မပေးဘူး၊ ဒီနေ့တော့ မဟာရာဇာကြီး ခွင့်ပြုချက်ရလို့ အပေါ်ထပ် တက်ရတာ"

ဟု ပြောလေ၏။ အပေါ်ဆုံးထပ်သို့ ရောက်သောအခါ လွန်စွာထွားကျိုင်းသန်မာဟန်ရှိသော မဟာရာဇာ၏ သက်တော်စောင့် ၇ ယောက်ကို တွေ့ရ၏။ ဦးပေါ်ဦးက လေသံတိုးဖြင့် ...

"လူ့ဘီလူးကြီးတွေပဲဗျ၊ ခေါင်းထဲမှာ ဦးနှောက်တော့ ရှိပုံမရဘူး"





ဟု မှတ်ချက်ချလေ၏။ မဟာရာဇာကြီးက ကျွန်ုပ်တို့အား ဧည့်ခန်းထဲတွင် လက်ခံတွေ့ဆုံလေ၏။ သူသည် စော်ဘွားတစ်ဦးပီပီ နှုတ်ခမ်းမွေးကားကားကြီးနှင့် ဥပဓိရုပ်ကောင်းကောင်းရှိသူဖြစ်၏။ စော်ဘွားကြီးက ကုလားဆန်သော အင်္ဂလိပ်စကားဖြင့် ...

"သင်တို့ လာစောင့်ဖို့ မလိုပါဘူး၊ ကျွန်ုပ်ရဲ့သက်တော်စောင့်ကြီးတွေဟာ စစ်တပ်တစ်တပ်လောက် အားကိုးရပါတယ်၊ သင်တို့ မင်းကြီးကိုလည်း ပြောထားပြီးပါပြီ။ ဘယ်လောက် ထူးချွန်တဲ့သူခိုးပဲဖြစ်ဖြစ် သက်တော်စောင့်ကြီးတွေနဲ့ တွေ့ရင် တစ်စစီဖြစ်သွားမှာပါ၊ သူတို့ဟာ အိန္ဒိယက နာမည်ကျော် နပန်းသမားကြီးတွေပါ၊ လူတစ်ယောက်ကို ချုပ်မိရင် အပိုင်းပိုင်း ချိုးပစ်နိုင်ပါတယ်"

ဟု ပြောဆိုလေရာ ကျွန်ုပ်က ဗာရာဏသီမိုးမှောင်သည် လက်ရုံးရည်ရော နှလုံးရည်ပါ အလွန်ထက်မြက်သော သူခိုးကြီးတစ်ယောက် ဖြစ်ကြောင်း၊ ရုပ်ပြောင်းရုပ်လွှဲ အမျိုးမျိုးကိုလည်း ကျွမ်းကျင်ကြောင်း ယနေ့အထိ ဗာရာဏသီမိုးမှောင် လုပ်သမျှ မအောင်မြင်သောအလုပ် မရှိသေးကြောင်း၊ သူ့အားဖမ်းဆီး၍ မရနိုင်သဖြင့် မြန်မာနိုင်ငံပုလိပ်အဖွဲ့က လက်မှိုင်ချနေရကြောင်း ရှင်းလင်းပြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မဟာရာဇာကြီးက ...

"သူနိုးတစ်ယောက်က ဒီလောက် အစွမ်းထက်နေတယ်ဆိုတော့ အံ့သြစရာပဲ၊ သင်တို့ ဒီလောက်စိတ်အားထက်သန်နေရင်လည်း ရှိုင်ရယ်တိုတယ်မှာ စောင့်ကြပ်နိုင်ပါတယ်၊ ဒါပေမဲ့ အပေါ်ဆုံးထပ်ကိုတော့ ကျေးဇူးပြုပြီး တက်မလာကြပါနဲ့"

ဟု မေတ္တာရပ်ခံလေရာ ကျွန်ုပ်ကလည်း ...

"ကောင်းပါပြီ ဇော်ဘွားကြီး"

ဟု ကတိပေးလိုက်လေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ရှိုင်ရယ်ဟိုတယ်၌ သူခိုးကြီး ဗာရာဏသီမိုးမှောင်အား စောင့်ရလေ၏။

ဇော်ဘွားကြီးနေထိုင်သော အထပ်သို့ လှေကားမှလွဲ၍ တက်စရာလမ်း မရှိလေရာ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ရှိုင်ရယ်ဟိုတယ် လှေကားထစ်များကို သူ့ထက်ငါ အပြိုင်အဆိုင်ဦး၍ စောင့်ကြပ်ကြလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက ကိုစိန်မြင့်အား ...

"ဟေ့လူ ... လှေကားနားမှာပဲ မနေနဲ့လေ၊ ဟိုတယ်တစ်ခုလုံး လှည့်ပတ်ပြီး စစ်ဆေးကြည့်ပါဦး"



ဟု ချောက်တွန်းလေရာ ကိုစိန်မြင့်က ...

"ဗာရာဏသီမိုးမှောင်က ဒီလှေကားကပဲ အပေါ်ကို တက်နိုင်တယ်၊ ဒါကြောင့် ကျုပ်တို့ကတော့ ဒီနားကပဲ စောင့်မယ်၊ ခင်ဗျားတို့ဘာသာ ဟိုတယ်တစ်ခုလုံး လှည့်ပတ်ပြီး စစ်ဆေးကြည့်ကြ"

ဟု လိမ္မာပါးနပ်စွာဖြင့် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးအား မောင်းထုတ်လေ၏။ နောက်ဆုံးတွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော် အားလုံးသည် နားလည်မှုယူ၍ လှေကားတစ်ထစ်လျှင် တစ်ယောက်ကျ ထိုင်စောင့်လေတော့၏။

မဟာရာဇာကြီးသည် ရှိုင်ရယ်ဟိုတယ်တွင် တစ်ပတ်ကြာအောင် တည်းခိုမည်ဖြစ်ရာ နောက် ၆ ရက်ခန့် ဤကဲ့သို့ ဒုက္ခခံရပေဦးမည်။ ဤမျှဒုက္ခဆင်းရဲခံ၍ ဗာရာဏသီမိုးမှောင်အား စောင့်ကြပ်နေသောကြောင့် အနည်းငယ် ရင်အေးသလို ဖြစ်နေမိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့စုံထောက်ကျော် ၅ ယောက်သည် လှေကားတစ်ထစ်လျှင် တစ်ယောက်ကျ ထိုင်စောင့်နေသဖြင့် ဗာရာဏသီမိုးမှောင်သည် လှေကားငါးထစ်ကို လွန်မှသာလျှင် အပေါ်ထပ်သို့ တက်နိုင်ပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဗာရာဏသီမိုးမှောင်အား လှတံတိုင်းကြီး ကာရံထားသကဲ့သို့ ရှိလေ၏။ ညနေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းသောအခါမှုအင် ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် အိမ်သို့ခဏပြန်၍ နေ့ခယားများကို အကျိုးအကြောင်း ပြောရလေ၏။ ဧနီးချော မေ အစော်ရစေရန် အိမ်နီးချင်းအပျိုကြီးအား အိမ်တွင်ညအိပ်ပေးဝါရန် တောင်းပန်ရလေ၏။

ထိုနေ့ညစာကိုမူ ဟိုတယ်မန်နေဂျာ၏ အစီအစဉ်ဖြင့် ကောင်းမွန်စွာ စားသောက်ရလေ၏။ ဗာရာဏသီမိုးမှောင်၏ ပယောဂကြောင့် ထိုညက လှေကားထစ်များပေါ်တွင်သာ အိပ်ငိုက်ရလေ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ရှိုင်ရယ်ဟိုတယ်သို့ စုံထောက်မင်းကြီး ရောက်လာပြီး လှေကားထစ်များတွင် ထိုင်နေသော ကျွန်ုပ်တို့ စုံထောက်ကျော်များကိုကြည့်၍ ...

"အရှုးတွေ၊ လှေကားထစ်တွေမှာထိုင်ပြီး ဘာလုပ်နေတာလဲ"

ဟု ကြိမ်းမောင်းလေ၏။ ထိုအခါ စုံထောက်ကိုတင်လှက ဗာရာဏသီမိုးမှောင်သည် ဤလှေကားမှလွဲ၍ အပေါ်ထပ်သို့ မတက်နိုင်ကြောင်း၊ ထို့ကြောင့် ဤနေရာသည် မိုးမှောင်အား စောင့်ရန် အသေချာဆုံးဖြစ်ကြောင်း လွန်စွာထောက်ကျူးထောက်ကျူးနိုင်သော အင်္ဂလိပ်စကားဖြင့် ရှင်းလင်းပြလေရာ မင်းကြီးက ...





"ဗလယ်ဒီဖူးတွေ၊ မောင်မင်းတို့ကို ဒီကိုလွှတ်တာ တိရစ္ဆာန်ရုံက မျောက်တွေလို လှေကားထစ်မှာ ထိုင်မှိုင်နေဖို့ မဟုတ်ဘူး၊ ဟိုတယ်တစ်ခုလုံး လှည့်ပတ်ပြီး စောင့်ကြည့်ရမယ်၊ နားလည်လား၊ မောင်မင်းတို့ရုပ်တွေကိုလည်း ဟိုတယ်ဝန်ထမ်းတွေနဲ့တူအောင် ပြောင်းလဲပစ်ရမယ်၊ ဒီတိုင်းဆိုရင် ဗာရာဏသီမိုးမှောင်က မောင်မင်းတို့ခေါင်းကို ထုသွားလိမ့်မယ်၊ ဟိုတယ်ပတ်ဝန်းကျင်တစ်ခုလုံး စောင့်ကြပ်ဖို့ ပုလိပ်အဖွဲ့ကိုလည်း အကြောင်းကြားထားပြီးပြီ"

ဟု ကြိမ်းမောင်းကာ ပြန်ထွက်သွားလေ၏။ မင်းကြီး ထွက်သွားသောအခါ ဦးပေါ်ဦးကြီးက ...

"မင်းကြီးက ကျုပ်တို့ကို တိရစ္ဆာန်ရုံက မျောက်တွေလို့ ချီးမွမ်းသွားတယ်ဗျ၊ ဟိုတယ်ဝန်ထမ်းတွေနဲ့တူအောင် ရုပ်ပြောင်း ရုပ်လွှဲ လုပ်ရဦးမယ်တဲ့၊ ဒုက္ခပါပဲ"

ဟု ညည်းညူလေရာ ကျွန်ုပ်က ...

"ဟဲ ဟဲ ဟဲ ... ဒါ လွယ်ပါတယ်ဗျာ၊ ရုပ်ပြောင်းရုပ်လွှဲလုပ်ဆိုလည်း လုပ်ကြရုံပေါ့၊ ကိုစိန်မြင့်နဲ့ ကိုတင်လှက သန့်ရှင်းရေးအလုပ်သမားလုပ်၊ ဘိလပ်ပြန်ဆရာဝကြီးက ဟိုတယ်အပေါက်ဝကနေ ဖိနပ်တိုက်တဲ့ အလုပ်ကိုလုပ်၊



www.burmeseclassic.com

www.burmeseclassic.com

ဦးဆေါဦးကြီးက ခရီးသည်တွေရဲ့ အထုပ်အပိုးတွေကို သယ်ပို့ပေး"

ဟု ဆိုလေ၏။ ဦးပေါ်ဦးက ...

"ဒါနဲ့ နေပါဦး၊ ခင်ဗျားက ဘာလုပ်မှာလဲ"

ဟု မေးမြန်းလေ၏။

ကျွန်ုပ်က ရယ်မောလျှ ...

"ကျုပ်က ညွှန်ကြားကောင်တာက အမျိုးသမီးတွေနားမှာ လိုအပ်တာတွေ ကူညီလုပ်ကိုင်ပေးမယ်"

ဟု ဆိုလေရာ ဦးပေါ်ဦးက ...

"ရပါတယ်၊ ကျုပ်ကလည်း ခင်ဗျားမိန်းမ မေကို ခေါ်ပြီး လက်ညှိုးထိုးပြလိုက်မယ်"

ဟု ပြောလေတော့၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့စုံထောက်ကျော်များသည် မင်းကြီး၏အမိန့်အတိုင်း ဟိုတယ်ဝန်ထမ်းများသဖွယ် သရုပ်ဆောင် ရလေ၏။ မန်နေဂျာကြီး၏ စီစဉ်ပေးမှုကြောင့် စုံထောက်ကိုစိန် မြင့်တို့လူစုမှာ စားပွဲထိုးများ ဖြစ်သွားကြလေ၏။ ဦးပေါ်ဦးကြီး မှာ စားဖိုခန်းတွင် တာဝန်ကျလေ၏။ ကျွန်ုပ်မှာမူ လုံခြုံရေးတာဝန် ယူသူတစ်ဦးအဖြစ် သရုပ်ဆောင်ရလေသည်။





ကျွန်ုပ်၏တာဝန်မှာ ဟိုတယ်ဝန်းကျင်ကို မကြာခဏ လှည့်လည်ကြည့်ရှုရ၏။ ထိုအခါ ဟိုတယ်အနီးတွင် အရပ်ဝတ် နှင့် ပုလိပ်များ ခြေချင်းလိမ်နေသည်ကို မြင်ရ၏။

ဟိုတယ်၏ရှေ့နောက်ဝဲယာတွင် သစ်ပင်ကြီးငယ် များမရှိဘဲ ရှင်းလင်းနေပြီး ဟိုတယ်၏အနောက်မှာလည်း တွယ် ကပ်၍ တက်ရန်မဖြစ်နိုင်လှပေ။

ဤတစ်ကြိမ်တွင် ဗာရာဏသီမိုးမှောင်သည့် အခက် အခဲများစွာတွေ့မည်မှာ သေချာ၏။ ဟိုတယ်အတွင်းသို့ ပြန်ရောက် သောအခါ စုံထောက်ကိုစိန်မြင့်တို့လူစုမှာ စားပွဲထိုးများအဖြစ် သဏ္ဌာန်လုပ်သရုပ်တူစေရန် သရုပ်ဆောင်ရသဖြင့် လွန်စွာပင်ပန်း ဆင်းရဲနေဟန်ရှိလေ၏။ စုံထောက်ဦးပေါ်ဦးကမူ စားဖိုမှူးဝတ်စုံ ကြီး တကားကားဖြင့် ဟိုတယ်အနောက်မှ ထွက်လာပြီး ...

"ဖိမ်ပဲဗျာ၊ ဘာအလုပ်မှ မလုပ်ရဘူး၊ စားစရာတွေလည်း မျိုးစုံအောင် စားနေရတယ်။ ကျုပ်တော့ ဒီလိုသာနေမယ် ဆိုရင် စုံထောက်အလုပ်က ထွက်ဆိုလည်း က,ပြီးထွက် တယ်"

ဟု ရယ်မောပြောဆိုလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့စုံထောက်ကျော်များသည် မှိုင် ရယ်ဟိုတယ်တွင် တစ်ရက်ပြီးတစ်ရက် အချိန်ကုန်လွန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်များအတွင်း မဟာရာဇာကြီးသည် ဟိုတယ်အပြင်သို့ထွက်လေ့မရှိဘဲ မနက်စာညစာကိုပင် သူ၏ကိုယ်ရံတော်များက ဟိုတယ်အောက်သို့ ဆင်းယူကြောင်း တွေ့ရ၏။

မဟာရာဇာကြီးထံသို့ ဧည့်သည်များ လာရောက်တွေ့ဆုံသောအခါ မြေညီထပ်ရှိ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံကြောင်းသိရ၏။

ဧည့်သည်များကို ကျွန်ုပ်တို့ စုံထောက်ကျော်များက မျက်လုံးဒေါက်ထောက်ဖြင့် ကြည့်ရှုရာ မကိုလမ်းရှိ နာမည်ကြီးကျောက်မျက်ရတနာကုန်သည်များ ဖြစ်နေလေ၏။

မဟာရာဇာကြီး၏ စိန်တုံးကြီးမှာ အရောင်းအဝယ်ဖြစ်ပုံမရသေးပေ။

မနက်ဖြန်ဆိုလျှင် မဟာရာဇာကြီး ပြန်ပေတော့မည်။ ဗာရာဏသီမိုးမှောင်ကိုမူ အရိပ်အယောင်ပင် မမြင်ရသေးပေ။ မဟာရာဇာကြီးနှင့် ယနေ့နံနက်ပိုင်းက တွေ့ဆုံ၍ စိန်တုံးကြီး ပျောက်ဆုံးခြင်း ရှိ,မရှိ မေးမြန်းလေရာ မဟာရာဇာကြီးက ရယ်မော၍ ...

"စိန်တုံးကြီးဟာ အိပ်ချိန်စားချိန်ကလွဲပြီး ကျုပ်နဲ့ ကျုပ်ရဲ့ လူယုံတော်ကြီး မျက်စိရှေ့မှာ အမြဲရှိတယ်၊ ဘယ်တော့မှ မပျောက်ဘူး"





ဟု ပြောဆိုလေ၏။ စုံထောက်ဦးပေါ်ဦးနှင့် တွေ့သောအခါ၌လည်း ၎င်းက ...

"ဒီတစ်ကြိမ်တော့ ဗာရာဏသီမိုးမှောင် လက်လျှော့ရပြီ ထင်တယ်၊ ကျုပ်တို့မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်လည်း အချိန်မီ ရောက်မလာဘူးဗျို့၊ ဓားပြအဖွဲ့ကိုဖမ်းဆီးရင်း ရိုးမတောထဲ ရောက်သွားပြီထင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ည နောက်ဆုံးညဗျ၊ မနက်ဖြန်ညနေဆို မဟာရာဇာကြီး ပြန်တော့မယ်၊ ဗာရာဏသီမိုးမှောင် အတွက် ဒီနေ့ည တစ်ညပဲ အခွင့်အရေး ရှိတော့တယ်၊ ကျုပ်တို့ သတိထားရမယ်"

ဟု ပြောလေရာ ကျွန်ုပ်က ...

"အိပ်ရေးပျက်ပေါင်းလည်း များလှပါပြီဗျာ၊ ဘာပဲဖြစ်ဖြစ် ဒီညတော့ အထူးသတိဝီရိယထားရမယ်"

ဟု ပြောလေ၏။ ထိုညက စုံထောက်မင်းကြီးရောက်လာပြီး မဟာရာဇာရှိရာ အထပ်သို့တက်၍ စိန်တုံးကြီးကို အထူးသတိထား၍ စောင့်ရှောက်ရန် သတိပေးခဲ့သေး၏။

ထိုညသည် ကျွန်ုပ်တို့စုံထောက်ကျော်များအတွက် ညတာရှည်သော ညတစ်ည ဖြစ်ခဲ့ပေ၏။ အရဏ်တက်ချိန်အခါ



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အသံမျှ မကြားရပေ။ နံနက်မိုးစင်စင်လင်းသောအခါ ကျွန်ုပ်က မဟာရာဇာကြီးအခန်းသို့သွားကာ စိန်တုံးကြီးပျောက်ဆုံးခြင်း ရှိမရှိ မေးမြန်းလေရာ မဟာရာဇာကြီးက ရယ်မော၍ ...

"သင်တို့ဟာ သိပ်ရယ်ဖို့ကောင်းတယ်၊ ဘာမဟုတ်တဲ့ သူခိုးတစ်ယောက်ကို အထင်ကြီးနေတယ်၊ စိန်တုံးကြီးဟာ လုံးဝမပျောက်ဘူး"

ဟု ပြောဆိုလေ၏။ ထိုအခါမှပင် ကျွန်ုပ်၏ရင်ထဲတွင် အလုံးကြီးကျသွားလေ၏။ မင်းကြီးထံသို့လည်း စိန်တုံးကြီး မပျောက်ဆုံးကြောင်း ဖုန်းဆက်၍ အစီရင်ခံရလေ၏။ မနက် ၉ နာရီခန့်ရှိသောအခါ မဟာရာဇာကြီး၏ လူယုံတော်ကြီးသည် ဥရောပဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်၍ ဟိုတယ်မြေညီထပ်သို့ ကော်ဖီဆင်းသောက်လေ၏။ သူသည် ယခင်နေ့များက ကော်ဖီကို တတိယထပ်တွင်သာ သောက်ပြီး ယနေ့ နောက်ဆုံးနေ့ ဖြစ်သဖြင့် အောက်ထပ်သို့ ဆင်းသောက်ခြင်း ဖြစ်ပုံရ၏။

ခဏအကြာတွင် ကျွန်ုပ်၏အနီးသို့ မဟာရာဇာကြီး၏ လူယုံတော်ကြီး ရောက်လာပြီးလျှင် လွန်စွာပီသသော အင်္ဂလိပ်စကားဖြင့် ...

"ဒါလဟိုဇီလမ်းကို သွားချင်တယ်၊ ဟိုတယ်နဲ့ဝေးသလား"





ဟု မေးမြန်းလေရာ ကျွန်ုပ်က ...

"ကမ်းနားလမ်းနဲ့ ဒါလဟိုဇီလမ်း မဝေးပါဘူး၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ လူယုံတော်ကြီးက စာရွက်တစ်ရွက်ကို ထိုးပြပြီး ...

"ဒါလဟိုဇီလမ်းမှာ တံဆိပ်ခေါင်းပြပွဲ ရှိတယ်ဆိုတာ သိရလို့ပါ၊ အဲဒီပြပွဲမှာ ကျွန်ုပ် အင်မတန်စိတ်ဝင်စားတဲ့ တံဆိပ်ခေါင်းတွေ ရှိနေတယ်၊ ဖြစ်နိုင်ရင် ဒါလဟိုဇီလမ်းကို လိုက်ပို့ပေးပါ"

ဟု ပြောလေ၏။ လူယုံတော်ကြီးသည် တံဆိပ်ခေါင်းဝါသနာအိုးကြီး ဖြစ်ပုံရ၏။ လူယုံတော်ကြီးလက်ထဲရှိ စာရွက်မှာ တံဆိပ်ခေါင်းပြပွဲ၏ ကြော်ငြာစာရွက်ဖြစ်၏။

အကောင်းစားစက္ကူပေါ်တွင် ကြော်ငြာစာသားများကို ရိုက်နှိပ်ထားပြီး ရှားပါးတံဆိပ်ခေါင်းအချို့၏ပုံကိုလည်း ပြသထား၏။ ထိုစာရွက်များကို ရှိုင်းရယ်ဟိုတယ် ရောက်စကပင် မကြာခဏမြင်တွေ့ဖူး၏။ လူယုံတော်ကြီးမှာ ယနေ့မှပင် ကြော်ငြာစာရွက်ကို စတင်မြင်ဖူးပုံရ၏။ မည်သို့ပင်ဖြစ်စေ ၎င်းအား တံဆိပ်ခေါင်းပြပွဲသို့ ပို့ဆောင်ပေးရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးပေါ်ဦးကြီးအား ခေါ်ယူ၍ အကျို[illegible] အကြောင်းပြောကာ လူယုံတော်ကြီးအား ဒါလဟိုဇီလမ်းရှိ တံဆိပ်[illegible] ခေါင်းပြပွဲပြုလုပ်ရာ ခန်းမသို့ လိုက်လံပို့ဆောင်ပေးလေ၏။

ပြပွဲသို့ ရောက်သောအခါ တံဆိပ်ခေါင်းများကို[illegible] စိတ်မဝင်စားသည်နှင့် ကျွန်ုပ်က ကားပေါ်မှာပင် ထိုင်နေခဲ့၏[illegible] နာရီဝက်ခန့် ကြာသောအခါ လူယုံတော်ကြီး ပြန်ရောက်လာပြီး[illegible] လွန်စွာရှားပါးသော တံဆိပ်ခေါင်းများကို ကြည့်ခွင့်ရ၍ သ[illegible] အလွန်ကျေနပ်မိကြောင်း ပြောဆိုပြီး လိုက်ပို့ပေးသော ကျွန်ုပ်[illegible] အားလည်း ကျေးဇူးတင်စကား အတန်တန် ပြောရှာ၏။ ဟိုတယ်[illegible] သို့ပြန်ရောက်သောအခါ စုံထောက်ဦးပေါ်ဦးကြီးက ဆီးကြို၍ ...

"မဟာရာဇာကြီး အထုပ်အပိုး ပြင်နေပြီဗျို့၊ ညနေဆိုရင်[illegible] သင်္ဘောဆင်းတော့မယ်၊ ကျုပ်တော့ ဟိုတယ်မှာပျော်နေပြီ[illegible] စားဖိုခန်းက မထွက်ချင်တော့ဘူးဗျာ"

ဟု ပြောလေရာ ကျွန်ုပ်က ...

"ခင်ဗျားက ကောင်းကောင်းနေ၊ ကောင်းကောင်းစားရ[illegible] တော့ ပျော်မှာပေါ့ဗျာ၊ စုံထောက်ကိုစိန်မြင့်တို့ကတော့[illegible] နေ့စဉ် ခိုလိုညည်းနေတာပဲ"

ဟု ပြောလိုက်လေတော့သတည်း။





ဤသို့ဖြင့် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် စိတ်လက်ပေါ့ပါးစွာဖြင့် ရောက်တတ်ရာရာ စကားများကို ပြောဆိုနေစဉ်တွင် ကျွန်ုပ်တို့အနီးသို့ ဆားပုလင်းမင်းအောင် ရောက်လာသဖြင့် ကျွန်ုပ်က ...

"ဟာ ... ကိုမင်းအောင် ပြန်လာပြီ၊ ဘယ်တုန်းကရောက်သလဲဗျာ"

"ဒီနေ့မနက်ဘဲ ရောက်တယ်ဗျ၊ ကျွန်တော် ဓားပြဂိုဏ်းကို ဖမ်းဆီးရင်း ရိုးမတောထဲကို ရောက်သွားလို့၊ စုံထောက်မင်းကြီးရဲ့သံကြိုးကို မဖတ်ရဘူး၊ မနေ့ညက အုတ်ဖိုမြို့ပေါ် ပြန်ရောက်မှ ဗာရာဏသီမိုးမှောင် အကြောင်း ကြားရလို့ ကမန်းကတန်း ပြန်ခဲ့တာဗျ"

ဆားပုလင်းမင်းအောင့် စကားကို နားထောင်၍ ဦးပေါ်ဦးက ...

"ဒီတစ်ကြိမ်တော့ ဗာရာဏသီမိုးမှောင် လက်လျှော့သွားပြီဗျ၊ စိန်တုံးကြီးကို ဘယ်လိုမှ မခိုးလိုက်နိုင်ဘူး"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍ ...

"ဗာရာဏသီမိုးမှောင်ကို လျှော့တွက်လို့ မရဘူးဗျ၊ သူ့[illegible] အင်မတန် ဉာဏ်ပြေးတယ်၊ ကျွန်တော် အုတ်ဖိုက[illegible]အမြန်



www.burmeseclassic.com

www.burmeseclassic.com



သာပြန်လာရတယ်၊ စိတ်ထဲမှာ နှောက်များကျနေမလားလို့ စိုးရိမ်မိတယ်"

ဟု ပြောလေ၏။ သူသည် ပြောပြောဆိုဆိုနှင့် စားပွဲခုံပေါ်တွင် တင်ထားသော တံဆိပ်ခေါင်းပြပွဲ ကြော်ငြာစာရွက်ကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဟင် ... ဒီတံဆိပ်ခေါင်းပြပွဲ ကြော်ငြာက ထူးဆန်းလှချည်လား"

ဟု ရေရွတ်လေ၏။ ထိုအခါ ကျွန်ုပ်က ...

"အခုလေးတင် မဟာရာဇာရဲ့ လှူယုံတော်ကြီးက တံဆိပ်ခေါင်းပြပွဲ ကြည့်ချင်တယ် လိုက်ပို့ပေးပါဆိုလို့ ကျွန်တော် လိုက်ပို့ပေးလိုက်သေးတယ်"

ဟု ဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က ...

"ဟာ ... ဒါဆို မဟာရာဇာရဲ့လှူယုံတော်ကြီး ဘယ်မှာလဲ"

ဟု အလန့်တကြား မေးမြန်းလေ၏။ ကျွန်ုပ်က ...

"ပြပွဲမှာ နာရီဝက်လောက်ကြည့်ပြီး ကျွန်တော်နဲ့အတူ ပြန်လာခဲ့တယ်လေ၊ ကျွန်တော်ကတော့ တံဆိပ်ခေါင်းတွေကို စိတ်မဝင်စားတာနဲ့ ကားပေါ်မှာပဲ ထိုင်စောင့်နေခဲ့တယ်"

ဟု ဖြေလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ...





"ဟိုက် ... ဒါဆိုရင် စိန်တုံးကြီး ပါသွားပြီနဲ့တူတယ်၊ လှူယုံတော်ကြီးကို အမြန်ရှာဖို့"

ဟုဆိုကာ ဟိုတယ်လှေကားထစ်များအတိုင်း ပြေးလွှား၍ တတိယထပ်သို့ တက်သွားလေ၏။

အပေါ်ဆုံးထပ်သို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်၏အနီးသို့ နပန်းသမားကြီးနှစ်ဦး ရောက်လာပြီး မပြောမဆိုနှင့် ချုပ်ကိုင်ရန် ကြိုးစားလေ၏။ ကိုမင်းအောင်က တိမ်းရှောင်၍ ကုလားစကားဖြင့် ...

"ဖယ်စမ်း၊ ငါ မင်းတို့ရန်သူ မဟုတ်ဘူး"

ဟု ပြောဆိုသော်လည်း နပန်းသမား လူသန်ကြီးနှစ်ဦးသည် နားမထောင်ဘဲ ရှေ့သို့တိုးလာသဖြင့် ကိုမင်းအောင်က လူသန်ကြီးတစ်ဦး၏ ဝမ်းဗိုက်ကို လက်သီးဖြင့် ဆတ်ခနဲထိုးလိုက်ရာ ချက်ကောင်းထိသွားသဖြင့် အွတ်ခနဲမြည်ကာ မြေပေါ်သို့ ပြိုလဲကျသွား၏။

ကြောင်အမ်းအမ်း ကြည့်နေသော ကျန်လူသန်ကြီးတစ်ယောက်အား ကိုယ်ကိုတစ်ပတ်လှည့်၍ မေးဖျားကို ခြေဖြင့် ခတ်လိုက်ရာ လူသန်ကြီးလည်း ဖင်ထိုင်ရက် လဲလေ၏။ ဆူဆူညံညံ အသံများကြောင့် အခန်းထောင့် တစ်နေရာမှ လူသန်ကြီးနှစ်ယောက် ပြေးထွက်လာပြီး ကိုမင်းအောင်အား ဗာ[illegible]သီ



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်အမှတ်နှင့် ဖမ်းဆီးလေရာ ကိုမင်းအောင်သည် ရှင်းပြချိန် မရသဖြင့် လှေကားလက်ရန်းကို လက်ဖြင့်ထောက်၍ တစ်ပတ်ကျွမ်းပစ်ကာ ညှော်ခံပွဲကျင်းပလျှင် ကျေးမွေးလေ့ရှိသော စားပွဲရှည်ကြီးအတိုင်း ပြေးလွှားသွားလေ၏။ လူသန်ကြီးများလည်း နောက်မှ ပြေးလိုက်လာကြလေ၏။

ကျွန်ုပ်တို့စုံထောက်များလည်း ...

"မလုပ်ကြပါနဲ့ မှားနေပြီ"

ဟု အင်္ဂလိပ်ဘာသာဖြင့် အော်ဟစ်၍ တားဆီးသော်လည်း လူသန်ကြီးများမှာ နားဝင်ဟန်မရှိပေ။

ကိုမင်းအောင်သည် မဟာရာဇာကြီး၏ အိပ်ခန်းတံခါးဝသို့ ရောက်သောအခါ လူသန်ကြီး ၃ ဦး ထပ်မံပေါ်ထွက်လာပြီး လူသန်ကြီး ၅ ဦးက ကိုမင်းအောင်ကို ဝိုင်းရံထားလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ကုတ်အင်္ကျီအိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ ...

"မင်းတို့အားလုံး နောက်ဆုတ်စမ်း၊ ငါဟာ စီအိုင်ဒီက စုံထောက်တစ်ယောက် ဖြစ်တယ်"

ဟု ဆိုလိုက်ရာ လူသန်ကြီးများလည်း နောက်ဆုတ်သွားလေ၏။ ထိုအချိန်တွင် အခန်းထဲမှ မဟာရာဇာကြီး ထွက်လာပြီး ...





"ဘာဖြစ်နေတာလဲ"

ဟု မေးမြန်းလိုက်ရင်း လဲကျနေသော လူသန်ကြီးနှစ်ယောက်ကိုကြည့်၍ မျက်လုံးပြူးသွားပြီး ဆားပုလင်းမင်းအောင်ဘက်သို့လှည့်ကာ ...

"သင် ဘယ်သူလဲ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က လွန်စွာပီသသော အင်္ဂလိပ်စကားဖြင့် ...

"ကျုပ်ဟာ ဆားပုလင်းမင်းအောင် ဆိုတဲ့ စုံထောက်တစ်ယောက်ဖြစ်တယ်။ သင့်ရဲ့သက်တော်စောင့်နှစ်ယောက်ကို တိုက်ခိုက်ရတာ ဝမ်းနည်းပါတယ်၊ နားလည်မှုလွဲလို့ဖြစ်သွားတာပါ၊ ဒါ အရေးမကြီးပါဘူး၊ အရေးကြီးတာက သင့်ရဲ့လူယုံတော် ဘယ်မှာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ မဟာရာဇာကြီးက အိပ်ခန်းထဲသို့ လှည့်ကြည့်၍ ...

"မကြာသေးခင်က လူယုံတော်ကြီး ရှိပါသေးတယ်၊ ဘာဖြစ်လို့လဲ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ဝမ်းနည်းစရာတွေ ဖြစ်ကုန်ပြီ၊ မဟာရာဇာကြီးရဲ့စိန်တုံးကြီး အခိုးခံလိုက်ရပြီ၊ သွားပြီး စစ်ဆေးကြည့်လိုက်ပါ"

ဟု ဆိုလိုက်ရာ မဟာရာဇာကြီးသည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် အိပ်ခန်းထဲသို့ ဝင်သွားပြီး ခဏကြာလျှင် ...

"သွားပြီ၊ စိန်တုံးကြီး မရှိတော့ဘူး"

ဟူသောအသံကို ကြားရလေ၏။ ကျွန်ုပ်တို့စုံထောက်ကျော်များလည်း မဟာရာဇာ၏ အိပ်ခန်းကျယ်ကြီး အတွင်းသို့ နောက်မှလိုက်၍ ဝင်သွားသောအခါ စားပွဲခုံပေါ်တွင် လွန်စွာခမ်းနားလှပသော ငွေကလပ်ကြီးတစ်ခုကို တွေ့ရပြီး မဟာရာဇာက ...

"ငွေကလပ်ထဲမှာ စိန်တုံးကြီး ထည့်ထားတာ မရှိတော့ဘူး"

ဟု မယုံကြည်နိုင်စွာ အော်ဟစ်လိုက်လေ၏။ ပြီးနောက် ဆားပုလင်းမင်းအောင်ဘက်သို့ လှည့်၍ ...

"စိန်တုံးကြီး ဘယ်လိုပျောက်သွားတာလဲ"

ဟု နှမြောတသဟန်ဖြင့် မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ဗျွန်ပလေးယားမှတ်ဆိတ်စီးကရက်ကို မီးညှိဖွာရှိုက်၍ ...





"စိန်တုံးကြီးကို ဗာရာဏသီမိုးမှောင် ခိုးသွားပါပြီ၊ ဒါပေမဲ့ မပူပါနဲ့၊ မိုးမှောင်ဟာ တစ်နည်းနည်းနဲ့ စိန်တုံးကြီးကို ပြန်ပို့ပေးမှာပါ"

ဟု ဖြေလေရာ မဟာရာဇာကြီးက ...

"ကျုပ်ရဲ့လူယုံတော်ကြီး ဘယ်ပျောက်နေလဲ မသိဘူး"

ဟု ရေရွတ်လေ၏။

ဆားပုလင်းမင်းအောင်က ...

"သင့်ရဲ့လူယုံတော်ကြီးဟာ ဒါလဟိုဇီလမ်းက တံဆိပ်ခေါင်းပြပွဲလုပ်တဲ့ ခန်းမမှာ ရှိနိုင်ပါတယ်၊ အိုင်ပီရေ ... ခိုင်းတယ်လို့ မထင်ပါနဲ့ဗျာ၊ တံဆိပ်ခေါင်းပြပွဲခန်းမကို ပြန်သွားပြီး လူယုံတော်ကြီးကို ရှာပေးပါ"

ဟု ဆိုသဖြင့် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် တံဆိပ်ခေါင်းပြပွဲသို့ သွားကာ လူယုံတော်ကြီးကို ရှာဖွေရလေ၏။

တံဆိပ်ခေါင်းပြပွဲအတွင်း ကြည့်ရှုသူတစ်ယောက်စ နှစ်ယောက်စသာရှိပြီး လူယုံတော်ကြီးကို မတွေ့ရပေ။

ထို့ကြောင့် ပြခန်းအနောက်ရှိ အခန်းငယ်လေးထဲသို့ ဝင်ရောက်ရှာဖွေလေရာ ချက်ထိုးထားသော အခန်းထဲတွင် ပါးစပ်ပိတ်၍ ခြေလက်များကို ကြိုးဖြင့်တုပ်နှောင်ခံထားရသော လူယုံတော်ကြီးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူယုံတော်ကြီးကို ကယ်တင်၍ ရှိုင်ရယ်ဟိုတယ်သို့ ပြန်ရောက်သောအခါ ဆားပုလင်းမင်းအောင်က ...

"တရားခံဆီမိုးမှောင်ဟာ နယ်နယ်ရရ သူခိုးတစ်ယောက် မဟုတ်ဘူး၊ အလုပ်တစ်ခုကို ပိပိရိရိနဲ့ စနစ်တကျ ကြိုတင်ကြံစည်လေ့ရှိတယ်၊ သူဟာ စိန်တုံးကြီးကို ခိုးယူဖို့အတွက် လူယုံတော်ကြီးရဲ့ အားနည်းချက်ကိုရှာပြီး အသုံးချသွားတာပဲ၊ အားနည်းချက်ဆိုတာ ဝါသနာပေါ့ဗျာ၊ လူတွေဟာ ဝါသနာရှိတဲ့ဘက်မှာ အားနည်းလေ့ရှိတယ်၊ မိန်းမဝါသနာပါတဲ့သူကို မိန်းမနဲ့ဆွယ်ရင် ကောက်ကောက်ပါအောင် လိုက်လာတာပဲ၊ လောင်းကစားဝါသနာပါတဲ့သူကို ဝိုင်းကောင်းကောင်းရှိတယ်ဆိုရင် မလိုက်ဘဲ မနေနိုင်ဘူး၊ လူယုံတော်ကြီးဟာ တံဆိပ်ခေါင်းဝါသနာပါကြောင်း အိန္ဒိယမှာနေစဉ်ကတည်းက သူ စုံစမ်းထားပုံရတယ်၊ ဒါကြောင့် ရှားပါးတဲ့ တံဆိပ်ခေါင်းပြပွဲ ကြော်ငြာစာရွက်ကို ရှိုင်ရယ်ဟိုတယ်ကိုပို့ပြီး လူယုံတော်ကြီးကို ဆွဲဆောင်ခဲ့တာပဲ၊ ကျွန်တော်ဟာ ကြော်ငြာစာရွက်ကို မြင်ကတည်းက သံသယရှိခဲ့ပါတယ်၊ စာရွက်မှာ နမူနာအဖြစ် ပြထားတဲ့ ပဥ္စမမြောက် ဂျော့ဘုရင်လက်ထက်က တံဆိပ်ခေါင်းဆိုတာ မြန်မာပြည်





အနေနဲ့ မရှိနိုင်ပါဘူး၊ ဒီတံဆိပ်ခေါင်းမျိုးဟာ အလွန်ရှားပါးပြီး အလွန်လည်း တန်ဖိုးရှိပါတယ်၊ အခြားဖော်ပြထားတဲ့ တံဆိပ်ခေါင်းတွေကလည်း မရှိနိုင်ဘူး၊ တကယ်တော့ တံဆိပ်ခေါင်းအတုတွေပြပြီး လူယုံတော်ကြီးကို အပြင်မရောက် ရောက်အောင် မှောင်ထုတ်သွားတာပါ၊ ရှေ့ဆက်ပြီး ကိုယ်တိုင်ကြုံတွေ့ရတာကို လူယုံတော်ကြီးက ဆက်ပြောပါလိမ့်မယ်"

ဟု ဆိုလိုက်ရာ လူယုံတော်ကြီးက ချောင်းဟန့်၍ ...

"ဒီကမိတ်ဆွေ ပြောသွားသလိုပါပဲ၊ ကျွန်တော် တံဆိပ်ခေါင်းပြပွဲမှာ အလွန်ရှားပါးတဲ့ တံဆိပ်ခေါင်းတွေကို မြင်ရတော့ အလွန်အံ့သြ ဝမ်းသာမိပါတယ်၊ အတုတွေလို့တော့ သံသယ မဖြစ်ပါဘူး၊ ဒီလိုနဲ့ တံဆိပ်ခေါင်းတွေကို စိတ်ဝင်တစား ကြည့်ရှုနေတုန်းမှာ အလွန်မွန်ရည်တဲ့လူကြီးလူကောင်းတစ်ယောက် အနားကို ရောက်လာပြီး ဒီထက်ရှားပါးတဲ့ တံဆိပ်ခေါင်းတွေ ရှိပါသေးတယ်၊ လူကြီးမင်းကြည့်ချင်ရင် ရုံးခန်းထဲကို လိုက်ခဲ့ပါဆိုတာနဲ့ လိုက်သွားပါတယ်၊ သူရဲ့တံဆိပ်ခေါင်းတွေဟာ အင်မတန် အဖိုးတန်တဲ့ တံဆိပ်ခေါင်းတွေပါ၊ အတုလို့ သံသယမဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဖိရိုသေသပ်ပါတယ်၊ ဒီလိုနဲ့ခဏကြာတော့ သူချည့်ခဲ့တဲ့ ကော်ဖီတစ်ခွက်ကို သောက်မိပါတယ်၊ ကော်ဖီသောက်ပြီး ကျုပ် အိပ်ပျော်သွားတယ် ထင်တယ်၊ သတိရလို့ ကြည့်လိုက်တော့ ကျုပ်တစ်ကိုယ်လုံး ကြိုးနဲ့တုတ်ထားပါတယ်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ဆက်လက်၍ ...

"ဗာရာဏသီမိုးမှောင်ဟာ ရုပ်ပြောင်းရုပ်လွှဲလုပ်တဲ့ နေရာမှာ အင်မတန်တော်တယ်၊ သူ့ရဲ့မိတ်ကပ်ပညာစွမ်းနဲ့ သူလိုချင်တဲ့ ရုပ်မျိုးကို ပြုပြင်ယူလို့ရတယ်၊ သူ ကံကောင်းချင်တော့ လူယုံတော်ကြီးရဲ့ အရုပ်အမောင်း ကိုယ်လုံးကိုယ်ပေါက်ဟာ သူနဲ့ အတော်တူနေတယ်၊ ဒါကြောင့် သူဟာ အလွယ်တကူ ရုပ်ဖျက်ပြီး လူယုံတော်ကြီးအသွင်နဲ့ ဟိုတယ်ကို ပြန်ခဲ့တယ်၊ ဟိုတယ်ကိုရောက်တော့ လူရိပ်လူခြေကိုကြည့်ပြီး လစ်တာနဲ့ စိန်တုံးကြီးကိုယူပြီး ထွက်ပြေးသွားတာပဲ၊ ကျွန်တော့် အထင်တော့ သူဟာ ဟိုတယ်ကထွက်ရင် ဝန်ထမ်းတစ်ဦးယောင်ဆောင်ပြီး ထွက်မယ်ထင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် စိန်တုံးကြီးနဲ့ ပတ်သက်ပြီး မစိုးရိမ်ပါနဲ့၊ သူဟာ တစ်နည်းနည်းနဲ့ ပြန်ပို့ပေးမှာပါ။





သူဟာ ခေါင်းပုံဖြတ် အမြတ်ထုတ်တဲ့ သူဌေးသူကြွယ်တွေရဲ့ပစ္စည်းကိုသာ ခိုးယူတာပါ"

ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။ ထိုအခါ မဟာရာဇာကြီးက ...

"အလွန်ကြောက်ဖို့ကောင်းတဲ့ ဗာရာဏသီမိုးမှောင်ပဲ၊ သူက ကျုပ်စိန်တုံးကြီးကို ဘာလို့ခိုးယူတာလဲ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ရယ်မော၍ ...

"သူ့မှာ ဝါသနာတစ်မျိုးရှိတယ်၊ အဲဒါကတော့ မြန်မာနိုင်ငံပုလိပ်အဖွဲ့နဲ့ အင်းစိန်စီအိုင်ဒီကို လှောင်ပြောင်တဲ့ဝါသနာပဲ၊ သူနဲ့ ကျုပ် တစ်နေ့နေ့မှာတော့ ထိပ်တိုက်တွေ့ဦးမှာပါ"

ဟု ရေရွတ်လိုက်လေတော့၏။

ဆားပုလင်းမင်းအောင်၏ စကားသည် မှန်ကန်၏။ တစ်ပတ်ခန့် အကြာတွင် ဗာရာဏသီမိုးမှောင်ထံမှ စာတစ်စောင် ရောက်လာ၏။ ရန်ကုန်မြို့ရှိ မျက်မမြင်စောင့်ရှောက်ရေးကျောင်းသို့ ငွေ ၅၀၀၀၀/– လှူဒါန်းလျှင် မဟာရာဇာ၏ စိန်တုံးကြီးကို ပြန်ပို့ပေးမည်ဟု ကမ်းလှမ်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇာကြီးက ဝမ်းသာအားရဖြင့် မျက်မမြ
ကျောင်းသို့ ငွေ ၅၀၀၀ိ/– လှူဒါန်းခဲ့၏။ နောက်တစ်နေ့နံနက်
မှာပင် မဟာရာဇာ၏လက်ထဲသို့ စိန်တုံးကြီး ပြန်လည်ရောက်
ရှိခဲ့၏။ မဟာရာဇာကြီးသည် မူလပြန်မည်ဟု ခန့်မှန်းထားသော
ရက်မှ မြန်မာပြည်တွင် ၁၀ ရက်ခန့်ပိုနေသွားခဲ့၏။

ထို့ကြောင့်ပင် မိုးကုတ်သူဌေးကြီးတစ်ဦး ရန်ကု
မြို့သို့ ဆင်းအလာနှင့် ကြုံကြိုက်ပြီး စိန်တုံးကြီး အရောင်းအဝယ်
ဖြစ်သွားခဲ့၏။ မဟာရာဇာကြီးသည် အဆိုးထဲမှ အကောင်းဖြ
သွားသည်ဟု ဆိုရပေမည်။

＊○＊





အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်လခန့်
အကြာတွင် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် အင်းစိန် စီအိုင်ဒီ
ရုံးအနီးရှိ ကာကာဆိုင်တွင်ထိုင်လျက် ရောက်တတ်ရာရာစကား
များကို ပြောဆိုနေစဉ်မှာပင် ကျွန်ုပ်တို့အနီးသို့ ဆားပုလင်းမင်း
အောင် ရောက်လာပြီး ...

"ဟော့ ... လူတွေ၊ အင်းယားလမ်းက ရွှေပုံလွှားဟိုတယ်မှာ
လူသတ်မှုဖြစ်ပြန်ပြီဗျို့၊ သွားကြရအောင်"

ဟု ဆိုလေရာ ဦးပေါ်ဦးကြီးက ရယ်မော၍ ...

"ပျင်းနေတာနဲ့ အတော်ပဲဗျာ၊ အလုပ်လေး ဘာလေးလုပ်
ရတာပေါ့၊ အပျင်းပြေအောင် လုပ်ပေးတဲ့ လူသတ်သမား
ကို ကျေးဇူးတင်ရမယ်"

ဟု ပြောဆိုလေ၏။ ကျွန်ုပ်ကဝင်၍ ...

"လူသတ်သမားကို ကျေးဇူးတင်တယ် လုပ်မနေနဲ့ တရားခံ
ဖမ်းမရလို့ မင်းကြီးဆူရင် ခင်ဗျားပဲ နိုလိုညည်းနေဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေရာ စုံထောက်ဦးပေါ်ဦးက ...

"ဟဲ ဟဲ ... ကျုပ်က ခိုလိုညည်းပေမယ့် ခင်ဗျားလိုတော

ဗာရာဏသီမိုးမှောင်ကို ကားနဲ့တင်ခေါ်မလာဘူးဗျ၊ သူ့မိ

ခါးရိုးကမ်းတယ်ဆိုတာ ခင်ဗျားလိုလူမျိုး"

ဟု နောက်ပြောင်လေ၏။ ကျွန်ုပ်သည် ဗာရာဏသီ မိုးမှောင်အား လူယုံတော်ကြီးအမှတ်နှင့် တံဆိပ်ခေါင်းပြပွဲမှ ကား နှင့်တင်ခေါ်လာခြင်းကို တွေးတောမိ၍ ကျောထဲတွင် စိမ့်ခနဲဖြစ် သွားလေ၏။ မိုးမှောင်က ကျွန်ုပ်အား အန္တရာယ်ပြုမသွားခြင်းကို ပင် ကျေးဇူးတင်ရပေမည်။

ကျွန်ုပ်တို့လူစု ရွှေပုံလွှားဟိုတယ်သို့ ရောက်သော အခါ ဟိုတယ်မန်နေဂျာလူဝကြီးက ဆီးကြို၍ ဟိုတယ်တွင်းသို့ ခေါ်ဆောင်သွားလေ၏။ ဟိုတယ်ဧည့်ခန်းထဲတွင် ထုံးစံအတိုင်း ကော်ဖီနှင့်မုန့်များကို အငမ်းမရ စားသောက်နေသော စုံထောက် ကိုစိန်မြင့်တို့လူစုကို တွေ့ရလေ၏။ ဟိုတယ်မန်နေဂျာကြီးက ကျွန်ုပ်တို့လူစုကို စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံပြီး နောက် ...

"သေဆုံးသွားတဲ့သူဟာ ကျွန်တော်တို့ဟိုတယ်က ဖျော်ဖြေ ရေးတာဝန်ယူရတဲ့ မျက်လှည့်ပညာရှင် ကျော်နီဆိုတဲ့သူပါ





သူဟာ ညစဉ်ညတိုင်း ဧည့်ပရိသတ်တွေကို ၂ နာရီခန့် ဖြေဖျော်လေ့ရှိပါတယ်၊ ကျော်နီဟာ လူပျိုတစ်ယောက်ဖြစ် တဲ့အတွက် ဟိုတယ်အောက်ဆုံးက အခန်းမှာပဲ သူ့ကိုနေ ထိုင်စေပါတယ်။ ကျော်နီသေဆုံးတာကို ဒီနေ့မနက်မိုးလင်း မှ အခန်းရှင်းတဲ့ ဆာ့မီဆိုတဲ့ ကုလားလေးက တွေ့ပါ တယ်၊ သူဟာ ညကတည်းက သေဆုံးနေပုံရပါတယ်"

ဟုပြောလေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့စုံထောက် ကျော်များသည် ကျော်နီ၏အိပ်ခန်းသို့ သွားရောက်ကြည့်ရှုလေ၏။ ကျော်နီသည် ရုပ်ရည်ချောမောလှပသော ဘိုကပြားတစ်ယောက်ဖြစ် ၏။ သူ၏ခြေထောက်များမှာ နီရဲယောင်ယမ်းနေပြီး မျက်လုံးအစုံမှာ ပြူးကျယ်နေ၏။

ခန္ဓာကိုယ်တွင် ဒဏ်ရာကို မမြင်ရပေ။

ဆားပုလင်းမင်းအောင်သည် သေသူ၏အနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး သေသူ၏လည်တိုင်သို့ သေချာစွာစစ် ဆေးကြည့်ရှုလေရာ အနီစက်ကလေးနှစ်စက်ကို တွေ့ရလေ၏။ ကိုမင်းအောင်က သက်ပြင်းချ၍ ...

"လည်တိုင်ကို မြွေကိုက်ခံရတာဗျ၊ ကျွန်တော့် အထင် ပြောရရင် မြွေဟောက်ဖြစ်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအချိန်တွင် စုံထောက်ကိုစိန်မြင့်တို့လူစုသည် ဂျော်နီ၏အခန်းတစ်ခုလုံး မွှေနှောက်ရှာဖွေလေ၏။ ဘိလပ်ပြန်ဆရာပွ ဆိုသော စုံထောက်ကြီးသည် ဂျော်နီ၏ခုတင်အောက်သို့ လေးဖက်ထောက်ဝင်သွားပြီး တစ်စုံတစ်ရာကို ရှာဖွေလေ၏။ ဦးပေါ်ဦးကြီးက လက်ညှိုးညွှန်ပြ၍ ...

"ဆရာပွကြီးတော့ လေးဖက်ထောက်ပြီး ဝင်သွားပြီဗျို့၊ လူစင်စစ်က တိရစ္ဆာန်ဘဝ ပြောင်းသွားပြီနဲ့ တူတယ်"

ဟု နောက်ပြောင်လေ၏။ စုံထောက်ကိုစိန်မြင့်နှင့် ကိုတင်လှမှာလည်း လူအထင်ကြီး ခံချင်သူများဖြစ်၍ ပေကြိုးဘူးနှင့် မှန်ဘီလူးကြီးကိုထုတ်၍ အခန်းတစ်ခုလုံး မျက်စိနောက်အောင် လှည့်လည်နေလေ၏။

မသိနားမလည်သူများက ၎င်းတို့လုပ်ပုံကို အထင်ကြီးဟန်နှင့် ကြည့်ရှုနေလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ကျုပ်သည် လေသံတိုးတိုးဖြင့် ...

"ဦးပေါ်ဦးရေ ကျုပ်တို့လည်း တစ်ခုခုတော့ လုပ်ပြမှဖြစ်မယ်၊ ဟိုတယ်ကလူတွေ ကျုပ်တို့ ဘာလုပ်မလဲလို့ ကြည့်နေကြပြီ"





ဟု ပြောလေရာ ဦးပေါ်ဦးကြီးက ...

"အထင်မကြီးရင် နေပါစေဗျာ၊ ဒီလူတွေလိုတော့ အရူးကြောင်ကြောင်တွေ လုပ်မပြချင်ပါဘူး ...

ဒီလူတွေ စီအိုင်ဒီရောက်တာ အိုသေတော့မယ်၊ ဘယ်တုန်းက လူသတ်မှုတရားခံ ဖမ်းနိုင်လို့လဲ၊ နောက်ဆုံးတော့ ကျုပ်တို့မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကသာ တရားခံဖမ်းပေးရတာ မဟုတ်လား"

ဟု အထင်မကြီးဟန်ဖြင့် ပြောလေ၏။ ဦးပေါ်ဦးပြောသည့်အတိုင်း စုံထောက်ကိုစိန်မြင့်တို့လူစုသည် အရည်အချင်းမရှိပါဘဲလျက် ဆားပုလင်းမင်းအောင်အား မနာလိုဖြစ်နေသူများဖြစ်၏။ ထိုအချိန်တွင် ဆားပုလင်းမင်းအောင်သည် အခန်းပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ၏။

သေသူသည် မျက်လှည့်ပညာရှင်တစ်ဦး ဖြစ်သည်နှင့်အညီ သူ၏အခန်းထဲတွင် ထူးဆန်းသော မျက်လှည့်ပစ္စည်းများနှင့် ပြည့်နက်နေ၏။ ဆားပုလင်းမင်းအောင်သည် ခေါင်းငုံ့၍ ကော်ဇောပေါ်ရှိ တစ်စုံတစ်ရာကို ကောက်ယူလိုက်၏။

ကျွန်ုပ်လှမ်းကြည့်လိုက်သောအခါ တစ်လက်မပတ်လည်ရှိသော ကြေးပြားလေးတစ်ပြားကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆားပုလင်းမင်းအောင်က သေသူတွင် ရန်ငြိုးရန်စ ရှိ,မရှိ ဟိုတယ်မန်နေဂျာအား မေးမြန်းလေရာ လူဝကြီးက ...

"ကျွန်တော်တို့ သိသလောက်တော့ မရှိပါဘူး"

ဟု ဖြေလေ၏။ ကျော်နီ၏မျက်လှည့်အကူ တပည့်နှစ်ယောက်အား မေးမြန်းသောအခါ ၎င်းတို့ထံမှ မရေရာသောအဖြေကိုသာ ရခဲ့လေ၏။

ဆားပုလင်းမင်းအောင်က ဆက်လက်၍ ဟိုတယ်အမှုထမ်း မည်မျှရှိသနည်းဟု မေးမြန်းရာ မန်နေဂျာက ၁၅ ယောက်ရှိကြောင်း ဖြေလေ၏။

ကျော်နီအား အစားအသောက် ပို့ပေးသော စားပွဲထိုး သီးခြားရှိမရှိ မေးမြန်းသောအခါ မန်နေဂျာကြီးက သီးခြားမရှိကြောင်း ကြုံလျှင် ကြုံသလို ပို့ပေးလေ့ရှိကြောင်း ဖြေလေ၏။ ဆားပုလင်းမင်းအောင်က သေသူကို ရင်ခွဲရုံသို့ပို့နိုင်ပြီဖြစ်ကြောင်း ပြောကာ စစ်ဆေးခြင်းကို ရပ်ဆိုင်းလိုက်လေ၏။ အပြန်လမ်းတွင် ဆားပုလင်းမင်းအောင်သည် တစ်စုံတစ်ရာကို လေးနက်စွာစဉ်းစားလျက် လိုက်ပါလာလေ၏။ ၎င်းနေထိုင်ရာ အမှတ်(၇)အာသောကလမ်း၊ ကျောက်မြောင်း နေအိမ်သို့ ရောက်သောအခါမှပင် ...





"အမှုကတော့ ရန်ငြိုးရန်စတစ်ခုကြောင့် ကလဲ့စားချေတဲ့ အမှုပဲ၊ မြွေအလမ္ပာယ်သမားတစ်ယောက်နဲ့ ပတ်သက်နေမယ်ထင်တယ်"

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးက ...

"မျက်လှည့်ဆရာကို အလမ္ပာယ်ဆရာက မြွေနဲ့တိုက်သတ်တယ်ဆိုတော့ အမှုကတော့ ခပ်ရှုပ်ရှုပ်ပဲနဲ့တူတယ် ကိုမင်းအောင်"

ဟု မှတ်ချက်ချလေရာ ဆားပုလင်းမင်းအောင်က ပြုံးရယ်၍ ...

"ထင်သလောက် ရှုပ်မယ်မထင်ဘူးဗျ၊ မကြာမီ တရားခံကို ဖမ်းဆီးနိုင်ပါလိမ့်မယ်"

ဟု ပြောလေတော့သတည်း။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှစ၍ ဆရာပုလင်းမင်းအောင်သည် ရန်ကုန်မြို့အနှံ့ရှိ မျက်လှည့်ဆရာများ၏ နေအိမ်များကို လှည့်လည်သွားလာနေခဲ့၏။ ကျွန်ုပ်က ကိုမင်းအောင်အား ကားနဲ့လိုက်ပို့ရသဖြင့် ထိုအခါမှပင် ၎င်း၏မျက်လှည့်ပညာရှင် မိတ်ဆွေများပေါများကြောင်း သိရလေ၏။ ဆရာပုလင်းမင်းအောင်က လမ်း၌ မျက်လှည့်ပညာကို သူ အလွန်စိတ်ဝင်စားကြောင်း ကျွမ်းကျွမ်းကျင်ကျင်လည်း ပြသနိုင်ကြောင်းပြောကာ ကျွန်ုပ်အား မျက်လှည့်ပြကွက်အချို့ကို ပြသလေ၏။ ကိုမင်းအောင်၏ မျက်လှည့်ပြကွက်များမှာ နှင်းဆီပန်းကလေးကို မွှေးလိုက်ရုံဖြင့် အဖူးမှပွင့်အာပြီး ထွက်လာပုံ၊ လက်ထဲသို့ စီးကရက်များ တစ်မျိုးပြီးတစ်မျိုး ထွက်ပေါ်လာပုံ၊ စားပွဲခုံပေါ်တွင် ဖဲထုပ်တစ်ထုပ် တင်ထားပြီး အဝေးမှ လက်ဖျစ်တီးလိုက်ရုံဖြင့် ဖဲချပ်ကလေးများ ခုန်ထလာပုံ စသော လွန်စွာထူးဆန်းသည့် ပြခွက်များဖြစ်၏။





သုံးရက်ခန့် လှည့်လည်စုံစမ်းပြီးသောအခါ ကျွန်ုပ်က ...

“ဘယ်လိုလဲ ကိုမင်းအောင်၊ တရားခံကို သဲလွန်စကောက်လို့ ရပြီလား”

ဟု မေးမြန်းလေရာ ဆရာပုလင်းမင်းအောင်က ...

“နီးစပ်ပါပြီဗျာ၊ မနက်ဖြန် ပဲခူးက ဆပ်ကပ်ဆရာကြီး ဦးဘဖေနဲ့ တွေ့ပြီးရင် ပိုပြီးနီးစပ်မှာပါ၊ အမှုက လွယ်မယောင်နဲ့ ကွင်းဆက်လေးတစ်ခု ပျောက်နေလို့ ခက်နေတာဗျ”

ဟု ဖြေလေ၏။ ထိုအခါ ကျွန်ုပ်က ...

“အသတ်ခံရတဲ့မျက်လှည့်ဆရာရဲ့ အခန်းထဲက ကြေးပြားလေးတစ်ပြား ကိုမင်းအောင် ကောက်ရထားတယ်နော်၊ အဲဒါ ဘာလဲ”

ဟု မေးမြန်းလေ၏။ ဆရာပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

“ဟုတ်တယ်ဗျ၊ အဲဒီကြေးပြားလေးဟာ မြွေအလမ္ကာယပညာရှင်တွေ ဆောင်လေ့ရှိတဲ့ အဆောင်လေးပဲ၊ ဒါကြောင့် ဒီအမှုမှာ မြွေအလမ္ကာယပညာရှင်တစ်ယောက် ပါမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခန့်မှန်းတာ၊ ကျွန်တော့်အထင် လူသတ်သမားဟာ ဟိုတယ်စားပွဲထိုးတစ်ယောက် အယောင်ဆောင်ပြီးတော့ မျက်လှည့်ဆရာရဲ့အခန်းကို ဝင်မယ်၊ ပြီးတော့မှ အသင့်ယူဆောင်လာတဲ့မြွေနဲ့ တိုက်ပြီးသတ်လိမ့်မယ်ဗျ၊ ဂျော်နီအသတ်ခံရတဲ့အချိန်က မျက်လှည့်ပွဲပြီးတဲ့အချိန် ည (၁၀)နာရီလောက် ဖြစ်မယ်ထင်တယ်၊ ဂျော်နီ သေတော့မှ လူသတ်သမားက မြွေကိုပြန်ဖမ်းပြီး ဟိုတယ်ကမယောင်မလည် ထွက်သွားခဲ့တာပဲ၊ ကျွန်တော်ကောက်ရထားတဲ့ ကြေးပြားလေးဟာ လူသတ်သမားကျကျန်ရစ်ခဲ့တဲ့ အဆောင်လေးဗျ"

ဟု ပြောလေတော့၏။

* ○ *





နောက်တစ်နေ့တွင် ဆားပုလင်းမင်းအောင်အား ပဲခူးရှိ ဆပ်ကပ်ဆရာကြီး၏နေအိမ်သို့ လိုက်လံပို့ဆောင်ရသေး၏။

ဆားပုလင်းမင်းအောင်သည် ဆပ်ကပ်ဆရာကြီးထံတွင် သေသူမျက်လှည့်ပညာရှင် ဂျော်နီ၏နောက်ကြောင်းကို စုံစမ်းလေရာ ဂျော်နီသည် ယခင်က ဆပ်ကပ်ပညာရှင်တစ်ဦးဖြစ်ကြောင်း သိရပြီး ကောင်းကင်ဘားကစားရာတွင် အထူးကျွမ်းကျင်ကြောင်း တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးတွင် ကောင်းကင်ဘားကစားနေခဲ့ပြီးမှ ပျောက်ကွယ်သွားကြောင်း သိရလေ၏။ ဆပ်ကပ်ဆရာကြီးက ...

"ဂျော်နီအကြောင်းကို ကျုပ်ထက် ပိုပြောနိုင်တဲ့ လူတစ်ယောက်ရှိတယ်၊ သူကတော့ မျက်လှည့်ပညာရှင် ဘဘဲ့ဘူဆိုတဲ့သူပဲ၊ ဘဘဲ့ဘူကို တွေ့ချင်ရင် မြို့ပြင်က ရွာနဲ့ရည်ဆိုင်မှာ ရှိနိုင်တယ်၊ ဘဘဲ့ဘူဟာ ဂျော်နီနဲ့အတူ လုပ်ကိုင်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တိမ်ပျံဆပ်ကပ်အဖွဲ့ကလည်း ပျက်သွားပြီဆိုတော့ ဘာဘူကို တွေ့တာ အကောင်းဆုံးပဲ"

ဟု ပြောလေ၏။ ဤသို့ဖြင့် ဘာဘူရှိရာမြို့ပြင် ထန်းတောသို့ လိုက်ရပြန်၏။

မြို့ပြင်ရှိ အရိပ်အာဝါသ ကောင်းမွန်သော ထန်းရည်ဆိုင်ရှိရာသို့ လှည်းလမ်းအတိုင်း ဖို့ဒ်ကားကလေးကို မောင်းနှင်ခဲ့လေ၏။

ထန်းရည်ဆိုင်အနီးတွင် အမြည်းရောင်းသော ဆိုင်ကလေးများနှင့် စည်စည်ကားကား ရှိလေ၏။ ဆိုင်ကလေးများ ရှေ့တွင် လူများဝိုင်းအုံနေသော မျက်လှည့်ဝိုင်းတစ်ခုရှိ၏။ မျက်လှည့်ကြည့်ပရိသတ်များမှာ ထန်းရည်သမားများပင်ဖြစ်၏။ မျက်လှည့်ဆရာ ဘာဘူ ဆိုသူသည် အင်္ကျီဗလာကျင်း၍ လူအုပ်စု အလယ်တွင် ထိုင်နေပြီး ၎င်းက ...

"ဟောဒီ ဖဲထုပ်ထဲက ကြိုက်တဲ့အချပ်ကို ခင်ဗျားတို့ရွေး ထုတ်ပါ၊ ကျုပ်က ခင်ဗျားတို့ရွေးတဲ့အချပ်ကို ရအောင် ရှာပြမယ်"

ဟု ဆိုလေရာ အဘိုးကြီးတစ်ယောက်က ...

"ရွေးပြီကွာ"





ဟုဆိုကာ ဖဲချပ်တစ်ချပ်ကို ရွေးမှတ်ပြီး ဖဲထုပ်ပေါ် ပြန်တင်လိုက်၏။ ဘာဘူက ဖဲချပ်များကို အထက်အောက်ရော လိုက်ပြီးနောက် ဖဲချပ်တစ်ချပ်ကို လှန်ချလိုက်ပြီး အဘိုးကြီးမျက်နှာ ကိုကြည့်ကာ ...

"ခင်ဗျား လှန်ထားတာ ကုလားဖဲ မဟုတ်လား"

ဟု ဆိုလိုက်ရာ အဘိုးကြီးက ဝန်ခံလေ၏။ ထို အခါ ဘာဘူက အနီးရှိ စီးကရက်ဘူးတစ်ဘူးကိုယူ၍ ...

"စီးကရက် သောက်ချင်တယ်ဗျာ၊ ဒါပေမဲ့ ဟောဒီ ပိုလို စီးကရက်လေးက သရဲစီးနေတယ်ဗျ၊ ဒါကြောင့် သောက်ရ မှာ လန့်နေတယ်၊ ဟောဒီမှာကြည့်"

ဟုဆိုကာ စီးကရက်ဘူးကို ထောင်ပြသောအခါ ဘူးအတွင်းရှိ ပိုလိုစီးကရက်လေးသည် အထက်အောက် ခုန်လိုက် ဆင်းလိုက် ဖြစ်နေလေ၏။ ကြည့်ရှုနေသူ ထန်းရည်သမားများ သည် ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားလေ၏။ မျက်လှည့်ဆရာဘာဘူ က ...

"ဘာပဲဖြစ်ဖြစ် ဒီနေ့ ဝိုင်းလည်းသိမ်းပြီ၊ ခံတွင်းကလည်း ချဉ်လာပြီ၊ သရဲစီးနေတဲ့ ပိုလိုလေးကိုပဲ သောက်ရတော့ မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ပိုလိုစီးကရက်ကို ဘူးအတွင်းမှထုတ်၍ နှုတ်ခမ်းတွင်ခဲကာ မျက်လှည့်ဝိုင်းကို သိမ်းလိုက်လေ၏။

ဘာဘူသည် စီးကရက်ကို နှုတ်ခမ်းတွင်ခဲလျက် မီးခြစ်လိုက်ရှာလေ၏။ မတွေ့သောအခါ ပရိသတ်ထဲသို့လှမ်း၍...

"မီးခြစ်ပါရင် ခဏငှားပါ"

ဟု ငှားရမ်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က လူများကို တိုးဝှေ့၍ ဝိုင်းအတွင်းသို့ ဝင်သွားပြီး ...

"မိတ်ဆွေက မီးခြစ်လိုနေလို့လား၊ ခဏစောင့်ပါဗျာ"

ဟု ဆိုလိုက်ရာ ဘာဘူက ဆားပုလင်းမင်းအောင်ကို အံ့သြဟန်ဖြင့် ကြည့်နေလေ၏။ ကိုမင်းအောင်က ဘာဘူရှေ့ရှိ ဖိထုပ်မှ ဖဲချပ်တစ်ချပ်ကိုယူ၍ လေထဲတွင် မွှေ့ယမ်းလိုက်သောအခါ ဖဲချပ်မှ နတ်သမီးတံဆိပ် ယမ်းမီးခြစ်လေး ဖြစ်သွားလေ၏။

ကိုမင်းအောင်က မီးခြစ်ကို ဘာဘူ လက်သို့ထည့်ပေးလိုက်၏။ ဘာဘူက မီးခြစ်ကိုယူ၍ ဒေါက်ခနဲခြစ်လိုက်ပြီး ...

"မိတ်ဆွေရဲ့ပညာက အံ့မခန်းပါပဲလားဗျာ၊ ကျွန်တော်လို မျက်လှည့်ပညာရှင် တစ်ယောက်ကတောင် လက်ဖျားခါရပါပေတယ်၊ မိတ်ဆွေ ဒီကိုလာတာ အကြောင်းထူးရှိလို့လား"



ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ...

"ထန်းရည်သောက်ရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့ဗျာ"

ဟု ဆိုကာ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် ထန်းရည်များကိုမှာ၍ ကျွန်ုပ်နှင့် ဘာဘူကို တိုက်လေ၏။ ၎င်းကိုယ်တိုင်ကမူ မသောက်ပေ။ ကိုမင်းအောင်က အင်းစိန် စီအိုင်ဒီမှ စုံထောက်တစ်ယောက် ဖြစ်ကြောင်း ဘာဘူကို မိတ်ဆက်ကာ သေသူ ဂျော်နီ၏အကြောင်းကို စုံစမ်းလေ၏။ ဘာဘူက ထန်းရည်သောက်ရင်း ...

"ကျွန်တော် ဂျော်နီကို ကောင်းကောင်းသိတာပေါ့ဗျာ၊ ဒီကောင်ဟာ ကျုပ်နဲ့အတူတူ လုပ်ဖူးတယ်ဗျ၊ အရင်က ဒီကောင် မျက်လှည့်သမား မဟုတ်ဘူး၊ ဆပ်ကပ်မှာ ကျွမ်းဘားကစားတဲ့ကောင်၊ ဒီကောင်က လူယုတ်မာဗျ၊ ရုပ်ကလည်းဖြောင့်တော့ မိန်းမအတော်ပွေတယ်၊ တိမ်ပျံဆပ်ကပ်မှာတုန်းက မိန်းကလေးတစ်ယောက်ဟာ ဒီကောင့်ကြောင့် သူ့ကိုယ်သူ အဆုံးစီရင်သွားဖူးတယ်၊ ဒီကောင် အသတ်ခံရတယ်ဆိုတော့ မိန်းမမှုနဲ့ ပတ်သက်မှာ ကျိန်းသေတယ်"

ထို့နောက်တွင် ဆားပုလင်းမင်းအောင်က ဘာဘူကို နှုတ်ဆက်၍ ပြန်ခဲ့လေ၏။ အပြန်လမ်းတွင် ကျွန်ုပ်က ...

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေး ကိုမင်းအောင်၊ မျက်လှည့်ပညာက အံ့မခန်းပါလားဗျ၊ ဂျော်နီ့ဖဲချပ်လေးကို လေထဲမှာ ဖော့ယမ်းရုံနဲ့ မီးခြစ်ဖြစ်သွားတယ်၊ အဲဒါကို ရှင်းပါဦး"

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ရယ်မော၍ ...

"မျက်လှည့်ပညာရဲ့သဘောက လျှို့ဝှက်ချက် မသိခင်မှာ အင်မတန် အံ့သြဖို့ကောင်းတယ်၊ သိသွားရင်တော့ ဘာမှ မဟုတ်တော့ဘူး၊ ကျွန်တော့်အိတ်ထဲမှာ မျက်လှည့်ပြဖို့ ဖဲချပ်တစ်ချပ်ကို ကြိုဆောင်ထားရတယ်၊ ဖဲချပ်က ရိုးရိုးဖဲချပ် မဟုတ်ဘူး၊ သစ်သားမီးခြစ်ပေါ်မှာ ဖဲချပ်ကိုကပ်ပြီး ခေါက်ထားရတယ်၊ ဖဲချပ်နောက်ကျောမှာလည်း မီးခြစ်ကို ပြန်ကပ်ထားရတယ်၊ ကျွန်တော်ဟာ ဘာဘူ့ဖဲချပ်ကို ယူသယောင်နဲ့ အိတ်ထဲက ဆောင်ထားတဲ့ ဖဲချပ်ကို လေထဲမှာ ဖော့ယမ်းပြလိုက်တာပဲ"

✻ ○ ✻



ကျွန်ုပ်နှင့် ဆားပုလင်းမင်းအောင်သည် ရန်ကုန်မြို့ ဝင်သောအခါ ည(၈)နာရီခန့် ရှိချေပြီ။ အင်းစိန်မြို့ အဝင်သို့ ရောက်သောအခါ ကျွန်ုပ်၏ဖို့ဒ်ကားစုတ်ကလေးသည် ဖွတ်ချက် ဘာချက်မြည်၍ ထိုးရပ်သွားလေ၏။

ဆားပုလင်းမင်းအောင်က ...

"အိုင်ပီ ကားဆီကုန်လို့ ထိုးရပ်သွားပြီနဲ့တူတယ်"

ဟု ဆိုသဖြင့် ကျွန်ုပ်က စစ်ဆေးကြည့်ရာ ဆီကုန်မှန်း သိရလေ၏။ အနီးအနားတွင် နွားမွေးမြူရေးလုပ်သော သားများ၏ နွားခြံများကိုသာ တွေ့ရ၍ ဆီရရန်မလွယ်ကူပေ။ အခါ ဆားပုလင်းမင်းအောင်က ...

"ဟိုရှေ့နားမှာ ဆိုင်းသံဗုံသံတွေ ကြားတယ်ဗျ၊ ပွဲတစ်ခုခု ရှိမယ်ထင်တယ်၊ ကားတံခါးပိတ်ပြီး အဲဒီဘက်ကို လမ်းလျှောက်ကြရအောင်"




www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကျွန်ုပ်လည်း ကားတံခါးနှင့်မှန်များကိုပိတ်၍ ကိုမင်းအောင် ခေါ်ရာနောက်သို့ လိုက်ခဲ့လေ၏။ မီးရောင်များ လင်းထိန်နေသော နေရာသို့ မှန်းဆ၍ လျှောက်ခဲ့ရာ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းသို့ ရောက်လေ၏။

ကျောင်းပတ်ဝန်းကျင်တွင် ပွဲခင်းလေးတစ်ခု ဖြစ်နေပြီး ဈေးသည်များနှင့် စည်ကားနေလေ၏။ ဘုရားကျောင်းဝင်း အတွင်းတွင် အောက်လင်းမီးအိမ်ကြီးများထွန်း၍ လင်းထိန်နေပြီး တစ်လံခန့်မြင့်သော ဇာတ်စင်ငယ်လေးတွင် ချောမောလှပသော ကုလားမလေးတစ်ယောက် ကနေလေ၏။ ဇာတ်စင်တစ်ဖက်တွင် ကုလားဆိုင်းဝိုင်းကို တွေ့ရပြီး ကုလားများက ဗုံ၊ နဲ စသော တူရိယာများကို တီးမှုတ်နေလေ၏။ တီးဝိုင်းအလယ်တွင် ကုလားကြီးတစ်ယောက်က သီချင်းကို ဆွဲဆွဲငင်ငင် သီဆိုနေလေ၏။

ခဏအကြာတွင် စင်ပေါ်သို့ ကုလားတစ်ဦးတက်လာပြီး မိန်းကလေးအား ချစ်ခွင့်ပန်သည့် အမူအရာမျိုး သရုပ်ဆောင်၏။ ကုလားမလေးက အစပိုင်းတွင် ငြင်းဆိုဟန်ပြုသော်လည်း နောက်ပိုင်းတွင် ထိုကုလားနှင့် ချစ်သူများ ဖြစ်သွားဟန်ရှိလေ၏။ ထိုအကြောင်းကို ကုလားကြီးက သီချင်းဖြင့် သရုပ်ဖော်ပေးလေ၏။ ကိုမင်းအောင်က ကြည့်၍ ...





"သူတို့စကားကို နားလည်ရင်တော့ အဓိပ္ပာယ်ခံစားလို့ရမယ်ဗျ၊ တေးသရုပ်ဖော်သဘောမျိုး လုပ်နေတာ၊ အော်ပရာပုံစံပေါ့ဗျာ"

ဟု ပြောလေ၏။ ခဏအကြာတွင် ကုလားမလေး၏ချစ်သူသည် သူမအား စွန့်ခွာ၍ ထွက်ပြေးသွားဟန် သရုပ်ဆောင်လေ၏။ ကုလားမလေးသည် ငိုယို၍ တောင်းပန်ရှာသော်လည်း သူမ၏ချစ်သူမှာ ရင်ဘတ်ကို ဆောင့်တွန်းပြီး အဝေးသို့ ထွက်သွားလေ၏။ ကုလားမလေးသည် မြေပေါ်တွင် လူးလိမ့်၍ ငိုယိုနေပြန်၏။

အဓိပ္ပာယ်နားလည်ဟန်ရှိသော ကုလားပွဲကြည့်ပရိသတ်များသည် လွမ်းဆွေးသောကျနေဟန်ရှိ၏။ ကျွန်ုပ်နှင့် ဆားပုလင်းမင်းအောင်ကမူ ၎င်းတို့၏စကားကို နားမလည်သဖြင့် အမူအရာကိုသာကြည့်၍ မှန်းဆရလေ၏။ ခဏအကြာတွင် ချောမောလှပသော လူငယ်တစ်ဦး စင်ပေါ်သို့တက်လာပြီး ကုလားမလေးကို နှစ်သိမ့်ဟန် သရုပ်ဆောင်လေ၏။

ထိုလူငယ်သည် ကုလားတစ်ယောက် မဟုတ်ဘဲ၊ မြန်မာတစ်ယောက် ဖြစ်နေ၍ ထူးဆန်းသလိုရှိ၏။ လူငယ်က နှစ်သိမ့်သော်လည်း ကုလားမလေးသည် ဝမ်းနည်းကြေကွဲ၍



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ရင်ကွဲနာကျပြီး သေဆုံးသွားလေ၏။ လုလင်ယ်
သည် စိတ်ထိခိုက်ကြေကွဲဟန်ဖြင့် ခေါင်းငိုက်စိုက်ကျသွားလေ၏။
ထို့နောက် မျက်နှာအမူအရာ တင်းမာလာပြီး ကုလားမလေး၏
ချစ်သူကို ဒေါသဖြစ်ဟန်ဖြင့် တက်ခေါက်၍ လက်သီးကို ကျ
ကျစ်ပါအောင် ဆုပ်လေ၏။

ထိုစဉ် ဇာတ်စင်ပေါ်သို့ သူတောင်းစားဟန် ဝတ်
ဆင်ထားသော ကုလားကြီးတစ်ဦး ရောက်လာပြီး လုလင်ယ်အား
တစ်စုံတစ်ရာကို ပေးလေ၏။ လုလင်ယ်က ထိုအရာကိုယူ၍ နဖူး
တွင်ကပ်ကာ အလေးအနက် ဆုတောင်းဟန်ပြုလေ၏။ ကျွန်ုပ်
က ကိုမင်းအောင်ဘက်သို့လှည့်၍ ...

"ကုလားသူတောင်းစားကြီးက လုလင်ယ်ကို ဘာပေးတာလဲ
မသိဘူး"

ဟု မေးမြန်းလေရာ ကိုမင်းအောင်က ...

"အဲဒီသူတောင်းစားမျိုးကို ဖကီလို့ ခေါ်တယ်ဗျ၊ ဘာသာ
ရေးနဲ့သက်ဆိုင်တဲ့ သူတောင်းစားတစ်မျိုးပေါ့ဗျာ၊ လုလင်ယ်
ကို တန်ခိုးသိဒ္ဓိတစ်ခုခု ပေးတာနဲ့တူတယ်၊ သေတော့
မသေချာဘူးဗျ"

ဟု ပြောလေ၏။





ထို့နောက် စင်ပေါ်တွင် ဖကီကြီးကို မတွေ့ရတော့
ဘဲ လုလင်ယ်သည် အနက်ရောင်ကြိုးများနှင့် လှည့်ပတ်၍ ကစား
လေ၏။ ကျွန်ုပ်က ရယ်မော၍ ...

"ဖကီကြီးက လုလင်ယ်ကို ကြိုးသိုင်းသင်ပေးသွားတာဗျ"

ဟု မှတ်ချက်ချလေ၏။

သီချင်းဆိုသော ကုလားကြီး၏အသံကို နားထောင်
၍ ကုလားမရိသိတ်များမှာ ဇာတ်လမ်းကို သဘောကျနေဟန်ရှိ၏။
နောက်ဆုံးတွင် ကုလားမလေးအား စွန့်ခွာသွားသော ကုလားနှင့်
ကြိုးသိုင်းသမားလုလင်ယ် စင်ပေါ်တွင် ပြန်ဆုံပြီး လုလင်ယ်က ကုလား
အား ကြိုးများဖြင့် ပစ်လိုက်ရာ ကုလားသည် ကြိုးများရစ်ပတ်၍
သေဆုံးသွားဟန် သရုပ်ဆောင်၏။

ထိုအခါမှပင် လုလင်ယ်က ပျော်ရွှင်ဟန်ဖြင့် ကျမ်း
တစ်ပတ်ထိုးကာ တေးသရုပ်ဖော်ဇာတ်လမ်းကို အဆုံးသတ်လိုက်
လေ၏။

ကျွန်ုပ်တို့နှစ်ဦး ဘုရားကျောင်းမှ ပြန်ခါနီးတွင်
ကိုမင်းအောင်က ...

"ဒီပွဲက ဘုရားကျောင်းပြန်ပြင်ဖို့ အလှူခံတဲ့ပွဲဗျ၊ အလှူ
ငွေလေး ဘာလေး ထည့်ဦးမှ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ အလှူခံဖလားထဲသို့ ငွေစက္ကူများ သွားထည့်လေ၏။ ပွဲကြည့်ပရိသတ်များကလည်း ဖလားထဲသို့ ငွေအမြောက်အမြား ထည့်လေ၏။

ထိုညက ကျွန်ုပ်တို့နှစ်ဦးသည် ကံကောင်းထောက်မစွာဖြင့် ဘုရားကျောင်း၏ မနီးမဝေးတွင် တက်ဆီဝယ်ယူနိုင်သဖြင့် အိမ်သို့ ပြန်ရောက်လေ၏။ ကျွန်ုပ်၏အိမ်သို့ ရောက်သောအခါ ဇနီး ချာ မေသည် မျက်နှာငယ်လေးနှင့် ထွက်၍မျှော်နေရှာ၏။

*○*





ရွှေပုံလွှားဟိုတယ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုနှင့်ပတ်သက်၍ သူရိယ၊ သံတော်ဆင့်၊ သူကြီးဂေဇက် စသောသတင်းစာကြီးများက သတင်းများရေးသား၍ အပြိုင်အဆိုင်ဖော်ပြကြလေ၏။

တရားခံကိုမဖမ်းနိုင်သေးသဖြင့် ကျွန်ုပ်တို့စုံထောက်ကျော်များမှာ မင်းကြီးနှင့် မတွေ့အောင် အကြောင်းအမျိုးမျိုးပြ၍ ရှောင်တိမ်းနေလေ၏။

ကျွန်ုပ်နှင့် စုံထောက် ဦးပေါ်ဦးကြီးမှာ ဆားပုလင်းမင်းအောင်၏ အပြုအမူကို အတုယူ၍ ပဲခူးဘက်သို့ လိုက်လံစုံစမ်းနေကြောင်း သတင်းလွှင့်၍ ဝိတိုရိယဟောလ်(ယခု ကုန်သည်ကြီးများဟိုတယ်)တွင် ပြဇာတ်ကြည့်နေလေ၏။

စုံထောက်ကိုစိန်မြင့်တို့ လူစုမှာလည်း အိမ်တစ်အိမ်တွင်စု၍ ပိုကာကစားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မင်းကြီးမှာမူ စီအိုင်ဒီရှိ ရုံးခန်းကြီးအတွင်းတွင် နေမထိ ထိုင်မသာဖြစ်၍ နေရှာ၏။ ဝိတ်ိုရိယဟော(လ်)တွင် ပြဇာတ်ကြည့်ပြီးနောက် ဦးပေါ်ဦးကြီးက ဖာလူဒါသောက်ချင်သည်ဟု ဆိုသဖြင့် ဖရေဇာဘက်သို့လျှောက်ကာ ဖာလူဒါသောက်ကြလေ၏။ ဖာလူဒါသောက်ပြီးနောက် ကျွန်ုပ်က ဆားပုလင်းမင်းအောင်အတွက် ဖာလူဒါများဝယ်၍ ၎င်းနေထိုင်ရာ အမှတ်(၇) အသောကလမ်း၊ ကျောက်မြောင်း နေအိမ်သို့ ဖိုကားစုတ်တလေးကို မောင်းနှင်ခဲ့လေ၏။

အိမ်သို့ရောက်သောအခါ လူသတ်မှုဖြစ်ပွားရာ နေရာမှရရှိသော ကြေးပြားကလေးကို သေချာစွာ ကြည့်ရှုနေသော ဆားပုလင်းမင်းအောင်ကို တွေ့ရလေ၏။ ကျွန်ုပ်က ...

"ကိုမင်းအောင်အတွက် ဖာလူဒါ ဝယ်လာတယ်၊ သောက်ပါဦး"

ဟု ဆိုလေရာ ၎င်းက ကျေးဇူးတင်ကြောင်းပြော၍ ဖာလူဒါကို ဖန်ခွက်ထဲထည့်၍ သောက်လေ၏။ ပြီးနောက် ကြေးပြားအဆောင်လေးကို ပြန်ကြည့်ကာ ...

"ဒီအဆောင်လေးဟာ မြွေဆရာတွေဆောင်တဲ့ အဆောင်ဆိုတာကလွဲရင် ကျွန်တော် ဘာမှမသိဘူးဗျ၊ ရန်ကုန်မြို့မှာရှိတဲ့ မြွေဆရာ အတော်များများကလည်း ဒီအဆောင်





လေးအကြောင်းကို သေသေချာချာ မပြောနိုင်ကြဘူး၊ ဒါကြောင့် ခက်နေတယ်ဗျာ၊ ဒီကွင်းဆက်ကလေး မိသွားရင် တရားခံကို လက်ထိတ်ခတ်နိုင်ပါပြီ"

ဟု ပြောလေ၏။ ထိုအခါ ဦးပေါ်ဦးကြီးက မျက်နှာကိုရှုံ့မဲ့၍ ...

"ဒုက္ခပါပဲဗျာ၊ တရားခံ မဖမ်းနိုင်သေးရင် မင်းကြီးနဲ့တွေ့ကို မတွေ့ချင်ဘူး၊ သူ့မျက်နှာကြည့်မဲ့အစား ငရဲမင်းကြီးမျက်နှာပဲ ကြည့်ချင်တယ်"

ဟု ညည်းညူလေရာ ဆားပုလင်းမင်းအောင်က ရယ်မော၍ ...

"ဒီလောက်လည်း စိတ်မညစ်ပါနဲ့ဗျာ၊ အဆောင်လက်ဖွဲ့တွေအကြောင်း အထူးနားလည်တဲ့ 'ကျွန်တော့်မိတ်ဆွေနာရာရမ်းဆိုတဲ့ မြွေဆရာကြီးတစ်ယောက် ရှိပါတယ်၊ ဒီအဘိုးကြီးက သဃ်န်းကျွန်းဘက်မှာ နေတာဗျ၊ လွန်ခဲ့တဲ့ရက်က ကျွန်တော် သွားရှာနေတုန်းက မြစ်ဝကျွန်းပေါ်ဘက်ကို မြွေဖမ်းထွက်သွားတယ်လို့ သိရတယ်၊ အခုလောက်ဆို ပြန်ရောက်ပြီ ထင်တယ်၊ ဒါကြောင့် အခုပဲ သွားကြည့်ကြရအောင်"

ဟု ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် စုံထောက်ဦးပေါ်ဦးကြီးက ...

"ဒါနဲ့နေပါဦးဗျ၊ ကိုမင်းအောင်နဲ့သိတဲ့ မြွေဆရာကြီးက မြွေဖမ်းထွက်တယ်ဆိုတာ ဘယ်လိုလဲ"

"ဒီလိုဗျ မြွေဆရာတွေဟာ အလမ္မာယ်ပြဖို့အတွက် ဒီရာသီမှာ မြွေဖမ်းထွက်လေ့ရှိတယ်၊ မြွေတွေဖမ်းမိလို့ရှိရင် ခြောက်လ တစ်နှစ် စသည်ဖြင့် ပြန်လွှတ်ဖို့ ကလ်ကထားပြီး မြွေနဲ့တူတဲ့အသီးအရွက်ကိုတောင် မစားရဘူး၊ မြွေဆရာတွေ မြွေဖမ်းထွက်တဲ့အခါ အိမ်သူဇနီးမယားတွေ ဘယ်လိုဆုတောင်းသလဲဆိုတော့ မြွေဆိုးမြွေဟောက်တွေနဲ့ များများတွေ့ပါစေလို့ ဆုတောင်းကြတယ်၊ သာမန်လူတွေကြားရင် ကျောချမ်းစရာပဲဗျ၊ မြွေဆရာတွေဟာ များသောအားဖြင့် ငန်းမြွေတွေကို လိုချင်ကြတယ်၊ ငန်းမြွေက အကောင်ကြီးလို့ အလမ္မာယ်ပြလို့ ကောင်းတယ်၊ မြွေဟောက်က ပါးပျဉ်းလှတယ်၊ သွက်တယ်၊ အကောင်သေးပေမယ့် ပြရင်သိပ်မဆိုးဘူးဗျ၊ မြွေပွေးကတော့ မြွေဆရာတွေ သိပ်မကြိုက်ဘူး၊ အကောင်လည်း သေးတယ်၊ ပါးပျဉ်းလည်း မထောင်ဘူး၊ ပြလို့သိပ်မကောင်းဘူး"

ဟု ရှင်းလင်းပြလေ၏။

✻ ○ ✻





သည်းန်းကျွန်းဘက်ရှိ ခြံတစ်ခြံရှေ့သို့ ရောက်သောအခါ ကိုမင်းအောင်က ကားရပ်ခိုင်းလေ၏။ ခြံထဲသို့ဝင်၍ တဲအိမ်ငယ်လေးသို့ ဝင်ရောက်သွားသောအခါ မြေကြီးများကို စင်ကြယ်စွာ လှည်းကျင်းထားပြီး မြက်ဖျာကလေးပေါ်တွင် ထိုင်နေသော ကုလားအဘိုးအိုတစ်ယောက်ကို တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်က လက်အုပ်ချီ၍ ...

"နာမစတေး"

ဟု နှုတ်ဆက်လိုက်ရာ အဘိုးကြီးက လက်အုပ်ချီ၍ ပြန်လည်နှုတ်ဆက်လေ၏။ အဘိုးကြီးက ...

"ဆားပုလင်းမင်းအောင် မတွေ့ရတာကြာပြီနော်၊ ဘာကိစ္စလဲ"

ဟု မေးမြန်းလေရာ ကိုမင်းအောင်က ကြေးပြားအဆောင်လေးထုတ်၍ အဘိုးကြီးအား မေးမြန်းလေရာ အဘိုးကြီးက ကြေးပြားအဆောင်ကိုကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအဆောင်အကြောင်းကို ကျုပ် ကောင်းကောင်းသိပါတယ်၊ ဒါဟာ ဇရမင်တွေရဲ့ မြွေနဲ့ပတ်သက်တဲ့အဆောင်ပဲ၊ ဒီအဆောင်လေးမှာ နောက်ခံဇာတ်လမ်းရှိတယ်၊ ဒီဇာတ်လမ်းကို သိတဲ့သူ သိပ်ရှားတယ်၊ ဒီကြေးပြားအဆောင်မျိုး ကျုပ်မှာ တစ်ခုရှိတယ်၊ မြန်မာပြည်မှာ ဒီအဆောင်ရှိလှရင် သုံးခုလောက်ပဲ ရှိမယ်၊ တစ်ခုက ကျုပ်ဆီမှာ၊ ကျန်တဲ့နှစ်ခုက မြွေဆရာ ဦးယက္ခနဲ့ သူ့မြေး မြွေမင်းသမီးဆီမှာ၊ ဦးယက္ခသေပြီးတဲ့နောက် မြွေမင်းသမီးမှာ အဆောင်နှစ်ခု ရောက်သွားတယ်၊ ဆားပုလင်းမင်းအောင် ကောက်ရတဲ့အဆောင်က မြွေမင်းသမီးရဲ့အဆောင် ဖြစ်လိမ့်မယ်"

ဟု ပြောလေ၏။ အဘိုးကြီးက ဆက်လက်၍ ...

"အဆောင်နဲ့ပတ်သက်တဲ့ နောက်ကြောင်းခံ ဇာတ်လမ်းလေးကိုပြောပြမယ်၊ တစ်ခါက ရိရှိနဲ့မာလာဆိုတဲ့ ဇရမင်မောင်နှမနှစ်ယောက်ဟာ ဂင်္ဂါမြစ်ကမ်းနံဘေးမှာ ချစ်ချစ်ခင်ခင် နေထိုင်ကြသတဲ့၊ ရိရှိတို့မောင်နှမဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြလို့ မောင်နှမတွေ အသက်ရှင်နေထိုင်သရွေ့ အိမ်ထောင်မပြုဘဲ နေထိုင်ကြမယ်လို့ ကတိပြုကြသတဲ့"

ဟု ဆိုလိုက်ရာ ဦးပေါ်ဦးကြီးက ဝင်၍ ...





"ဇရမင် ဆိုတာ ဘာလဲ"

ဟု မေးမြန်းလေရာ အဘိုးကြီးက ...

"ဇရမင်ဆိုတာ ဗြာဟ္မဏတွေကို ဆိုလိုတာဖြစ်တယ်၊ တစ်နေ့တော့ သူတို့မောင်နှမရဲ့ အေးချမ်းသာယာတဲ့ ဘဝထဲကို ဆုဒိုင်းဘာဘူဆိုတဲ့ လူလည်လူရှုပ်တစ်ဦး ရောက်လာပြီး မာလာရဲ့မေတ္တာကို ရဖို့ကြိုးစားတာပေါ့၊ ဘာဘူဟာ လူလည်လူရှုပ်တစ်ဦးပီပီ အပြောကောင်း အဆိုကောင်းနဲ့ မာလာကို ပိုးပန်းတဲ့အခါ မာလာရဲ့ချစ်မေတ္တာကို ရရှိခဲ့တယ်။ မာလာရဲ့မောင်အရင်းဖြစ်တဲ့ ရိရှိကတော့ ဆုဒိုင်းဘာဘူကို လူလည်လူရှုပ်မှန်း သိတာနဲ့ သူ့အစ်မကို ဘာဘူနဲ့ကင်းကင်းနေဖို့ ပြောတာပေါ့၊ ဒါပေမဲ့ အချစ်ဆိပ်တက်နေတဲ့ မာလာဟာ နားမဝင်ခဲ့ဘူး၊ ဒီလိုနဲ့ လူယုတ်မာ ဘာဘူဟာ မာလာကို ပန်းကောင်းအညွန့်ချိုးလုပ်ပြီး စွန့်ခွာသွားခဲ့တယ်။ မာလာဟာ သူမဘဝကို နာကြည်းလွန်းလို့ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ်။ အဲဒီအချိန်မှာ ရိရှိဟာ ကုန်ရောင်းကုန်ဝယ်အလုပ်နဲ့ အခြားမြို့ကို ရောက်နေလို့ မသိခဲ့ဘူး၊ ပြန်လာတဲ့အခါမှာ အစ်မဖြစ်သူရဲ့ အလောင်းကိုသာ တွေ့ရတာပေါ့၊ မာလာဟာ သူမရဲ့အကြောင်းကို မောင်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရှိရှိသိအောင် ဂင်္ဂါမြစ်ကမ်းနံဘေးက ကျောက်တုံးကြီးမှာ ရေးသားထားခဲ့တယ်၊ ဒီကျောက်တုံးကြီးပေါ်က စာကြောင်းတွေကို ဒီနေ့ထက်တိုင် တွေ့မြင်နိုင်တယ်ကွ၊ ရှိရှိဟာ အစ်မရဲ့အဖြစ်ကို သိတဲ့အခါမှာ ဝမ်းနည်းလွန်းလို့ ဂင်္ဂါမြစ်ကမ်းနံဘေးက ကျောက်တုံးကြီးကိုဖက်ပြီး ရက်ပေါင်း (၃၀)တိတိ ငိုယိုနေတယ်လို့ အဆိုရှိတယ်၊ တစ်နေ့တော့ ရှိရှိကို ကရုဏာသက်တဲ့ ဖက္ကီကြီးတစ်ယောက် ရောက်လာပြီး ရှိရှိကို ထူးခြားတဲ့အဆောင်တစ်ခုပေးတယ်၊ ဒီအဆောင်က မြွေတွေကိုနိုင်တဲ့ အဆောင်ပေါ့၊ ရှိရှိဟာ အဆောင်ရဲ့ အစွမ်းနဲ့ မြွေတွေကို ခိုင်းစေလို့ ရသွားတယ်၊ နောက်ဆုံးတော့ လူယုတ်မာ ဆူဒိုင်းဘာဘူကိုရှာပြီး မြွေတွေနဲ့ပြန်ကလဲ့စားချေခဲ့တယ်”

ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။ အဘိုးကြီး၏ စကားကို နားထောင်၍ ဆားပုလင်းမင်းအောင်က လက်ဖျစ်တီးကာ ...

“အိုင်ပီရေ ... သဲလွန်စရပြီဗျို့၊ ပြတ်နေတဲ့ ကွင်းဆက်လေး ဆက်မိသွားပြီ၊ ဒီနေ့ည တာရားခံဖမ်းလို့ ရနိုင်မယ်ထင်တယ်”





ဟု ပြောလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် လွန်စွာပျော်ရွှင်သွားလေ၏။ ထို့နောက်တွင်မူ ဆားပုလင်းမင်းအောင်က ကုလားအဘိုးကြီးအား နှုတ်ဆက်၍ ပြန်ခဲ့လေ၏။

အပြန်လမ်းတွင် ကျွန်ုပ်က ...

“တရားခံကို ဘယ်လိုသဲလွန်စကောက်နိုင်တာလဲ ကိုမင်းအောင် ရှင်းစမ်းပါဦး”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ...

“ကြေးပြား အဆောင်လေးကနေ သဲလွန်စရတာဗျ၊ ဒီအဆောင်လေးဟာ အင်မတန် ရှားပါးပြီး လူသိနည်းပုံရတယ်၊ ကျုပ်မိတ်ဆွေ မြွေဆရာ အတော်များများတောင် မသိကြဘူး၊ အဆောင်လက်ဖွဲ့တွေအကြောင်း ကျွမ်းကျင်တဲ့ ကုလားအဘိုးကြီး နာရရမ်းဆီ ရောက်မှပဲ အဆောင်လေးရဲ့ နောက်ကြောင်းရာဇဝင်ကို သိတော့တယ်၊ နာရရမ်းရဲ့အခေါ်အရ မြန်မာပြည်မှာ ဒီအဆောင် ၃ ခုပဲရှိတယ်၊ တစ်ခုက နာရရမ်းဆီမှာရှိတယ်၊ နောက်နှစ်ခုက မြေမှုန်းသမီးဆီမှာတဲ့၊ မြေမှုန်းသမီးဆိုတာ လူသတ်သမားနဲ့ ပတ်သက်ပုံရတယ်၊ လွန်ခဲ့တဲ့ညက အင်းစိန်ဘက်က ဟိန္ဒူဘုရားကျောင်းမှာ ကြည့်ခဲ့ရတဲ့ ဇာတ်လမ်းကို အိုင်ပီ မှတ်မိလား၊ ဖက္ကီ



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက အစ်မအတွက် ကြေကွဲပြီး ငိုယိုနေတဲ့ လှငယ်ကို ကြေးပြားလေးတစ်ပြား ပေးတယ်လေ၊ လှငယ် က နဖူးပေါ်တင်ပြီး ဆုတောင်းတယ်၊ ဒီအချိန်ကစပြီး လှငယ်ဟာ မြွေတွေကို နိုင်နင်းသွားတယ်၊ ဓာတ်စင်ပေါ် မှာ ကြိုးနဲ့ကစားပြနေလို့ ကျွန်တော်တို့က ကြိုးသိုင်းကစား နေတယ်လို့ ထင်နေတာ၊ တကယ်တော့ ဓာတ်လမ်းအရ မြွေတွေနဲ့ ကစားပြနေတာဗျ၊ နောက်ဆုံး သူ့အစ်မကိုဖျက် ဆီးသွားတဲ့ ကုလားကို မြွေတွေနဲ့တိုက်ပြီး ကလဲ့စားချေ လိုက်တာဗျ၊ အဲဒီညက ကတဲ့ဓာတ်လမ်းက ရိုးရိုးမဟုတ် ဘူးဗျ၊ ကြေးပြားအဆောင်လေးရဲ့ နောက်ကြောင်းခံ ဓာတ် လမ်းလေးကို သရုပ်ဖော်ပြီး ကပြသွားတာ၊ အင်မတန်ရှား ပါးပြီး လူသိနည်းတဲ့ ကြေးပြားအဆောင်လေးရဲ့ နောက် ကြောင်းကို သိနေတဲ့သူက လူသတ်တရားခံပဲပေါ့ဗျာ၊ ကျွန်တော့်အထင် ရွှေပုံလွှားဟိုတယ်က လူသတ်မှုကလည်း ကြေးပြားအဆောင်လေးရဲ့ နောက်ကြောင်းရာဇဝင်နဲ့ဆင် တူမယ်ထင်တယ်၊ အဲဒီညက ကုလားလူမျိုးတွေကြားထဲ မှာ ဓာတ်လိုက်လုပ်ပြီး ကပြသွားတဲ့ မြန်မာလှငယ်ကို ကျွန်တော် မသင်္ကာဘူးဗျ၊ ဒီလူဟာ တရားခံဖြစ်ရမယ်"





ဟု ရှည်လျားစွာ ရှင်းလင်းပြလေရာ ကျွန်ုပ်က ...

"သော်ပါပေတယ် ကိုမင်းအောင်ရယ်၊ ကျုပ်တို့သာဆိုရင် တရားခံကို သဲလွန်စကောက်နိုင်မယ် မထင်ဘူး၊ ဒါနဲ့ဒီနေ့ ည တရားခံကို ဘယ်မှာဖမ်းရမလဲ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ...

"ဟိန္ဒူဘုရားကျောင်း ဓာတ်ပွဲမှာပဲပေါ့ဗျာ၊ သူတို့ဟာ ကဓာတ်ကို သုံးညတိတိ ကပြမှာဗျ၊ ဒီညနေ့နောက်ဆုံးနေ့ လေဗျာ"

ဟု ဖြေလေ၏။ ထိုအခါ စုံထောက်ဦးပေါ်ဦးကြီး က ဝင်၍ ...

"တရားခံဖမ်းရမယ်ဆိုလို့ ရင်ထဲမှာ ပေါ့သွားတာပဲဗျာ၊ မင်းကြီးနဲ့တွေ့ရင် ရှောင်နေစရာ မလိုတော့ဘူး၊ ဒါနဲ့ ကိုမင်းအောင် သေချာပါတယ်နော်"

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ...

"ရှစ်ဆယ်ရာခိုင်နှုန်း သေချာပါတယ်ဗျာ၊ စိတ်အေးအေး သာထားပါ"

ဟု ပြောလိုက်လေတော့သတည်း။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည(၈)နာရီခန့်အချိန်တွင် ကျွန်ုပ်တို့စုံထောက် ကျော်သုံးယောက်သည် အင်းစိန်ဘက်ရှိ ဟိန္ဒူဘုရားကျောင်းသို့ ထွက်ခဲ့လေ၏။ ဘုရားကျောင်းရှေ့တွင် လွန်ခဲ့သောရက်ကဲ့သို့ပင် လူများနှင့် စည်စည်ကားကား ရှိလေ၏။

ကျွန်ုပ်တို့လူစု ဘုရားကျောင်းဝင်းသို့ ရောက်သော အခါ ကဇာတ်စတင်နေပြီဖြစ်၏။

ကျွန်ုပ်နှင့် ဆားပုလင်းမင်းအောင်သည် တေးသရုပ် ဖော်ဇာတ်လမ်းကို ကြည့်ရှုပြီးဖြစ်သော်လည်း သရုပ်ဆောင်သူများ ၏ အမူအရာ ပိုင်နိုင်မှုကြောင့် ကြည့်ရှု၍ မရိုးနိုင်အောင်ရှိ၏။ အဓိက ဇာတ်ကောင်အဖြစ် သရုပ်ဆောင်သည့် မြန်မာလူငယ်၏ မျက်နှာမှာ ချောမောလှပပြီး ယောကျ်ားပီသသောသဏ္ဌာန်ရှိလေ၏။ ထိုအချိန်တွင် ကိုမင်းအောင်သည် တီးဝိုင်းအနီးရှိ ကုလားကြီးတစ်ဦး နှင့် စကားလက်ဆုံ ကျနေလေ၏။





အတန်ကြာသောအခါ၊ ကဇာတ် ပြီးဆုံးသွားပြီး ကုလားကြီးတစ်ဦးက ဇာတ်သိမ်းသီချင်းကို ဆွဲဆွဲငင်ငင်သီဆိုလေ၏။ ထိုစဉ် ဆားပုလင်းမင်းအောင်သည် ဟိန္ဒူဘုရားကျောင်း အတွင်းသို့ ဝင်သွားလေ၏။ ကဇာတ်တွင် သရုပ်ဆောင်သူများ သည် အမောအပန်း ဖြေလေ၏။ အဓိကဇာတ်ဆောင်လူငယ်သည် ရေဘူးတစ်ဘူးကို မော့၍သောက်ရင်း ဘုရားကျောင်းဝင်းအတွင်း သို့ ဝင်ရောက်လာလေ၏။ ဆားပုလင်းမင်းအောင်သည် နောက် ကျောပေး၍ ရပ်နေရာမှ လူငယ်ဘက်သို့လှည့်၍ ...

"မာလာနဲ့ ရိုရှိရဲ့ ရင်နင့်စရာဇာတ်လမ်းကို ကပြသွားတာ သိပ်ကောင်းတယ်ဗျာ၊ ကိုမိုးဝေကို သဘင်သည်တစ်ဦးလား အောက်မေ့ရတယ်၊ ချီးကျူးပါတယ်ဗျာ"

ဟု ဆိုလိုက်ရာ လူငယ်က ...

"မိတ်ဆွေက ဘယ်သူလဲ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍ ...

"ကျုပ်က အင်းစိန်စီအိုင်ဒီက ဆားပုလင်းမင်းအောင်ပါ၊ ကိုမိုးဝေကို ရှာပျံသွားဟိုတယ်မှာ မျက်လှည့်ဆရာ ကျော်နီ ကို သတ်မှုနဲ့ ဖမ်းဆီးလိုက်ပါပြီ"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လှံ့ယောက်ကမူ ဆားပုလင်းမင်းအောင် မျက်နှာကို အံ့သြသလိုကြည့်လိုက်ပြီး တဟားဟားရယ်မောကာ ...

"ဟား ဟား ဟား ... တော်တယ်ဗျာ၊ သဲလွန်စရှာပြီး လိုက်လာနိုင်တာ ကျုပ်က ပြန်ပြီးချီးမွမ်းပါရစေ၊ ဒါကြောင့် [illegible] မြန်မာပြည်စုံထောက်အဖွဲ့မှာ ဆားပုလင်းမင်းအောင် ဆားပုလင်းမင်းအောင် ဆိုပြီး နာမည်ကြီးပေတာကိုး၊ ဘာပဲဖြစ်ဖြစ်၊ လူယုတ်မာ ဂျော်နီကို ကလဲ့စားချေလိုက်ရတာကို ကျုပ် ကျေနပ်ပါတယ်"

ဟု ပြောဆိုလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က တရားခံကိုမိုးဝေအား ထွက်မပြေးရန် ကတိတောင်းလေရာ တရားခံက ကတိပေးသဖြင့် ကိုမင်းအောင် နေထိုင်ရာ အမှတ်(၇) အသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ခေါ်ဆောင်ခဲ့လေ၏။

ကိုမင်းအောင်၏ နေအိမ်သို့ ရောက်သောအခါ တရားခံသက်သောင့်သက်သာ နေထိုင်ရန် နေရာထိုင်ခင်းများ စီမံပေးရလေတော့၏။ ထိုနေ့ညစာကို ဂင်ဓာဟိုတယ်မှ တရုတ်အစားအစာများ မှာယူ၍ ကိုမိုးဝေအား ကျွေးမွေးလေ၏။ ကိုမိုးဝေသည် ဆားပုလင်းမင်းအောင်နှင့် ငယ်ပေါင်းကြီးဖော်များကဲ့သို့ ခင်မင်သွားပြီး အစားအစာများကို မြိန်ရှက်စွာ စားသောက်လေ၏။





နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ကိုမိုးဝေအား အင်းစိန်စီအိုင်ဒီသို့ ခေါ်ဆောင်ခဲ့လေ၏။

ထိုနောက်တွင်မူ တရားခံကိုမိုးဝေ၏ ထွက်ဆိုချက်များကို ကျွန်ုပ်နှင့် ဦးပေါ်ဦးက တစ်လှည့်စီ ရေးမှတ်ရလေ၏။ ကိုမိုးဝေသည် ငယ်စဉ်ကလေးဘဝမှစ၍ ကြီးပြင်းလာသည့်အထိ သူ၏ဘဝဇာတ်ကြောင်းကို စိတ်ဝင်စားဖွယ် ဇာတ်ကြောင်းကို ပြောပြလေ၏။

အောက်တွင် ဖော်ပြလတ္တံ့သော အကြောင်းအရာတို့မှာ အမှန်စင်စစ်အားဖြင့် ကိုမိုးဝေ၏ ထွက်ဆိုချက်များသာလျှင် ဖြစ်ပေတော့၏။ ၎င်းထွက်ဆိုချက်များကို မူရင်းအတိုင်း ဘင်ပြပါက ပုလိပ်မှတ်တမ်းကြီးတစ်ခုသာလျှင် ဖြစ်ပေရာ ဖတ်ရှုသူတို့အဖို့ ပျင်းရိငြီးငွေ့ဖွယ် ဖြစ်ပေလိမ့်မည်။ တစ်နည်းအားဖြင့် ဆိုရပါမူ အရေးအသားများ ရုံးဆန်နေပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် တရားခံ၏ ထွက်ဆိုချက် အစီရင်ခံစာကြီးအား အချက်အလက်များ ပြည့်ပြည့်စုံစုံ ပါစေခြင်းငှာ စေ့စေ့စပ်စပ် ဖတ်ရှု၍ ဝတ္ထုသဖွယ် ဖတ်၍ကောင်းစေရန် အခန်းများခွဲခြင်း၊ ရှေ့နောက်ပြောင်းရွှေ့ခြင်း၊ အလင်္ကာတန်ဆာဆင်ရေးသားခြင်း စသော ဝတ္ထုဆရာတို့၏ အတတ်ပညာတို့ဖြင့် ဖြုပြင်ရေးသားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




တရားခံကိုမိုးဝေ၏ ဘဝမှတ်တမ်းကြီးသည် အွတ်ပဲ့ကြည်နူးဖွယ် ကောင်းလှ၏။ ထို့အတူ မုန်းတီးရွံရှာဖွယ်လည်း ကောင်း၊ အတုယူဖွယ်လည်း ကောင်း၏။ ထို့အတူ ရှောင်ကြဉ်ဖွယ်လည်း ကောင်းလှ၏။

ဤထွက်ဆိုချက် မှတ်တမ်းကြီးပင်လျှင် ကျွန်ုပ်ရေးသားဖော်ပြလတ္တံ့သော "ဆားပုလင်းမင်းအောင်နှင့် မြွေမင်းသမီး" ဆိုသည့် ဝတ္ထုကြီး ဖြစ်ပေတော့သတည်း။

* ○ *







www.burmeseclassic.com

www.burmeseclassic.com



ဘစ်နေသ၌ မြန်မာပြည်အထက်ပိုင်းဒေသရှိ ရွာကြီးတစ်ရွာတွင် မိုးဝေ၊ ချွေးနီ၊ ထိန်လင်း အစရှိသော ဘုန်းကြီးကျောင်းသားများသည် ဦးပဉ္စင်းကြီးက ပန်းခူးရန် ခေခိုင်းလိုက်သဖြင့် မျှော်ရှင်ရွာ ရွာပြင်သို့ ထွက်ခဲ့ကြ၏။

ရွာပြင်သို့ ရောက်သောအခါ သဘာ[illegible] ဖူးပွင့်နေသည့် တောပန်းများကို ကောင်းနိုးရာရာ ချူး[illegible] ပန်းခူးပြီးသောအခါ ပန်း[illegible]ထွက်၍ ဖက်[illegible] ကာ လုံခြုံစွာ ရှာ၍ သိမ်းလေ၏။

ပြီးနောက် ဦးပဉ္စင်းကြီးမသိအောင် ဖွက်၍ယူဆောင်လာသော လေးခွများကိုထုတ်၍ သစ်ပင်ပေါ်ငှက်ကလေးများကိုလိုက်လံ ပစ်ခတ်လေ၏။ ပစ်ခတ်၍ အားရသောအခါ သစ်ပင်များပေါ်သို့ တက်၍ မာလကာသီး၊ သရက်သီး စသော အသီးအနှံများကို ခူးဆွတ်ကြ၏။ ဗိုက်ပြည့်သောအခါ မိုးဝေ ဆိုသော ဘုန်းကြီးကျောင်းသားက ...





"ငါတို့ ရေကူးပြိုင်မယ်ဟေ့၊ အနိုင်ရတဲ့သူကို ရှုံးတဲ့သူက ကုန်းပိုးပြီး ပြန်ပို့ကြေး"

ဟု ဆိုလိုက်ရာ ကျန်ဘုန်းကြီးကျောင်းသားများက ...

"ရေကူးပြိုင်မယ် ဆိုရင်တော့ မင်းပဲ နိုင်မှာပေါ့ မိုးဝေရယ်။ မင်းက ရေသရဲပဲ ဖျော်ပါတော့"

ဟု ငြင်းဆန်လေ၏။ မိုးဝေက တစ်ဖန် ...

"ဒါဆိုရင် ရေကူးလည်းပြိုင်မယ်၊ သစ်ပင်တက်လည်းပြိုင်မယ်။ လက်မောင်းအားလုံလည်း ပြိုင်မယ်ကွာ၊ သုံးပွဲပြိုင်လို့ အများဆုံးနိုင်တဲ့သူကို ရှုံးတဲ့သူတွေက ကုန်းပိုးပြီးပြန်ပို့ကြေး"

ဟု ဆိုလိုက်ပြန်ရာ သစ်ပင်တက်ကျွမ်းကျင်သော ချွေးနီက သဘောကျ၍ လက်မောင်းအားသန်သော ဉာဏ်ထွန်းကလည်း နှစ်သက်ချင်သလိုရှိ၏။ သို့သော် ၎င်းတို့ပြိုင်ဘက် မိုးဝေ ဆိုသော ကောင်လေးမှာ ဉာဏ်နီဉာဏ်နက်များသော ကလေးဖြစ်သဖြင့် ခေါင်းညိတ်ရန် စဉ်းစားနေလေ၏။ ထိုအခါ မိုးဝေက ၎င်းတို့ကိုကြည့်၍ မခံချင်အောင် ပြောလေ၏။

"[illegible]များအချင်းချင်းပဲကွာ၊ ဒီလောက်လည်း သတ္တိကြောင်မနေပါနဲ့၊ မင်းတို့ ကြောက်တယ်ဆို ငါမကစားတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်ရာ ခွေးနီနှင့် ဉာဏ်ထွန်းက သဘောတူ လက်ခံလိုက်လေတော့၏။ ထိန်လင်း ဆိုသော လူပိန်လူညှက် ကလေးကမူ ...

"ငါကတော့ မင်းတို့ကစားဝိုင်းမှာ မပါဘူး၊ ပါရင်လည်း ရှုံးမှာ သေချာတယ်၊ ဒီတော့ ငါက ဒိုင်လူကြီးလုပ်မယ်၊ ငါ့စကားကို မင်းတို့ နားထောင်ကြရမယ်"

မိုးဝေတို့ ကလေးတစ်စုသည် ရေကူးပြိုင်ရန် ခရေပင်ကြီးအောက်တွင် နေရာယူကြလေ၏။ ဒိုင်လူကြီးလုပ်မည့်ထိန်လင်းက စမ်းချောင်းထဲသို့ဆင်း၍ သစ်ပင်ကြီးနှစ်ပင်အား ကြိုးဖြင့် ချည်နှောင်လေ၏။

"မင်းတို့ နေရာယူကြ၊ ကြိုးကို အရင်ဆုံးဆွဲနိုင်တဲ့သူက အနိုင်ရမယ်၊ အသင့်ပြင်"

ဟု ပြောလေ၏။

မိုးဝေတို့သုံးယောက် အသင့်ပြင်ပြီးသောအခါ ဒိုင်လူကြီးက ယှဉ်ပြိုင်ရန် အချက်ပြလိုက်ရာ ဘုန်းကြီးကျောင်းသားများသည် အားကြီးမာန်တက် စတင်ကူးခတ်ခဲ့လေ၏။

အများထင်မှတ်သည့်အတိုင်း ရေသူရဲလေးမိုးဝေသည် ပန်းတိုင်သို့ ဦးစွာရောက်ရှိသွားလေ၏။ မိုးဝေက ရယ်မော၍ ...





"ဟဲ ဟဲ ဟဲ၊ ဒီတစ်ပွဲတော့ ငါ နိုင်သွားပြီ၊ မင်းတို့ အား မလျှော့ပါနဲ့ကွာ၊ နောက်နှစ်ပွဲ ကျန်ပါသေးတယ်"

ဟု နောက်ပြောင်လေ၏။ ဒုတိယပွဲအဖြစ် လက်မောင်းအားလုံပြိုင်ပွဲ စတင်သောအခါ မိုးဝေနှင့်ခွေးနီ ယှဉ်ပြိုင်ရပြီး မိုးဝေက ခွေးနီကို အနိုင်ရလိုက်၏။ ဒိုင်ဖြစ်သူ ထိန်လင်းက ...

"မိုးဝေနဲ့ ဉာဏ်ထွန်း ဆက်ပြိုင်မယ်၊ ဒီပွဲမှာ မိုးဝေ ဆက်နိုင်ရင်တော့ သစ်ပင်တက်ပြိုင်စရာ မလိုတော့ဘူး၊ မိုးဝေက ရေကူးပြိုင်တာလည်း နိုင်ပြီးပြီဆိုတော့ နှစ်ပွဲနိုင်ဖြစ်သွားပြီ"

ဟု ပြောလေရာ ဉာဏ်ထွန်းက အံကြိတ်၍ ...

"လက်မောင်းအား လုံရင်တော့ မိုးဝေ မနိုင်စေရဘူးကွာ"

ဟု ပြောလေ၏။ ဉာဏ်ထွန်းသည် ကာယဗလ တောင့်တင်း၍ လက်မောင်းအား သန်မာသူဖြစ်၏။

ဤသို့ဖြင့် လက်မောင်းအားလုံပွဲကို မိုးဝေနှင့် ဉာဏ်ထွန်း ဆက်၍ယှဉ်ပြိုင်လေရာ မိုးဝေသည် ချွေးဒီးဒီးကျအောင် အားစိုက်၍ ကြိုးပမ်းရှာသော်လည်း ဉာဏ်ထွန်းကို မယှဉ်သာဘဲ ဖြစ်နေလေ၏။ ဉာဏ်ထွန်းမှာလည်း ကာယဗလတောင့်တင်းသူ ဖြစ်သော်လည်း မိုးဝေကို အနိုင်မယူနိုင်ဘဲ ဖြစ်နေလေ၏။

၎င်းတို့ပြိုင်ပွဲ အချိန်ကြာလာသောအခါ ဒိုင်ဖြစ်သူ ထိန်လင်းက ပွဲကိုရပ်၍ သရေပွဲအဖြစ် သတ်မှတ်ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တက်ပြိုင်ပွဲတစ်ပွဲသာ ယှဉ်ပြိုင်ရန် ကျန်တော့၏။ ခွေးနီသည် သစ်ပင်တက်ရာတွင် လျင်မြန်သူ ဖြစ်သဖြင့် ယှဉ်ပြိုင်ရန် စိတ်အားထက်သန်နေ၏။ ဒိုင်ဖြစ်သူ ထိန်းလင်းသည် သစ်ပင်များကို လိုက်လံရှာဖွေပြီး စမ်းချောင်းအနီးရှိ အရွယ်တူ သစ်ပင်သုံးပင်ကို ရွေးချယ်လိုက်လေ၏။ ထို့နောက်တွင်မူ သူကိုယ်တိုင် သစ်ပင်များပေါ်သို့တက်၍ တောပန်းများကို ကြိုးဖြင့် လိုက်လံချည်နှောင်လေ၏။ ပြီးနောက် ထိန်လင်းက ...

"ငါ အချက်ပေးတာနဲ့ မင်းတို့သုံးယောက် သစ်ပင်ပေါ်ကို စတက်ရမယ်၊ သစ်ပင်ပေါ်ရောက်ရင် ငါချိတ်ထားတဲ့ တောပန်းတွေကိုယူပြီး ပြန်ဆင်းလာရမယ်၊ ငါ့လက်ထဲကို ပထမဦးဆုံး ပန်းစည်းထည့်နိုင်တဲ့သူ အနိုင်ပဲ"

ဟုပြောလေ၏။ ခွေးနီနှင့် ဉာဏ်ထွန်းသည် အပင်သုံးပင်ကိုကြည့်ရှုပြီး တက်ရန်လွယ်ကူမည်ထင်သော အပင်နှစ်ပင်ကို အလုအယက် ရွေးချယ်ကြလေ၏။

မိုးဝေကမူ ၎င်းတို့မလိုချင်သော တက်ရခက်မည်ထင်သည့်အပင်ကို ရွေးချယ်လိုက်၏။ ထိုအပင်သည် စမ်းချောင်းအနီးရှိ ရွှံ့နွံအနီးတွင် ရှိလေ၏။ ခွေးနီနှင့် ဉာဏ်ထွန်းတို့သည် မိုးဝေ ရွေးလိုက်သော အပင်ကိုကြည့်၍ ကျေနပ်သွား၏။ ဤတစ်ပွဲတွင် မိုးဝေအား အနိုင်ရတော့မည်ဟုဆိုကာ ပျော်ရွှင်နေလေ၏။





ဒိုင်လူကြီးထိန်လင်းက စတင်အချက်ပေးလိုက်သည်နှင့် မိုးဝေတို့သုံးဦးသည် အပင်ပေါ်သို့ စတင်တက်လေ၏။ မိုးဝေသည် တက်ရခက်မည့်အပင်ကို ရွေးချယ်လိုက်သဖြင့် တက်စကွင်နောက်ကျပြီး ကျန်ခဲ့၏။ ခွေးနီက သစ်ပင်တက်ကျွမ်းကျင်သူပီပီ ရှေ့ဆုံးမှ ဦးဆောင်နေ၏။ ခွေးနီနှင့် ဉာဏ်ထွန်းက ပန်းစည်းများကို ဆွဲယူ၍ အောက်သို့ပြန်ဆင်းနေချိန်တွင် မိုးဝေက ပန်းစည်းကို ဆွဲယူနေဆဲဖြစ်၏။

မိုးဝေသည် ပန်းစည်းလက်ထဲသို့ရောက်သည်နှင့် ပြိုင်ဘက်နှစ်ယောက်ကို အကဲခတ်လိုက်ရာ နှစ်ဦးစလုံး သစ်ပင်အလယ်သို့ ရောက်ရှိနေလေပြီ။ ဤပုံအတိုင်းဆိုလျှင် သူ ရှုံးနိမ့်သွားနိုင်၏။

ထို့ကြောင့် မိုးဝေသည် ကြိုတင်ကြံစည်ထားသည့်အတိုင်း အနီးရှိသစ်ကိုင်းကြီးကို ခိုဆွဲ၍ ရွှံ့နွံထဲသို့ ခုန်ချလိုက်၏။

ရွှံ့နွံပေါ်သို့ ကျသောအခါ ကုန်းရုန်းထ၍ ဒိုင်လူကြီးထိန်ဝင်းထံသို့ အပြေးအလွှားသွား၍ ပန်းစည်းကို အပ်လိုက်၏။ ထိုအချိန်မှပင် ခွေးနီနှင့် ဉာဏ်ထွန်းသည် အပင်အောက်ခြေသို့ ရောက်လေ၏။ မိုးဝေကတော့ ၎င်းတို့ကိုကြည့်၍ တဟားဟား ရယ်မောကာ ...

"ဟား ဟား ဟား ... ငါကို ကုန်းပိုးပြီး ရွာပြန်ဖို့ပြင်တော့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုလေရာ ခွေးနီက မကျေမနပ်ဖြင့် ...

"မရဘူး မိုးဝေ၊ မင်းက သစ်ပင်ပေါ်ကဆင်းတာမှ မဟုတ်တာ။ အပင်ပေါ်က ခုန်ချတာပဲ"

ဟု ပြောလေ၏။ မိုးဝေက ရယ်မော၍ ...

"ငါ့မှာအကြံရှိလို့ မင်းတို့ မလိုချင်တဲ့အပင်ကို ရွေးလိုက်တာကွ၊ ငါတက်တဲ့အပင်က တက်ရခက်ပေမဲ့ အောက်မှာ နွံတွေရှိတော့ ခုန်ချဖို့လွယ်တယ်"

ဟု ပြောဆိုလေရာ ဉာဏ်ထွန်းက အရှုံးမပေးလိုဟန်ဖြင့် ...

"မင်းက ညစ်တာပဲ မိုးဝေ"

ဟု ပြောလေ၏။ မိုးဝေက ခေါင်းခါ၍ ...

"ငါမညစ်ဘူးကွ၊ မင်းတို့ ဒိုင်လူကြီးထိန်လင်းကို ပြန်မေးကြည့်၊ သူ့လက်ထဲကို ပန်းစည်းထည့်နိုင်တဲ့သူက အနိုင်ပဲတဲ့၊ ဟုတ်တယ် မဟုတ်လား ထိန်လင်း"

ဟု ပြောဆိုလေရာ ထိန်လင်းက ခေါင်းညိတ်၍ မိုးဝေအား အနိုင်ပေးလိုက်ရလေ၏။ ခွေးနီနှင့် ဉာဏ်ထွန်းသည် မည်သို့မျှ မငြင်းဆန်နိုင်တော့ဘဲ မိုးဝေအား တစ်ယောက်တစ်လှည့် ကုန်းပိုး၍ ရွာသို့ပြန်ခဲ့ကြလေ၏။ ဒိုင်လူကြီးထိန်လင်းက ၎င်းတို့နောက်မှ ...





"ဟဲ့နွား ... ဟဲ့နွား"

ဟု မောင်းကာ ပျော်ရွှင်စွာ လိုက်ပါလာလေ၏။ ရွာထိပ်သို့ ရောက်သောအခါ မိုးဝေက ...

"ဘုန်းကြီးကျောင်းကို မပြန်နဲ့ဦးကွ၊ တရုတ်အကျင်ဆီမှာ မုန့်စားချင်သေးတယ်"

ဟုဆိုကာ ရွာထဲရှိ တရုတ်အကျင်၏ ကုန်စုံဆိုင်သို့ သွားလေ၏။ တရုတ်အကျင်သည် မိုးဝေကို မြင်သောအခါ မျက်နှာရှုံ့မဲ့သွားပြီး ...

"ကျေးဇူးရှင်လေး ဝကို ဒုက္ခပေးဦးမယ်"

ဟု ညည်းညူလေ၏။ မိုးဝေက ရယ်မော၍ ...

"ဒုက္ခပေးတာ မဟုတ်ပါဘူး ပေါက်ဖော်ရယ်၊ သုခပေးတာပါ၊ ဘာလဲ ပေါက်ဖော်က ကျုပ်ကို မသဒ္ဓါဘူးလား"

ဟု မေးမြန်းလေရာ တရုတ်အကျင်က ထိတ်ထိတ်လန့်လန့်ဖြင့် ..

"သဒ္ဓါပါတယ်ဗျာ၊ သဘောရှိစားပါ"

ဟု ပြောလေ၏။

ထိုအခါ မိုးဝေကလည်း တရုတ်အကျင်၏ မုန့်ဗလင်းထဲမှ ဓားလှီးမုန့်၊ ထန်းလျက်၊ ပဲလှော်များကိုယူ၍ ခါးပုံစထဲထည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"သာဓု ... သာဓု ... ဒါနတော်ာ ဘောဂ၊ ဒါနတော ဘောဂ"

ဟု ရေရွတ်လေရာ တရုတ်အကျင်က မျက်မှောင်ကြုတ်၍ ...

"ဘာအဓိပ္ပာယ်လဲ"

ဟု မေးမြန်းလေ၏။ မိုးဝေက ရယ်မော၍ ...

"ပေါက်ဖော်ကို အလှူပေးတဲ့အတွက် ဆုပြန်ပေးတာ"

ဟု ပြောဆိုကာ ဆိုင်မှထွက်လာခဲ့လေ၏။ လမ်းသို့ ရောက်သောအခါ တရုတ်အကျင်ထံမှ ယူဆောင်လာသော မုန့်များကို ခွေးနီ၊ ညဏ်ထွန်းနှင့် ထိန်လင်းတို့အား ခွဲဝေပေးလေ၏။ ခွေးနီတို့သည် မိုးဝေ၏ကျေးဇူးကြောင့် တရုတ်အကျင်ဆိုင်မှ မုန့်များကို မကြာခဏ စားရလေ့ရှိ၏။

လွန်စွာကပ်စေးနည်းလှသော တရုတ်အကျင်သည် မိုးဝေအား ထိတ်လန့်ပြီး မုန့်များကျွေးမွေးနေသည်ကို ခွေးနီတို့အားလုံး ပဟေဠိဖြစ်နေကြ၏။

မိုးဝေအား တရုတ်အကျင်၏ လျှို့ဝှက်ချက်ကို မကြာခဏ မေးမြန်းကြည့်သော်လည်း ၎င်းက ...

"ဒါတော့ သည်းခံပါကွာ၊ ငါ ဘယ်သူ့ကိုမှ မပြောဘူးလို့ ကတိပေးထားလို့ပါ၊ ဒါပေမဲ့ ပေါက်ဖော်ရဲ့လျှို့ဝှက်ချက်က မကောင်းမှုဒုစရိုက် မဟုတ်ပါဘူးကွာ"





ဟုသာ ဖြေလေ၏။ ကြာသောအခါ ခွေးနီတို့လည်း မိုးဝေအား မေးမြန်းရန် မကြိုးစားတော့ပေ။

မိုးဝေသည် စားလိုးမုန့်ကို တမြုံ့မြုံ့ဝါးရင်း လွန်ခဲ့သော (၆)လခန့်က ရွာပြင်တောစပ်တွင် တွေ့ရသောမြင်ကွင်းကို ပြန်လည်သတိရနေမိ၏။ ထိုနေ့က အရိုးအေးမြ၏ နွားပြာကြီး ပျောက်ဆုံးသွားသဖြင့် မိုးဝေသည် ရွာပြင်သို့ထွက်၍ လှည့်လည် ရှာဖွေလေ၏။ အချိန်က ညနေစောင်းအချိန် ဖြစ်သဖြင့် လူသွားလူသာ ပြတ်တောက်နေ၏။

သူသည် တောစပ်တွင် လှည့်လည်ရှာဖွေရင်း ဝါးရုံတောကြီးများရှိရာသို့ ရောက်ခဲ့၏။ ဝါးရုံပင်များအနီးတွင် လှည့်လည်ရှာဖွေနေခိုက် ရွှံ့နွံထဲတွင် ထူးဆန်းသော ခြေရာကိုတွေ့ရသဖြင့် ခြေရာနောက်သို့ လိုက်ခဲ့၏။

ခြေရာသည် ဝါးရုံတောအတွင်းသို့ ဝင်ရောက်သော ခြေရာဖြစ်၏။ ဝါးရုံတောသည် အလွန်ထူထပ်၍ လူများဝင်ရောက်လေ့မရှိ။ မိုးဝေသည် တအံ့တသြဖြင့် ခြေရာအနောက်သို့ လိုက်ခဲ့ရာ စက်ဝိုင်းသဏ္ဌာန်ပေါက်နေသော ဝါးရုံတော၏ဗဟိုသို့ ဝင်ရောက်သွားသော ခြေရာကို တွေ့ရလေ၏။ ခြေရာရှင်သည် လူဆိုးဓားပြတစ်ဦးပင် ဖြစ်လေမလားမသိ။ ထိုနေရာတွင် ခိုအောင်း၍ မကောင်းမှုဒုစရိုက် အလုပ်များကို ကျူးလွန်မည်ထင်၏။


www.burmeseclassic.com

www.burmeseclassic.com

မိုးဝေသည် ရင်တထိတ်ထိတ်ဖြင့် ဝါးရုံတော၏ အလယ်သို့ ဝင်ရောက်သွားရာ ထူးဆန်းသောမြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

မြင်ကွင်းမှာ ရွာထဲရှိ ကုန်စုံဆိုင်ရှင် တရုတ်အကျင်နှင့် အပျိုကြီးမခင်လှ တိတ်တခိုး ချိန်းတွေ့နေခြင်းပင်ဖြစ်၏။ မိုးဝေကို ရုတ်တရက် မြင်ရသောအခါ တရုတ်အကျင်နှင့် အပျိုကြီးမခင်လှသည် လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး မည်သူ့ကိုမျှ မပြောရန် တောင်းပန်ကြလေ၏။ မခင်လှ၏ဖခင်ကြီးသည် တရုတ်အကျင်ကို လွန်စွာမျက်မုန်းကျိုးနေသဖြင့် အကျင်နှင့် ချိန်းတွေ့ကြောင်းသိလျှင် မခင်လှအား သတ်မည်မှာ သေချာ၏။ ထိုနေ့က အကျင်နှင့် မခင်လှ၏ တောင်းပန်မှုကြောင့် မည်သူ့ကိုမျှ မပြောရန် မိုးဝေက ကတိပြုခဲ့လေ၏။ နောက်တစ်နေ့တွင် တရုတ်အကျင်က မိုးဝေကိုခေါ်၍ သူ၏ဆိုင်မှမုန့်မျိုးစုံကို ကျွေးမွေးပြီး နှုတ်ပိတ်လေ၏။ နောင်လည်း သူ့ဆိုင်တွင် မုန့်အလကားကျွေးမည်ဖြစ်ကြောင်း ပြောလေ၏။

ဤနေ့မှစ၍ မိုးဝေသည် တရုတ်အကျင်၏မုန့်များကို အလကား စားသောက်ရလေ၏။

* ○ *





မိုးဝေတို့ ဘုန်းကြီးကျောင်းသားများ ကျောင်းသို့ ပြန်ရောက်သောအခါ ဦးပဥ္စင်းကြီးက ...

"ကျောင်းသားတွေ ပန်းခူးထွက်တာ ကြာလှချည်လား၊ ဆရာတော်ကြီး ဆူနေပြီ၊ ခွေးနီနဲ့ ထိန်လင်းက ရေတွင်းက ရေငင်ရမယ်၊ မိုးဝေနဲ့ ဉာဏ်ထွန်းက သင်ပုန်းချေပြီး ကော်တိုက်ရမယ်"

ဟု အမိန့်ပေးလေ၏။ မိုးဝေနှင့် ဉာဏ်ထွန်းသည် ကျောင်းပေါ်သို့တက်၍ ရေးပြီးသား သင်ပုန်းများကို ရေဆွတ်၍ ပွတ်ရ၏။ ထိုအခါ မူလရေးထားသောစာများ ပျက်ကုန်၏။ ဤသည်ကို သင်ပုန်းချေသည်ဟု ခေါ်၏။ ပြီးနောက် သင်ပုန်းများပေါ်သို့ ထမင်းရည်ဆွတ်ကာ မီးသွေးမှုန့်များဖျူး၍ မျက်နှာပြင်ညီညာသော သစ်သားချောင်းများဖြင့် ပွတ်တိုက်ပေးရ၏။

သင်ပုန်းများ ကောင်းစွာခြောက်သွေ့မှသာ စာရေးလျှင် အရာထင်၏။ ယင်းသင်ပုန်းများတွင် ကံ့ကူဆံများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေးသားရ၏။ ဤကား ရေးဘုန်းကြီးကျောင်းသားတို့၏ နေ့စဉ်လုပ်ရသော ဝတ္တရားပင်ဖြစ်၏။ သင်ပုန်းပေါ်တွင် တစ်ကြိမ်ရေးပြီးတိုင်း တစ်ကြိမ် သင်ပုန်းချေရ၏။ ကော်တင်ရ၏။

သင်ပုန်းလုပ်သော သစ်သားမှာ လက်ပံသား၊ ပိန္နဲသားတို့ကို အလုပ်များ၏။ သင်ပုန်းအရွယ်အစားမှာ များသောအားဖြင့် အလျားတစ်တောင်၊ အနံတစ်ထွာ၊ အထူလက်တစ်လုံးခန့် ပြုလုပ်လေ့ရှိ၏။

ညနေစောင်းသောအခါ ခွေးနီ၊ ဉာဏ်ထွန်း၊ ထိန်လင်းမှာ အိမ်သို့ပြန်ကြ၏။ မိုးဝေမှာ ပြန်စရာအိမ်မရှိသဖြင့် ဘုန်းကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစား နေထိုင်ရသူဖြစ်၏။ ခွေးနီနှင့် ဉာဏ်ထွန်းမှာ မိုးဝေကို ကုန်းပိုးရသဖြင့် မကျေချမ်းနိုင်သေးဘဲ ...

"ငါတို့ ပြန်မယ်ဟေ့၊ အိမ်မှာ ဝက်သားဟင်းချက်ထားတယ် မင်းကတော့ ဟင်းလေးအိုးနဲ့ပဲ ဖူးစာဆုံပေတော့"

ဟု ခပ်နှိမ်နှိမ်ဆိုသွားလေ၏။ ဟင်းလေးအိုးဆိုသည်မှာ ဘုန်းကြီးကျောင်းသားများအတွက် တည်ထားသောအိုး ဖြစ်၏။

အိုးထူထူအတွင်းသို့ နေ့စဉ်ပိုလျှံသော ဟင်းများကို ထည့်၍ နွှေးထားရ၏။ ဟင်းလေးအိုးထဲတွင် သား၊ ငါးနှင့်





အသီးအရွက်မျိုးစုံ ပါဝင်၏။ နေ့စဉ်နွှေးပေးသဖြင့် သိုးသည်မရှိသော်လည်း ရက်ကြာလာသောအခါ တူးစော်နံလာသဖြင့် ထပ်မဖြည့်ဘဲ ကုန်အောင်စားပြီး အသစ်ထည့်ရ၏။

ညသို့ရောက်သောအခါ မိုးဝေ ခမျာ ဟင်းလေးအိုးကိုပင် မြိန်ရှက်စွာ စားသောက်ရ၏။

စားသောက်ပြီးစီးသောအခါ ပန်းကန်ခွက်ယောက်များကိုဆေးကြော၍ ကျောင်းအနောက်တွင် နေထိုင်သော ကပ္ပိယကြီးထံသို့ သွားလေ၏။ ကပ္ပိယကြီးသည် ဗဟုသုတစုံလင်သဖြင့် အံ့ဖွယ်ကောင်းသော အကြောင်းအရာများကို သူ့အား ပြောပြလေ့ရှိ၏။

မိုးဝေသည် ကပ္ပိယကြီးအား အညောင်းပြေ အညာပြေ နှိပ်နယ်ပေးရင်း ဗဟုသုတရှာဖွေရ၏။ ကပ္ပိယကြီးက ...

"ငါတို့ခေတ်မှာ သိပ္ပံပညာ ထွန်းကားပေမယ့် ရှေးခေတ်ကို မမီတာတွေ အများကြီးရှိသေးတယ်ကွ"

ဟု စကားစလိုက်ရာ မိုးဝေက နားစွင့်၍ ...

"ဘယ်လိုမမီတာလဲဗျ"

ဟု မေးမြန်းလေ၏။ ကပ္ပိယကြီး ထန်းလျက်ဖြူဆုပ်ကို ဝါး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀ လောက်က အီဂျစ်တွေ တည်ဆောက်ခဲ့တဲ့ ဂီဇာပစ်ရမစ်ကြီးဟာ အမြင့်ပေ ၄၅၀ ရှိပြီး ၁၃ ဧက ကျယ်ဝန်းတယ်ကွ။ ၂ တန်ကနေ ၁၅ တန် အလေးချိန်ရှိတဲ့ ကျောက်တုံးပေါင်း ၂၃၀၀၀၀၀ နဲ့တည် ဆောက်ခဲ့တယ်။ ကမ္ဘာ့အကြီးဆုံး ပစ်ရမစ်ကြီးပေါ့ကွာ"

"ကြီးလှချည်လားဗျ"

"ကြီးဆို ပစ်ရမစ်ကြီးရဲ့ဧရိယာအကျယ်အဝန်းဟာ အမြင့် ၉၀ ပေ၊ ထု ၃ ပေရှိတဲ့ အုတ်တံတိုင်းကြီး ကာရံမယ်ဆို ရင် ပြင်သစ်တစ်နိုင်ငံလုံးကို ကာရံနိုင်တယ်ကွ၊ ပစ်ရမစ် ကြီးရဲ့ထိပ်ပိုင်းကို ကျောက်ဖြူသားစစ်စစ်နဲ့ လုပ်ထားပြီး အပေါ်မှာ ပေ(၃၀)ရှိတဲ့ ရွှေပြားအဖုံးရှိသေးတယ်"

"ခမ်းနားလှချည်လားဗျာ"

"အေး၊ ဒီလောက်ခမ်းနားတဲ့ ပစ်ရမစ်ကြီးကို တည်ဆောက် တဲ့အချိန်က ဘီးတောင်မပေါ်သေးဘူးကွ၊ နိုင်းမြစ်တစ်ဖက် ကမ်းက ကျောက်တုံးကြီးတွေကို လူအင်အားများစွာ သုံး ပြီး ဒလိမ့်တွေ ဖောင်တွေနဲ့ သယ်ဆောင်ခဲ့ကြတယ်၊ ပစ် ရမစ်ကြီးကို အုတ်မြစ်ချစဉ်က မြေကြီးကိုညီအောင် ဘယ် လိုတိုင်းတာခဲ့သလဲဆိုတာ သိပ္ပံပညာရှင်တွေ မခန့်မှန်း





နိုင်ကြဘူး၊ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ က လူတွေဟာ ပစ်ရမစ်ကြီးကို ဒီဂရီအချိုးအစားကျအောင် တည်ဆောက် နိုင်တာ အင်မတန် အံ့ဩဖို့ကောင်းတယ်ကွ။ ပစ်ရမစ်ကြီး အတွင်းမှာရှိတဲ့ ဘုရင်ရဲ့ခန်းမကို လေဝင်ပေါက်ကြီးနှစ် ပေါက်ဖွင့်ပြီး နွေရာ ဆောင်းမှာပါ ၉၈ ဒီဂရီဖာရင်ဟိုက် ရအောင် ထိန်းထားတယ်၊ ဒါဟာ ဒီနေ့ခေတ်သိပ္ပံပစ္စည်း တွေ ထိန်းသိမ်းဖို့ အကောင်းဆုံးဒီဂရီပဲ၊ ဒီလောက်ရှေးကျ တဲ့ လူတွေဟာ ဒီသဘောတရားတွေကို သိနေတာ အံ့ဩ ဖို့အလွန်ကောင်းတာပေါ့ကွာ"

"ဟုတ်ပါရဲ့ဗျာ၊ ဆက်စမ်းပါဦး"

"ပစ်ရမစ်ကြီးကို နက္ခတ်တာရာတွေရဲ့ အသွားအလာတွေ နဲ့ယှဉ်ပြီး တည်ဆောက်ခဲ့တာကွ၊ ဒါကြောင့် ကမ္ဘာ့နက္ခတ် တာရာကြည့် စင်ကြီးလို့လည်း ဆိုနိုင်တယ်၊ ပစ်ရမစ်ကြီး ကို ဘာသာရေးအတွက် သိပ္ပံပညာအတွက် တည်ဆောက် တယ်ဆိုတဲ့ အယူအဆလည်းရှိတယ်၊ အချို့ကလည်းပစ်ရ မစ်ကြီးဟာ ကမ္ဘာကြီးရဲ့အနာဂတ်ကို ညွှန်ပြနေတယ်လို့ လည်း ဆိုတယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့ခေတ် သိပ္ပံပညာဟာ ရှေးခေတ်ကို မမီတာ အများကြီးရှိပါသေးတယ်ကွ၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်က ပုဂံဘုရားတွေဟာ ဒီနေ့ခေတ်လို ဘိလပ်မြေ မပေါ်မီကတည်းက ပုံစံကျကျ ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်နိုင်တာပဲ မဟုတ်လား၊ သိပ္ပံပညာရှင်တွေ အလူမီနီယမ်သတ္တုကိုတွေ့တာ နှစ် ၅၀ ပဲ ရှိသေးတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၇၀၀)လောက်ကတည်းက တရုတ်ပြည်မှာ အလူမီနီယမ်ခါးပတ်တွေ သုံးနေတယ်ကွ၊ အီဂျစ်တွေသုံးဟဲ့ ကြေးဝါအသုံးအဆောင်တွေဟာ ငါတို့ခေတ် အသုံးအဆောင်တွေထက် အများကြီးသာတယ်၊ ငါတို့ဟာ ရွှေငွေကို လျှပ်စစ်နဲ့ကပ်တဲ့ပညာကို (၁၉)ရာစုလောက်မှ တတ်ခဲ့ကြတယ်၊ ဝါကယ်တော့ ဒီပညာကို အီဂျစ်တွေသုံးနေတာ နှစ်ပေါင်း (၄၀၀၀)လောက် ရှိနေပြီ၊ ကဲ … ဒီနေ့သော့ တော်လောက်ပြီကွာ၊ ဒါတွေကို ဆက်ပြောရင် မိုးလင်းသွားလိမ့်မယ်”

ဟု ပြောလေ၏။ မိုးဝေသည် ကပ္ပိယကြီးပြောသော ပစ်ရမစ်ကြီးအကြောင်းကို စဉ်းစားရင်းအိပ်ပျော်သွားလေ၏။ ထိုနေ့ညက အိပ်မက်ထဲတွင်ပင် ပစ်ရမစ်ကြီးကို ထည့်၍မက်လိုက်သေး၏။

* ○ *





မိုးဝေသည် မနက်စောစောထ၍ ကပ္ပိယကြီးနှင့်အတူ ယာဂုကျိုခြင်း၊ ရေနွေးကျိုခြင်း၊ တံမြက်လှည်းခြင်း၊ ဆွမ်းသပိတ်များ အသင့်ပြင်ခြင်း စသော ဘုန်းကြီးကျောင်းသားများ မြဲဝတ္တရားများကို ပြုရလေ၏။

ထို့နောက် တုံးမောင်းခေါက်လေ၏။

ဆရာတော်နှင့် သာမဏေများ ယာဂုဘုဉ်းပေးပြီးသောအခါ မိုးဝေနှင့် ကပ္ပိယကြီးလည်း ယာဂုသောက်လေ၏။ ပန်းကန်ခွက်ယောက်များကို ဆေးကြောနေစဉ် ခွေးနီ၊ ဉာဏ်ထွန်း၊ ထိန်လင်း အစရှိသော နေ့ကျောင်းသားများ ရောက်လာ၏။ ထို့နောက် စုပေါင်း၍ ဘုရားရှိခိုးပြီးသောအခါ ဦးပဉ္ဇင်းကြီးထံတွင် စာအာသစ်တက်ကြ၏။

ီးပဉ္ဇင်းကြီးက မနေ့ကတက်ပေးလိုက်သော စာများကို ပြန်မေးရာ ခွေးနီ၊ ဉာဏ်ထွန်းနှင့် ထိန်လင်းတို့မှာ စာမပြန်နိုင်သဖြင့် ထိပ်ခေါက်ခြင်း ခံရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေကမူ စာအားလုံးကို ကောင်းစွာပြန်နိုင်၏။ သူသည် ဉာဏ်ကောင်းသူတစ်ဦး ဖြစ်သဖြင့် ဦးပဉ္စင်းကြီး တက်ပေးသော စာများကို လျင်မြန်စွာ ကျက်မှတ်ပြီး ဖြစ်နေလေ၏။ ဦးပဉ္စင်းကြီးက မိုးဝေကို ချီးမွမ်း၍ ခွေးနီတို့အား ဆူပူကြိမ်းမောင်းလေ၏။

ခွေးနီတို့လူစုသည် ဆွမ်းခံထွက်ချိန် ရောက်မှသာ နားအေးရရှာ၏။ ဆွမ်းခံထွက်ပြီး ပြန်ရောက်သောအခါ ကျောင်းသို့ ဧည့်သည်လူကြီးတစ်ယောက် ရောက်နေကြောင်း သတိထားမိ၏။ ဆရာတော်နှင့် ဧည့်သည်လူကြီးသည် တစ်စုံတစ်ရာကို တိုင်ပင်နေဟန်ရှိ၏။ ခဏကြာလျှင် ဆရာတော်က မိုးဝေအား ခေါ်၍ ...

"မိုးဝေ ... မင်း ငါ့ကျောင်းမှာနေရင် တစ်သက်လုံး ဘုန်းကြီးကျောင်းသားပဲဖြစ်မှာ၊ မင်းပုံစံက သာသနာ့ဘောင်ဝင်ရင်လည်း ပျော်ပိုက်မယ့်ပုံ မပေါ်ဘူး၊ ဒါကြောင့် ဟောဒီက ဒကာကြီး ဦးဖိုးသာနဲ့ မြို့ကိုလိုက်သွားပါ၊ ဦးဖိုးသာက ဆပ်ကပ်မှာ အလုပ်လုပ်တယ်၊ မင်းကို ခေါ်သွားဖို့ ဒကာကြီးကို ငါပြောပြီးပြီ"

ဟု ပြောလေ၏။ မိုးဝေသည် ဆရာတော်ကြီး၏ မထင်မှတ်သော မိန့်ကြားချက်ကြောင့် တအံ့တဩ ဖြစ်သွားလေ၏။





မြို့ကို သွားရမည်ဆိုပါလား။ သူ၏စိတ်ကူးထဲတွင် မြို့ကိုတက်ချင်သော အိပ်မက်များရှိ၏။ ယခု မမျှော်လင့်ဘဲ သူ၏အိပ်မက်များ အကောင်အထည် ပေါ်တော့မည်ထင်၏။ ဆရာတော်ကြီးက ဆက်လက်၍ ...

"မိုးဝေ ဒကာကြီးနဲ့ မြို့ကိုလိုက်မယ် မဟုတ်လား"

ဟု မေးမြန်းလေရာ မိုးဝေက ...

"လိုက်ပါ့မယ် ဘုရား"

ဟု ဖြေလေ၏။ ဆရာတော်ကြီးက ...

"ဒါဆိုရင် မနက်ဖြန်ပဲ ဒကာကြီးနဲ့ လိုက်သွားပေတော့၊ ဒီနေ့ ပြင်ဆင်စရာရှိတာ ပြင်ဆင်ထား"

ဟု မိန့်လေ၏။

မိုးဝေ မြို့သို့တက်မည့်သတင်းသည် ကျောင်းတွင် တခဏချင်း ပျံ့နှံ့သွားလေ၏။ သူ့အနီးတွင် ဘုန်းကြီးကျောင်းသားများနှင့် ကိုရင်များ ဝိုင်းရံနေပြီး မေးခွန်းပေါင်းစုံ မေးမြန်းနေလေ၏။ ဉာဏ်ထွန်းက ...

"မင်းကိုခေါ်တဲ့ လူကြီးက ဆပ်ကပ်ထဲက လူကြီးဆို၊ ဒါဆိုရင် မင်းတော့ ဆပ်ကပ်နေ့တိုင်း ကြည့်ရမှာပဲနော်၊ ပျော်စရာကြီး၊ ငါတို့ဦးလေးတစ်ယောက် မြို့ကလာတုန်း



www.burmeseclassic.com

www.burmeseclassic.com

က ပြောတယ်၊ ဆပ်ကပ်ဆိုတာ ကြည့်လို့အလွန်ကောင်းတဲ့ ဆင်လိမ္မာ၊ မျောက်လိမ္မာတွေလည်း ပါတယ်၊ ကောင်းကင်မှာ ဘားကျွမ်းတွေလည်း ကစားတယ်တဲ့၊ မျက်လှည့်လည်း ပြသေးတယ်တဲ့"

ဟု အားရဝမ်းသာပြောရှာ၏။ ခွေးနီကလည်း ...

"မိုးဝေ ... မင်းက ဆပ်ကပ်ထဲကို လိုက်တာတော့ ဟုတ်ပါပြီ။ ဟိုရောက်ရင် ဘာလုပ်ရမှာလဲ"

ဟု မေးမြန်းလေ၏။ မိုးဝေက ခေါင်းခါ၍ ...

"ငါလည်း မသိဘူးကွာ၊ ဆရာတော်က လိုက်ဆိုလို့ လိုက်ရတာပဲ"

ဟု ဖြေလေ၏။

မိုးဝေသည် လူကြီးပြန်မည့်နေ့သို့ ရောက်သောအခါ ဆရာတော်နှင့် သံဃာတော်များကို ကန်တော့၍ သူ၏သူငယ်ချင်း ဘုန်းကြီးကျောင်းသားများကို နှုတ်ဆက်လေ၏။ ကပ္ပိယကြီးကိုလည်း ကန်တော့လေ၏။

ထို့နောက် မနက်(၉)နာရီခန့်တွင် ဖျင်လွယ်အိတ်တစ်လုံးကို စလွယ်သိုင်း၍ လူကြီးနောက်သို့ လိုက်ခဲ့လေ၏။ လူကြီးက သူ့ပခုံးကိုဖက်၍ ...





"ဘာမှ အားမငယ်နဲ့ ကောင်လေး၊ ဟိုရောက်ရင် မင်းပျော်သွားမှာပါ"

ဟု အားပေးလေ၏။

မိုးဝေသည် ရွာအဝင်စမ်းချောင်းကလေးသို့ ရောက်သောအခါ လူကြီးအား ...

"ခဏနေပါဦးဗျာ"

ဟု ဆိုကာ သူနေထိုင်ကြီးပြင်းခဲ့သော ရွာကလေးကို ဝအောင်ကြည့်ရှုလေ၏။

သူသည် ဤရွာကလေးတွင် မွေးဖွား၍ ကလေးဘဝကို ကုန်လွန်ခဲ့၏။ သူ၏မိဘနှစ်ပါးသည် လွန်ခဲ့သော နှစ်အနည်းငယ်က အထက်အညာသို့သွားရင်း သင်္ဘောမှောက်၍ ကွယ်လွန်ခဲ့ရ၏။ ထိုအချိန်မှစ၍ ဆွေမရှိ မျိုးမရှိသော မိုးဝေကို ဆရာတော်ကြီးက စောင့်ရှောက်ထားခြင်းဖြစ်၏။

ယခုတော့ ဤရွာကလေးမှ ထွက်ခွာရပေတော့မည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးသာ ဆိုသော လူကြီးသည် မိုးဝေအား ရထား တစ်တန်၊ ကားတစ်တန်ဖြင့် ခေါ်ဆောင်သွားလေ၏။ ရွာကလေး မှလွဲ၍ အခြားအရပ်သို့ မရောက်ဖူးသော မိုးဝေအတွက် အရာရာ သည် အထူးအဆန်း ဖြစ်နေလေ၏။

လူ့လောကကြီးသည် ကျယ်ဝန်းလှသည်တကား။ ဤမျှ များပြားသောလူများမှာ တစ်ယောက်လျှင် ပိုက်ဆံတစ်မူးမျှ ရလျှင်ပင် လူချမ်းသာတစ်ဦး ဖြစ်ပေမည်ဟု ပေါက်ပေါက်ရှာရှာ တွေးမိ၏။

ဤသို့ဖြင့် ဦးဖိုးသာ၏ ဆပ်ကပ်ရှိရာသို့ ရောက် ခဲ့လေ၏။ ဆပ်ကပ်ကို မြို့လယ်ကောင်ဘောလုံးကွင်းကြီးတွင် တဲကြီးထိုး၍ တည်ဆောက်ထား၏။ ဦးဖိုးသာက မိုးဝေ၏ပခုံးကို ပုတ်၍ ...

"ဒီမြို့မှာ ငါတို့ဆပ်ကပ်အဖွဲ့ သုံးညကဦးမယ်ကွ၊ မင်း ဒီနေ့ည ဆပ်ကပ်ကြည့်ရမယ်"





ဟု ပြောလေရာ မိုးဝေသည် ဝမ်းသာအားရ ဖြစ်သွား လေ၏။

ထို့နောက် ဦးဖိုးသာက မိုးဝေအား ဆပ်ကပ်ပိုင်ရှင် လူဝကြီးထံသို့ ခေါ်ဆောင်သွား၍ သူနှင့်အတူ နေထိုင်မည့်အကြောင်း ကို ပြောဆို၍ ဆပ်ကပ်ထဲတွင် ခေါ်ယူလေ့ကျင့်ရန်လည်း ခွင့်ပန် လေ၏။ လူဝကြီးက မိုးဝေ၏ကိုယ်ခန္ဓာ အဆက်အပေါက်ကို ကြည့်၍ ...

"ပုံစံကတော့ ဆပ်ကပ်သမားကောင်းတစ်ယောက် ဖြစ်မဲ့ပုံ"

ဟု ချီးမွမ်းလေ၏။

မိုးဝေသည် ဆပ်ကပ်အဖွဲ့ကိုကြည့်၍ လွန်စွာသဘော ကျနေလေ၏။ ဆပ်ကပ်အမည်မှာ တိမ်ပျံဆပ်ကပ်ဟူ၍ ဖြစ် လေ၏။ တိမ်ပျံဆပ်ကပ်မှာ နိုင်ငံခြားဆပ်ကပ်များကဲ့သို့ တိရစ္ဆာန် မျိုးစုံပါဝင်သော ဆပ်ကပ်အကြီးစားမျိုး မဟုတ်ဘဲ အသေးစား ဆပ်ကပ်လေးပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဘုန်းကြီးကျောင်းသား မိုးဝေ အတွက်မူ ရောမဆပ်ကပ်ကြီး ဖြစ်နေရှာ၏။ မိုးဝေသည် ရောက် သည့်နေ့မှစ၍ တဲရုံကြီးထဲတွင် လှည့်လည်၍ ဆပ်ကပ်သမားများ လေ့ကျင့်သည်ကို ကြည့်ရှု၏။ ဆပ်ကပ်အဖွဲ့တွင် မျက်လှည့်သမား



www.burmeseclassic.com

www.burmeseclassic.com



များ မြွေအလိမ္မာယ်သမားများ ပါဝင်၏။ မိုးဝေသည် ဓာတ်ရုံကြီး အပြင်ဘက်သို့လျှောက်ကာ ပိုစတာကြီးကို ကြည့်လေ၏။ ပိုစတာ ကြီးတွင် ကျွမ်းဘားသမားများ ကျွမ်းဘားကစားနေပုံ၊ မျက်လှည့် သမားများ မီးကိုစားပြနေပုံ စသည့် ထူးဆန်းအံ့သြဖွယ်ပြကွက် များကို ပန်းချီရေးဆွဲထား၏။

၄ မိုးဝေသည် ပိုစတာတစ်ချပ်တွင် သီးသန့်ရေးဆွဲထား မှလှူသော မြွေမင်းသမီးလေး မူယာ ဟူသောပုံကို စိတ်ဝင်စားစွာ သည်ကြည့်ရှုနေမိ၏။ ပုံတွင် ချောမောလှပသော မိန်းကလေးတစ်ယောက် သည် လွန်စွာကြီးမားသော မြွေကြီးများနှင့် ကစားပြနေလေ၏။

၅ မြွေကြီးများသည် ကြောက်မက်ဖွယ် ကောင်းလွန်း လှ၏။ မြွေကြီးများနှင့် ကစားပြသော မိန်းကလေး၏သတ္တိကို ချီးမွမ်းနေမိ၏။ ထိုစဉ် သူ၏အနောက်မှ ...

"ဟော့ ... ပါ့ပုံကို ဘာလို့ ဒီလောက်စိုက်ကြည့်နေတာလဲ မင်းက မြွေတွေကို စိတ်ဝင်စားလို့လား"

ဟူသော အသံကို ကြားသဖြင့် လှည့်ကြည့်လိုက် ရာ ပိုစတာထဲက မြွေမင်းသမီးကို တွေ့လိုက်ရလေ၏။

သူမသည် အဖော်တစ်ဦးနှင့် မြို့ထဲက ပြန်လာပုံရ ၏။ မိုးဝေက ခေါင်းညိတ်၍ ...





"အစ်မက သိပ်သတ္တိရှိတာပဲနော်၊ ကြောက်စရာကောင်းတဲ့ မြွေတွေနဲ့ ကစားပြတယ်၊ ကျုပ်တို့ဆို တောထဲမှာ မြွေတွေ့ ရင် အနားတောင် မကပ်ရဲဘူး"

ဟု ချီးမွမ်းလိုက်လေရာ မြွေမင်းသမီးက ပြုံးရယ်၍ ...

"ငါက မြွေကို မကြောက်ပေမဲ့ မျှော့တွေ၊ ကျွတ်တွေဆိုရင် သိပ်ကြောက်တယ်၊ ငါ့ခြေထောက်နားက ကြွက်ဖြတ်ပြေး ရင် ငယ်သံပါအောင် အော်ရတယ်၊ ဒါနဲ့ နေပါဦး၊ မင်းက ဒီမြို့ကလား"

ဟု မေးမြန်းလေ၏။ မိုးဝေက ခေါင်းခါ၍ ...

"မဟုတ်ပါဘူး၊ ကျုပ်က ဆပ်ကပ်အဖွဲ့နဲ့လိုက်ဖို့ ဦးဖိုးသာ ခေါ်လာတာ"

ဟု ဖြေလေ၏။ မိုးဝေ၏အဖြေကို နားထောင်ပြီး မြွေမင်းသမီးက သဘောကျဟန်ဖြင့် ပြုံးရယ်လိုက်ပြီး ...

"ဟယ် ... ဟုတ်လား၊ ဒါဆိုရင် အတော်ပဲ၊ ဦးဖိုးသာကြီး ကို ပြောပြီး ဟိုနား ဒီနားခိုင်းဖို့ နင့်ကို ငါ့အနားမှာ ခေါ် ထားရမယ်"

ဟု ပြောလေ၏။ ထိုနေ့ညနေစောင်းသောအခါ မြွေမင်းသမီးက ဦးဖိုးသာထံသို့ ရောက်လာပြီး မိုးဝေအား သူမ



www.burmeseclassic.com

www.burmeseclassic.com



အနီးတွင် လက်တိုလက်တောင်းခိုင်းစေရန် အဖော်အဖြစ် တောင်းဆိုလေ၏။ ဦးဖိုးသာက ခေါင်းညိတ်၍ ...

"ရပါတယ် မူယာ၊ ဒါပေမဲ့ ဒီကလေးကို ဂရုစိုက်ပါ၊ ဆရာတော်က ငါ့ကိုယုံလို့ ထည့်လိုက်တာဟ"

ဟု ပြောလေ၏။ ထို့နောက် ဦးဖိုးသာက မိုးဝေဘက်သို့လှည့်၍ ...

"မိုးဝေ ... မင်း မူယာအနားမှာနေပြီး သူခိုင်းတာလုပ်ပေးရမယ်၊ မူယာက ဒီဆပ်ကပ်မှာ ဝင်ငွေအကောင်းဆုံးနဲ့ စိတ်ကောင်းအရှိဆုံး ကလေးမကွ"

ဟု ပြောလေ၏။

* ○ *





ညသို့ရောက်သောအခါ ဆပ်ကပ်ကြည့်မည့်သူများ တဖွဲဖွဲရောက်ရှိလာလေ၏။ မိုးဝေသည် တစ်သက်တွင် တစ်ကြိမ်မျှ ဆပ်ကပ်မကြည့်ဘူးသဖြင့် ဆပ်ကပ်ကြည့်ရန် ဖင်တကြွကြွဖြစ်နေ၏။ မိုးဝေ၏အမူအရာကိုကြည့်၍ မူယာက ပြုံးကာ ...

"ဟဲ့ ... ဆပ်ကပ်ကြည့်ချင်ရင် ရှေ့ဆုံးတန်းက သွားကြည့်၊ ခဏနေမှ ငါ့ဆီ ပြန်လာခဲ့"

ဟု ပြောလေ၏။ မိုးဝေလည်း ပျော်ရွှင်စွာဖြင့် မွဲခင်းထဲသို့ ထွက်ခွာသွားလေ၏။ ဆပ်ကပ်ပြသော စင်ကြီး၏ အနောက်တွင် မီးကြိုးများဖြင့် အလုပ်ရှုပ်နေသော ဦးဖိုးသာကို တွေ့ရ၏။ ဦးဖိုးသာသည် တိမ်ပျံဆပ်ကပ်အဖွဲ့ကြီး၏ မီးဆရာပင် ဖြစ်၏။

ခဏကြာလျှင် ဆပ်ကပ်စတင်ပြသလေ၏။ ဆပ်ကပ်အဖွဲ့သားများသည် စင်ပေါ်တွင် ရှေ့ကျွမ်း နောက်ကျွမ်း အမျိုး



www.burmeseclassic.com

www.burmeseclassic.com



မျိုးထိုးပြ၏။ စက်ဝိုင်းများကို မီးရှို့၍ မီးကွင်းအတွင်းသို့ ကျွမ်းပစ်ပြ၏။ လက်ထဲတွင် ပန်းကန်ခွက်ယောက်များကိုကိုင်၍ တစ်ယောက်ကျောပေါ် တစ်ယောက်ဆင့်၍ ရပ်ပြ၏။

ပရိသတ်များသည် လက်ခုပ်လက်ဝါးတီး၍ အားပေးကြကုန်၏။

မိုးဝေလည်း နှစ်သက်လွန်းသဖြင့် လက်ခေါက်မှုတ်၍ပင် အားပေးလေ၏။

ပြီးနောက်တွင်မူ ကျွမ်းဘားသမားများ ခေတ္တအနားယူပြီး ကြောင်ကြောင်ကျားကျား ဝတ်ဆင်ထားသော မျက်လှည့်ဆရာနှင့်အဖွဲ့ စင်ပေါ်တက်လာ၏။ မျက်လှည့်ဆရာက မိန်းကလေးတစ်ယောက်ကို ဂုန်နီအိတ်ထဲသို့ထည့်ကာ ထိပ်ဝကိုကြိုးဖြင့် စည်းနှောင်လေ၏။

ထို့နောက် ဂုန်နီအိတ်ကို ဓာတ်ဆီဖြင့်လောင်း၍ မီးရှို့လိုက်ရာ ပရိသတ်များသည် ဟာခနဲ ဟင်ခနဲ ဖြစ်သွားလေ၏။ အနီးရှိ မျက်လှည့်ဆရာ၏တပည့်နှစ်ယောက်က မီးဟုန်းဟုန်းတောက်နေသော ဂုန်နီအိတ်ကို မီးခိုးခေါင်းတိုင်ဖြင့် ဖုံးလေ၏။ ခေါင်းတိုင်ဝမှ မီးခိုးများ တလိပ်လိပ် တက်လာပြီး အတန်ကြာသောအခါ မီးခိုးများ တိတ်သွားလေ၏။





မျက်လှည့်ဆရာနှင့် တပည့်နှစ်ယောက်က မီးခိုးခေါင်းတိုင်ကို ဖွင့်လိုက်သည်နှင့် ငုတ်တုတ်ထိုင်နေသော မိန်းကလေးကို အံ့ဩဖွယ် မြင်တွေ့ရလေ၏။ မိန်းကလေးကိုယ်တွင် မည်သည့်မီးလောင်ဒဏ်ရာမျှမရှိ။ ပရိသတ်များသည် လက်ခုပ်လက်ဝါးတီး၍ အားပေးလိုက်ကြပြန်၏။

တစ်ဖန် မျက်လှည့်ဆရာက မိန်းမပျိုတစ်ဦးကိုခေါ်၍ ခြင်းကျားကြီးဖြင့်အုပ်ကာ မန်းမှုတ်ပြီး ပြန်ဖွင့်ပြသောအခါ ခြင်းကျားထဲတွင် မိန်းမပျိုမရှိတော့ဘဲ ယုန်ဖြူလေးတစ်ကောင် ရောက်နေ၏။

မိုးဝေသည် အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားပြီး မျက်လှည့်ဆရာကို မှော်ဆရာကြီးဟု ထင်မြင်နေလေ၏။ မျက်လှည့်ဆရာ၏အလှည့် ပြီးသောအခါ မြွေမင်းသမီးရှိရာ ဓာတ်ခုံအနောက်သို့ ပြန်ခဲ့၏။

မှုယာသည် မှန်ရှေ့တွင် လုံချည်ရင်လျားနှင့်ထိုင်၍ အလှပြင်နေ၏။ သူမသည် မိုးဝေကို မြင်သောအခါ ...

"မိုးဝေ ပွဲခင်းထဲသွားပြီး ငါ့ကို လက်ဖက်ရည်ဝယ်ပေးစမ်း၊ နင်လည်း မုန့်စား"

ဟုဆိုကာ ချိုင့်တစ်လုံးနှင့် ငွေတစ်မူးပေးလေ၏။ မိုးဝေသည် ပွဲခင်းထဲရှိ ကာကာဆိုင်တွင် လက်ဖက်ရည်ဝယ်၍

www.burmeseclassic.com

ပိုသောငွေဖြင့် ကောက်ညှင်းပေါင်းနှင့် မုန့်သိုင်းခြိမ်းများကို ဝယ်ယူစားသောက်လေ၏။

မူယာထံသို့ ပြန်ရောက်သောအခါ သူမက ပေါင်ဒါဘူး၊ နှုတ်ခမ်းနီဘူး၊ တွယ်ချိတ် စသည်များကို မိုးဝေအား တစ်ခုချင်း ယူခိုင်းနေလေ၏။ ခဏကြာလျှင် သူမအလှပြင်ပြီးသောအခါ မူယာက ...

"မိုးဝေ ... ငါ့ကိုကြည့်စမ်း၊ လှရဲ့လား"

ဟု မေးလေရာ မိုးဝေက ယောင်ယမ်း၍ ခေါင်းညိတ်လိုက်လေ၏။ မူယာသည် ပရိသတ်များ၏ အချစ်တော်မင်းသမီးလေးဖြစ်၏။ '

သူမ ဇာတ်စင်ပေါ် တက်သောအခါ တစ်ရုံလုံးပွင့်ထွက်လုမတတ် လက်ခုပ်လက်ဝါး တီးကြလေ၏။ သူမသည် အထက်အောက် အဖြူရောင်ဆင်တူ ဝတ်ဆင်ထား၏။

ကန့်လန့်ကာ ပွင့်သွားသည်နှင့် မူယာကို ငန်းမြွေကြီးများနှင့်အတူ တွေ့မြင်ရ၏။ ဇာတ်စင်တစ်ခုလုံး ရှစ်တောင်ကိုးတောင် အမြင့်ရှိသော ငန်းမြွေကြီးများနှင့် ပြည့်ကျပ်နေ၏။

ဆိုင်းဝိုင်းမှ ဆိုင်းသံစတင်သည်နှင့် မူယာသည် ဆိုင်းချက်နှင့်အညီ ကိုယ်ကိုယိမ်းနွဲ့၍ ကလေ၏။ မြွေကြီးများသည် မူယာ လှုပ်ရှားသည့်အတိုင်း ယိမ်းထိုး၍လှုပ်ရှားကြလေ၏။





ပရိသတ်များသည် လွန်စွာကြီးမားသော မြွေကြီးများနှင့် တရင်းတနှီး က,နေသော မြွေမင်းသမီးလေးကို တအံ့တသြ ကြည့်ရှုကြကုန်၏။

မြွေမင်းသမီးလေး မူယာ၏ ဒုတိယပြကွက်မှာ ယိမ်းသမရှစ်ယောက်နှင့် ပါးပျဉ်းထောင်နေသော မြွေဟောက်များ ပြကွက်ဖြစ်၏။ တစ်ဖန် မြွေဟောက်များကို သိမ်းဆည်းပြီး မြွေပွေးများနှင့် ဆော့ကစားပြပြန်၏။

ပရိသတ်များသည် မူယာ၏ပြကွက်များကို အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ကြည့်ရှုရလေ၏။ ပရိသတ်များ အနှစ်သက်ဆုံး ပြကွက်များလည်းဖြစ်၏။

ထိုညက မိုးဝေသည် ဆပ်ကပ်အဖွဲ့၏ ပြကွက်များကို ညသန်းခေါင်အထိ ကြည့်ရှု၍ လွန်စွာကျေနပ်အားရနေမိ၏။ ဆပ်ကပ်ပြီးသောအခါ မူယာက မိုးဝေကို လာခေါ်၍ ...

"မိုးဝေ ... နင် ငါ့အနားမှာ အိပ်ရမယ်"

ဟု ဆိုကာ ခြင်ထောင်နှင့် ခေါင်းအုံးတစ်လုံးကို ပေးလေ၏။

မိုးဝေသည် သူမအနီးရှိ ဇာတ်သေတ္တာနှစ်လုံးပေါ်တွင် အိပ်စက်ရလေ၏။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် မိုးဝေ အိပ်ရာနိုးသောအခါ မြွေမင်းသမီးမူယာက ပိုက်ဆံတစ်မူး ထုတ်ပေးပြီး ...

"ငါ့အတွက် ကော်ဖီနဲ့ နံပြားဝယ်ခဲ့၊ ပိုတဲ့ပိုက်ဆံကို နင် မုန့်ဝယ်စား"

ဟု ဆိုသဖြင့် မိုးဝေလည်း သူမအတွက်ဝယ်ပြီး ပိုလျှံသောငွေဖြင့် ဘိန်းမုန့်များ ဝယ်ခဲ့လေ၏။

မိုးဝေ ဘိန်းမုန့်စားနေစဉ် သူ့အား ရွာမှခေါ်ဆောင်လာသော ဦးဖိုးသာကြီး ရောက်ရှိလာပြီးလျှင် ...

"မိုးဝေ ... မင်း ပျော်တယ်မဟုတ်လား၊ လောလောဆယ်တော့ ဒီလိုပဲ နေပါဦးကွာ၊ နောက်တော့ ဆပ်ကပ်ပညာသင်ရမှာပေါ့"

ဟု ပြောလေ၏။ မိုးဝေသည် အတွေ့အကြုံအသစ်အဆန်းများအတွက် ရင်ခုန်နေသဖြင့် ရွာက သူငယ်ချင်းများကို





ပင် မေ့လျော့၍ နေပေပြီ။ ထမင်းစားချိန် ရောက်သောအခါ ဆပ်ကပ်ပိုင်ရှင် ကျွေးမွေးသော သင်္ဘောနှင့်ဟင်းကို အဖွဲ့သားအားလုံး စားသောက်ရ၏။ ထမင်းစားပြီးသောအခါ မူယာက ဇလုံကြီးကစ်လုံးကို မိုးဝေအား သယ်ခိုင်း၍ မြွေစာကျွေးရန် ခေါ်ဆောင်သွားလေ၏။

မူယာက ငါးအသေကောင်များကို မြွေများ၏ပါးစပ်ထဲသို့ထည့်၍ အစာကျွေးလေ၏။ မိုးဝေက ထိုမြင်ကွင်းကိုကြည့်၍ ...

"မြွေတွေက ငါးအရှင်တွေ မစားဘူးလား အစ်မ"

ဟု မေးမြန်းလေရာ မူယာက ...

"တောထဲမှာ လွတ်လွတ်လပ်လပ် နေရရင် သူတို့အစာ သူတို့ရှာပြီး ဖမ်းစားကြတယ်၊ လူတွေလက်ထဲရောက်တော့မှ ဖားအရှင်၊ ငါးအရှင်တွေ လွှတ်ပေးရင် မစားကြတော့ဘူး၊ အသေကို ပါးစပ်ထဲ ထည့်ကျွေးမှ စားကြတယ်"

ဟု ပြောလေ၏။

မိုးဝေက မျက်လုံးပြူး၍ ...

"ဘာဖြစ်လို့လဲ အစ်မ"

ဟု မေးမြန်းလေရာ မူယာက သက်ပြင်းချ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"လွတ်လပ်မှု မရှိလို့ပေါ့ကွာ၊ အဖမ်းခံရလို့ စိတ်ညစ်နေမယ်၊ သဘာဝအတိုင်း သွားလာလှုပ်ရှားခွင့် မရတော့ နွမ်းနယ်ပြီး အားပျော့နေမယ်၊ လူတွေကို ကြောက်တဲ့စိတ်လည်း ဝင်နေမယ်၊ ဒါကြောင့် အစာစားချင်စိတ် ကုန်ခန်းနေတာဖြစ်မယ်"

ဟု ပြောလေ၏။ မိုးဝေသည် မြွေများကိုကြည့်၍ စိတ်မသက်မသာ ဖြစ်သွားလေ၏။

သတ္တဝါအားလုံး လွတ်လပ်မှုကို မြတ်နိုးသည်မဟုတ်ပါလား။ ဖိနှိပ်ချုပ်ချယ်မှုကို မည်သူ ခံချင်ပါမည်နည်း။ မုယာသည် မြွေများကို မကြောက်မရွံ့ အစာကျွေးနေသည်ကို ကြည့်၍ မိုးဝေက ...

"အလမ္ပာယ်ပြရင် အစွယ်ချိုးပြီး ပြတယ်လို့ ကြားဖူးတယ်၊ ဟုတ်လား အစ်မ"

ဟု စပ်စုပြန်ရာ မုယာက ...

"အစွယ်ချိုးပြီးပြကဲ့ ဆရာတွေလည်း ရှိတယ်ဟဲ့၊ ဒါပေမဲ့ ငါကတော့ အစွယ်မချိုးပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ မြွေဟောက်ကို အစွယ်ချိုးရင် နှစ်ရက်ကျော်တာနဲ့ ပြန်ပေါက်တယ်၊ မြွေပွေးကို အစွယ်ချိုးရင် သုံးရက်ကျော်တာနဲ့ ပြန်





ပေါက်တာပဲ၊ ပြန်ပေါက်တဲ့အစွယ်က ပိုကြောက်ဖို့ကောင်းတယ်၊ ပြွန်ခေါင်းပိုကျယ်ပြီး အဆိပ်ထုတ်တဲ့နေရာမှာ ပိုပြီး မြန်ဆန်လာတယ်၊ မြွေရဲ့ပါးစောင်မှာရှိတဲ့ အဆိပ်အိတ် နှစ်ခုကို ဖြတ်ထုတ်ပစ်ရင်လည်း မြွေဟာ နှစ်ရက် သုံးရက်ထက် ပိုမခံဘူး၊ တပိန်ပိန် တလိန်လိန်နဲ့ သေတာပဲ"

ဟု ရှင်းလင်းပြလေ၏။ မိုးဝေက တစ်ဖန် ...

"အစ်မက မြွေတွေကို သိပ်နိုင်တာပဲနော်"

ဟု ဆိုလိုက်ပြန်ရာ သူမက ခေါင်းညိတ်၍ ...

"ငါ့အဘိုးက မြွေဆရာကြီးဟဲ့၊ မြန်မာပြည်အနှံ့ လှည့်ပြီး မြွေအလမ္ပာယ်ပြစားနေတာ၊ ဒါကြောင့် ငါ ငယ်ငယ်ကတည်းက မြွေတွေနဲ့ ကြီးပြင်းလာရတယ်၊ ငါကလည်း မြွေတွေကို ချစ်တယ်လေ"

ဟု ပြောလေ၏။

သုံးရက်ပြည့်သောအခါ တိမ်ပုံဆပ်ကပ်အဖွဲ့ကြီးသည် ထိုမြို့မှ ထွက်ခွာခဲ့လေ၏။ ထို့နောက် မြို့များတစ်မြို့ပြီး တစ်မြို့ ဘုရားပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆက်၍ ကပြလာခဲ့၏။

မိုးဝေသည် ဆပ်ကပ်ထဲတွင် မည်သည့်အလုပ်မျှ မယ်မယ်ရရ မလုပ်ရဘဲ မြေမင်းသမီး မုယာ၏ အနားတွင်သာ



www.burmeseclassic.com

www.burmeseclassic.com



တောက်တိုမယ်ရ လုပ်ကိုင်ပေးနေရ၏။ ခြောက်လခန့်ကြာသော အခါ ဆပ်ကပ်ပိုင်ရှင်လူကြီးက မိုးဝေအားခေါ်၍ ကိုယ်လက်ပျော့ ပျောင်းစေသော လေ့ကျင့်ခန်းများကို လေ့ကျင့်စေ၏။

အနည်းငယ် ကျွမ်းကျင်လာသောအခါ ဆပ်ကပ်အဖွဲ့ သားများနှင့်ရောနှော၍ စင်ပေါ်တွင် ကျွမ်းထိုးပြရလေ၏။ မိုးဝေ သည် ထိုအတွေ့အကြုံကိုပင် ပျော်မဆုံး ဖြစ်နေ၏။

သူသည် မှုယာ၏အလုပ်များကို ကူညီလုပ်ကိုင်ပေး ရင်း မြွေများနှင့် တဖြည်းဖြည်း ယဉ်ပါးလာ၏။ မှုယာသည် ရံဖန်ရံခါတွင် မြွေပညာကို သူ့အား သင်ကြားပေး၏။

"မြွေဆိုတာ အဆိပ်ရှိတဲ့သတ္တဝါပဲ၊ သူတို့နဲ့ ထိတွေ့ဆက် ဆံရတာကို အန္တရာယ်ရှိတယ်၊ မြွေပွေးခါးပိုက်ပိုက်ဆိုတဲ့ စကား ကြားဖူးတယ် မဟုတ်လား၊ သူတို့ကို ယဉ်ကျေး အောင် ဘယ်တော့မှ လုပ်လို့မရဘူး၊ မြွေအလမ္ပာယ်ဆရာ ဆိုတာ မြွေနဲ့ပဲ သေကြတယ်လို့ ဆိုရိုးစကားရှိတယ်၊ သေ ကြတာတွေလည်း ရှိခဲ့ဖူးတယ်။ ဒါကြောင့် မြွေဆရာဟာ စိတ်နှလုံးဖြူစင်ရမယ်၊ အကျင့်သီလ ကောင်းရမယ်၊ ကံ ငါးပါးကို လုံအောင်ထိန်းရမယ်၊ ကံငါးပါးမလုံရင် အနည်း ဆုံး ကံသုံးပါးတော့ လုအောင်ထိန်းရမယ်၊ မြွေဆရာဆို





တာ အမြဲသတိရှိရမယ်၊ အန္တရာယ်နဲ့ ကစားနေတဲ့သူဟာ သေမင်းနဲ့ အမြဲနီးစပ်နေတဲ့သူပဲ၊ နောက်ပြီး မြွေဆရာ ဟာ အမြွေဒုက်မကြိုက်ရဘူး၊ မသိနားမလည်တဲ့ သူ တွေက အလမ္ပာယ်ပြရင် ဒီဆရာ မြွေကိုင်သိပ်ရဲတာပဲ၊ မြွေလည်း အကိုက်ခံရဲတယ်လို့ ချီးမွမ်းကြတယ်၊ ချီးမွမ်းပါများရင် မြွေဆရာဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ငါသိပ်ဟုတ် ပါလား၊ ငါသိပ်တော်ပါလားလို့ ထင်မှတ်သွားကြတယ်၊ မြွေကိုက် ခဏ ခဏ ခံလွန်းရင် သေဖို့ပိုနီးလာတယ်"

သူမ၏စကားကို နားထောင်၍ မိုးဝေက ...

"အစ်မမှာ မြွေဆေးတွေ ဘာတွေ ထိုးထားတာ ရှိမှာပေါ့"

ဟု မေးမြန်းလေရာ သူမက ...

"ငါ ငယ်ငယ်တုန်းက အလမ္ပာယ်သင်ပေးတဲ့ အဘိုးက ဘာဆေးမှ ထိုးမပေးဘူး၊ လက်ဖွဲ့လေးတစ်ခုကိုသာ ဆောင် ထားခိုင်းတယ်၊ ကံငါးပါးကို လုံအောင်ထိန်းခြင်းဟာ မြွေဆရာတွေအတွက် အကောင်းဆုံး အကာအကွယ်ပဲ၊ အနန္တောအနန္တငါးပါးကိုလည်း ရိုသေဖို့လိုတယ်၊ ငါ အရွယ် ရောက်လာတဲ့အချိန်မှာ အဘိုးက သင့်တော်မဲ့ဆေးတွေကို ထိုးပေးတယ်၊ မြွေဆရာတွေဟာ မြွေကိုမသတ်ရဘူး၊ မြွေ



www.burmeseclassic.com

www.burmeseclassic.com



သားမစားရဘူး၊ မြွေနဲ့တူတဲ့ ငါးရှဉ့်ကိုတောင် မစားရဘူး၊ မြွေတစ်ကောင်ကို ဖမ်းမိရင် ခြောက်လခိုင်းမယ်၊ တမ်နှစ်ခိုင်းမယ် ကတိထားရတယ်၊ နှစ်စေ့ရင် သူ့နေရာယူသွားပြီး ပြန်လွှတ်ရတယ်၊ မြွေတွေဟာ လူကိုမကိုက်ချင်ကြဘူး၊ မလွဲသာ မရှောင်သာမှ ကိုက်ကြတယ်၊ လူကိုကိုက်ရင် သူတို့လည်း လူဆိပ်တက်ပြီး သေကြရတာပဲ၊ မသေတောင် ဝေဒနာ အပြင်းအထန် ခံစားရတတ်တယ်၊ ကိုယ်ဝန်ဆောင်တွေကို မြွေကိုက်ရင် ကလေးမမွေးမချင်း မြွေဆိပ်မတက်ဘူး၊ ကိုယ်ဝန်ဆောင်မိန်းမတွေမှာ အဆိမာတ်သိပ်များတယ်။ အဆိကို မြွေဆိပ်မတိုးဘူး။ ဒါကြောင့် ဝက်တွေဟာ မြွေကိုမကြောက်ကြတာပေါ့။ ဝက်ကို မြွေကိုက်ရင် အဆိပ်မတက်ဘူး၊ မြွေဟောက်ဟာ ပါးစောင်တစ်ဖက်မှာ အစွယ်နှစ်ချောင်း သုံးချောင်းပဲရှိတယ်၊ ငန်းမြွေလည်း ဒီလိုပဲ၊ မြွေပွေးကတော့ ပါးစောင်တစ်ဖက်မှာ အစွယ်ခြောက်ချောင်းအထိ ရှိတယ်၊ အစွယ်ဟာ ဝက်စွယ်လို ကောက်ကောက်ကွေ့ကွေ့ရှိတယ်၊ မြွေပွေးနဲ့ မြွေဟောက်ဟာ လူတွေကို ဒုက္ခအပေးဆုံးပဲ၊ မြွေကိုက်ရင် မြွေဟောက်ထက် မြွေပွေးက အဆိပ်ပိုများတယ်”





ဟု ပြောလေရာ မိုးဝေက နားထောင်၍ ...

“ကြောက်စရာပဲနော်”

ဟုမှတ်ချက်ချလေ၏။ မူယာက ခေါင်းညိတ်လျက် ...

“မင်းက ကြောက်စရာဆိုပေမဲ့ တရုတ်နဲ့ ကိုရီးယားတွေက မြွေသားသိပ်ကြိုက်တယ်၊ ကိုရီးယားတွေဆိုရင် ဘို့တွေ ကြက်သား၊ ဝက်သား ငါးတိုင်းစားသလို မြွေသားကိုချက်စားကြတယ်လို့ ကြားဖူးတယ်၊ ဒါပေမဲ့ သူကိုနိုင်ငံမှာ မြွေသားက သိပ်ဈေးကြီးတယ်၊ လူချမ်းသာတွေမှ စားနိုင်တဲ့အစာပဲ၊ မြွေသားစွတ်ပြုတ်ကို နေ့စဉ်မှန်မှန် ဆယ်ရက်ဆက်တိုက် သောက်ရင် စိတ်ဓာတ်တက်ကြွပြီး လန်းလန်းဆန်းဆန်း ဖြစ်လာတယ်၊ အားခွန်ဗလတိုးပြီး ကာမဂုဏ်ကိုလည်း ပွားစေတယ်၊ မြွေသားထဲမှာ ဈေးအကြီးဆုံးက ပိုက်ဆာလို့ခေါ်တဲ့ မြွေဖြူသားပဲ၊ မြွေအားလုံးမှာ တန်ဖိုးအကြီးခုံးပဲ၊ မြွေဖြူသားကို ဆူရုံလေးပြုတ်ပြီးစားရင် ရှူ့ပြည်မှာ အချိန်ပိုပြီး နေရတယ်လို့ ကြားဖူးတယ်၊ မြွေဖြူသားစားတဲ့သူရဲ့အသက်ကို သေမင်းဆီကတောင် ဈေးဆစ်ပေးနိုင်တယ်လို့ အဆိုရှိတယ်”

ဟု ရှင်းလင်းပြလေရာ မိုးဝေက သူမ၏ မြွေနှင့်ပတ်သက်သော ဗဟုသုတများကို တအံ့တသြ နားထောင်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်။ မြွေမင်းသမီးလေး ပြောပြသောပိုက်ဆာဟုခေါ်သည့် မြွေမြွေ သားတစ်ပွဲလျှင် ယနေ့ခေတ် ဒေါ်လာ(၄၀၀၀) မျှပေးရ ကြောင်း ဗဟုသုတအဖြစ် မှတ်သားဖူးပါသည်။

(စာရေးသူ)

မိုးဝေသည် ဆပ်ကပ်နှင့်အတူ လိုက်ပါခဲ့ပြီး သုံးနှစ်ကျော်သောအခါ ဆပ်ကပ်ပညာကို ကျွမ်းကျင်လာခဲ့၏။ ထို့ကြောင့် သူ့အား တိမ်ပျံဆပ်ကပ်ပိုင်ရှင်က တစ်ညလျှင် ငွေတစ်မတ်ပေးလေ၏။

မိုးဝေ၏တာဝန်မှာ သူနှင့်ရွယ်တူ လူငယ်သုံးဦးနှင့်အတူ သံကွင်းဝိုင်းများအတွင်းသို့ ကျွမ်းထိုးပြရခြင်း၊ လူတစ်ဦးနှင့်တစ်ဦးဆင့်၍ ရပ်ပြခြင်း စသည့် အသေးစားပြကွက်များကို ပြသရလေ၏။

သူသည် ဆပ်ကပ်တွင်အလုပ်ရနေသော်လည်း မူယာ၏အလုပ်များကို ကူညီလုပ်ကိုင်ပေးမြဲ ဖြစ်၏။ မူယာကလည်း မိုးဝေအား သံယောဇဉ်တွယ်နေပြီဖြစ်၏။

သူမ၏ လုပ်အားခထဲမှ အင်္ကျီ၊ ပုဆိုး စသော ယောကျ်ားအသုံးအဆောင်များကို မိုးဝေ အတွက် မကြာခဏ ဝယ်ယူလာပေး၏။





မိုးဝေကလည်း မူယာအတွက် ပေါင်ဒါဘူး၊ နှုတ်ခမ်းနီ အစရှိသည့် သူမ နှစ်သက်မည့် ပစ္စည်းများကို ဝယ်ယူလာပေး၏။ တစ်နေ့သ၌ ဆပ်ကပ်ပိုင်ရှင်လူကြီးက မူယာအားခေါ်၍ တစ်စုံတစ်ရာကို တီးတိုးသတိပေးနေသည်ကို မြင်ရ၏။ မူယာသည် ခဏကြာလျှင် မျက်နှာညှိုးငယ်စွာဖြင့် ပြန်လာခဲ့၏။ မူယာ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရှုနေသော မိုးဝေက ...

"ဘာဖြစ်လို့လဲ အစ်မ"

ဟု မေးမြန်းလေရာ မူယာသည် သူ့အားစူးစူးစိုက်စိုက်ကြည့်၍ ...

"နင် ငါနဲ့အတူတူနေလို့ မသင့်တော့ဘူး မိုးဝေ၊ နင်က အရွယ်ရောက်နေပြီ၊ ငါ့ကို မလိုတဲ့သူတွေက ကွယ်ရာမှာ နင်နဲ့ညားနေတယ်လို့ ပြောကုန်ကြပြီ၊ ဒါကြောင့် ဆပ်ကပ်ပိုင်ရှင်က ငါ့ကိုခေါ်ပြီး သတိပေးနေပြီ"

ဟု ပြောလေ၏။ မိုးဝေသည် သူမ၏စကားကြောင့် ရင်ထဲတွင် ဟာတာတာကြီး ဖြစ်သွား၏။ သူသည် မူယာအား အစ်မအရင်းကဲ့သို့ တွယ်တာနေပြီဖြစ်၏။ သူမနှင့်အတူနေလျှင် ပျော်ရွှင်၏။ သူမ၏လိုအပ်ချက်များကို ကူညီနေရခြင်းပင်လျှင် သူ့အတွက် ပြီးပြည့်စုံခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မှုယာက ဆက်လက်၍ ...

"နင် ဒီနေ့ညကစပြီး ကျွမ်းဘားကစားတဲ့ ကောင်လေးတွေနဲ့အတူ သွားအိပ်တော့၊ နောက်လည်း ငါမခေါ်ဘဲနဲ့အနားကိုမလာနဲ့၊ နင် ငါ့အလုပ်တွေ လုပ်ပေးစရာ မလိုတော့ဘူး"

ဟု ပြောဆိုလေရာ မိုးဝေက ခေါင်းခါ၍ ...

"မဟုတ်တာပဲ အစ်မရယ်၊ ကျွန်တော် အဝေးမှာ သွားအိပ်တာတော့ ဟုတ်ပါပြီ။ အစ်မ အလုပ်တွေကိုတော့ ကျွန်တော်အရင်လိုပဲ ကူလုပ်ပေးပါရစေ၊ အစ်မဟာ ကျွန်တော့်အစ်မပဲ၊ အစ်မအလုပ်တွေကို မောင်က လုပ်ပေးတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ အစ်မရဲ့"

ဟု ပြန်လည်ပြောဆိုခဲ့လေ၏။ မှုယာမှာ ငူငူငိုင်ငိုင်ကြီး တွေးတော၍ ကျန်ရစ်ခဲ့ရှာ၏။

မိုးဝေသည် ထိုညမှစ၍ ဆပ်ကပ်သမားများနှင့် သွားရောက်အိပ်စက်ခဲ့လေ၏။ သူသည် ညဥ့်အတော်နက်သည်အထိ အိပ်စက်၍ မပျော်ခဲ့ပေ။

သူနှင့် မှုယာသည် တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းကဲ့သို့ သံယောဇဉ်တွယ်ခဲ့ကြ၏။ ရောက်လာရာမြို့များတွင် စေတီပုထိုးများသို့ အတူတူ သွားရောက်ဖူးမြော်ခဲ့၏။





ထိုစဉ်က သူတို့အားကြည့်၍ တီးတိုးပြောဆိုနေသူများ၏ သဘောကို သူ ရိပ်စားမိချေပြီ။ လူတို့သည် ကိုယ်နှင့်မဆိုင်သော အကြောင်းအရာများကို ဘာကြောင့်များ စိတ်ဝင်စားလေသည်မသိ။

သူသည် ညဥ့်နက်သည်အထိ ထိုအကြောင်းများကို တွေးတောနေပြီး ထိုပြဿနာသည် အိပ်မက်ထဲအထိ လိုက်ပါလာလေ၏။

✻ ○ ✻



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မိုးဝေသည် ပြုမြဲဝတ္တရားအတိုင်း မူယာ၏အနီးသို့သွားကာ ရေနွေးကြိုပေးခြင်း၊ လက်ဖက်ရည်နှင့် မုန့်များ ဝယ်ယူပေးခြင်း အစရှိသည်များကို ပြုလုပ်ပေးလေ၏။ မူယာက ...

"မိုးဝေ ... နင် ငါ့စကားကို နားမထောင်ဘူးလား"

ဟု ပြောလေရာ မိုးဝေက ရယ်မော၍ ...

"အစ်မရယ် ကိုယ်ကောင်းရင် ခေါင်းမရှေ့ပါဘူး၊ ကိုယ့်လိပ်ပြာ ကိုယ်သာအသိဆုံးပါ၊ ပဟ်ဝန်းကျင်ဆိုတာ ဒီလိုပဲပြောမှာပဲ၊ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုတဲ့စကားကို ကြားဖူးတယ်မဟုတ်လား၊ လူဆိုတာ ကိုယ့်ထမင်းကိုယ်ရှာစားရတာ၊ အစ်မကို ချီးမွမ်းနေတဲ့သူတွေဟာ အစ်မထမင်းငတ်ရင် ဘယ်သူမှလာကျွေးမှာမဟုတ်ဘူး၊ မြင်းတစ်ကောင်နဲ့သားအဖနှစ်ယောက် ပုံပြင်ကို အစ်မ ကြားဖူးတယ်





မဟုတ်လား၊ လူဆိုတဲ့သတ္တဝါဟာ ကဲ့ရဲ့စရာရှိရင် ကြံဖန်ကဲ့ရဲ့နေတာ၊ ဒါကြောင့် ဘယ်သူမှ ဂရုစိုက်မနေနဲ့"

ဟု ပြောလေရာ မူယာသည် တွေဝေသွားလေ၏။ ပြီးမှ သူမက ...

"နင် ပြောတော့လည်း ဟုတ်သလိုပဲနော်"

ဟု ရေရွတ်လေရာ မိုးဝေက ဆက်လက်၍ ...

"ဟုတ်သလို မဟုတ်ဘူး အစ်မ၊ ဟုတ်ကိုဟုတ်နေတာ၊ ကျုပ်တို့ကပ္ပိယကြီးက ပြောဖူးတယ်၊ အချို့သောလူတွေဟာ ပတ်ဝန်းကျင်ကို မလိုအပ်ဘဲ ဂရုစိုက်နေတတ်လို့ များစွာသောအခွင့်အရေးတွေ လက်လွှတ်ဆုံးရှုံးဖူးတယ်တဲ့၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေတာလို့ ခဏခဏပြောလေ့ရှိတယ်၊ ဒါပေမဲ့ ဒုက္ခရောက်နေပြီဆိုရင် အဲဒီပတ်ဝန်းကျင်က အကူအညီရတာ မဟုတ်ဘူးတဲ့၊ လောကမှာ အဓိကနဲ့သာမည ပြဿနာကို ခွဲခြားတတ်ဖို့ လိုတယ်တဲ့၊ ပတ်ဝန်းကျင်က အဓိကလား၊ ကိုယ်ရဲ့လိုအင်ဆန္ဒက အဓိကလား ဆိုတာ စဉ်းစားသင့်တယ်တဲ့"

ဟု ပြောလေ၏။ မူယာသည် မိုးဝေ၏စကားများကို နစ်သက်သွားလေ၏။ သူမက ...



www.burmeseclassic.com

www.burmeseclassic.com



"အေး … ဟုတ်တယ်နော်၊ မလိုတမာပြောတဲ့သူတွေကြောင့် တို့မောင်နှမ ကွဲကွာတော့မလို့၊ သိသိလေးလိုတော့တယ်၊ အစ်မလည်း မောင်လေးနဲ့ မခွဲနိုင်ပါဘူး၊ ညကဆို တစ်ညလုံး အိပ်လို့မပျော်ဘူး၊ ငါ့မောင် ဘုန်းကြီးကျောင်းသားကဒါမျိုးတော့ စဉ်းစားတတ်သားပဲ"

ဟု ချီးမွမ်းလေ၏။ မိုးဝေက ရယ်မော၍ …

"အဲဒါ ကျုပ်ကို အမြဲဆုံးမလေ့ရှိတဲ့ ကပ္ပိယကြီးရဲ့ကျေးဇူးပဲ"

ဟု ပြောလေ၏။ ထိုနေ့မှစ၍ မိုးဝေတို့နှစ်ဦးသည် ဖြူစင်သန့်ရှင်းစွာဖြင့် တပူးပူး တတွဲတွဲ နေထိုင်ခဲ့လေ၏။ ညအိပ်သောအခါ၌မူ မိုးဝေက ကျွမ်းဘားကစားသော လူငယ်များနှင့် သွားရောက်အိပ်စက်လေ၏။ သူသည် အရွယ်ရောက်လာပြီမဟုတ်ပါလား။

* ○ *





တစ်နေ့သ၌ တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးသို့ ဂျော်နီဆိုသော ဆပ်ကပ်အဖွဲ့သားတစ်ဦး ရောက်ရှိလာလေ၏။ ဂျော်နီသည် အခြားသော နာမည်ကြီးဆပ်ကပ်အဖွဲ့မှဖြစ်ပြီး ကောင်းကင်ဘားကျွမ်းကျင်စွာ ကစားတတ်သူဖြစ်၏။ တိမ်ပျံဆပ်ကပ်အဖွဲ့တွင် ကောင်းကင်ဘား မရှိသဖြင့် ဆပ်ကပ်ပိုင်ရှင်က မိုးဝေနှင့် လူငယ်တစ်စုအား ဂျော်နီထံတွင် သင်ကြားစေ၏။ ဂျော်နီသည် ဘိုကပြား၊ တစ်ယောက်ဖြစ်ပြီး အရပ်ရှည်၍ ကိုယ်လုံးကိုယ်ထည် တောင့်တင်းသူဖြစ်၏။

သူသည် မိုးဝေနှင့် လူငယ်တစ်စုအား ကောင်းကင်ဘားကစားနိုင်ရန် စတင်လေ့ကျင့်ပေးလေ၏။ ကောင်းကင်ဘားကစားခြင်းသည် လွန်စွာအန္တရာယ်များသော ကစားနည်းဖြစ်လေရာ မိုးဝေတို့သည် ကြိုးစားပမ်းစား လေ့ကျင့်ရလေ၏။

ဂျော်နီသည် မိုးဝေတို့လူငယ်များအား ပြင်းထန်စွာ လေ့ကျင့်ပေးလေ၏။ တစ်နေ့ကုန် အနားမယူစေဘဲ ခိုင်းစေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မိုးဝေတို့မှာ ပင်ပန်းဆင်းရဲကြီးစွာ ဖြစ်ကြရလေ၏။ ကျော်နီက ...

"ယောကောင်တွေ ... မင်းတို့ ယောကျ်ားဖြစ်ပြီး ပျော့လှချည်လား၊ မပိုင်ဘဲ ကောင်းကင်ဘားကစားရင် သေသွားမယ်၊ ဘာမှတ်သလဲ"

ဟု ကြိမ်းမောင်းလေ၏။ ထိုအခြင်းအရာကိုကြည့်၍ ဆပ်ကပ်ပိုင်ရှင်လူဝကြီးမှာ ကျော်နီကို သဘောအကျကြီးကျနေလေ၏။ မိုးဝေ၏စိတ်ထဲတွင်မူ ကျော်နီသည် သနားညှာတာခြင်းကင်းပြီး ကိုယ်ချင်းမစာနာတတ်သူဟု ထင်မြင်နေမိ၏။ ထို့မှုမက ကျော်နီသည် တစ်ကိုယ်ကောင်းဆန်သူတစ်ဦးဖြစ်ကြောင်း ကောင်းကင်ဘားကစားသောအခါ သိသာထင်ရှားလာ၏။

သူသည် ပရိသတ်များသဘောကျ၍ လက်ခုပ်လက်ဝါးတီးမည့်အကွက်များကို သူတစ်ယောက်တည်းသာ ပြသလေ၏။ မိုးဝေတို့လူငယ်တစ်စုမှာ သူ၏အဖြည့်ခံသက်သက်သာဖြစ်နေ၏။

ကောင်းကင်ဘားကစားသောအခါ ဝတ်ဆင်မည့်အဝတ်အစားကိုပင် သူ့စိတ်ကြိုက် ရွေးချယ်လေ၏။ မိုးဝေတို့အား နွမ်းနွမ်းပါးပါးနှင့် အရောင်မှိန်သော အဝတ်အစားများကို ဝတ်ဆင်စေပြီး သူကိုယ်တိုင်ကမူ ငွေရောင်တလက်လက်တောက်ပနေသော ဝတ်စုံကို ဝတ်ဆင်လေ၏။





ကောင်းကင်ဘားပြမည့် အစီအစဉ်ကိုပင် အများမျှော်လင့်တောင့်တနေတဲ့ "ငွေမင်းသားလေးကျော်နီရဲ့ ကောင်းကင်ဘားပြကွက်များ စတင်ပါတော့မယ်"ဟု ကြော်ငြာစေ၏။ မိုးဝေတို့လူငယ်တစ်စုမှာမူ ပရိသတ် ပွဲမကျလောက်သော သာမန်ပြကွက်များနှင့်သာ တင်းတိမ်ရလေ၏။ မည်သို့ပင်ဖြစ်စေ ကျော်နီ၏ ကောင်းကင်ဘားအစီအစဉ်ကို ပရိသတ်နှစ်ခြိုက်သောကြောင့် ဆပ်ကပ်ပိုင်ရှင်လူဝကြီးသည် ၎င်းအား မျက်နှာသာပေးထားလေ၏။

ဤသို့ဖြင့် တိမ်ပုံဆပ်ကပ်အဖွဲ့ကြီးတွင် ကျော်နီသည် မိုးကျရွှေကိုယ်တော် ဖြစ်လာလေ၏။

ကျော်နီသည် မိမိကိုယ်မိမိ တသသလုပ်၍နေတတ်၏။

ဘိုကပြားဖြစ်သောကြောင့် အရုပ်အမောင်းကောင်းပြီး မိန်းမများ မက်လောက်သော ရုပ်ရည်ရှိ၏။ ထို့ကြောင့်ပင် မူယာက ကျော်နီကို သဘောကျချင်သလိုလိုရှိ၏။ မူယာ၏နှုတ်က ကျော်နီကို ချီးမွမ်းခန်းဖွင့်သောစကားများ မကြာခဏကြားနေရ၏။

ဏာပွိုယကြီးပြောဖူးသော စကားရှိ၏။

"မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားနေပြီ ဆိုရင် အဲဒီယောကျ်ားအကြောင်းကို မကြာခဏ ပြောနေတတ်တယ်ကွ၊ အခွင့်မသာလို့ ပြောခွင့်မရဘူးဆိုရင်တောင် နေမထိထိုင်မသာ ဖြစ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်လေ၏။ မိုးဝေသည် မူယာ၏ ကျော်နို ချီးမွမ်းခန်းများကို နားကြားပြင်းကတ်သည်နှင့် ...

"ကျော်နိုဟာ တစ်ကိုယ်ကောင်းသမားဗျ၊ ကောင်းကင်ဘား ပြကွက်ကို သူတစ်ယောက်တည်း မောင်ပိုင်စီးထားတာ ကြည့်၊ သနားညှာတာစိတ်လည်းမရှိဘူး၊ ကျွန်တော်တို့ကို ကောင်းကင်ဘားသင်တုန်းကများ ရက်ရက်စက်စက် ခိုင်းလိုက်တာဗျာ၊ နောက်ပြီး ကျော်နိုကိုကြည့်၊ ယောကျာ်းတန်မဲ့ သူ့ကိုယ်သူ တသသလုပ်နေတယ်၊ ဒီလိုယောကျာ်းမျိုးဟာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတယ်လို့ ကပ္ပိယကြီးက ပြောဖူးတယ်၊ အစ်မ ဒီလိုလူမျိုးကို စိတ်ဝင်စားဖို့မကြိုးစားပါနဲ့"

ဟု ပြောဆိုလေရာ မူယာသည် မျက်စိမျက်နှာပျက်သွားလေ၏။ မည်မျှပင် အသိဉာဏ်ကြီးသော ပုဂ္ဂိုလ်ဖြစ်စေကာမူ အချစ်နှင့်ပတ်သက်လျှင် ရူးသွပ်မြဲဖြစ်သည်ဟူသော စကားသည် မှန်သည်ထင်၏။ မူယာသည် မိုးဝေ၏စကားများကို လစ်လျူရှု၍ နေ၏။

ကျော်နိုသည် ထမင်းစားချိန်ရောက်လျှင် ရောက်လေရာမြို့မှ စားသောက်ဖွယ်များကို ဝယ်ယူ၍ မူယာနှင့်အတူစားလေ့ရှိ၏။ သူသည် မိုးဝေအား မူယာ၏ အခိုင်းအစေ တစ်ဦးမျှသာ





သဘောထားပုံရ၏။ မိုးဝေကိုတွေ့တိုင်း မောက်မောက်မာမာ ဆက်ဆံလေ့ရှိ၏။

တစ်နေ့သ၌ မိုးဝေနှင့်မူယာ ထမင်းစားနေခိုက်တွင် ကျော်နိုရောက်လာပြီး ...

"ဟော့ကောင် တစ်နေ့ရာ သွားစားစမ်းကွာ၊ ငါနဲ့မူယာ အတူစားမလို့၊ ဒီမှာ မူယာကြိုက်တဲ့ ဂုန်းဘောင်ကြီးကြော် ဝယ်လာတယ်"

ဟု ပြောလေ၏။ မူယာသည် မျက်နှာပျက်သွားသော်လည်း မသိကျိုးကျွန်ပြု၍နေ၏။

မိုးဝေသည် ရင်ထဲတွင် နာကျင်သွားလေ၏။

မူယာအား အချစ်နတ်ဆိုး ဖမ်းစားလေပြီထင်၏။

တစ်နေ့တွင်မူ မူယာက ...

"မိုးဝေ ... ငါ့ကို အစ်ကိုကျော်နိုက ချစ်ခွင့်ပန်တယ်"

ဟု ပြောလေ၏။ မိုးဝေက ခေါင်းညိတ်၍ ...

"အစ်မ ဘယ်လိုသဘောထားမလဲ"

ဟု အဖြေသိသော မေးခွန်းကို မေးလေ၏။

မူယာက ရှက်ရှက်ပြုံးပြုံး၍ ...

"ဆပ်ကပ်ထဲကလူတွေက ငါနဲ့အစ်ကိုကျော်နို သိပ်လိုက်တယ်လို့ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ မိုးဝေက ...

"အစ်မ သူ့ကို လက်ခံဖို့ စဉ်းစားပြီးပြီပေါ့"

ဟု မေးမြန်းလေရာ မှုယာက ...

"နင့်ကို တိုင်ပင်တာပါ"

ဟု ပြောလေ၏။ မိုးဝေက သက်ပြင်းချ၏။

"ဆုံးဖြတ်ပြီးမှ တိုင်ပင်လည်း မထူးတော့ပါဘူး၊ ကျွန်တော့် သဘောပြောရရင်တော့ ကျော်နိုကို လုံးဝသဘောမကျဘူး"

ဟု ပြောလေ၏။ မှုယာကတော့ ...

မိုးဝေသည် မည်သည့်စကားကိုမျှ မဆိုတော့ဘဲ မှုယာ့အနားမှ ထွက်ခဲ့လေ၏။

သူသည် မှုယာအား အစ်မအရင်းကဲ့သို့ သဘောထားသဖြင့် ကျော်နိုနှင့် သဘောမတူချင်ဘဲရှိနေ၏။ သို့သော် သူ ဘာ တတ်နိုင်မည်နည်း။

အချစ်ဟူသည် မျက်စိမရှိဟူသော စကားရှိသည် မဟုတ်ပါလား။

မှုယာနှင့်ခွဲရတော့မည်ဟု သေချာသောအခါ သူ့ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်မျိုးဖြစ်ပေါ်လာ၏။

* ○ *





တစ်ညသည်၌ မိုးဝေနှင့်အတူ ကောင်ကင်ဘားကစားသော မောင်အေး ဆိုသော လူငယ်လေးမှာ ကိုယ်ပူ၍ အဖျားတက်နေရှာ၏။ မိုးဝေက မောင်အေးကိုကြည့်၍ ...

"မောင်အေးရယ် ... နေမကောင်းရင်လည်း ဒီည မကစားဘဲနေကွာ၊ အန္တရာယ်ရှိတယ်"

ဟု တားဆီးလေရာ မောင်အေးက ခေါင်းညိတ်၍...

"ငါလည်း မကစားချင်ဘူးကွာ၊ ခေါင်းထဲမှာမူးနေတယ်၊ ဒါပေမဲ့ မကစားဘူးပြောရင် ကိုကျော်နိုက လက်ခံမှာမဟုတ်ဘူး"

ဟု ပြောလေ၏။ မောင်အေး ထင်သည့်အတိုင်း ကျော်နိုက လက်သင့်မခံဘဲ ရှိနေ၏။

ယနေ့ညသည် ပဲခူးရွှေမော်ဓောဘုရားကြီးတွင် ပြသမည့်ပွဲဖြစ်သဖြင့် ကျော်နိုသည် လွန်စွာစိတ်အားထက်သန်နေ၏။ မောင်အေးကို အတင်းအကျပ်ပင် ကစားခိုင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညသို့ရောက်သောအခါ ကောင်းကင်ဘားပြကွက်များပြသပြီးမကြာမီတွင် မောင်အေးသည် လက်ချော်ပြီး အောက်တွင်ခံထားသော ပုံက်ကွန်ပေါ်သို့ ပြုတ်ကျလေ၏။ ကံကောင်း၍ အသက်မသေခြင်းဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ပိုက်ကွန်မှာ လုံခြုံစိတ်ချရသောအမျိုးအစားမဟုတ်ဘဲ ဟန်ပြလုပ်ထားသော ပိုက်ကွန်ဖြစ်နေ၏။ ဂျော်နီသည် ကောင်းကင်ဘားပြကွက်ပြီးသောအခါ စင်ပေါ်မှ ဒေါနှင့် မောနှင့် ဆင်းလာပြီးလျှင် အဖျားတက်နေသော မောင်အေး၏ပါးကို ဖြန်းခနဲမြည်အောင်ရိုက်၍ ...

"အသုံးမကျတဲ့ကောင်၊ မင်းကြောင့် ပရိသတ်တွေအလယ်မှာ အရှက်ကွဲရပြီ"

ဟုဆိုကာ ခြေထောက်နှင့်ကန်ပြန်၏။ မိုးဝေသည် အနိုင်ကျင့်လွန်းသော ဂျော်နီကိုကြည့်၍ မခံမရပ်နိုင်လွန်းသဖြင့် ...

"သေချင်းဆိုးကြီး"

ဟု အော်ဟစ်ကာ အနီးရှိ နှစ်ဘစ်လက်မတုတ်ဖြင့် ဂျော်နီ၏ခေါင်းအား ခွပ်ခနဲမြည်အောင် ရိုက်ချလိုက်လေ၏။

ဂျော်နီသည် ခန္ဓာကိုယ်တောင့်တင်းသူ ဖြစ်သဖြင့် တစ်ပြိုင်တည်း လဲကျမသွားဘဲ မိုးဝေကို ထိုးကြိတ်ရန် ကြိုးစားစဉ်





အနီးရှိလူများက ဝိုင်းဆွဲထားသဖြင့် ရန်ပွဲမှာ ရပ်တန့်သွားလေ၏။ ဂျော်နီက ...

"ဟောကောင်လေး ... မင်း ထမင်းဝဝ စားထားပေတော့"

ဟု ကြိမ်းမောင်းလေ၏။ မိုးဝေကလည်း ...

"ခင်ဗျား ဒီထက်နာမယ်"

ဟု ပြန်လည်ကြုံးဝါးလေ၏။

မူယာသည် ရန်ပွဲနှင့်ပတ်သက်၍ ဝေဖန်ခြင်းမရှိဘဲ နှုတ်ဆိတ်၍သာနေ၏။ မိုးဝေကိုမူ ကျေနပ်ပုံမရပေ။ သူ၏ချစ်သူအား ခေါင်းကွဲအောင် ရိုက်နှက်လိုက်သည်မဟုတ်ပါလား။

ဤပြဿနာသည် ထိုမျှနှင့် ပြီးမသွားပေ။ ဆပ်ကပ်တွင် မိုးကျရွှေကိုယ်တော်ဖြစ်နေသော ဂျော်နီက ဆပ်ကပ်ပိုင်ရှင်အား ...

"ဒီဆပ်ကပ်မှာ မိုးဝေရှိနေသမျှ ကောင်းကင်ဘားမကစားတော့ဘူး"

ဟု အကျပ်ကိုင်လေ၏။ ဂျော်နီ၏အကြံမှာ မိုးဝေအား ဆပ်ကပ်အဖွဲ့မှ လွင့်ထွက်သွားအောင် ကြံစည်ခြင်းဖြစ်၏။

ဂျော်နီ၏ အစီအစဉ်ကို မူယာက ဘားမြစ်ရန်ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ နောက်ဆုံးတွင် ဆပ်ကပ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်လူဝကြီးက မိုးဝေအား ကောင်းကင်ဘားကစားခြင်းမှ ရပ်စဲလိုက်၏။

ထိုနေ့မှစ၍ မိုးဝေသည် ကောင်းကင်ဘားမကစားရတော့ဘဲ ဆပ်ကပ်ထဲတွင် မထင်မရှားအခန်းမှ ပါဝင်လာရ၏။ မိုးဝေသည် တိမ်ပျံဆပ်ကပ်ကြီးတွင် မပျော်ရွှင်တော့ပေ။

ဆပ်ကပ်အဖွဲ့သူအဖွဲ့သား အများစုသည် မိုးဝေဘက်မှ မခံချင်ကြသော်လည်း ဆပ်ကပ်ပိုင်ရှင်လူဝကြီးကို နှုတ်လှန်မထိုးဝံ့ကြပေ။ မူယာကမူ မိုးဝေအား မကြာခဏ အားပေးရှာ၏။ သူမသည် ချစ်သူနှင့် မောင်အကြား ဗျာများနေပုံရ၏။

မိုးဝေသည် ဆပ်ကပ်အဖွဲ့တွင် မပျော်ရွှင်တော့သည်နှင့် ရောက်လေရာမြို့များတွင် လည်ပတ်နေသည်က များလေ၏။

ရွာမှထွက်ခွာလာသည်မှာ လေးနှ ်နှီးပါး ရှိချေပြီ။

ဆရာတော်ကြီးနှင့်ရွာမှ သူငယ်များကို သတိတရရှိနေမိ၏။

* ○ *





တစ်နေ့သ၌မိုးဝေသည် လွန်စွာထူဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေ၏။ ထိုအိပ်မက်မှာ သူ၏ အိပ်မက်ထဲသို့ ရေးဆန်သောအဝတ်အစားများ ဝတ်ဆင်ထားသော အမျိုးသမီးကြီးတစ်ဦး ရောက်ရှိလာပြီးလျှင် ...

"ငါ့သားလေး စိတ်မကောင်းဖြစ်နေပြီလား၊ သားကိုကြည့်ရတာ အမေ့ရင်ထဲမှာ မချိပါဘူးကွယ်"

ဟု ဝမ်းနည်းဟန်ဖြင့် ပြောဆိုလေရာ မိုးဝေအံ့သြသွားပြီး ...

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ကို ဘာလို့ သားလို့ခေါ်တာလဲ"

ဟု မေးမြန်းလေ၏။ အမျိုးသမီးကြီးက မျက်ရည်ဝဲသွားပြီး ...

"ဩော် ... သားက ဘဝခြားသွားပြီမို့ အမေ့ကို ဘယ်မှတ်မိတော့မလဲ၊ အမေက သားရဲ့ အရင်ဘဝက အမေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ မိုးဝေက ခေါင်းခါ၍ ...

"မဖြစ်နိုင်တာဗျာ"

ဟု ငြင်းဆန်လေရာ အမျိုးသမီးကြီးက ...

"သားက မမှတ်မိပေမယ့် အမေကတော့ သားကိုမှတ်မိ တယ်၊ သားဟာ အရင်ဘဝတုန်းက မနက်စောစော အိ ရာနိုးရင် ကောက်ညှင်းပေါင်းအားရမှကျေနပ်တယ်၊ ထမင်း စားရင်လည်း မျှစ်ချဉ်နဲ့ဝက်သားချက်တဲ့နေ့ဆို ခေါင်းမဖော် တမ်းစားတာပဲ၊ မုဆိုးဆိုရင်လည်း အမွှက်စိပ်မှကြိုက်တယ် အင်္ကျီကတော့ ပင်နီအင်္ကျီကို မချွတ်တမ်း ဝတ်လေ့ရှိတယ်"

ဟု ပြောပြန်၏။ မိုးဝေက တစ်ဖန် ...

"ခင်ဗျားပြောတာတွေ ကျုပ် တစ်ခုမှ မသိဘူးဗျာ"

ဟု ပြောလေရာ အမျိုးသမီးကြီးက ...

"ဒါဆိုရင်လည်း ထားပါတော့ သားရယ်၊ သား မှသိ အမေက အပြစ်မဆိုပါဘူး၊ ဘဝချင်းက ခြားသွားပြီကိုး ဒီလက်စွပ်ကလေးကိုကြည့်စမ်း သား၊ အလှအပကြိုက် ငါ့သားလေးအတွက် အမေရည်စူးပြီးလုပ်ထားတာ၊ သား မပေးရသေးခင် သားက ဘဝပြောင်းသွားလို့ အမေ မပေး လိုက်ရဘူး၊ ဒါကြောင့် ဒီလက်စွပ်ကလေးကို ငါ့သားယူ နော်"





ဟု လှမ်းပေးလေရာ မိုးဝေက ခေါင်းခါ၍ ...

"ဟာဗျာ မယူဘူး၊ မယူဘူး၊ ခင်ဗျား ဘာတွေပြောနေတာ လဲ"

"ကျုပ် သူတစ်ပါးပစ္စည်းကို အလကားဘယ်တော့မှ မယူ ဘူး"

ဟု အကြောက်အကန် ငြင်းဆန်လေရာ အမျိုးသမီး ကြီးသည် မျက်နှာညှိုးငယ်စွာဖြင့် ပြန်ထွက်သွားလေ၏။ နောက်ည များတွင်လည်း ထိုအိပ်မက်မျိုးနှင့် ခပ်ဆင်ဆင်တူသော အိပ်မက် များကို နေ့စဉ်ရက်ဆက်မက်နေလေ၏။ အိပ်မက်ထဲက အမျိုးသမီး ကြီးသည် သူ့အား ပတ္တမြားလက်စွပ်တစ်ကွင်းကို အမြဲပေးနေပြီး မိုးဝေကလည်း အမြဲပင် ငြင်းဆန်နေလေ၏။

နောက်ညများတွင် အမျိုးသမီးကြီး၏အနောက်မှ ခယို့ယို့ရပ်နေသော အစေအပါးဖြစ်ဟန်တူသူ လူကြီးတစ်ဦးကို ပါ မြင်တွေ့ရလေ၏။ ထိုလူကြီးကမူ မိုးဝေအား စကားပြောဆို ခြင်းမရှိပေ။

မိုးဝေသည် သူ၏ထူးဆန်းသောအိပ်မက်အကြောင်း ကို မည်သူ့ကိုမျှပြောမပြဝံ့ဘဲ အဖြေရှာမရဖြစ်နေရှာ၏။ ထိုအိပ်မက် သည် ယခင်မက်ခဲ့ဖူးသော အိပ်မက်များနှင့်မတူဘဲ ပီသထင်ရှား လွန်းသဖြင့် မတွေးတတ်အောင်ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲက အမေဆိုသော အမျိုးသမီးကြီးသည် မိုးဝေ ပတ္တမြားလက်စွပ်ကို လက်မခံမချင်း ခွဲလွှဲမည့်ပုံမရပေ။ ပတ္တမြားလက်စွပ်ကို လက်ခံမည်ဟု ခေါင်းညိတ်လိုက်လျှင် အိပ်မက်ထဲသို့ လာရောက်နှောင့်ယှက်တော့မည်မထင်ပေ။ ထို့ကြောင့် အိပ်မက်ထဲတွင် အမျိုးသမီးကြီးနှင့် တွေ့သောအခါ မိုးဝေက —

"ခင်ဗျားပေးတဲ့လက်စွပ်ကို ကျုပ် ယူမယ်ဆိုရင် ကျုပ်ကို ခင်ဗျား နှောင့်ယှက်ဦးမှာလား"

ဟု မေးမြန်းလေရာ အမျိုးသမီးကြီး၏မျက်နှာ ဝင်းပသွားပြီး ...

"မနှောင့်ယှက်ပါဘူး သားရယ်၊ သားက လက်ခံမယ်ဆို သာ ကတိပေးလိုက်ပါ၊ အမေ နောက်ဘယ်တော့မှ မလာ တော့ပါဘူး၊ အမေ သားနဲ့လာတွေ့နေတာလည်း သား နှောင့်ယှက်ဖို့မဟုတ်ပါဘူး၊ သားအတွက် ရည်စူးပြီးလု ထားတဲ့ လက်စွပ်ကို ပေးချင်လွန်းလို့ပါ"

ဟု ပြောလေ၏။ မိုးဝေက ခေါင်းညိတ်၍ ...

"ဒါဆိုရင်လည်းပေးဗျာ၊ ကျုပ် လက်စွပ်ကို လက်ခံမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ အမျိုးသမီးကြီး၏ မျက်နှာ ဝင်းပကြည်လင်သွားပြီး ...





"မကြာမီ သားလက်ထဲကို လက်စွပ်ရောက်အောင်ပို့ပေး လိုက်မယ်၊ ငါ့သား လက်ခံလို့ ဝမ်းသာလိုက်တာ"

ဟု ပြောဆိုကာ မိုးဝေ၏မြင်ကွင်းရှေ့မှ ပျောက်ကွယ်သွားလေ၏။

ထိုညမှစ၍ မိုးဝေ၏အိပ်မက်ထဲသို့ အမျိုးသမီးကြီး ရောက်မလာတော့သဖြင့် သူ ကျေနပ်သွားလေ၏။

"ဒီလိုမှန်းသိရင် အစကတည်းက ပတ္တမြားလက်စွပ်ကိုယူ မယ်လို့ပြောလိုက်ရင်ပြီးရော၊ ငါ့နှယ်နော် ... အ,လိုက်တာ"

ဟု တစ်ဦးတည်း တွေးတောနေမိလေ၏။ နောက် တစ်နေ့နံနက်သို့ ရောက်သောအခါ မိုးဝေအား ရွာမှခေါ်လာသော မီးဆရာဦးဖိုးသာကြီး ရောက်လာပြီးလျှင် ...

"မိုးဝေရေ မင်းဝမ်းသာတော့၊ ငါတို့ရွာဘုရားပွဲမှာ ဆက်ကပ် သွားပြရမယ်"

ဟု ပြောဆိုလေရာ မိုးဝေလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီးလျှင် ...

"ဝမ်းသာလိုက်တာဗျာ၊ ကျုပ်လည်း ဒီရက်ပိုင်းမှာ ရွာကို ခဏခဏသတိရနေတာနဲ့ အတော်ပဲ၊ ဆရာတော်ကြီးကို လည်း ဖူးရမယ်၊ ရွာကအရင်းတစ်ယောက်ကဲ့သို့ ဗျာ ရမယ်" ငံအောင် ချစ်မြတ်နိုးလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။ တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးသည် ဦးဖိုးသာကြီး ပြောသည့်အတိုင်း မိုးဝေတို့ရွာဘုရားပွဲသို့ ကပြရန် သွားလေ၏။

တိမ်ပျံဆပ်ကပ်အဖွဲ့သည် မြို့နှင့်အလှမ်းဝေးသော ရွာဘုရားပွဲသို့ ကပြလေ့ မရှိပေ။

မိုးဝေတို့ရွာမှာမူ မြို့နှင့်နီးပြီး အတော်အတန်ကောင်းမွန်သော လှည်းလမ်းရှိသဖြင့် ကပြခြင်းဖြစ်၏။ ရွာသို့ ဆပ်ကပ်အဖွဲ့ဝင်များ လိုက်ပါလာသော လော်ရီကားကြီး ဝင်ရောက်လာလေရာ ရွာလုံးကျွတ်ထွက်၍ ကြည့်ရှုကြ၏။

တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးတွင် မိုးဝေ ပါမည်ဆိုသဖြင့် ပို၍ စိတ်ဝင်စားခြင်းဖြစ်တန်ရာ၏။ မိုးဝေသည် ရွာအဝင်လမ်းသို့ ရောက်သောအခါ ကားပေါ်မှခုန်ဆင်း၍ သူ၏သူငယ်ချင်းများဖြစ်သော ခွေးနီနှင့် ဉာဏ်ထွန်းအား ပြေး၍ဖက်ပွေ့လေ၏။

ခွေးနီက ...

"ဟေ့ကောင် မိုးဝေ၊ မင်းရဲ့ပညာစွမ်းကို ပြပါဦး"

ဟု တောင်းဆိုလေရာ မိုးဝေက ရွာအဝင်လမ်းမကြီး

ဟု ပြောလိုက်လေ့ိုးပြလေရာ ရွာသူရွာသားများ မျက်နှာ ဝင်းပကြည့်လင်သွားပြီ၏။





ရွာ၏တစ်ဖက် ကွင်းပြင်ကြီးသို့ ရောက်သောအခါ ဆပ်ကပ်ရုံဆောက်ရန် နေရာရွေးချယ်လေ၏။ ကွင်းပြင်ကြီးတစ်ဖက်တွင် ဆယ်နှစ်ပွဲဈေးသည်များ၊ အခြားရွာများမှ ဘုရားပွဲလာသူတို့၏ လှည်းဝိုင်းကြီးများဖြင့် စည်ကားနေလေ၏။

မိုးဝေသည် ဆရာတော်ကြီးကို သွားရောက်ဖူးမြော်ကန်တော့လေ၏။ ဆရာတော်ကြီးသည် မိုးဝေကိုကြည့်၍ နှစ်ထောင်းအားရတော်မူလေ၏။ ကပ္ပိယကြီးက ...

"လျှောက်မယ့် လျှောက်လည်း အဆုံးထိရောက်အောင် လျှောက် မိုးဝေ၊ ဟိုမရောက်ဒီမရောက်နေရာမှာ ရပ်မနေနဲ့"

ဟု ပြောလေ၏။ မိုးဝေသည် ရွာသို့ရောက်တုန်း ရောက်ခိုက် တစ်အိမ်တက်ဆင်း လှည့်လည်နေလေ၏။

သူ၏သူငယ်ချင်းများဖြစ်သော ဉာဏ်ထွန်း၊ ခွေးနီ၊ ထိန်လင်းတို့နှင့် ဆယ်နှစ်ပွဲဈေးတန်းများတွင် ပျော်ပါးရင်း စိတ်မချမ်းမြေ့ဖွယ်ရာများကို မေ့လျော့ထားလေ၏။

သူသည် တပူးပူးတတွဲတွဲ သွားလာနေသော ကျော်နီတို့စုံတွဲကိုမြင်တိုင်း ရင်ထဲတွင် နာကျင်သွားလေ၏။ မူယာသည် သူ၏ရန်သူဖြစ်သော ကျော်နီနှင့်မှ တွဲသွားရက်၏။

သူ့မှာမူ အစ်မအရင်းတစ်ယောက်ကဲ့သို့ မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်မြတ်နိုးလှ၏။



www.burmeseclassic.com

www.burmeseclassic.com



တိမ်ပျံဆပ်ကပ်အဖွဲ့ကြီး စတင်ပြသမည့်နေ့တွင် မိုးဝေ နေရာတွင် အစားဝင်၍ ကောင်းကင်ဘားကစားနေသော မောင်ဦး ဆိုသူသည် လေ့ကျင့်ရင်း လက်ကျိုးသွားသဖြင့် ဆပ်ကပ်ပိုင်ရှင် လူဝကြီးသည် လွန်စွာထိတ်လန့်သွားလေ၏။

တိမ်ပျံဆပ်ကပ်အဖွဲ့တွင် ကောင်းကင်ဘားပါဝင်မည်ဟု ကတိပြုထားသဖြင့် ကောင်းကင်ဘား မပြနိုင်လျှင် အခက်တွေ့ပေရော့မည်။ သူသည် မိုးဝေအား ကောင်းကင်ဘား ပြန်ကစားခိုင်းရန်သာရှိတော့၏။

သို့သော် ကောင်းကင်ဘားကစားရာတွင် တစ်ဦးနှင့်တစ်ဦး သင့်မြတ်ဖို့ အလွန်အရေးပါ၏။

မိုးဝေနှင့် ကျော်နီသည် တစ်ဦးနှင့်တစ်ဦး ရန်သူတော်ကြီးများသဖွယ် မုန်းတီးရွံရှာနေကြ၏။

ဤသူနှစ်ဦးကို သင့်မြတ်ရန်ခိုင်းစေဖို့မှာ ခက်လှပါဘိ။ မည်သို့ပင်ဖြစ်စေ တိမ်ပျံဆပ်ကပ်အဖွဲ့ကြီး၏ နာမည်ကို မထိခိုက်စေ၍ မိုးဝေနှင့် ကျော်နီကို ကောင်းကင်ဘားကစားခိုင်းမည်ဟု ဆုံးဖြတ်လိုက်၏။

တိမ်ပျံဆပ်ကပ်အဖွဲ့ကြီး၏ နာမည်ထိခိုက်လျှင် ရောက်လေရာမြို့များတွင် မယားငယ်တစ်ယောက်စီ ယူလေ့ရှိသော





သူ့အတွက် အခက်တွေ့ပေရော့မည်။ ထို့ကြောင့် မိုးဝေနှင့် ကျော်နီကို အခေါ်လွှတ်လိုက်ပြီး ...

"ဒီနေ့ဘုရားပွဲမှာ မင်းတို့နှစ်ယောက်တွဲပြီး ကောင်းကင်ဘားကစားရမယ်၊ ကောင်းကင်ဘားကို ဖျက်လို့တော့မဖြစ်ဘူး၊ ဆပ်ကပ်နာမည်ပျက်သွားမယ်၊ ဒီတော့ မင်းတို့နှစ်ယောက် အာဃာတတွေကို မေ့ထားလိုက်၊ တစ်ယောက်နဲ့တစ်ယောက် စည်းစည်းလုံးလုံး ရှိစေချင်တယ်"

ဟု ပြောလေရာ မိုးဝေက ...

"မောင်ဦးခြေထောက်ပြန်ကောင်းသွားရင် ကျုပ်က ကောင်းကင်ဘား မကစားရတော့ဘူးလား"

ဟု မေးမြန်းလေ၏။ လူဝကြီးက ရယ်မော၍ ...

"မင်းတို့နှစ်ယောက် တစ်လှည့်စီ ကစားပေါ့ကွာ"

ဟုပြောလေ၏။ မိုးဝေသည် ကောင်းကင်ဘားကစားရတော့မည်ဟု သိရသဖြင့် လွန်စွာပျော်ရွှင်သွားလေ၏။

သူတို့ရွာဘုရားပွဲတွင် သူ၏အစွမ်းကို ပြရပေတော့မည်။ ကျော်နီကမူ ဆပ်ကပ်ပိုင်ရှင်လူဝကြီး၏ အစီအစဉ်ကို သဘောကျဟန်မရှိပေ။ သူသည် မိုးဝေအား ကောင်းကင်ဘားကစားစေချင်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေ ကောင်းကင်ဘားကစားမည် ဆိုသောအခါ မှုယာက ...

"မောင်လေးရယ် ရပ်လက်စနဲ့ ရပ်ထားလိုက်ပါတော့ကွယ်၊ မင်းကို အစ်မ စိတ်မချဘူး"

ဟု တောင်းပန်လေ၏။ မိုးဝေက ရယ်မော၍ ...

"စိတ်ချစမ်းပါ အစ်မရယ်၊ ကျွန်တော့်ကိုယ် ကျွန်တော် ယုံပြီးသားပါ၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

ဟု ပြောဆိုလေ၏။ မှုယာက ခေါင်းခါ၍ ...

"မဟုတ်သေးဘူး မောင်လေး၊ မင်းကိုယ်မင်း ယုံတယ်ဆိုတာတော့ ဟုတ်ပါပြီ၊ မင်းနဲ့ အစ်ကိုက ရန်ငြိုးရန်စရှိခဲ့တယ် မဟုတ်လား၊ ဒီတော့ ကောင်းကင်ဘားကစားရင် တစ်ယောက်နဲ့တစ်ယောက် ..."

ဟု ဆိုလိုက်ရာ မိုးဝေက စကားဖြတ်၍ ...

"ကျွန်တော့်ဘက်ကတော့ စိတ်ချ အစ်မ၊ လှုယုတ်မာကျော်နီကတော့ မပြောတတ်ဘူး"

ဟု ပြောလေ၏။ မှုယာသည် မိုးဝေအား တားမရသဖြင့် လက်လျှော့လိုက်ပုံရ၏။ မိုးဝေသည် သူမထံမှ ပြန်လာသောအခါ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာ၏။ ကျော်နီ





သည် သူ့အား အကောက်ကြံမည့်အစီအစဉ် ရှိပုံရ၏။ သူ သတိကြီးစွာ ထားရပေမည်။

ဆပ်ကပ်ပြမည့်ညသို့ ရောက်သောအခါ အန်းအနားရွာများမှ ရွှေပွဲလာများနှင့် မိုးဝေတို့ ရွာသူရွာသားများသည် ရုံပြည့်ရုံလျှံမျှ အားပေးကြလေ၏။

ရွာသူရွာသားများသည် တစ်သက်တွင် တစ်ကြိမ်မျှ ဆပ်ကပ် မကြည့်ဖူးသဖြင့် ဆပ်ကပ်ကြည့်ရန် လွန်စွာစိတ်အားထက်သန်နေရှာ၏။ မိုးဝေတို့ရွာမှ ဆေးဆရာကြီး ဦးဘချစ်က ...

"ဆတ်သတ္တဝါ ကတဲ့ပွဲဆိုလို့ တစ်သက်မှာ ဒီတစ်ခါပဲ ကြားဖူးတယ်ဟေ့၊ ကြည့်ဖြစ်အောင် ကြည့်ရမယ်"

ဟု ကြွေးကြော်လေရာ ရွာသူရွာသားများသည် ဝါးခနဲ ရယ်မောကြကုန်၏။

တိမ်ပျံဆပ်ကပ်အဖွဲ့ကြီး၏ အစီအစဉ်များ စတင်သောအခါ ဆပ်ကပ်အဖွဲ့၊ မြေမြင်းသမီးမှုယာနှင့် မျက်လှည့်ပညာရှင်တို့၏ ပူးပေါင်းတင်ဆက်မှုကြောင့် လွန်စွာ မြိုင်ဆိုင်လှပေ၏။

ရွှေပွဲလာ ပရိသတ်များသည် တစ်သက်တွင် တစ်ကိုယ် ဤမျှထူးဆန်းသော ပြကွက်များကို ကြည့်ရ... ပေ လျှင်ပင် သေပျော်ပါပြီဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် မိုးဝေ ပါဝင်သော ကောင်းကင်ဘား အစီအစဉ် စတင်လေတော့၏။

ရွာသူရွာသားများသည် လွန်စွာမြင့်သောနေရာတွင် တန်းတစ်ခုမှ တစ်ခုသို့ ကျွမ်းဘားကစား၍ ပြရသော ကောင်းကင်ဘားပြကွက်ကို အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် ကြည့်ရလေ၏။

မိုးဝေအား ခင်မင်သော အရီးလှဆိုသော အဒေါ်ကြီးက ...

"မိုးဝေရေ ဆင်းခဲ့ပါတော့ဟဲ့၊ ငါ မကြည့်ရဲတော့ဘူး"

ဟု အော်ဟစ်လေ၏။ ပထမညတွင် ကျော်နီသည် ကောင်းမွန်စွာ ကစားသဖြင့် မိုးဝေနှင့် ပြဿနာဖြစ်ပွားခြင်း မရှိပေ။

တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးသည် သုံးညတိတိ ကပြရန် စီစဉ်ထားလေ၏။

နောက်ဆုံးညသို့ ရောက်သောအခါ ဆပ်ကပ်အဖွဲ့ကို ဆရာတော်ကြီးကိုယ်တိုင် လာရောက်ကြည့်ရှုလေ၏။

မိုးဝေ ကောင်းကင်ဘား ကစားသောအလှည့်သို့ ရောက်သောအခါ ရွာခံများက ရုံပွင့်လုမတတ် အားပေးလေ၏။





ကျော်နီသည် ပွဲပြီးကာနီးအထိ ကောင်းမွန်စွာ ကစားပြီး မိုးဝေ လက်နှစ်ဖက်ကို လေထဲတွင်လွှဲသော အခန်းသို့ရောက်သောအခါ ...

"ငါ့ကို အာခံတဲ့ကောင်၊ သေဖို့သာပြင်ပေတော့၊ ငါ့လက်နှစ်ဖက်ကို လွှတ်လိုက်ရင် သေမင်းဆီ ရောက်သွားမယ်"

ဟု ကြုံးဝါးသောအခါ မိုးဝေသည် ထိတ်လန့်သွားသော်လည်း ဟန်မပျက် ရယ်မောလိုက်ပြီး ...

"ခင်ဗျား လုပ်ဝံ့ရင် လုပ်လိုက်လေ၊ ဒီရွာဟာ ကျုပ်ရွာဆိုတာ ခင်ဗျား မေ့နေပြီလား၊ ခင်ဗျားအကြံကို ကြိုတွက်ထားပြီးသား၊ ကျုပ် တစ်ခုခုဖြစ်ရင် ခင်ဗျားကို အသေလုပ်ဖို့ ရွာခံကာလသားတွေကို မှာထားပြီးပြီ၊ ကျုပ်သေတာနဲ့ ခင်ဗျားလည်း ဇက်အပြုတ်ပဲ"

ဟု ခြိမ်းခြောက်လိုက်လေ၏။ ကျော်နီသည် မိုးဝေ၏ စကားကြောင့် တွေဝေသွားပြီး ခဏကြာလျှင် သူ၏အကြံကို လက်လျှော့လိုက်ပုံရ၏။

မိုးဝေကို တစ်ဖက်တန်းသို့ ကောင်းမွန်စွာ လွှဲပို့လိုက်လေ၏။

ဤသို့ဖြင့် မိုးဝေသည် အသက်ဘေးမှ သီသီလေး လွတ်ခဲ့လေ၏။ အမုန်စင်စစ် မည်သည့်ကာလသားကိုမျှ ခိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီ၏ပဋိပက္ခကို အသိပေးထားခြင်း မရှိပေ။ သူသည် အကျဉ်း အကျပ်ထဲတွင် ဖြတ်ထိုးဉာဏ်သုံး၍ ဂျော်နီလက်မှ လွတ်မြောက် အောင် ကြံစည်ခဲ့ခြင်း ဖြစ်လေ၏။

ဂျော်နီသည် ထင်သည့်အတိုင်း သူ့အား အကောက် ကြံခဲ့လေပြီ။

မိုးဝေသည် ကောင်းကင်ဘားပြကွက် ပြီးသောအခါ ဂျော်နီ၏ ယုတ်မာသောအကြံကို တနုံ့နုံ့တွေးပြီး မကျေမနပ်ဖြစ် ကာ ပွဲခင်းထဲတွင် တစ်ယောက်တည်း လှည့်လည်နေမိ၏။

ဂျော်နီ သူ့အသက်ကို လုပ်ကြံရန် ကြံစည်ခြင်းကို ဆပ်ကပ်ပိုင်ရှင် လူဝကြီးအား ဖွင့်ပြောရမည်လားဟု ဝေခွဲမရဖြစ် နေလေ၏။

ထိုစဉ် သူ၏အနီးသို့ လူကြီးတစ်ဦး ရောက်လာပြီး လျှင် ...

"လူကလေး ယူပါ"

ဟု ဆိုကာ သူ၏လက်ထဲသို့ သေးငယ်သော ငွေ ဘူးကလေးတစ်ဘူးကို ကမ်းပေးလေ၏။

မိုးဝေသည် ယောင်ယမ်း၍ ငွေဘူးလေးကို လက်ခံ ယူလိုက်ပြီးမှ လူကြီး၏မျက်နှာကိုကြည့်၍ မြင်ဖူးသလိုရှိ၍ ...

"ဦးလေး ဘယ်သူလဲ၊ ဒီဘူးက ဘာလဲ"





ဟု မေးမြန်းလေ၏။ လူကြီးကပြုံး၍ ...

"လူကလေး ယူမယ်ဆိုတဲ့ ပတ္တမြားလက်စွပ်လေ၊ အိပ်မက် ထဲမှာ လူကလေးအမေနောက်က ကျူပ်ပါလာတာ၊ မမှတ် မိဘူးလား"

ဟု ဖြေလေရာ မိုးဝေသည် ကြက်သီးတဖြန်းဖြန်း ထသွားပြီး ...

"ခင်ဗျား ... ခင်ဗျားတို့က ဘာတွေလဲ"

ဟု အထိတ်ထိတ် အလန့်လန့်ဖြင့် မေးမြန်းလေ၏။

လူကြီးက မိုးဝေ၏အမေးကို မဖြေဘဲ ...

"စိတ်အေးအေးထားပြီး သုံးလိုရာသုံးပါ လူကလေး၊ ဘေး မဖြစ်နိုင်ပါဘူး"

ဟု ဆိုကာ လူအုပ်ထဲသို့ ဝင်ရောက်သွားလေ၏။ မိုးဝေသည် လူကြီးနောက်သို့ တိုးဝှေ့၍ လိုက်သော်လည်း အရိပ် အယောင်ကိုပင် မမြင်ရတော့ပေ။

သူ၏လက်ထဲတွင် ငွေဘူးလေးကိုင်ရက်သား ကျန် ခဲ့၏။

သူသည် အံ့ဩလွန်းသဖြင့် အိပ်မက်များ ဖြစ်လေ သလားဟု သူ့ကိုယ်သူ လက်ဖြင့်ဆိတ်ကြည့်ရာ နာကျင်သွားသဖြင့် အိပ်မက် မဖြစ်နိုင်မှန်း သေချာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲ၌ သူ၏အမေဆိုသူ အမျိုးသမီးကြီး၏ နောက်တွင် ရပ်နေသော လူကြီးကို အပြင်လောက၌ အမှန်ပင် မြင်လိုက်ရ၏။

ထိုမှုမှက အိပ်မက်ထဲ၌ အမျိုးသမီးကြီး၏ လက်စွပ်ကို လက်ခံပါမည်ဟု ကတိပေးလိုက်ပြီး လက်ရှိဘဝထဲသို့ လက်စွပ်ရောက်လာ၏။

သူသည် တွေးရင်း တွေးရင်း ဉာဏ်မမီတော့သဖြင့် ဆပ်ကပ်ရုံသို့ ပြန်လာခဲ့လေ၏။ ထို့နောက် လူရိပ်လူယောင်ကို ကြည့်၍ ငွေဘူးလေးကို ကြည့်ရှုလေရာ ငွေဘူး၏အဖုံးကို ရှေးဆန်သော ကနုတ်ပန်းများနှင့် တန်ဆာဆင်ထားသည်ကို မြင်ရ၏။

သူသည် တုန်ယင်သောလက်များနှင့် ငွေဘူးလေးကိုဖွင့်လေ၏။

ငွေဘူးထဲတွင် ရှေးဆန်သော ပတ္တမြားလက်စွပ်တစ်ကွင်းကို မြင်ရလေ၏။ လက်စွပ်၏ပုံသဏ္ဌာန်မှာ အိပ်မက်ထဲ၌ အမျိုးသမီးကြီး မကြာခဏ ထုတ်ပြလေ့ရှိသော ပုံစံမျိုးပင်ဖြစ်၏။

မိုးဝေသည် လက်စွပ်လေးကိုကြည့်၍ ထိတ်လန့်အံ့ဩပြီး တစ်ညလုံး အိပ်မပျော်တော့ပေ။





နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ပတ္တမြားလက်စွပ်လေးနှင့် ပတ်သက်၍ ဆရာတော်ကြီးထံ လျှောက်ထားရန် အကြံရသဖြင့် ကျောင်းသို့ ထွက်ခဲ့လေ၏။ ဆရာတော်ကြီးအား ကျောင်းဝင်းအတွင်းရှိ သရက်ပင်ကြီးအောက်တွင် မြင်၍ မိုးဝေက ရှိခိုးကန်တော့လိုက်ပြီး ...

"တပည့်တော်ရဲ့ ထူးဆန်းတဲ့ ပြဿနာတစ်ရပ်ကို လျှောက်တင်ချင်လို့ပါ ဘုရား"

ဟု အစချီကာ သူ၏ထူးဆန်းသော အိပ်မက်နှင့် ပတ္တမြားလက်စွပ်လေး အကြောင်းကို စီကာပတ်ကုံး လျှောက်တင်လေ၏။

သူ၏စကားဆုံးသည်နှင့် ဆရာတော်က ချောင်းဟန့်၍ ...

"မင်းအဖြစ်က ဆန်းတော့ အတော်ဆန်းတဲ့ အဖြစ်ပဲ"

ဟု မှတ်ချက်ချလေရာ မိုးဝေက ...

"တပည့်တော် လုပ်ကြံပြောနေတာ မဟုတ်ပါဘူး ဘုရား၊ တပည့်တော်မှာ သက်သေပြစရာ ပတ္တမြားလက်စွပ် ရှိပါတယ်၊ တပည့်တော်ကို ယုံပါ"

ဟု တောင်းပန်လေ၏။ ဆရာတော်ကြီးက သရက်ပင်ခြေရင်းရှိ ထိုင်ခုံတွင် ဝင်ထိုင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ မယုံဘူးလို့ မပြောပါဘူး၊ မယုံဘူးဆိုရင်လည်း ငါဟာ ဘုရားသားတော်ဖြစ်ပြီး ဗုဒ္ဓသာသနာကို မယုံဘူး လို့ ပြောသလို ဖြစ်သွားမှာပေါ့၊ ငါးရာငါးဆယ် နိပါတ်တော်တွေမှာ ငါတို့မြတ်စွာဘုရား ကိုယ်တော်တိုင် ဘဝများစွာ ကျင်လည်ခဲ့တာပဲ၊ ရှေးဘဝ နောက်ဘဝ ဆိုတာ ရှိတာပဲ၊ မင်းရဲ့အိပ်မက်ထဲက အမျိုးသမီးကြီးဟာ အရင်ဘဝက အမေဆိုတာ ဖြစ်နိုင်ပါတယ်၊ ဘဝပြောင်းသွားပေမဲ့ သားနဲ့အမိဆိုတဲ့ သံယောဇဉ် မပြတ်သေးလို့ ပတ္တမြား လက်စွပ်ပေးတာ ဖြစ်မယ်၊ ငါတို့မြတ်စွာဘုရားတောင် ဘဝပြောင်းသွားပေမဲ့ မိခင်ဖြစ်ခဲ့ဖူးတဲ့ မယ်တော်မိနတ်သား ရှိရာ တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားခဲ့တာပဲ၊ တရားတော် တွေမှာ ဒီလိုအဖြစ်မျိုး မရေတွက်နိုင်အောင် ရှိပါတယ်၊ မထူးဆန်းတော့ပါဘူး"

ဟု လေးနက်စွာ မိန့်ကြားလေရာ မိုးဝေက လက်အုပ်ချီ၍ ...

"တပည့်တော်ရဲ့ အရင်ဘဝက အမေဆိုတာ ဥစ္စာစောင့်များ ဖြစ်နေမလား ဘုရား၊ တပည့်တော် ကြားဖူးတာက





တော့ ဥစ္စာစောင့်တွေဟာ ရွှေမန်ကျည်းတောင့်တွေပေးပြီး သိုက်ကို ပြန်ခေါ်တတ်ပါတယ်"

ဟု မေးမြန်းလေရာ ဆရာတော်ကြီးက ချောင်းဟန့်၍ ...

"သိုက်နန်းရှင် ဥစ္စာစောင့်တွေပေးတဲ့ ပစ္စည်းဆိုရင် လက်မခံတာ အကောင်းဆုံးပဲကွ၊ ဥစ္စာစောင့်တွေဟာ မာယာများတတ်တယ်၊ တတ်နိုင်ရင် သူတို့နဲ့ ကင်းကင်းနေတာ အကောင်းဆုံးပဲ၊ ဒါပေမဲ့ ဘုမ္မိယဥစ္စာစောင့်တွေဟာ ပေးချင်ရင် လူအချင်းချင်းပေးသလို အလွယ်တကူပေးလို့မရဘူး၊ မြေကြီးထဲက တူးဖော်ခိုင်းပြီး ပေးရတယ်၊ မင်းကို ပတ္တမြားလက်စွပ် ပေးတာက လူအချင်းချင်း ပေးသလို အလွယ်တကူ ပေးသွားတာ၊ ဒါကြောင့် မင်းရဲ့မိခင်ဟာ ဥစ္စာစောင့် မဖြစ်နိုင်ဘူး၊ သဗ္ဗဒေဝီအမျိုးအစားထဲက နတ်သမီးတစ်ပါး ဖြစ်လိမ့်မယ်"

ဟု မိန့်ကြားလေ၏။ ထိုအခါ မိုးဝေက ...

"တပည့်တော်ကို ဘာလို့ ပတ္တမြားလက်စွပ် ပေးတာလဲ ဘုရား"

ဟု မေးမြန်းလေရာ ဆရာတော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဘဝဟောင်းက မိခင်မေတ္တာပေါ့ကွာ၊ မိဘဆိုတာ ကိုယ့်သားသမီးကို ဘယ်လောက်သံယောဇဉ်ကြီးမားပြီး စေတနာမေတ္တာထားသလဲ ဆိုရင် ဘဝဟောင်းက သားသမီးကိုတောင် ကူညီစောင့်မတာ ကြည့်ပေတော့"

ဟု မိန့်ကြားလေ၏။ မိုးဝေသည် ဆရာတော်ဘုရားကြီး၏စကားကို နားထောင်၍ ရင်ထဲတွင် တစ်မျိုးတစ်မည်ခံစားရလေ၏။ အိပ်မက်ထဲမှ အမျိုးသမီးကြီး၏ မျက်နှာကိုလည်း မြင်ယောင်လိုက်၏။ မိုးဝေက ဆက်လက်၍ ...

"ဒါဆိုရင် ဒီပတ္တမြားလက်စွပ်ကို တပည့်တော် ဘာလုပ်ရမှာလဲ ဘုရား"

ဟု မေးမြန်းပြန်၏။ ဆရာတော်ကြီးက ...

"ပတ္တမြားလက်စွပ်နဲ့ ပတ်သက်ပြီး မဆိုင်သူတွေကို မပြောပါနဲ့၊ လက်စွပ်ကိုတော့ မင်းရဲ့သဘောဆန္ဒအတိုင်း လှူလိုကလှူ၊ သုံးလိုက သုံးလို့ရပါတယ်"

ဟု မိန့်လေ၏။ မိုးဝေသည် ငွေဘူးလေးကိုဖွင့်၍ ပတ္တမြားလက်စွပ်ကိုကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။

"တပည့်တော် ဒီပတ္တမြားလက်စွပ်ကို ထုခွဲပြီး အလှူဒါနပြုချင်ပါတယ်ဘုရား၊ ဒါမှ ဘဝဟောင်းကမိခင်လည်း ကုသိုလ်ရဲ့အကျိုးကို ခံစားရမှာပါ"





ဟု ပြောလေ၏။ ဆရာတော်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"မင်းရဲ့အကြံကောင်းပါတယ်၊ ကောင်းမှုကုသိုလ် အကျိုးဆက်ကို နတ်ကောင်းနတ်မြတ်တွေမဆိုထားနဲ့ ပရလောကသားတွေတောင် ခံစားရတာပဲ၊ ဒါနဲ့ပတ်သက်လို့ ငါရဲ့ကိုယ်တွေ့အဖြစ်လေးတစ်ခုကို မင်းကို ပြောပြမယ်"

ဟု မိန့်လေရာ မိုးဝေက ခေါင်းညိတ်၍ ...

"ပြောပါဘုရား"

ဟု စကားထောက်ပေးလိုက်၏။ ဆရာတော်ကြီးက ...

"လွန်ခဲ့တဲ့အနှစ်(၂၀)ကျော်လောက်က ငါဟာ ကျောင်းထိုင်ဆရာတော်မဖြစ်မီ မြေလတ်ပိုင်းမြို့ကလေးတစ်မြို့ရဲ့ မြို့ပြင်က ထိန်တောဆိုတဲ့သင်္ချိုင်းမှာ တောရဆောက်တည်ပြီး အဓိဋ္ဌာန်ဝင်ခဲ့တယ်၊ ဒါ အဓိဋ္ဌာန်ပြုပြီး (၈)ရက်မြောက်နေ့မှာ တောရကျောင်းအရှေ့က ခြေသံတရှပ်ရှပ် ကြားတာနဲ့ ကြည့်လိုက်တော့ ဆံပင်ဖားလျားချထားတဲ့ အမျိုးသမီးတစ်ယောက်ကို မြင်လိုက်တယ်၊ အမျိုးသမီးရဲ့ကိုယ်ဟန်ကို လရဲ့အလင်းရောင်ကြောင့် ထင်ထင်ရှားရှားမြင်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့အနားကိုတော့ ကပ်မလာပါဘူး၊ ငါဟာ မိန်းကလေးကို ပရလောကသားမှန်း ရိပ်စားမိလိုက်တာနဲ့ ...

ဒကာမလေး ဘာကိစ္စကြောင့် ရောက်လာရတာလဲ_

လို့ မေးမြန်းလိုက်တော့ မိန်းကလေးက အသံတုန် တုန်ယင်ယင်နဲ့ ...

'တပည့်တော်မက လွန်ခဲ့တဲ့လက ကားတိုက်ခံရပြီး သေဆုံးခဲ့တဲ့သူပါ၊ အခု တပည့်တော် နေစရာလည်း မရှိ စားစရာလည်းမရှိလို့ ဒုက္ခရောက်နေပါတယ်၊ အဝတ်အစား လည်း ဝတ်စရာ မရှိပါဘူး၊ ဆရာတော် ကယ်တော်မူပါ'_

လို့ အကူအညီတောင်းတယ်၊ ဒီတော့ ငါက ခေါင်း ထဲမှာ အကြံတစ်ခုရလိုက်တယ်၊ ငါနေတဲ့မြို့မှာ လယ် ဆရာတော်ဘုရားကြီးရဲ့ တရားပွဲရှိတယ်၊ ဒါကြောင့် မိန်းက လေးကို ...

'ဒီနေ့ည မြို့လယ်က နန္ဒဝန်ကျောင်းတိုက်မှာ လယ် တီဆရာတော်ကြီးရဲ့တရားပွဲရှိတယ်၊ ဒကာမလေး တရား ကို သွားပြီး တရားနာပါ၊ တရားပွဲက အမျှဝေသံကြားရ သာခုခေါ်လိုက်ပါ၊ ဒကာမရဲ့ ဆင်းရဲဒုက္ခက လွတ်ငြိမ်း လိမ့်မယ်' ...





လို့ ပြောလိုက်တယ်၊ ဒါပေမဲ့ နောက်တစ်နေ့ည တရားစခန်းဝင်ဖို့ပြင်နေတုန်း မိန်းကလေးရောက်လာပြန် တယ်၊ သူ့ရဲ့ပုံစံက အရင်ကနဲ့ ဘာမှမထူးတာနဲ့ ငါက ...

'ဘယ်လိုဖြစ်တာလဲ မိန်းကလေး၊ ဆင်းရဲဒုက္ခရောက် နေတုန်းပါလား၊ လယ်တီဆရာတော်ကြီးရဲ့တရားကို မနာ ဘူးလား' ...

လို့ မေးလိုက်တယ်၊ ဒီတော့ မိန်းကလေးက ...

'တပည့်တော် တရားပွဲကို သွားပါတယ် ဘုရား၊ ဒါပေမဲ့ နန္ဒဝန်ကျောင်းတိုက်အဝမှာ စောင့်တဲ့နတ်မင်းတွေ က အစိမ်းမ ဒီနေရာကို မလာရဘူးလို့ မောင်းထုတ်တာ နဲ့ ထွက်ပြေးခဲ့ရပါတယ်၊ တပည့်တော်မကို ကယ်ပါဦး ဘုရား'_

လို့ ပြောပြန်တယ်၊ ဒီတော့ ငါက ...

'ဖြစ်မှဖြစ်ရလေ ဒကာမလေးရယ်၊ ဒီနေ့ည လယ်တီ ဆရာတော်ကြီးရဲ့ တရားပွဲနောက်ဆုံးနေ့ပဲ၊ ဒကာမလေး နာဖြစ်အောင် နာပါ၊ ဒကာမလေး တရားနာလို့ရအောင် ဦးပဥ္စင်း မေတ္တာပို့ အမျှဝေပေးမယ်၊ ဦးပဥ္စင်းလည်း ဒီနေ့ ည တရားနာဖို့ သွားရမယ်'



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောလိုက်တယ်၊ မိန်းကလေး ပျောက်သွားပြီး တော့ ငါလည်း တရားနာဖို့ နန္ဒာဝန်ကျောင်းတိုက်ကို သွားခဲ့တယ်၊ ကျောင်းတိုက် မုခ်ဦးရှေ့ကို ရောက်တော့ စကြဝဠာအတွင်းမှာရှိတဲ့ ကျွတ်သင့်ကျွတ်ထိုက်တဲ့ သတ္တဝါတွေနဲ့ (၃၁)ဘုံမှာကျင်လည်တဲ့ ဝေနေယျအပေါင်းကို တရားနာဖို့ ပင့်ဖိတ်ပြီး ဝင်ခဲ့တယ်၊ လယ်တီဆရာတော်ကြီးရဲ့ တရားကို နာယူအပြီးမှာပဲ ကျွတ်သင့်ကျွတ်ထိုက်သူတွေနဲ့ ဝေနေယျသတ္တဝါတွေအတွက် မေတ္တာပို့ အမျှဝေပေးခဲ့တယ်၊ ဆင်းရဲဒုက္ခရောက်နေတဲ့ မိန်းကလေးအတွက်လည်း ကျွတ်လွတ်ဖို့ မေတ္တာပို့ပေးခဲ့တယ်၊ ဒီလိုနဲ့ နောက်တစ်နေ့ည အခိဋ္ဌာန်ဝင်ပြီး အလုပ်စခန်းသိမ်းတဲ့အချိန်မှာ ...

'အရှင်ဘုရား ... အရှင်ဘုရား' ...

ဆိုတဲ့ အသံကြားလို့ လှည့်ကြည့်လိုက်တော့ မျက်နှာတစ်ခုလုံး ကြည်လင်ဝင်းပပြီး အရောင်ပြိုးပြိုးပြက်ပြက်လက်တဲ့ အဝတ်အထည်တွေ ဝတ်ဆင်ထားတဲ့ မိန်းကလေးကို တွေ့ရတယ်၊ ဒီတော့ ငါက ...

'ဒကာမလေး ရောက်လာပြန်ပြီလား၊ တရားကျင့်ကြံတဲ့နေရာကို ခဏခဏလာမနှောင့်ယှက်ရဘူးလေ' ...

လို့ ပြောတော့ မိန်းကလေးက ...





'ဒီတစ်ခါတော့ ဆရာတော်ဘုရားကို လာနှုတ်ဆက်တာပါဘုရား၊ ဆရာတော်ဘုရား ကျေးဇူးကြောင့် လယ်တီဆရာတော်ကြီးရဲ့တရားနာပြီး အမျှဝေချိန်မှာ သာဓုခေါ်ခွင့်ရလို့ အစိမ်းဘဝက ကျွတ်ခွင့်ရပါပြီ' ...

လို့ ဝမ်းပမ်းတသာ ပြောရှာတယ်၊ ဒီတော့ ငါက ...

'အေး ... အေး ... သာဓုကွယ်၊ ကောင်းရာမွန်ရာဘဝကို ရောက်ပါစေ' ...

လို့ ဆုတောင်းပေးလိုက်တယ်၊ မိန်းကလေးလည်း ငါ့ကို ရှိခိုးကန်တော့ပြီး ပျောက်ကွယ်သွားတော့တာပဲ၊ ဒါဟာ ငါ့ရဲ့ကိုယ်တွေ့ဖြစ်ရပ်ပဲကွ၊ ကောင်းမှုကုသိုလ်ရဲ့ အကျိုးကို ပရလောကသားတွေတောင် ခံစားရတဲ့ဖြစ်ရပ်ပေါ့ကွာ"

ဟု ရှည်လျားစွာ မိန့်ကြားလေရာ မိုးဝေသည် တအံ့တသြ ကြားနာရလေ၏။ မိုးဝေက ဆက်လက်၍ ...

"ဆရာတော်ဘုရားရဲ့အတွေ့အကြုံက အတော်ထူးဆန်းတာပဲ ဘုရား၊ တပည့်တော်ရဲ့ပတ္တမြားလက်စွပ် ဆရာတော်ဘုရားကို အပ်ထားခဲ့ချင်ပါတယ်၊ ဆရာတော်ဘုရား ထုခွဲရောင်းချပြီး တပည့်တော်ရဲ့မိခင်အတွက် ကောင်းမှုကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးပါ၊ တပည့်တော်အနေနဲ့ ဒီမှာ ကြာကြာနေလို့မဖြစ်ပါဘူး၊ ဆပ်ကပ်အဖွဲ့က မြန်မာပြည်အနှံ့ လှည့်လည်ပြီး ကပြရဦးမှာမို့ပါ"

ဟု တောင်းပန်လေရာ ဆရာတော်ဘုရားက ...

"မင်းအကြံကောင်းပါတယ်၊ ဒါကြောင့် ပတ္တမြားလက်စွပ်ကို၊ ရေစက်ချပြီး လှူဒါန်းခဲ့ပါ၊ သင့်တော်တဲ့လူကို ထုခွဲရောင်းချနိုင်းပြီး ကုသိုလ်ကောင်းမှုတစ်ခု ပြုပေးမယ်"

ဟု မိန့်ကြားလေ၏။ မိုးဝေက လက်အုပ်ချီလျက် ...

"ဝမ်းသာလိုက်တာဘုရား"

ဟု ပြောလိုက်လေတော့၏။

တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးသည် နှစ်ရက်ခန့်ကြာသောအခါ မိုးဝေတို့ရွာမှထွက်ခဲ့လေ၏။ ရွာသူရွာသားများသည် ဆပ်ကပ်အဖွဲ့ကို ရွာပြင်ရောက်သည်အထိ လိုက်လံပို့ဆောင်ပေးလေ၏။ လက်ဆောင်များလည်း ပေးလိုက်လေ၏။

မိုးဝေသည် ရွာလုံးကျွတ် တစ်အိမ်တက်ဆင်း လိုက်လံနှုတ်ဆက်ပြီး ဆပ်ကပ်အဖွဲ့နှင့် ပြန်လည်လိုက်ပါသွားလေ၏။

ဤသို့ဖြင့် မိုးဝေသည် တိမ်ပျံဆပ်ကပ်အဖွဲ့တွင် ကောင်းကင်ဘား ပြန်လည်ကစားရလေ၏။





သူသည် ကောင်းကင်ဘားကစားသည့်အချိန်တိုင်း ဂျော်နီ၏အပြုအမူကို သတိကြီးစွာထား၍ အကဲခတ်ရလေ၏။

တစ်နေ့သ၌ ဆပ်ကပ်ပိုင်ရှင်လူကြီးက မိုးဝေအား ခေါ်၍ ...

"မောင်ဦး လက်ကျိုးတာ ပြန်ကောင်းနေပြီကွ၊ ဒါကြောင့် မောင်ဦးကို ကောင်းကင်ဘား ပြန်ကစားခိုင်းရမယ်၊ မင်း ကစားဖို့ မလိုတော့ဘူး"

ဟု ပြောလေရာ မိုးဝေသည် မခံချိမခံသာ ဖြစ်သွားပြီးလျှင် ...

"ဟင် ... ခင်ဗျားအစတုန်းကပြောတော့ မောင်ဦး လက်ပြန်ကောင်းရင် ကျုပ်နဲ့မောင်ဦး တစ်လှည့်စီ ကစားရမယ်ဆို"

ဟု မေးမြန်းလေ၏။ ထိုအခါ လူဝကြီးက သက်ပြင်းချ၍ ...

"အစတုန်းကတော့ ငါလည်း ဒီလိုပဲစဉ်းစားထားတာပဲ၊ ဒါပေမဲ့ ဂျော်နီ မင်းနဲ့ကစားတာကြည့်တိုင်း အန္တရာယ်ဖြစ်တော့မယ်ဆိုတာ ငါ ကြိုသိနေတယ်၊ ဘယ်လိုသိသလဲလို့ မမေးနဲ့၊ ငါ ဆပ်ကပ်ထောင်စားတာကြာပြီ၊ ငါ့အတွေ့အကြုံအရ အန္တရာယ်ဖြစ်တော့မယ်လို့ အလိုလိုသိနေတယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ထင်တာ ဘယ်တော့မှ မှားလေ့မရှိဘူး။ ဒါကြောင့် မင်း ကောင်းကင်ဘား မကစားပါနဲ့တော့ကွာ”

ဟု ပြောလေ၏။ လူဝကြီး၏စကားမှန်၏။ မိုးဝေ ကောင်းကင်ဘားကစားသည့်အခါတိုင်း အန္တရာယ်၏အငွေ့အသက်များကို ခံစားနေရ၏။ သူသည် လူဝကြီးထံမှ ခေါင်းငိုက်စိုက်ချ၍ ပြန်ခဲ့လေ၏။

မိုးဝေကိုကြည့်၍ မှူယာက ...

“မိုးဝေ ... နင် မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်နေလို့လဲ”

ဟု မေးမြန်းလေရာ မိုးဝေက ...

“ကျုပ်ကို ကောင်းကင်ဘားကစားခွင့် မပြုတော့ဘူး”

ဟု ပြောလေ၏။ မှူယာက သက်ပြင်းချ၍ ...

“ကောင်းကင်ဘား မကစားလည်း ဆပ်ကပ်ထဲမှာ ကစားစရာတွေ အများကြီးပါပဲကွာ၊ မင်းက ကောင်းကင်ဘားမှ ကောင်းကင်ဘား ဖြစ်နေတာကိုး၊ အချို့ကောင်လေးတွေဆို ကောင်းကင်ဘားကစားတာ အန္တရာယ်များလွန်းလို့ မကစားချင်ကြဘူး”

ဟု ဖျောင်းဖျလေ၏။





မည်သို့ပင်ဖြစ်စေ မိုးဝေသည် ဆပ်ကပ်အဖွဲ့နှင့် လိုက်ပါရခြင်းကို မပျော်ရွှင်တော့ပေ။

ဆပ်ကပ်အဖွဲ့မှထွက်၍ အပြင်လောကကြီးတွင် လှည့်လည်သွားလာချင်စိတ်များ ဖြစ်ပေါ်နေမိ၏။ သူသည် တစ်လခန့် စဉ်းစားပြီးနောက် တိမ်ပျံဆပ်ကပ်အဖွဲ့မှထွက်ရန် ဆုံးဖြတ်လိုက်၏။ သူ၏အစီအစဉ်ကို မြွေမင်းသမီးမှူယာအား ဖွင့်ပြောသော အခါ သူမက တားမြစ်လေ၏။

“မသွားပါနဲ့ မိုးဝေရယ်၊ အပြင်လောကကြီးမှာ တစ်ဝမ်း တစ်ခါးအတွက် လုပ်ကိုင်စားသောက်ရတာ မလွယ်ဘူး ကွယ့်၊ ဆပ်ကပ်ထဲမှာနေရင်တော့ စားဖို့သောက်ဖို့ ပူစရာ မလိုဘူး”

ဟု ပြောလေ၏။

မိုးဝေက ခေါင်းခါ၍ ...

“လောကမှာ လူဖြစ်လာရတာ စားဖို့သောက်ဖို့တစ်ခုတည်း အတွက် မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်၊ လူ့ဘဝဆိုတာ အတွေ့အကြုံတွေ၊ စူးစမ်းရှာဖွေမှုတွေနဲ့ ပြည့်နှက်နေသင့် တယ်”

ဟု ပြောလေရာ မှူယာက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ လူတွေဟာ တစ်ဝမ်းတစ်ခါး အတွက်တောင် အနိုင်နိုင် ရှာစားနေရတာ၊ မောင်လေးအတွေးက စိတ်ကူးယဉ်ဆန်လွန်းတယ်"

ဟု ပြောလေ၏။ မိုးဝေက ...

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ဆပ်ကပ်ထဲမှာ မပျော်တော့ဘူး အစ်မ"

"ခေါင်းအေးအေးထားပြီး စဉ်းစားပါဦး မောင်လေးရယ်"

"ကျွန်တော် စဉ်းစားပြီးပြီ၊ ဆုံးလည်းဆုံးဖြတ်ပြီးပြီ၊ ကျွန်တော် လူ့လောကကြီးထဲဝင်မယ်၊ လူတွေဆီကအတွေ့အကြုံတွေ သင်ယူမယ်၊ လောကဟာ ခါးသီးတယ်ဆိုရင်လည်း ခါးသီးတဲ့အရသာကို ကျွန်တော် ခံစားကြည့်ချင်တယ်"

နောက်ဆုံးယွင်မှု မှုယာက မိုးဝေအား တားဆီး၍ မရနိုင်မှန်း ရိပ်စားမိသွားပြီး ...

"တားလို့မရလည်း သွားပေါ့မောင်လေးရယ်၊ ဒါပေမဲ့ ရောက်လေရာနေရာမှာ အစ်မကို မင်း ဆက်သွယ်ရမယ်"

ဟု ပြောလေ၏။

မိုးဝေသည် သူ့အား ဆပ်ကပ်သို့ခေါ်ယူလာသော ဦးဖိုးသာကို တွေ့ဆုံ၍ ဆပ်ကပ်အဖွဲ့မှ ထွက်တော့မည်ဖြစ်ကြောင်း ပြောဆိုလေရာ ဦးဖိုးသာက တားမြစ်ခြင်းမပြုဘဲ ...





"မပျော်ရင်လည်း ထွက်ပေါ့ မိုးဝေ၊ တစ်ရွာမပြောင်း သူ့ဟောင်းမဖြစ်ဆိုတဲ့ စကားလည်း ရှိသားပဲ၊ ဆရာတော်ကြီးကိုတော့ အကျိုးအကြောင်း လျှောက်တင်လိုက်ပါဦးကွာ"

ဟု ပြောလေရာ မိုးဝေက ...

"စိတ်ချပါဗျာ"

ဟု ပြောပြန်လိုက်လေ၏။

မိုးဝေ ဆပ်ကပ်အဖွဲ့မှ ထွက်ခြင်းနှင့် ပတ်သက်၍ ဆပ်ကပ်ပိုင်ရှင် လူဝကြီးက မည်သို့မျှခံစားရပုံ မပေါ်ပေ။ မိုးဝေ၏လက်ခလစာငွေများကို ထုတ်ရှင်းပေးလိုက်လေ၏။

မိုးဝေသည် နောက်တစ်နေ့နံနက်မှစ၍ တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးမှ အပြီးအပိုင် ထွက်ခဲ့လေ၏။

ဆပ်ကပ်အဖွဲ့သူ အဖွဲ့သား အများစုမှာ မိုးဝေကို ခင်မင်သူများ ဖြစ်သဖြင့် ငွေများစုဆောင်း၍ မိုးဝေအား လက်ဆောင်ပေးလေ၏။

မိုးဝေက ငြင်းဆန်လျှင် ရှိုင်းမည်စိုး၍ လက်ခံယူလိုက်၏။ မှုယာက ...

"အစ်မကို ရောက်လေရာအရပ်က ဆက်သွယ်နော်၊ မကြာမကြာလည်း လာတွေ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တတွတ်တွတ် မှာကြားရှာ၏။ ဤသို့ဖြင့် မိုးဝေသည် ငါးနှစ်နီးပါး ကျင်လည်ခဲ့ရသော တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးမှ အပြီးအပိုင် ထွက်ခဲ့လေတော့၏။

ယနေ့မှစ၍ လူ့လောကကြီး၏ အတွေ့အကြုံများကို သင်ယူရပေတော့မည်။

မမမှူယာနှင့် ခွဲခဲ့ရလေပြီ။

* ◯ *





မိုးဝေသည် ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေစားသောက်ခဲ့လေ၏။ သူသည် ရောက်လေရာအရပ်တွင် ကြုံသမျှအလုပ်ကို လုပ်ကိုင်၍ ခြေဦးတည့်ရာ သွားလာနေခဲ့၏။ လူများစွာနှင့် တွေ့ကြုံဆက်ဆံရသဖြင့် လူတို့၏ပရိယာယ်ကို သိနားလည်လာရ၏။

လူဆိုသော သတ္တဝါသည် အသိဉာဏ်အရှိဆုံး သတ္တဝါပင် ဖြစ်ပင်ဖြစ်ငြားလည်း ကောက်ကျစ်ယုတ်မာမှု အများဆုံး သတ္တဝါများပင်ဖြစ်၏။

တစ်နေ့သ၌ မိုးဝေသည် မြန်မာပြည်အရှေ့ဖျားရှိ လှောင်းကစားခြင်းလုပ်ငန်းနှင့် စည်ကားသည့် ရွာကြီးတစ်ရွာ၏ ရွာပြင်တောစပ်သို့ ရောက်သောအခါ အရိပ်အာဝါသ ကောင်းစွာရရှိသော သစ်ပင်ကြီးအောက်တွင် တစ်ရေးဟာစ်မော အိပ်စက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အိပ်စက်ပြီး များမကြာမီတွင် လူသံလိုလို ကြားရ၍ မျက်လုံးဖွင့်ကြည့်လိုက်ရာ သူ၏နံဘေးရှိ စမ်းချောင်းလေးတွင် ရေချိုးနေသော မိန်းမချောလေးတစ်ယောက်ကို မြင်လိုက်၏။

မိန်းမချောလေးသည် ပတ်ဝန်းကျင်၌ သူမ တစ်ယောက်တည်း ရှိသည်ထင်မှတ်၍ သီချင်းတအေးအေးနှင့် လွတ်လပ်စွာ ရှိနေ၏။ မိန်းမချောလေး၏ အသားအရေမှာ နို့နှစ်ရောင်ဝင်းနေပြီး ဆံပင်များကို ကျောလယ်သို့ ဖြန့်ချထား၏။ သူမ၏ မျက်လုံးအစုံမှာ ဝိုင်းစက်ပြီး လှပသော မျက်နှာထားမျိုးရှိ၏။

မိုးဝေသည် မိန်းမချောလေးကို ယောင်ယမ်း၍ ငေးမောနေရာမှ မသင့်တော်ဘူးထင်၍ အကြည့်ကို လွှဲလိုက်၏။ အပင်ခြေရင်းတွင် မျက်လုံးများမှိတ်၍ ပြန်လည်အိပ်စက်ရန် ကြိုးစားလေ၏။

ခဏအကြာတွင် ရေထဲမှ တက်လာသော မိန်းမချောလေး၏ခြေသံကို ကြားရ၏။ သူမသည် ကုန်းပေါ်သို့တက်၍ အဝတ်များကို လဲလှယ်နေပုံရ၏။ ထိုခဏတွင် မိန်းမချောလေး၏ ငယ်သံပါအောင် အော်ဟစ်လိုက်သောအသံကို ကြားရ၍ အလျင်အမြန် ထကြည့်လိုက်ရာ ချောက်တုံးကြားမှ ထွက်လာသော မြွေဟောက်ကြီးတစ်ကောင်ကို တွေ့ရ၏။





မိန်းကလေးသည် လွန်စွာအန္တရာယ်များသော အနေအထားတွင်ရှိ၏။ သူမ လှုပ်ရှားလိုက်သည်နှင့် မြွေက ပေါက်မည်မှာ သေချာ၏။ မြွေဟောက်သည် ယင်ကောင်ကိုပင် မလွတ်တမ်းအောင် ပေါက်နိုင်၏။

မိုးဝေက သူမရှိရာသို့ အပြေးအလွှားသွား၍ ...

"မလှုပ်နဲ့ မိန်းကလေး"

ဟု သတိပေးလိုက်လေ၏။

သူမသည် မိုးဝေကို မြင်သောအခါ အားကိုးတကြီး ငမ်းကြည့်ရှာ၏။ မိုးဝေက အနီးရှိ သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူ၍ မြွေအား အာရုံပြောင်းလိုက်ရာ မြွေဟောက်သည် ဘေးဘက်သို့လှည့်၍ သစ်ကိုင်းခြောက်ကိုပေါက်ရန် ကြိုးစားလေ၏။

မိုးဝေသည် မြွေမင်းသမီးနှင့် နေထိုင်စဉ်က မြွေများကို ရင်းနှီးကျွမ်းဝင်ခဲ့ပြီဖြစ်၏။ ထို့ကြောင့် မြွေဟောက်ကြီးကို သတ်ရန်မကြိုးစားဘဲ သစ်ကိုင်းခြောက်ဖြင့် ခြောက်လှန့်၍ လွယ်ကူစွာ မောင်းနှင်ထုတ်နိုင်၏။ သူသည် မှယာ၏ သင်ကြားမှုကြောင့် မြွေများကို မေတ္တာထားတတ်နေပြီဖြစ်၏။ မိန်းမချောလေးသည် မြွေဟောက်ကြီး မရှိတော့မှ အသံတုန်တုန်ယင်ယင်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်။ စန္ဒီ့အသက်ဟာ အမေမွေးတဲ့အသက် မရှိတော့ပါဘူး၊ အစ်ကိုပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

ဟု ပြောလေ၏။ မိုးဝေက ...

"မိန်းကလေး အဖော်မပါဘဲ ရေမချိုးသင့်ဘူး။ ဒီနေရာမျိုးမှာ အန္တရာယ်အမျိုးမျိုး ရှိနိုင်တယ်"

ဟု သတိပေးလေ၏။ သူမက ခေါင်းညိတ်၍ ...

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ခါတိုင်းဆိုရင် စန္ဒီ့မှာ သူငယ်ချင်းအဖော်တစ်ယောက် ပါပါတယ်၊ ဒီနေ့တော့ သူ နေမကောင်းလို့ စန္ဒီ တစ်ယောက်တည်း ထွက်လာတာပါ။ ဒါနဲ့ အစ်ကိုက ဒီဒေသကို ရောက်လာတာ ရွှေတူးဖို့လား"

ဟု မေးမြန်းလေ၏။ မိုးဝေက သက်ပြင်းချ၍ ...

"ရွှေတူးဖို့ ရည်ရွယ်ချက်တော့ မရှိသေးပါဘူး၊ နောက်ဆုံး အလုပ်အဆင်မပြေရင်လည်း ရွှေတူးသင့် တူးရမှာပေါ့။ အစ်ကိုက ရေကြည်ရာ မြက်နုရာ ရှာဖွေပြီး လှည့်လည်သွားလာနေသူပါ၊ ခြေထောက်ဖွေပါတဲ့သူပေါ့"

ဟုဆိုလိုက်ရာ မိန်းမချောလေးက မိုးဝေကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍ ...





"အစ်ကိုရဲ့စားဝတ်နေရေးအတွက် ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရမှာပေါ့နော်"

ဟု ပြောလေ၏။ မိုးဝေက ရယ်မော၍ ...

"ယောကျ်ားပဲ စန္ဒီရယ်၊ ဒီလောက်တော့ အပင်ပန်းခံနိုင်ရမှာပေါ့၊ အစ်ကို့ ရည်ရွယ်ချက်ကိုက လောကကြီးထဲမှာ လှည့်လည်ပြီး အတွေ့အကြုံ ရှာချင်တဲ့သူပါ"

ဟု ပြောလေ၏။ ထိုအခါ စန္ဒီက မျက်လုံးလေး ထောင့်ကပ်၍ ...

"အစ်ကိုက စန္ဒီရဲ့အသက်သခင် ကျေးဇူးရှင်ပါ၊ ဒါကြောင့် အစ်ကို့ကို စန္ဒီ တက်နိုင်သရွေ့ ကျေးဇူးပြုချင်ပါတယ်၊ အစ်ကို ရွာထဲကိုရောက်ရင် လောင်းကစားဝိုင်းကြီးတွေကို တွေ့ရပါလိမ့်မယ်။ အဲဒီအထဲက အကြီးဆုံးလောင်းကစားဝိုင်းကြီးကိုသွားပြီး အစ်ကို့မှာရှိသမျှ ငွေတွေကို ပုံအောပြီး ထိုးပါ"

ဟု ပြောလေရာ မိုးဝေက သူမ၏စကားကို နားထောင်၍ တဟားဟား ရယ်မောကာ ...

"ဟား ဟား ဟား ... စန္ဒီ့အကြံက အစ်ကို့ရဲ့ ရှိစုမဲ့စုလေးတွေ ကုန်မယ့်အကြံပဲ၊ အေးဆေးဆေးဆေး နေပါရစေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။ စန္ဒီကမူ ...

"ဒီအတိုင်းယိုးရင်တော့ ရှိစုမဲ့စုတွေ ကုန်မှာကျိန်းသေတယ်၊ စန္ဒီပြောတဲ့အတိုင်းထိုးရင် အစ်ကိုနိုင်မှာ ကျိန်းသေတယ်"

ဟု ပြောဆိုလေရာ မိုးဝေက အံ့သြသွားပြီး ...

"ဘာဖြစ်လို့လဲ စန္ဒီ၊ စန္ဒီက အကြားအမြင်ရနေလို့လား"

ဟု ပြောဆိုလေ၏။ စန္ဒီက သူ၏အမေးကို မဖြေဘဲ ...

"အစ်ကို့မှာ စာရွက်နဲ့ ခဲတံပါလား"

ဟု မေးမြန်းလေရာ မိုးဝေက သူ၏စစ်လွယ်အိတ်ထဲမှ စာရွက်နှင့် ခဲတံကို ထုတ်ပေးလေ၏။ စန္ဒီက စာရွက်ထဲတွင် တစ်စုံတစ်ခုကို ရေးခြစ်၍ ပြန်ပေး၏။ မိုးဝေ ကြည့်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရ၏။

လူဝကြီး
သျှောင်ထုံးနှင့်လူ
စကားမပီသောလူ
ခေါင်းပေါင်းနှင့်လူ

ခေါင်းပေါင်းနှင့်လူ
စကားမပီသောလူ
သျှောင်ထုံးနှင့်လူ
လူဝကြီး





မိုးဝေက စန္ဒီရေးပေးသော စာရွက်ကိုကြည့်၍ ...

"ဒါဘာတွေလဲ စန္ဒီ"

ဟု မေးမြန်းလေ၏။ စန္ဒီက ပြုံး၍ ...

"အစ်ကို ရွာထဲကိုရောက်လို့ အကြီးဆုံးလောင်းကစားဝိုင်းကြီးကိုတွေ့ရင် လူအုပ်ထဲမှာ လူဝကြီး၊ သျှောင်ထုံးနဲ့လူ၊ စကားမပီတဲ့လူ၊ ခေါင်းပေါင်းနဲ့လူကို ရှာပါ၊ တွေ့ရင် သူတို့လေးယောက်ထိုးတာကို စောင့်ကြည့်၊ သူတို့လေးယောက် စန္ဒီပေးထားတဲ့ အစီအစဉ်အတိုင်း တစ်လှည့်စီ ထိုးနေတာမြင်ရင် အစ်ကို့မှာ ရှိသမျှငွေတွေကို ပုံအောပြီး ထိုးပါ၊ အစ်ကို ကျိန်းသေနိုင်လိမ့်မယ်"

ဟု ရှင်းလင်းပြလေ၏။ မိုးဝေက မျက်မှောင်ကြုတ်၍ ...

"သေချာရဲ့လား စန္ဒီရယ်၊ နေပါဦး စန္ဒီက ဒါတွေကို ဘာကြောင့် သိနေတာလဲ"

ဟု မေးမြန်းလေ၏။

စန္ဒီက လေသံတိုးတိုးဖြင့် ...

"ဘာကြောင့်သိသလဲဆိုတော့ လောင်းကစားဒိုင်ကြီးရဲ့ ပိုင်ရှင်ဟာ စန္ဒီ့အစ်ကို ဖြစ်နေလို့ပါပဲ၊ စန္ဒီ့အစ်ကိုဟာ အနယ်နယ်အရပ်ရပ်လှည့်ပြီး လောင်းကစားဝိုင်း အကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျယ် လုပ်နေတဲ့သူပါ' များသောအားဖြင့် တစ်ဖက်နိုင်ငံက ကုန်သည်တွေ ဝင်ထွက်လေ့ရှိတဲ့ နယ်စပ်ဒေသတွေမှာ များပါတယ်၊ ရှင်းရှင်းပြောရရင် စန္ဒီ့အစ်ကိုဟာ ကစားဝိုင်းမှာ ကြိုက်တဲ့အပွင့်ကိုကျအောင် ကစားနိုင်တဲ့သူပါ၊ ခုနကပြောတဲ့ လူဝကြီး၊ ချောင်ထုံးနဲ့လူ၊ စကားမပီတဲ့လူ၊ ခေါင်းပေါင်းနဲ့ လူတွေဟာ စန္ဒီတို့အဖွဲ့ထဲက လူတွေပါ၊ သူတို့ဟာ လောင်းကစားသမားတွေနဲ့ ရောပြီး ထိုးသားတွေကို မထိုးထိုးချင်အောင် မြှူဆွယ်လေ့ရှိပါတယ်၊ အစ်ကို သတိထားရမှာက သူတို့လေးယောက်ဟာ စန္ဒီ ရေးထားတဲ့ အစီအစဉ်အတိုင်း ထိုးမထိုး အရင်ကြည့်ပါ၊ အစီအစဉ်အတိုင်း မထိုးသေးဘူးဆိုရင် ရှိသမျှငွေကို ပုံအောပြီးမထိုးပါနဲ့၊ နိုင်မနိုင် မသေချာဘူး"

ဟု မှာကြားလေ၏။ မိုးဝေက သူမ၏စကားကိုနားထောင်၍ ...

"လောင်းကစားဝိုင်းက ရတဲ့ငွေကို အစ်ကို မမက်မောပါဘူး၊ ဒါပေမဲ့ အတွေ့အကြုံတစ်ခုအနေနဲ့ အစ်ကို ကစားကြည့်ပါ့မယ်"

ဟု ပြောလေ၏။ စန္ဒီက မိုးဝေ၏မျက်နှာကို စေ့စေ့ကြည့်၍ ...





"စန္ဒီ့အသက်ကို ကယ်ခဲ့တဲ့အတွက် အစ်ကို့ကို စန္ဒီဘယ်တော့မှ မမေ့ပါဘူး၊ ကံမကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့၊ စန္ဒီ သွားမယ်၊ နှုတ်ဆက်ခဲ့ပါတယ်"

ဟု ပြောကာ ရွာဘက်သို့ ထွက်ခွာသွားလေ၏။ မိုးဝေသည် မိန်းမချောလေးကို မျက်စိတဆုံးကြည့်၍ ကျန်ရစ်ခဲ့လေ၏။ မိုးဝေသည် သစ်ပင်ကြီးအောက်တွင် တစ်ရေးတစ်မော အိပ်စက်ပြီးနောက် ညနေစောင်းသောအခါ ရွာဘက်သို့ ထွက်ခဲ့၏။

ရွာကြီးသည် နယ်စပ်ဒေသတွင်ရှိ၍ ဈေးကျင်သူများနှင့် တစ်ဖက်နိုင်ငံမှ ကုန်သည်များ ခြေချင်းလိမ်နေ၏။

ဗြိတိသျှအစိုးရသည် ထိုဒေသကို ကောင်းစွာအုပ်ချုပ်နိုင်ပုံမရပေ။ ရွာထဲတွင် စားသောက်ဆိုင်၊ အရက်ဆိုင်နှင့် လောင်းကစားဝိုင်းများ အများအပြား ရှိနေ၏။ မိုးဝေသည် ရွာထဲတွင် လှည့်လည်ရင်း ဆားလောင်သလိုရှိသည်နှင့် တရုတ်ဆိုင်ကြီးတစ်ဆိုင်သို့ဝင်ကာ ခေါက်ဆွဲကြော်တစ်ပွဲ မှာယူစားသောက်လေ၏။

ခေါက်ဆွဲစားရင် စားသောက်ဆိုင်ထဲတွင် ဆူညံနေသော ဝိုင်းတစ်ဝိုင်းသို့ လှမ်းကြည့်ရာ လူသန်ကြီးတစ်ဦးနှင့် လက်မောင်းအားလုံနေသော လူရွယ်တစ်ယောက်ကို မြင်ရ၏။ လူရွယ်မှာ ကာယဗလတောင့်တင်းသူတစ်ဦး ဖြစ်သော်လည်း လူ



www.burmeseclassic.com

www.burmeseclassic.com



သန်ကြီးနှင့်ယှဉ်လျှင် ဆင်နှင့်ဆိတ်ပမာ ဖြစ်နေ၏။ သို့သော် လူသန်ကြီးသည် လူရှယ်အား နိုင်အောင်မလှဲနိုင်ဘဲ ရှိနေ၏။ ၎င်းတို့ပွဲကို ကြည့်ရှုနေသူများက ပိုက်ဆံများ လောင်းကြေးထပ်၍ ယှဉ်ပြိုင်နေကြ၏။ လူရှယ်က လက်မောင်းအားလှဲရင်း လူသန်ကြီးကို မခံချင်အောင် နောက်ပြောင်နေလေ၏။

"လှဲလေကွာ၊ အီးဘောလောကြီး၊ လူကြီးပြီး အချိုးမစီးတဲ့ကောင်ကြီး၊ ဆင်က စိတ်ကို နိုင်အောင်မလှဲနိုင်ဘူးလား"

လူရှယ်၏စကားကိုမခံချင်သော လူဝကြီးကလည်း ...

"အဆီစားပြီး အသားမဖြစ်တဲ့ကောင်၊ မင်းကို နိုင်အောင်လှဲမယ်ဟေ့"

ဟု ကြုံးဝါးကာ အားစိုက်၍ ချွေးတဒီးဒီးကျအောင် ကြိုးစားလှဲလေ၏။

သို့သော် လူရှယ်အား အနိုင်မရဘဲ ရှိလေ၏။ နောက်ဆုံးတွင် လောင်းကြေးထပ်သူများက ငွေများကို ပြန်သိမ်း၍ သရေပွဲအဖြစ် သတ်မှတ်လိုက်လေ၏။

မိုးဝေသည် လူရှယ်၏ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းပုံကို တအံ့တဩ ကြည့်ရှုနေမိလေ၏။ လူရှယ်သည် ပျော်ပျော်နေတတ်ပုံရ၏။





"ဟဲ ဟဲ ... နောက်တစ်မိနစ်လောက် ဆက်လှဲရင် ခင်ဗျားကြီး ရှုံးဖို့သေချာပြီ"

ဟု လူသန်ကြီးကို နောက်ပြောင်နေလေ၏။ လူသန်ကြီးသည် မည်သည့်စကားမျှ ပြန်မပြောနိုင်ဘဲ မောဟိုက်ပင်ပန်းနေလေ၏။

မိုးဝေသည် ညမှောင်ရိပ်သမ်းစပြုလာသောအခါ တဲကြီးတစ်လုံးထဲတွင် ဒိုင်ဖွင့်ထားသော လောင်းကစားဝိုင်းကြီးသို့ ရောက်လေ၏။ ထိုဝိုင်းသည် တစ်ရွာလုံးတွင် အကြီးဆုံး လောင်းကစားဝိုင်းဖြစ်၏။

မိုးဝေသည် လူအုပ်ထဲတွင်ရော၍ လောင်းကစားဝိုင်းကို အကဲခတ်လေရာ ဒိုင်ဖြစ်သူသည် နှုတ်ခမ်းမွေးစစနှင့် ဥပဓိရုပ်ကောင်းသူတစ်ဦးဖြစ်၏။ မိန်းမချောလေး၏ အစ်ကိုဖြစ်ပုံရ၏။ သူ၏ရှေ့တွင် လွန်စွာကြီးမားသော ငွေပုံကြီးရှိနေပြီး ထိုးသားများကလည်း အားတက်သရော ထိုးနေကြ၏။

လူအုပ်ထဲတွင် မိန်းမချောလေး မှာလိုက်သော လူဝကြီး၊ သျှောင်ထုံးနှင့်လူ၊ စကားမပီသောသူနှင့် ခေါင်းပေါင်းနှင့်လူတို့ကို မြင်ရ၏။ မိုးဝေသည် ထိုလူလေးယောက်၏ လောင်းကစားပုံကို သတိထားကြည့်သောအခါ မိန်းမချောလေး၏ အစ်အစဉ်အတိုင်း ကစားခြင်းမရှိသည်ကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိုးဝေသည် သွေးတိုးစမ်းသည့်အနေဖြင့် ငွေစအနည်းငယ်ကိုသာထုတ်၍ လောင်းကစားနေလေ၏။

မိုးဝေသည် နိုင်တစ်လှည့်၊ ရှုံးတစ်လှည့် ဖြစ်နေလေ၏။

အတန်ကြာသောအခါ ဒိုင်လုပ်သူ၏ရှေ့ရှိ ငွေပုံကြီးမှာလည်း တဖြည်းဖြည်း ပါးလာလေ၏။ ထိုစဉ် လူဝကြီးနှင့် အပေါင်းအပါလေးယောက်သည် မိန်းမချောလေး၏ အစီအစဉ်အတိုင်း စတင်လောင်းကစားလေ၏။ လူဝကြီးသည် ဒိုင်လုပ်သူရှေ့ရှိ ဇယားကွက် သုံး၊ နှစ်၊ ခြောက်ပေါ်သို့ ငွေအချို့ကို ခွဲဝေ၍ ထိုးလိုက်ရာ မိုးဝေကလည်း သူ့ရှိသမျှ ငွေအားလုံးကို ခွဲဝေ၍ လူဝကြီးထိုးသည့်အတိုင်း လိုက်ထိုးလေ၏။

ဒိုင်ဖြစ်သူက ခွက်ကိုဖွင့်လိုက်ရာ အန်စာများသည် သုံး၊ နှစ်၊ ခြောက်ရနေသဖြင့် လူဝကြီးနှင့် မိုးဝေ အလျော်ရပြီး ကျန်လူများမှာ အစားခံရလေ၏။ မိုးဝေသည် တစ်ကြိမ်ထိုးရုံမျှနှင့် သူ့ပိုင်ငွေများ နှစ်ဆဖြစ်သွားသည်။

လူဝကြီးပြီးနောက် ခေါင်းပေါင်းနှင့်လူ အလှည့်သို့ ရောက်သောအခါ မိုးဝေသည် ငွေများအားလုံးကို ခွဲဝေ၍ ထိုးလိုက်ပြန်၏။ ဒုတိယအကြိမ် အလျော်ရပြန်၏။ ကျန်သူများမှာ အစားခံရလေ၏။





တတိယအကြိမ် အလျော်ရပြီးနောက် မိုးဝေအား ဒိုင်ဖြစ်သူက အံ့သြဟန်ဖြင့် လှမ်းကြည့်လေ၏။

သို့သော် မိုးဝေအား သံသယဖြစ်ပုံ မရပေ။ မိုးဝေသည် တစ်ခဏချင်း သူ၏လက်ထဲရှိငွေများ အဆများစွာပွားများလာသဖြင့် လွန်စွာပျော်ရွှင်သွားလေ၏။

သူသည် ဒိုင်ဖြစ်သူ သံသယဖြစ်မည် မိုးရိမ်သဖြင့် မိန်းမချောလေး ညွှန်ပြသည့်အတိုင်း မထိုးဘဲ ငွေအနည်းငယ်ကို နှစ်ကြိမ်၊ သုံးကြိမ် အစားခံလိုက်လေ၏။

ပြီးမှ မူလအစီအစဉ်အတိုင်း ပြန်၍လောင်းကစားလာခဲ့ရာ သူ၏ရှေ့တွင် ငွေပုံကြီး ကြီးသထက်ကြီးလာလေ၏။ ညဦးနက်လာသောအခါ မိုးဝေ၏ရှေ့တွင် ငွေများအနိုင်ရရှိလာသဖြင့် ဝိုင်းတွင် ကစားနေသူအပေါင်းသည် မိုးဝေအား သတိထားမိလာလေ၏။ အချို့က လေသံတိုးတိုးဖြင့် ...

"ဒီလူ ကံသိပ်ကောင်းနေတယ်၊ ငွေနည်းနည်းလေးနဲ့ ရောက်လာပြီး သူ့ရှေ့ကို ငွေပုံကြီးရောက်လာတယ်။ သူ ထိုးတဲ့အကွက်ကို လိုက်ထိုးကြမယ်"

ဟု ပြောဆိုကာ မိုးဝေ ထိုးသည့်အတိုင်း နံပါတ်များကို လိုက်ထိုးလေ၏။ ဒိုင်ဖြစ်သူမှာ မိုးဝေအား လွန်စွာအံ့သြဟန်ဖြင့် စူးစိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ သူ၏လူယုံများသည် အနယ်နယ် အရပ်ရပ် လှည့်လည်ပြီး လက်တွဲပါလာသော သစ္စာရှိလူယုံများ ဖြစ်သဖြင့် သစ္စာဖောက်မည် မထင်ချေ။ မိုးဝေအား တိုက်တိုက် ဆိုင်ဆိုင် ကံထူးသူတစ်ဦးအဖြစ်သာ ယူဆပုံရ၏။

မိုးဝေသည် ကြာလျှင် သူ၏ပရိယာယ်အား အများ ရိပ်မိမည်ကို စိုးရိမ်သဖြင့် လောင်းကစားခြင်းကို ရပ်စဲလိုက်လေ၏။ လောင်းကစားဝိုင်းတွင် မိန်းမချောလေး၏ အရိပ်အယောင် မျှပင် မမြင်ရပေ။

သူမ၏ အတုံ့အပြန် ကျေးဇူးပြုမှုကြောင့် သူ့လက် ထဲတွင် ငွေများစွာ ရရှိနေလေပြီ။

မိုးဝေသည် လောင်းစကားဝိုင်းမှ ထွက်ခဲ့လေ၏။ ထို့နောက် ကစားဝိုင်းအပြင်ဘက်တွင် အိပ်ငိုက်နေသော အဘိုး ကြီးအား ငွေတစ်ကျပ်ပေး၍ ညအိပ်တည်းခိုနိုင်မည့် နေရာကို မေးမြန်းလေရာ အဘိုးကြီးက ရွာထဲရှိ တည်းခိုအိမ်တွင် လူပြည့် နေပြီဖြစ်ကြောင်း၊ ရွာပြင်တွင် တည်းခိုအိမ်တစ်လုံး ရှိသေးကြောင်း ထိုအိမ်တွင် တည်းခိုနိုင်ကြောင်း ပြောလေ၏။

မိုးဝေသည် အဘိုးကြီးညွှန်ပြသည့်အတိုင်း ရွာပြင်သို့ ထွက်ခဲ့လေ၏။ ရွာထဲတွင် လူများနှင့် စည်စည်ကားကား ရှိသော် လည်း ရွာပြင်တွင် လူရိပ်လူယောင် မတွေ့ရပေ။





လသာသောည ဖြစ်သဖြင့် လမ်းခရီးကို ကောင်းစွာ မြင်ရသဖြင့် တော်ပါသေး၏။ မိုးဝေသည် ရွာပြင်သို့ လမ်းလျှောက် လာခဲ့ရာ သစ်ပင်ကြီးများအောက်သို့ ရောက်သောအခါ သူ၏အရှေ့ မှ လူသုံးယောက် ရောက်လာပြီး ...

"ဟေ့ကောင် ... ရှေ့မတိုးနဲ့"

ဟု လေသံမာမာဖြင့် တားဆီးခြင်း ခံရလေ၏။ မိုးဝေက မျက်မှောင်ကြုတ်၍ ...

"ဘာကိစ္စလဲ"

ဟု ပြန်မေးလေရာ တစ်ယောက်က ...

"မင်းလက်ထဲက ငွေထုပ်ကို ငါတို့လက်ထဲအပ်ပြီးမှ သွားရမယ်"

ဟု ပြောလေ၏။ သူ့အား ဓားပြတိုက်ခံရမှန်း ရိပ်စားမိလိုက်လေ၏။ မိုးဝေက သက်ပြင်းချ၍ ...

"ဒီလို ဂျယ်လွယ်နဲ့ ရရိုးလားဗျာ၊ သတ္တိရှိရင် စမ်းကြည့် လေ၊ မြန်မာပြည်အနှံ့ လှည့်လည်နေတဲ့ကောင်ကွ"

ဟုဆိုကာ သူ၏စစ်လွယ်အိတ်ကြီးထဲမှ အဝတ်ဖြင့် ပတ်ထားသော အရာဝတ္ထုတစ်ခုကို ထုတ်လိုက်၏။ အဝတ်အား ဖြေချလိုက်သောအခါ နှစ်ပေခန့်ရှိသော ဓားတစ်လက် ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုဓားကို နှစ်သက်လွန်းသဖြင့် ဆပ်ကပ်ထဲတွင် နေထိုင်စဉ်က မျက်လှည့်ဆရာကြီးထံမှ တန်ဖိုးကြီးစွာပေး၍ ဝယ်ယူထားခြင်းဖြစ်၏။ ထိုဓားသည် လွန်စွာပေါ့ပါးပြီး လွန်စွာထက်မြက်လှ၏။

ဓားပြများသည် မိုးဝေ လက်ထဲမှ ဆောင်ထားကို မြင်သောအခါ မျက်နှာပျက်သွားပြီး ခေါင်းဆောင်ဖြစ်သူက ...

"ဩော် ... မင်းက ကိုယ့်အသက်ကို မနမြောတဲ့ကောင်ကိုး၊ ဒီမှာကြည့်စမ်း ... ဒါ ဘာလဲ"

ဟုဆိုကာ သေနတ်တစ်လက်ကိုထုတ်၍ မိုးဝေ၏ ရင်ဘတ်အား တည့်မတ်စွာ ချိန်ထားလေ၏။ မိုးဝေသည် အကာလညအခါဖြစ်သဖြင့် ဓားပြများ၏ သေနတ်ကို အတုအစစ် မခွဲခြားနိုင်ပေ။

သို့သော် ဓားပြများကို အထင်မကြီးသည်နှင့် သေနတ်အတုဟု ယူဆကာ ...

"သတ္တိရှိရင် ပစ်လိုက်ဗျာ၊ ကျုပ်ဓားက သွေးမသောက်ရတာ ကြာပြီ"

ဟု ကြုံးဝါးလိုက်လေ၏။

ထိုအခါ ဓားပြခေါင်းဆောင်သည် လွန်စွာဒေါသဖြစ်သွားပြီး ...





"ခွေးကောင် ... သေပေတော့"

ဟု ဆိုကာ မိုးဝေ၏ရင်ဘတ်သို့ချိန်၍ သေနတ်ဖြင့် ပစ်ရန် လှမ်းချိန်လိုက်လေ၏။ ထိုအခါမှပင် မိုးဝေသည် ဓားပြခေါင်းဆောင်၏သေနတ်ကို အစစ်မှန်း ရိပ်စားမိသွားလေ၏။ သို့သော် သူ မည်သို့မျှ မတတ်နိုင်တော့။

ထိုစဉ် ဓားပြခေါင်းဆောင်၏ လက်ထဲရှိ သေနတ်သည် လေထဲသို့ လွင့်ပျံသွားပြီး တစ်စုံတစ်ဦး လက်ထဲသို့ ရောက်သွားလေ၏။

ထိုသူမှာ လူတစ်ရပ်ကျော်ကျော်မြင့်သော သစ်ကိုင်းတစ်ခုတွင် ထိုင်နေသူတစ်ဦး ဖြစ်၏။

ထိုသူ၏လက်ထဲတွင် ကြာပွတ်တစ်ခုကို ကိုင်ဆောင်ထားပြီး ထိုကြာပွတ်ဖြင့် လူဆိုးခေါင်းဆောင်လက်ထဲရှိ သေနတ်ကို ရစ်ပတ်ယူလိုက်ခြင်းဖြစ်၏။

လူဆိုးများသည် မယုံနိုင်ဟန်ဖြင့် ကြောင်အမ်းအမ်းကြည့်နေစဉ် ထိုသူသည် သစ်ပင်ပေါ်မှ ခုန်ချ၍ မိုးဝေတို့အနီးသို့ လျှောက်လာပြီးလျှင် လူဆိုးသုံးယောက်ကို သေနတ်ဖြင့်ချိန်၍...

"ဟား ဟား ဟား ... သတ္တိခဲကြီးတွေ၊ သုံးယောက်နဲ့ တစ်ယောက်တောင် ရင်မဆိုင်ဝံ့ဘဲ သေနတ်နဲ့ထုတ်ပစ်ဦးမလို့လား၊ ငါ စိတ်မပြောင်းခင် ငါ့ရှေ့က ထွက်သွားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြိမ်းမောင်းလိုက်လေရာ လူဆိုးသုံးယောက်သည် မကျေမချမ်းနှင့် ထွက်ခွာသွားလေ၏။ မိုးဝေက သူ၏ကယ်တင်ရှင်ကို သေချာစွာ စိုက်ကြည့်လိုက်ရာ ညနေက ခေါက်ဆွဲဆိုင်တွင် လူသန်ကြီးနှင့် လက်မောင်းအားလုံ့နေသော လူရွယ်ဖြစ်နေ၏။ မိုးဝေက ...

"ကျုပ်အသက်ကို ကယ်တာ ကျေးဇူးတင်ပါတယ် မိတ်ဆွေ။ ဒါနဲ့ နေပါဦးလေ။ မိတ်ဆွေက သစ်ကိုင်းပေါ် ဘယ်လိုရောက်နေတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ လူရွယ်က ...

"ခင်ဗျားကို လောင်းကစားဝိုင်းမှာ ငွေတွေအများကြီးနိုင်တာသတိထားမိတယ်၊ ဒီအရပ်က မဟုတ်မှန်းလည်း ခန့်မှန်းမိတယ်၊ ခင်ဗျား ဒီနေ့ည တည်းခိုစရာမရှိလို့ ရွာပြင်က တည်းခိုအိမ် သွားမှာလည်း ကျုပ် ကြိုမှန်းထားတယ်၊ လောင်းကစားဝိုင်းက ငွေတွေအများကြီး နိုင်လာတဲ့သူတွေဟာ ဒီနေရာရောက်ရင် ဓားပြတိုက်ပြီး အပျောက်ရှင်းခံရတာများတယ်၊ ဒါကြောင့် ဓားပြတွေ မရောက်ခင် ခင်ဗျားကိုကယ်ဖို့ သစ်ပင်ပေါ်ကို ကြိုရောက်နေတာပဲ"

ဟုပြောလေ၏။ ထိုအခါ မိုးဝေက ကျေးဇူးတင်စွာဖြင့် ...





"ကျေးဇူးတင်လိုက်တာ မိတ်ဆွေရယ်၊ မိတ်ဆွေသာမကယ်ရင် ကျုပ် အခုလောက်ဆို ဓားပြခေါင်းဆောင်ရဲ့ သေနတ်စာမိနေပြီ"

ဟု ပြောလေရာ မိုးဝေ၏အသက်သခင်က ရယ်မောရှ ...

"ဟား ဟား ဟား ... ခင်ဗျားရဲ့သတ္တိကလည်း ချီးကျူးလောက်တယ်ဗျာ။ သေနတ်သမားကို မကြောက်မရွံ့ ဓားနဲ့ရင်ဆိုင်တယ်လို့ဗျာ"

ဟု ဆိုလိုက်ရာ မိုးဝေက ...

"မချီးကျူးနဲ့ဗျ၊ ကျုပ်က သတ္တိရှိလွန်းလို့ မဟုတ်ဘူး၊ ဓားပြခေါင်းဆောင်ရဲ့သေနတ်ကို သေနတ်အတု ထင်လို့ဗျ၊ ဒီကောင်က ကျုပ်ကို ဒေါသထွက်ပြီး တကယ်ပစ်တော့မယ်လုပ်မှ ကျုပ်လည်း ခေါင်းနားပန်းကြီးသွားတယ်"

ဟု ပြောဆိုကာ တဟားဟားရယ်မောလေ၏။ ထို့နောက်တွင်မူ မိုးဝေနှင့် လူရွယ်သည် ရွာပြင်တည်းခိုအိမ်သို့ ထွက်ခဲ့လေ၏။ တည်းခိုအိမ်သို့ ရောက်သောအခါ အိမ်စောင့်အဘိုးကြီးအား ငွေနှစ်ကျပ်ပေး၍ လူရွယ်နှင့်အတူ တည်းခိုလေ၏။ ထို့နောက် မိုးဝေက အိမ်စောင့်လူငယ်လေးအား မုန့်ဖိုးပေး၍ ရွာ



www.burmeseclassic.com

www.burmeseclassic.com



ထဲရှိ စားသောက်ဆိုင်မှ တရုတ်စာများကို ဝယ်ယူခိုင်းလေ၏။ အစားအစာများ ရောက်ရှိလာသောအခါ မိုးဝေက လူရွယ်အား ...

"မိတ်ဆွေကို ကျုပ် ပြုစုပါရစေဗျာ"

ဟု ဆိုကာ စားသောက်ဖွယ်ရာများကို စားသောက်စေ၏။

လူရွယ်က ဟန်ဆောင်ခြင်းမရှိဘဲ အစားအသောက်များကို မြိန်ရှက်စွာ စားသောက်လေ၏။ ထို့နောက် လူရွယ်နှင့် မိုးဝေမှာ ငယ်ပေါင်းကြီးဖော်များသဖွယ် ခင်မင်ရင်းနှီးသွားလေ၏။ လူရွယ်က သူ၏အမည်ကို ဆင်ပေါက်ဟု မိတ်ဆက်လေ၏။

မိုးဝေက ...

"မိတ်ဆွေနာမည်ကို ဘာလို့ ဆင်ပေါက်လို့ မှည့်ထားရတာလဲ"

ဟု မေးမြန်းလေရာ ဆင်ပေါက်က ...

"ဒီလိုဗျ ကျုပ်ဟာ ငယ်စဉ်ကတည်းက ရွယ်တူကလေးတွေနဲ့ ကစားရင် ထူးထူးခြားခြား သန်မာတယ်၊ ဒါကြောင့် ကျုပ်ကို မွေးစားတဲ့မိဘနှစ်ပါးက ဆင်ပေါက်လို့ မှည့်ခဲ့တာပဲ"

ဟု ဖြေလေ၏။ မိုးဝေ ရယ်မော၍ ...





"ဖြစ်နိုင်တယ်ဗျို့၊ ညနေက ခေါက်ဆွဲဆိုင်ထဲမှာ လူသန်ကြီးတစ်ယောက်နဲ့ လက်မောင်းအားလှဲနေတာ တွေ့ခဲ့တယ်၊ ဒီတုန်းက ခင်ဗျားကို ကျုပ် အံ့ဩနေတာဗျ"

ဟု ပြောလေ၏။

ဆင်ပေါက်က ခေါင်းညိတ်၍ ...

"ဒီအရပ်မှာတော့ ဒီကောင်ကြီး အားအသန်ဆုံးဗျ၊ ကျုပ် ဒီကောင်ကြီးနဲ့ အားလှဲဖို့အတွက် ပြိုင်ဘက်တော်တော်များများကို ယှဉ်ပြိုင်ခဲ့ရတယ်ဗျ"

ဟု ပြောဆိုလေ၏။ ဆင်ပေါက်က တစ်ဖန် မိုးဝေ၏အလုပ်အကိုင်ကို စပ်စုလေရာ မိုးဝေက ...

"ကျုပ် လောကကြီးထဲမှာလှည့်ပြီး အတွေ့အကြုံအသစ်အဆန်းတွေ ရှာဖွေနေတာဗျ၊ ကျုပ် ခြေထောက်မှာ ဇွဲပါတယ်လို့ ဆိုရမယ်"

ဟု ဖြေလေ၏။ ဆင်ပေါက်က သူ၏ပေါင်ကို ဖျတ်ခနဲ ပုတ်၍ ...

"ကြိုက်သွားပြီဗျာ၊ ခင်ဗျားနဲ့ကျုပ် ဝါသနာတူပဲ၊ ကျုပ်လည်း စွန့်စားသွားလာရတာ ဝါသနာထုံလို့ လှည့်လည်သွားလာနေတာဗျ၊ ကျုပ် ဒီဒေသရောက်တာ တစ်လကျော်ပြီ။ မနက်ဖြန်တော့ ဒီအရပ်က ခွာတော့မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ နောက်တစ်နေ့နံနက်တွင် မိုးဝေ သည် ဆင်ပေါက်နှင့်အတူ ခရီးဆက်ခဲ့လေ၏။

ထိုအရပ်၌ ရွာတစ်ရွာနှင့်တစ်ရွာ ဝေးကွာသဖြင့် စားနပ်ရိက္ခာများကို မိုးဝေက ဝယ်ယူ၍ ကျောပိုးအိတ်ထဲသို့ ထည့်လေ၏။ သူသည် မိန်းမချောလေး စန္ဒီ၏ကျေးဇူးကြောင့် ငွေကြေးပေါများနေသည် မဟုတ်ပါလား။

ဆင်ပေါက်မှာမူ ဖျင်လွယ်အိတ်ကြီးတစ်လုံးကိုသာ စလွယ်သိုင်းထားပြီး အိတ်ထဲတွင် စားနပ်ရိက္ခာ ရှိပုံမရပေ။

မိုးဝေသည် သူ၏အသက်သခင်အား တစ်လမ်းလုံး ကျွေးမွေးပြုစုသွားလေ၏။ ဆင်ပေါက်က မိုးဝေ ကျွေးသော အစားအစာများကိုစား၍ တဟဲဟဲ ရယ်မောကာ ...

"ခင်ဗျား လုပ်တာနဲ့ ကျုပ်ပါးစပ်တော့ အကျင့်ပျက်တော့မယ် ထင်တယ်ဗျို့"

ဟု ပြောဆိုလေရာ မိုးဝေက ...

"မိတ်ဆွေကို ကျုပ်က ပြုစုချင်လို့ပါဗျာ၊ ဘာလဲ မိတ်ဆွေက အားနာနေလို့လား"

ဟု မေးမြန်းလေ၏။

ဆင်ပေါက်က တဟားဟား ရယ်မော၍ ...





"ဟား ဗျား ... ကျုပ်က အားနာတတ်တဲ့ကောင် မဟုတ်ဘူးဗျ၊ အကျင့်ပျက်မယ်ဆိုတာ ဒါကြောင့်ဗျ"

ဟုဆိုကာ သူ၏ဖျင်လွယ်အိတ်ကြီးထဲမှ ဝါးကျည်တောက်အငယ်စားလေးတစ်လုံးကို ထုတ်၍ မိုးဝေအား ပြလေ၏။ မိုးဝေက ဝါးကျည်တောက်အဖုံးကို ဖွင့်ကြည့်၍ ...

"ဘာတွေလဲဗျ"

ဟု မေးမြန်းလေ၏။ ဆင်ပေါက်က ...

"ဒါ ကျုပ်ရဲ့ရိက္ခာလေးဗျ၊ လက်သီးဆုပ်လောက် စားရင် တစ်နေ့လုံး အဆာခံနိုင်တယ်၊ လူသူ အရောက်အပေါက်နည်းတဲ့ အရပ်ဒေသတွေသွားရင် ဒီရိက္ခာကို ဆောင်ထားရတယ်၊ ကျုပ်ရဲ့နည်းက ဆန်တစ်ပြည်ကို တစ်လုံးစားတဲ့နည်းဗျ"

ဟု ပြောလေရာ မိုးဝေသည် လွန်စွာစိတ်ဝင်စားသွားပြီး ...

"ရှင်းပါဦးဗျာ"

ဟု မေးမြန်းလေ၏။ ဆင်ပေါက်က ...

"ဒီလိုဗျ၊ ဒီနည်းက ရှေးမြန်မာစစ်သည်တော်တွေ အသုံးပြုတဲ့နည်းလို့ မှတ်သားဖူးတယ်၊ ဒီရိက္ခာရဖို့အတွက် ဆန်ကြမ်း ထမင်းတစ်ပြည်ချက်ကို ရေစင်စင်ဆေးပြီး နေလှမ်း



www.burmeseclassic.com

www.burmeseclassic.com

ရတယ်၊ ခြောက်ပြီဆိုရင် မီးနဲ့လှော်ပြီး ဆား၊ ငရုတ်ကောင်း၊ ချင်း သင့်တင့်အောင် ထည့်ရတယ်၊ ပြီးရင် ဆုံမှာထည့်ပြီး ညက်နေအောင် ထောင်းရတယ်၊ ညက်ပြီဆိုရင်တော့ ဝါးကျည်တောက်ထဲမှာ ဆောင်ထားပေါ့ဗျာ၊ ဆန်တစ်ပြည်ကို တစ်လလုံး စားနိုင်တယ်ဗျ”

ဟု ရှင်းလင်းပြလေ၏။ မိုးဝေက ...

“မိတ်ဆွေရဲ့နည်းကို မှတ်သားထားရမယ်”

ဟု ပြောလိုက်လေ၏။ ဆင်ပေါက်က ...

“ခင်ဗျား ငယ်စဉ်ဘဝက ဘယ်မှာကြီးပြင်းခဲ့ရလဲ”

ဟု မေးမြန်းလေရာ မိုးဝေက ...

“ကျုပ် ငယ်စဉ်က ဘုန်းကြီးကျောင်းသားပေါ့ဗျာ၊ နောက် ဆပ်ကပ်ထဲကို ရောက်တယ်၊ ကောင်းကင်ဘား ကစားတယ်”

ဟု ပြောလေ၏။ ဆင်ပေါက်က ...

“ကောင်းကင်ဘား ကစားတာ ကြည့်လို့သိပ်ကောင်းတာပဲ၊ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနဲ့ဗျာ”

ဟု ဆိုလိုက်ရာ မိုးဝေက လေထဲတွင် ကျွမ်းတစ်ပတ်ပြီးတစ်ပတ်ထိုး၍ အနီးရှိ သစ်ကိုင်းပေါ်သို့ ခုန်ဆွဲတက်လိုက်၏။ ထို့နောက် သစ်ကိုင်းတစ်ကိုင်းမှတစ်ကိုင်း မျောက်ကဲ့သို့





လျင်မြန်စွာ ကူးသန်းပြလေ၏။ ပြီးမှ မြေပေါ်သို့ တစ်ပတ်ကျွမ်းထိုး၍ ခုန်ချလေ၏။ ဆင်ပေါက်က လက်ခုပ်တဖြောင်းဖြောင်းတီး၍ ...

“ကြည့်လို့ သိပ်ကောင်းတာပဲ၊ ခင်ဗျားကို ကြည့်ရတာ မျောက်လွဲကျော်လား အောက်မေ့ရတယ်”

ဟု ချီးကျူးလေ၏။ မိုးဝေက တဟဲဟဲရယ်မော၍...

“မိတ်ဆွေက ကျုပ်ကို ချီးမွမ်းတာလား၊ ကဲ့ရဲ့တာလားဗျာ၊ ကျုပ်က ကျွမ်းဘားမကဘူး မြွေတွေကိုလည်း ကောင်းကောင်းနိုင်တယ်ဗျ၊ ဆပ်ကပ်ထဲမှာနေတုန်းက ကျုပ်နဲ့ခင်တဲ့ အစ်မတစ်ယောက်က မြွေမင်းသမီးလေ”

ဟု ပြောလေရာ ဆင်ပေါက်က ...

“ခင်ဗျား မြွေတွေကို နိုင်တယ်ဆိုတော့ ကျုပ်ကလည်း ကြွားရဦးမယ်။ ကျုပ် အရင်က အလုပ်အကိုင်က မိချောင်းမုဆိုးဗျ၊ ငယ်ငယ်က အဘိုးနောက်လိုက်ရင်း မုဆိုးဖြစ်သွားတာ”

ဟု ပြောလေ၏။ မိုးဝေက မျက်လုံးပြူးပြူး ...

“အော်ဘေးအန္တရာယ်များတဲ့ အလုပ်ပဲ”

ဟု မှတ်ချက်ချလေရာ ဆင်ပေါက်က ခေါင်းညိတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"လူကို ဒုက္ခအပေးဆုံး သတ္တဝါဟာ မိချောင်းပဲဗျ။ ကျား ကိုက်လို့သေတဲ့သူထက် မိချောင်းကိုက်လို့သေတဲ့သူ ပိုများ တယ်။ ကျုပ်တို့မိချောင်းမုဆိုးတွေ သတိအထားရဆုံးက သူတို့ရဲ့သန်မာတဲ့အမြီးပဲ၊ အမြီးနဲ့ တစ်ချက်ရိုက်လိုက်ရင် ရေသောက်ဆင်းတဲ့နွားရဲ့ ခြေနှစ်ချောင်း သွင်သွင်ကျိုးတယ်၊ မိချောင်းတစ်ကောင်နဲ့ ကုန်းပေါ်မှာ ရင်ဆိုင်တွေ့ရင် သူ့ရဲ့ နောက်ကျောကိုရောက်အောင် ချဉ်းကပ်ရတယ်၊ မိချောင်း မှာ အားအပျော့ဆုံးက သူ့ရဲ့နောက်ကျောပဲ"

ဟု ပြောလေ၏။ မိုးဝေက ခေါင်းညိတ်၍ ...

"ပြောပါဦးဗျာ၊ စိတ်ဝင်စားဖို့ ကောင်းတယ်"

ဟု ပြောလေ၏။ ဆင်ပေါက်က ဆက်လက်၍ ...

"ထူးခြားတာက မိချောင်းရဲ့မေးရိုးတွေဟာ အလွန်သန်မာ ပေမဲ့ နောက်ကျောကနေ အားမစိုက်ဘဲ ပါးစပ်ကိုဖိထား ရင်တောင် ပါးစပ်ဖွင့်လို့ မရဘူးဗျ၊ ဒါလည်း မိချောင်းရဲ့ အားနည်းချက်ပဲ"

ဟု ပြောလေရာ မိုးဝေက ...

"မိချောင်းမုဆိုးအလုပ်က အန္တရာယ်အတော်များမှာပေါ့ နော်"





ဟု မေးလေ၏။ ဆင်ပေါက်က ...

"များတာပေါ့ဗျာ၊ ကျွန်တော်ဆို မိချောင်းအမြီးနဲ့လေ့ကို အရိုက်ခံရပြီး ရေထဲမှာ မိချောင်းနဲ့ နပန်းသတ်ဖူးတယ် ...

အဲဒီတုန်းက ကျုပ်လက်ထဲက ဓားမြှောင်နဲ့ မိချောင်း လည်မျိုကို ထိုးမွှေနိုင်လို့ အသက်မသေတာဗျ၊ ဒါတောင် ကျုပ်လက်ဖျံမှာ မိချောင်းကိုက်ခံရတဲ့ဒဏ်ရာက သေရာပါ ရော"

ဟုဆိုကာ သူ၏လက်ဖျံကို လှန်ပြလေ၏။ ဆင် ပေါက်၏လက်ဖျံတွင် ကြောက်မက်ဖွယ်ရာ ဒဏ်ရာကြီးကို တွေ့ ရ၏။

ဆင်ပေါက်က ဆက်လက်၍ ...

"မိချောင်းတွေဟာ မွေးစကနေ သေတဲ့အထိ အကြီးမရပ် ဘူးဗျ၊ အသက်လည်း ရှည်တယ်၊ အသက်တစ်ရာကျော်နေ နိုင်တယ်၊ ဒါပေမဲ့ အသက်ကြီးလာရင် ကြီးထွားနှုန်းနည်း လာတယ်၊ မိချောင်းမှာ ခေါင်းတို၊ ခေါင်းရှည်ဆိုပြီး နှစ် မျိုးရှိတယ်၊ ဒီကောင်တွေဟာ သန်မာတဲ့မေးရိုးနဲ့ သွားတွေ ရှိပေမယ့် အစားအစာကို ကိုက်စားလေ့ မရှိဘူး၊ မျိုချလေ့ ရှိတယ်၊ ဒါကြောင့် မျိုချလို့လွယ်တဲ့ အကောင်ငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပိုသဘောကျတာယ်၊ မိချောင်းဟာ အပုပ်အစပ်လည်း အင်မတန်ကြိုက်တယ်၊ သားကောင်ကြီးတွေရရင် အပုပ်ခံပြီးမှ စားလေ့ရှိတယ်၊ တစ်ကြိမ်စားပြီးရင် အစာမစားဘဲ အကြာကြီး နေနိုင်တယ်၊ နောက်ပြီး ဒီကောင်တွေ အစာအိမ်က ချေဖျက်အား သိပ်ကောင်းတယ်၊ သံထည်ဂစ္စည်းတွေကိုတောင် ကျေပျက်နိုင်တယ်ဗျ"

ဟု ရှင်းပြလေ၏။ မိုးဝေက ...

"မိချောင်းသားရေကို အဖိုးတန်တယ်လို့ ကြားဖူးတယ်၊ မိချောင်းသားကို စားတဲ့သူ ရှိလား"

မေးမြန်းလေ၏။ ဆင်ပေါက်က ...

"ရှိတာပေါ့ဗျာ၊ ဒါပေမဲ့ နည်းပါတယ်၊ မအူပင်ဈေးမှာ မိချောင်းရောင်းဘာမြင်ရင် ခင်ဗျား မိချောင်းတွေကို သနားသွားနိုင်တယ်"

ဟု ပြောလေရာ မိုးဝေက ...

"ဆိုစမ်းပါဦး"

ဟု စကားထောက်ပေးလေ၏။ ဆင်ပေါက်က ...

"မိချောင်းတစ်ကောင်ကို ရောင်းရင် တစ်နေ့တည်းကုန်တာ မဟုတ်ဘူးဗျ၊ နှစ်ရက် သုံးရက်ထားပြီး ရောင်းရ





တယ်၊ ဒါကြောင့် မိချောင်းအရှင်ကို အမြီးကနေ ဓားနဲ့ ခုတ်ခုတ်ပြီး ရောင်းရတယ်၊ မိချောင်းဟာ အင်မတန်အသက်ပြင်းတဲ့သတ္တဝါဆိုတော့ ဗိုက်ထဲက ကလီစာတွေကို ခေါင်းပိုင်းဘက် ပို့ပို့ပေးရပြီး ခုတ်ရောင်းရင် နှစ်ရက် သုံးရက် မသေဘူးဗျ၊ မိချောင်းကိုယ်ကို ဓားနဲ့ ဒေါက်ခနဲခုတ်ရင် မိချောင်းမျက်ရည်တစ်စက် ကျတယ်ဆိုပဲ"

ဟု ဆိုလေရာ မိုးဝေက စုတ်သပ်၍ ...

"ကျွတ် ... ကျွတ် ... ရက်စက်လိုက်ကြဟာဗျာ"

ဟု ရေရွတ်လေ၏။ ဆင်ပေါက်က ရယ်မော၍ ...

"မိချောင်းတွေရဲ့ ရက်စက်မှုကို ခင်ဗျားမှ မသိသေးတာ၊ ရေခပ်ဆင်းလာတဲ့ မိန်းမပျိုတွေ ကလေးငယ်တွေ ကျွဲနွားတွေကို ဝင်ဆွဲလေ့ရှိတယ်၊ တစ်ခါကုန်းကဆိုရင် မိချောင်းတစ်ကောင်ဟာ ကုန်းပေါ်အထိတက်ပြီး တဲထဲမှာအိပ်ပျော်နေတဲ့ လင်မယားကို ဝင်ဆွဲတာ လင်ကထွက်ပြေးလို့လွတ်ပေမယ့် မယားကတော့ မိချောင်းစာ ခံရရှာတယ်"

ဟု ပြောလေ၏။

*○*



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မိုးဝေနှင့် ဆင်ပေါက်သည် အဆွေခင်ပွန်းဖွဲ့၍ ခရီးဆက်လာခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့သို့ ရောက်သောအခါ ဆင်ပေါက်က ...

"ကျုပ်တို့ လမ်းခွဲရအောင် ကိုမိုးဝေ၊ ကျုပ်က မြန်မာပြည်အထက်ပိုင်း ကချင်ပြည်နယ်ဘက်အထိ သွားမှာ၊ ခင်ဗျား ကျောက်မဲမြို့ကိုရောက်ရင် ရွှေနဂါးဆိုတဲ့ ခေါက်ဆွဲဆိုင်ကို ဝင်ပါ၊ အဲဒီမှာ ကျုပ်ဆရာကြီး ဦးတိတ်ဂွမ် ရှိတယ်၊ သူနဲ့ အတူ ပျော်သလောက်နေပါ၊ ခေါက်ဆွဲဆိုင်မှာ ဝင်လုပ်ရင်လည်းလုပ်ပါ၊ သေချာတာတစ်ခုကတော့ ခင်ဗျား ဦးတိတ်ဂွမ်နဲ့နေရင် ထူးဆန်းအံ့ဩဖွယ်ရာ ပညာရပ်မျိုးစုံကို ကြားနာရလိမ့်မယ်၊ ကျုပ်တစ်သက်မှာ ဦးတိတ်ဂွမ်နဲ့ အတူနေရတဲ့ အချိန်တွေဟာ တန်ဖိုးအရှိဆုံး အချိန်တွေပါပဲ"

ဟု ပြောလေရာ မိုးဝေသည် ဦးတိတ်ဂွမ် ဆိုသူကို စိတ်ဝင်စားသွားပြီး ...





"မိတ်ဆွေ ... ဒီလောက်ညွှန်းရင်တော့ သွားတွေ့ဖြစ်အောင် တွေ့မယ်ဗျာ"

ဟု ပြောလိုက်လေ၏။

မိုးဝေသည် ဆင်ပေါက်နှင့် လမ်းခွဲထွက်ခဲ့ပြီးနောက် လော်ရီကားကြီးတစ်စီးနှင့် လမ်းကြုံလိုက်ကာ ကျောက်မဲမြို့သို့ ခရီးဆက်ခဲ့လေ၏။ ကျောက်မဲမြို့သို့ ရောက်သောအခါတွင် ရွှေနဂါး ခေါက်ဆွဲဆိုင်ကို ရှာဖွေလေရာ မြို့တစ်နေရာတွင် တွေ့လေ၏။

ခေါက်ဆွဲဆိုင်သည် ကြီးမားသော ခြံဝင်းကျယ်ကြီးတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ဆိုင်ပတ်ဝန်းကျင်တစ်ခွင်လုံး သန့်ရှင်းစွာ လှည်းကျင်းထားသည်ကို မြင်ရ၏။ မိုးဝေသည် ခေါက်ဆွဲဆိုင်ထဲသို့ ဝင်သွားသောအခါ အသက်(၁၆)နှစ်အရွယ် လူငယ်တစ်ဦးက ...

"ဘာစားမလဲ၊ ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ ကြာဆံကြော်၊ တောက်တောက်ကြော်၊ ကုန်းဘောင်းကြီးကြော် ရတယ်ဆရာ"

ဟု ပြောလေရာ ငွေသိမ်းစားပွဲရှေ့တွင် ထိုင်နေသော မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် တရုတ်ကြီးက ...

"ဆိုင်မှာရှိတဲ့ အစားအစာတွေ လျှောက်ရွတ်ပြမနေနဲ့ကွ၊ ဒါဒီဆိုင်မှာနေမယ့်လူ"



www.burmeseclassic.com

www.burmeseclassic.com

ဟု စားပွဲထိုးလေးကို ပြောလေ၏။ မိုးဝေသည် တရုတ်ကြီး၏စကားကြောင့် လွန်စွာအံ့သြသွားပြီး ...

"ခင်ဗျားက ဦးတိတ်ငွမ်လား၊ ကျုပ်က ဒီမှာနေမယ်ဆိုတာ ဘယ်လိုလုပ် သိလဲ"

ဟု မေးမြန်းလေ၏။

ဦးတိတ်ငွမ်က ရယ်မော၍ ...

"ဟား ဟား ဟား ... မင်းကိုရှင်းပြလည်း နားလည်ဦးမှာမှ မဟုတ်တာကွာ၊ မသိချင်ပါနဲ့၊ ဒီလိုပါကွာ၊ ငါဟာ မနက်တိုင်း ခိုသတ္တဝါတွေကို အစာကျွေးလေ့ ရှိတယ်။ ဒီနေ့မနက် ခိုတွေအစာစားပုံ ပျံတက်ပုံ အုပ်စုခွဲပုံကိုကြည့်ပြီး ငါနဲ့အတူနေမယ့် ဧည့်သည်တစ်ယောက် ရောက်တော့မယ်ဆိုတာ ငါ ကြိုသိနေတယ်၊ ဒါကြောင့် စားပွဲထိုးကောင်လေးကိုတောင် ဆိုင်အနောက်က အခန်းကို ရှင်းခိုင်းထားတယ်၊ အိပ်ရာ၊ စောင်၊ ခြင်ထောင် အားလုံးအဆင်သင့်ပဲ"

ဟု ဆိုလိုက်ရာ မိုးဝေသည် အံ့သြသွားပြန်ပြီး ...

"အံ့ပါရဲ့ဗျာ၊ ခိုတွေကိုကြည့်တာနဲ့ ကျုပ်လာမယ်ဆိုတာ ကြိုသိနေတယ်"

ဟု ရေရွတ်လေရာ ဦးတိတ်ငွမ်က ...





"ခိုတွေက မင်းရဲ့စိတ်ဓာတ်ကိုတောင် ပြောပြသွားတယ်ကွ၊ မင်းဟာ ခေါင်းအတော်မာပြီး အတွေ့အကြုံ အသစ်အဆန်းတွေ ရှာဖွေချင်တဲ့သူတဲ့၊ အတော်လည်း ရှာရှာဖွေဖွေ စပ်စပ်စုစု လုပ်ချင်တဲ့ကောင်တဲ့"

ဟု ဆိုလိုက်ပြန်၏။ ထို့နောက် တရုတ်ကြီးဦးတိတ်ငွမ်ကပင် ...

"ကဲ ... မင်း ဗိုက်ဆာလာရောပေါ့မယ်၊ ငါ့ရဲ့လက်ရာ အစိမ်းကြော်နဲ့ ထမင်းစားလိုက်ပါဦး"

ဟု ဖိတ်ခေါ်လေ၏။

မိုးဝေသည် ဗိုက်ထဲတွင် ဆာလောင်နေသဖြင့် မငြင်းဆန်နိုင်ဘဲ မြိန်ရှက်စွာ စားသောက်လေ၏။ ထမင်းစားရင်း ဆင်ပေါက်နှင့် ခင်မင်ရင်းနှီးခဲ့ပုံ၊ ဆင်ပေါက်က ဦးတိတ်ငွမ် ဆီသို့ လမ်းညွှန်ပုံများကို ပြောလေ၏။ ဦးတိတ်ငွမ်က နားထောင်၍ ...

"မင်းလို ရှာရှာဖွေဖွေ စပ်စပ်စုစု လုပ်ချင်တဲ့လူဟာ ငါနဲ့နေရင် အကောင်းဆုံးပါပဲ၊ ငါ့ဆိုင်မှာ ဝိုင်းလုပ်ဝိုင်းစားလုပ်ပေါ့ကွာ၊ ငါ့ဆိုင်မှာ စားပွဲထိုး အိုက်စံ တစ်ယောက်ပဲ ရှိတယ်၊ အိုက်စံကတော့ ထိုင်းမှိုင်းလွန်းတယ်ကွ၊ လောကမှာ သူ ဘာကိုမှ စိတ်မဝင်စားဘူး၊ စားဖို့အိပ်ဖို့ပဲ သိတယ်၊


www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့လိုလူမျိုးဟာ လူဖြစ်ဖို့ထက် တိရစ္ဆာန်ဖြစ်ဖို့ပဲ ကောင်းတယ်၊ ဒါပေမဲ့ လောကမှာ လူဖြစ်ပြီး တိရစ္ဆာန်လောက်ပဲ အသိဉာဏ်ရှိတဲ့သူတွေ အများကြီးပါပဲကွာ"

ဟု ဆိုလိုက်ရာ မိုးဆေက ထမင်းကို လက်စသတ်၍ ...

"ကျုပ်တို့တိုင်းပြည်က သူတစ်ပါးရဲ့ကျွန်ဘဝကို ရောက်နေလို့ လူတွေပညာကောင်းကောင်း မသင်ရလို့ ဖြစ်ပါလိမ့်မယ်"

ဟု မှတ်ချက်ချလေ၏။ ထိုအခါ ဦးတိတ်ငွမ်က ...

"အသိဉာဏ်မဲ့တာနဲ့ ပညာတတ်တာ ဘာဆိုင်လို့လဲကွာ၊ ငါ့အမြင်ပြောရရင် စာမတတ်တဲ့သူ အသိဉာဏ်မဲ့တာထက်၊ စာတတ် ပေတတ်တွေ အသိဉာဏ်မဲ့တာ ပိုဆိုးတယ်ကွ၊ ပညာတတ်တွေက ပြောကြတယ်၊ မျဉ်းဆိုတာ အလျားရှိတယ်၊ အကျယ်မရှိဘူးတဲ့၊ ဒီထက် မျက်ကန်းကျတာရှိဦးမလားကွာ၊ အကျယ်မရှိဘဲ မျဉ်းတစ်ခု ဖြစ်လာမလား"

ဟု ဆိုလိုက်ရာ မိုးဝေက ရေနွေးကြမ်းပန်းကန်ထံသို့ လက်ညှိုးနှင့်နှစ်၍ စားပွဲပေါ်တွင် မျဉ်းတစ်ကြောင်း ဆွဲကြည့်၏။ ဦးတိတ်ငွမ်က ဆက်လက်၍ ...





"နောက်ပြီး အမှတ်စက် (Point)ဆိုတာ အလျားအနံမရှိဘူးတဲ့၊ ဖျင်းလိုက်တဲ့သူတွေ၊ အလျားအနံမရှိတဲ့နောက် အမှတ်စက်ဆိုတာ ရှိနိုင်ပါ့မလား"

ဟု ဆိုလိုက်ရာ မိုးဝေက ရေနွေးပန်းကန်ကို လက်ညှိုးနှင့်တို့၍ စားပွဲခုံပေါ်တွင် အမှတ်စက်တစ်ခု ရေးကြည့်နေမိ၏။ ဦးတိတ်ငွမ်က ဆက်၍ ...

"သင်္ချာပညာမှာ ဂဏန်း(၉)ခုရှိတယ်တဲ့၊ ဒါလည်း အသိဉာဏ်မဲ့မှုပဲ၊ ဘာလို့(၉)ခုရှိရမှာလဲ၊ သင်္ချာဆိုတာ ရေတွက်ဖို့ပဲ၊ (၇)ခု ဒါမှမဟုတ် (၅)ခုထားရင် ရနိုင်တာပဲ၊ ဂဏန်း(၃)ခုတည်းနဲ့လည်း ရေတွက်လို့ ရတာပဲ"

ဟု ဆိုလေရာ မိုးဝေက ...

"ဘယ်လိုရေတွက်မှာလဲဗျ၊ ဥပမာ ပေးစမ်းပါဦး"

ဟု ဆိုလေရာ ဦးတိတ်ငွမ်က ...

စားပွဲခုံပေါ်တွင် လက်ဖြင့်ခြစ်၍ ...

၁, ၂, ၃

၁၀, ၁၁, ၁၂, ၁၃

၂၀, ၂၁, ၂၂, ၂၃

၃၀, ၃၁, ၃၂, ၃၃



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးပြလေ၏။ ဦးတိတ်ငွမ်က ဆက်လက်၍ ...

"ဒီလိုရေတွက်လို့လည်း ရတာပဲ၊ ဂဏန်း(၉)ခုတောင် မလိုပါဘူး၊ ဂဏန်း(၂)လုံးတည်းနဲ့လည်း ရေတွက်လို့ရတာပဲ၊ ဒါကြောင့် သင်္ချာပညာမှာ ဂဏန်း(၉)ခုရှိရမယ်လို့ သီအိုရီတွေထုတ်ပြီးအော်နေတာ ရယ်စရာကြီးပါကွာ၊ ဘာသာရေးကြည်ညိုပါတယ်ဆိုတဲ့ လူတွေနဲ့တွေ့ပြီး ဘာသာရေးအကြောင်းမေးရင် စာအုပ်ကို လက်ညှိုးထိုးပြလိမ့်မယ်၊ ကျမ်းဂန်တွေမှာ ဒီလိုဆိုထားတယ်လေဆိုပြီး အလွတ်ရွတ်ပြလိမ့်မယ်၊ တကယ်တော့ သူ့ရင်ထဲမှာ ဘာသာရေးနဲ့ ပတ်သက်ပြီး ဘာမှမသိရှာဘူး၊ ရင်ထဲမှာ ဘာမှမရှိရင် စစ်မှန်တဲ့ ဘာသာရေး ကြည်ညိုသူ ဘယ်ဖြစ်နိုင်မလဲ၊ တစ်ခါက စာပေကျမ်းဂန်တွေကို အာဂုံဆောင်နိုင်ပြီး ဂါထာတွေကိုပါ အလွတ် ရွတ်နိုင်တဲ့ လူကြီးတစ်ယောက် ငါ့ဆီရောက်လာတယ်၊ သနားစရာကောင်းတာက လူတွေက ဘာဘဦးသုတ၊ ဘာဘဦးသုတ ဆိုပြီး ဝိုင်းဝန်းမြှောက်စားထားလို့ သူ့ကိုယ်သူ အတော်လေး အထင်ရောက်နေတယ်၊ တရားပွဲတွေမှာလည်း သူမှသူပဲ၊ တကယ်တော့ ဒီလူကြီးဟာ နုလဗိန်းတုံးကြီးကွ၊ ငါက သူ့ကို ...





'ခင်ဗျား အခုလို အာဂုံဆောင်နိုင်ရုံနဲ့ ဘာမှထူးလာမှာ မဟုတ်ဘူး၊ အထင်ကြီးစရာလည်း မရှိဘူး၊ စက်ရုပ်တွေက ခင်ဗျားထက်တောင် အာဂုံဆောင်နိုင်သေးတယ်'

ဆိုတော့ ရှုံးရှုံးရားရားနဲ့ ထွက်သွားတယ်၊ လူတွေကလည်း လူတွေပဲကွ၊ အထင်ကြီးစရာရှိရင် စွတ်ကြီးပစ်လိုက်တာပဲ၊ အချို့များဆို ဒီလူကြီးကို တွေ့တဲ့နေရာမှာ ထိုင်ကန်တော့ပစ်လိုက်တာပဲ၊ ကြည်ညိုလွန်းလို့ပါတဲ့၊ သူ့ဘာသာ ဘာကြည်ညိုမှန်းတောင် မသိတဲ့သူက ကြည်ညိုလွန်းလို့ပါတဲ့၊ ရယ်စရာ မကောင်းဘူးလား"

ဟု ပြောလေ၏။ မိုးဝေက ခေါင်းညိတ်နားထောင်၍ ...

"ဆင်ပေါက် ပြောတဲ့စကားတွေ အလွန်မှန်တာပဲ၊ ဦးတိတ်ငွမ်နဲ့ နေရတဲ့အချိန်မှာ ကျုပ် ထူးထူးဆန်းဆန်းတွေ ကြားရပြီ"

ဟု မှတ်ချက်ချလေရာ ဦးတိတ်ငွမ်က မျက်စိပေါက်ကလေးများပိတ်အောင် တဟားဟား ရယ်မောလိုက်ပြီး ...

"တို့ တရုတ်စကားပုံရှိတယ်၊ ဆရာက တံခါးဖွင့်ပေးနိုင်တယ်၊ ဒါပေမဲ့ အခန်းထဲကို ကိုယ်တိုင်ဝင်မှ ရောက်နိုင်တယ်တဲ့၊ ဒါကြောင့် ကိုယ်တိုင်ဝင်နိုင်ဖို့ ကြိုးစားပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထို့နောက်တွင်မှ ဦးတိတ်ဂွမ်က မိုးဝေအား ခေါက်ဆွဲဆိုင်အနောက်သို့ ခေါ်ဆောင်သွားပြီး အိပ်စက်ရန်နေရာကို ပြလေ၏။ ထိုအချိန်တွင် အိုက်စံ ဆိုသော လူငယ်လေးသည် ညဉ့်နက်ပြီဖြစ်သဖြင့် ဆိုင်ပိတ်ရန် ပြင်ဆင်နေလေ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မိုးဝေသည် အိပ်ရာမှ စောစောထလေ၏။ ရှမ်းပြည်နယ်၏ ရာသီဥတုသည် လွန်စွာအေးမြလှသဖြင့် ရေနွေးနှင့် မျက်နှာသစ်ရလေ၏။ ထို့နောက် မီးဖိုသို့သွားပြီး ရေနွေးအိုး တည်လေ၏။ ထိုအချိန်တွင် ဦးတိတ်ဂွမ်မှာ ခြံပတ်ဝန်းကျင်ကို အမှိုက်များလှည်းကျင်း၍ပင် နေလေ၏။

အမှိုက်လှည်းကျင်းပြီးသောအခါ ဦးတိတ်ဂွမ်က မီးဖိုခန်းသို့ဝင်ကာ မနက်စာ စားသောက်ရန် ပြင်ဆင်လေ၏။ ခဏကြာလျှင် အငွေ့တထောင်းထောင်း ထနေသော ဆီချက်ခေါက်ဆွဲ၊ ဆယ့်နှစ်မျိုးဟင်းချိုနှင့် သစ်သီးဖျော်ရည်တစ်ခွက်ကို စီမံပြီးဖြစ်နေလေ၏။ မိုးဝေက စားပွဲပေါ်တွင် ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို ကြည့်၍ ...

"မနက် အဆာပြေစားဖို့ လုပ်ထားတာကလည်း စုံလှချည်လားဗျ"





ဟု မေးမြန်းလေရာ ဦးတိတ်ဂွမ်က ခေါင်းညိတ်၍ ...

"စုံရမယ်လေ၊ လူ့ဘဝမှာ မနက်စာဟာ အရေးကြီးဆုံးကွ၊ မနက်စာကို အဟာရပြည့်ပြည့်နဲ့ ကောင်းကောင်းမွန်မွန် စီမံစားသောက်ရတယ်၊ လူတော်တော်များများဟာ မနက်စာ အရေးပါပုံကို နားမလည်ကြဘူး၊ အချို့များဆိုရင် မနက်စာကို တစ်ပြားတန်မုန့်ကလေးတစ်ခုနဲ့ ဖြစ်သလို စားကြတာများတယ်၊ မနက်စာကို တတ်နိုင်သမျှ ကောင်းကောင်းစားရတယ်၊ ညစာကိုတော့ တတ်နိုင်သမျှ လျှော့စားရတယ်၊ အင်္ဂလိပ်တွေဟာ ဒင်နာဆိုတဲ့ ညစာစားပွဲတွေမှာ အစားအသောက်တွေ အမျိုးစုံအောင် စားလေ့ရှိတယ်၊ အဲဒါ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အင်မတန်မှားတဲ့ အလူအဆပဲ"

ဟု ပြောလေ၏။ ထို့နောက်တွင်မှ ဦးတတ်ဂွမ်၊ မိုးဝေနှင့် အိုက်စံသည် ဆီချက်ခေါက်ဆွဲများကို မြိန်ရှက်စွာစားသောက်လေ၏။ ဦးတိတ်ဂွမ်၏ ဆီချက်ခေါက်ဆွဲသည် လွန်စွာ အရသာရှိကြောင်း သတိပြုမိလေ၏။ မိုးဝေသည် ပန်းကန်လုံးလေးကိုကိုင်၍ ခေါက်ဆွဲများကို တူဖြင့်ညှပ်၍ စားသောက်လေ၏။ ဦးတိတ်ဂွမ်က မိုးဝေ စားသောက်နေဟန်ကိုကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပန်းကန်လုံးကိုင်ထားတဲ့ပုံက သူဖုန်းစားကိုင်နည်း ဖြစ်နေတယ်၊ ပန်းကန်လုံးဖင်ကို လက်ဖဝါးထဲထည့်ပြီး လက်ချောင်းတွေက ပန်းကန်လုံးကို ကိုင်ထားတယ်၊ သူတောင်းစား ခွက်ကိုင်ပြီး တောင်းနေတဲ့ပုံစံမျိုး ဖြစ်နေတယ်၊ ဒီလိုသာ အမြဲကိုင်စားနေရင် သူများပေးစာကမ်းစာကို မှီခိုစားသောက်တဲ့ဘဝမျိုး ရောက်သွားမယ်"

ဟု ပြောလေရာ မိုးဝေက မျက်လုံးပြူးသွားပြီး ...

"ဒါဆိုရင် ဘယ်လိုကိုင်ရမလဲဗျ"

ဟု မေးမြန်းလေ၏။ ဦးတိတ်ဂွမ်က ...

"ဒီမှာကြည့် ... လက်ခလယ်၊ လက်သူကြွယ်နဲ့ လက်သန်း၊ လက်ချောင်းသုံးချောင်းကို ခ ှ့တန်းပူးကပ်ပြီး ပန်းကန်လုံးဖင်ကို တင်ရတယ်၊ ပြီးရင် လက်မနဲ့အပေါ်ကနေ ပန်းကန်လုံးနှုတ်ခမ်းစောင်းကို ဖိထားရတယ်၊ လက်ညှိုးက ပန်းကန်လုံးဘေးကိုထောက်ပြီး ထိန်းပေးရတယ်၊ မင်းစားနေတဲ့ဇွန်းကိုကြည့်၊ တူဖျားမှာ ငွေမျှင်ကလေး မြှုပ်ပေးထားတယ်၊ စားတဲ့အစားအစာထဲမှာ မတည့်တဲ့ အဆိပ်အတောက်တွေ ပါနေပြီဆိုရင် ငွေမျှင်ကလေးဟာ အရောင်ပြောင်းသွားလိမ့်မယ်"





ဟု ပြောလေရာ မိုးဝေက တူကိုကြည့်လိုက်သော အခါ ငွေကြိုးမျှင်ကလေးတစ်ချောင်းကို သေသပ်စွာ မြှုပ်နှံထားကြောင်း တွေ့ရလေ၏။

"ငါတို့ ရှေးဟောင်းတရုတ်တွေဟာ တူကို အလေးအနက်ထားကြတယ်၊ တူမှာ ယင်ယန်ဆိုတဲ့ဓာတ်နှစ်ပါးရဲ့ သဘောတရားတွေ ပါဝင်တယ်၊ တစ်စင်းကအငြိမ်၊ တစ်စင်းက အလှုပ်၊ အလင်းနဲ့အမှောင် အပူအအေးရဲ့သဘောတရားတွေပဲ၊ ဒီသဘောတရားတွေကို နောက်မှ မင်း နားလည်အောင် ရှင်းပြမယ် ...

တရုတ်ဝေါဟာရမှာ 'တူ'ဆိုတဲ့ အသံထွက်ဟာ ရပ်တန့်လိုက်ရတယ်လို့ သံတူကြောင်းကွဲ အဓိပ္ပာယ်ထွက်တယ်၊ ဒါကြောင့် တရုတ်တွေဟာ မြန်မြန်ဆန်ဆန်လို့ သံတူကြောင်းကွဲ အဓိပ္ပာယ်ရှိတဲ့ 'ခွိုက်'လို့ ပြောင်းခေါ်ကြတယ်၊ 'တူ'ဆိုတဲ့ အသံထွက်ဟာ အတိတ်နိမိတ်မကောင်းဘူးဆိုတဲ့ သဘောပေါ့ကွာ၊ မြန်မာစကားမှာတော့ တူဟာ မင်္ဂလာပဲကွ၊ သံတူကြောင်းကွဲ အဓိပ္ပာယ်အရ တူဖြစ်ရင်နှံ့ ဆိုတဲ့ စကားရှိတယ်၊ အသာစီးရတဲ့ သဘောပေါ့ကွာ၊ တူဟာ ဆယ်မ,တဲ့သဘောပဲကွ၊ ဆွေမျိုးတော်စပ်တဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း တူဆိုတာ ရှိနေတော့ မခေါ်ချင်လို့ရရင်ရမယ်၊ မတော်ချင်လို့ မရဆိုတဲ့ 'ပစ်ပယ်ငြင်းဆန်လို့ မရတဲ့' သဘော သဘာဝကို တွေ့ရမယ်၊ ဒါကြောင့် တူကို အလေးအနက် ထားရမယ်ကွ။ တူနဲ့ လက်ညှိုးထိုးပြသလို၊ မထိုးပြရဘူး။ စားသောက်ပြီးစီးရင် ပန်းကန်ပေါ်မှာ တူနှစ်စင်းကို ယှဉ် ရက်သား တင်ရမယ်၊ ကြက်ခြေခတ်တို့၊ တစောင်းတစ္ဆေ့တို့၊ ပန်းကန်ထဲ ထိုးစိုက်ရက်သားတို့ ဖြစ်ကျန်မနေစေရ ဘူး။ အစာစားရင် သိမ်တဲ့အဖျားဘက်ကနေ ညှပ်ပြီးစားရ တယ်၊ သူတစ်ပါးကိုကျွေးဖို့ အစာညှပ်ကိုင်ရင် အရင်းတုတ် တဲ့ဘက်ကို ပြောင်းပြန်ကိုင်ပြီး သုံးရတယ်၊ အများနဲ့အတူ နှိုက်စားရတဲ့ ဟင်းပန်းကန်ထဲကို မိမိရဲ့တူကို ထိုးစိုက်မွှေ နှောက်ခြင်း မလုပ်ရဘူး၊ ကိုယ်ပိုင်သုံးတဲ့တူကို ဘယ်သူ့ မှမငှားရဘူး၊ မယားနဲ့တူ ဘယ်သူ့မှ မငှားနဲ့ဆိုတဲ့ စကား ရှိတယ်၊ အကိုင်မတတ်ရင် ပွန်းပဲ့ကျိုးနသွားမှာ စိုးရတယ်"

ဟု ဆိုလေရာ မိုးဝေက တဟားဟား ရယ်မောလိုက် လေ၏။

အိုက်စံကမူ ဦးတိတ်ငွမ် စကားကို စိတ်ဝင်စားဟန် မရှိဘဲ ဆယ့်နှစ်မျိုးဟင်းချိုကိုသာ တဖူးဖူး မှုတ်သောက်နေ၏။





နေ့လယ်စာ စားသောက်ချိန်သို့ ရောက်သောအခါ ခေါက်ဆွဲဆိုင်သို့ လူများတဖွဲဖွဲ ရောက်ရှိလာ၏။ ဦးတိတ်ငွမ်သည် မီးဖိုခန်းထဲတွင် မအားလပ်နိုင်အောင် ကြော်လှော်ချက်ပြုတ်ရလေ ၏။

မိုးဝေကမူ အိုက်စံနှင့်အတူ စားပွဲထိုး၊ ပန်းကန်ဆေး အလုပ်များကို ကူညီလုပ်ကိုင်ပေးလေ၏။ နေ့လယ်သို့ရောက်သော အခါ ဟင်းသီးဟင်းရွက်များကို ဈေးမှဝယ်ယူ၍ ဆေးကြောခြင်း၊ အသားပြုတ်ခြင်း၊ ငရုတ်ဆီစပ်ခြင်း၊ ဆိုင်ခုံများကို သန့်ရှင်းခြင်း စသော အလုပ်များကို လုပ်ကိုင်ရလေ၏။

ဤသို့ဖြင့် မိုးဝေသည် ဦးတိတ်ငွမ်၏ ရွှေနဂါးခေါက် ဆွဲဆိုင်လေးတွင် ပျော်ရွှင်စွာ နေထိုင်လေတော့၏။

✻ ○ ✻



www.burmeseclassic.com

www.burmeseclassic.com



ဦးတိတ်ဂွမ်သည် အားလပ်သည့် အချိန်တိုင်းတွင် ထူးဆန်းလှို့ဝှက်သော လောကီပညာရပ်များကို မိုးဝေအား သင်ကြားပေးလေ၏။ မိုးဝေကလည်း ကောင်းမွန်စွာ မှတ်သားထားလေ၏။

တစ်နေ့သ၌ အိုက်စံသည် ခေါက်ဆွဲဆိုင်ထဲတွင် ချိတ်ထားသော မှန်ကြီးကို အဝတ်ဖြင့်တိုက်ရင်း ခွမ်းခနဲ ကျကွဲလေ၏။ အိုက်စံသည် အစိတ်စိတ်အမြွာမြွာ ကွဲသွားသော မှန်ကြီးကို ကြည့်၍ ...

"သွားပါပြီဗျာ"

ဟု ရေရွတ်နေစဉ် အနီးသို့ ဦးတိတ်ဂွမ် ရောက်လာပြီးလျှင် ...

"နမော်နမဲ့ကောင်၊ ဘာကြောင်ပြီး ကြည့်နေတာလဲ၊ မှန်ကွဲစတွေကို အဝတ်ထူထူနဲ့ အမြန်အုပ်လိုက်စမ်း၊ ပြီးရင်





လုံးထွေးပြီး လွှင့်ပစ်လိုက်၊ မှန်ကွဲရင် သတိထားရမယ်၊ မကောင်းတဲ့ အတိတ်နိမိတ်တွေ ဖြစ်တတ်တယ်"

ဟု ဆိုကာ ဆိုင်အပေါ်ထပ်သို့ တက်သွားပြီး ကွဲသွားသော မှန်ကြီးနှင့် တစ်ထေရာတည်းတူသော ကြည့်မှန်ကြီးကို ယူလာပြီး အစားပြန်ချိတ်ထားလေ၏။ ပြီးနောက် ...

"ရှေးဟောင်းတရုတ်လူမျိုးတွေဟာ ကြည့်မှန်ကို အလေးအနက်ထားကြတယ်ကွ၊ ကြည့်မှန်အစွမ်းနဲ့ အိမ်တွင်းမှာ ကောင်းကျိုးချမ်းသာရအောင် လုပ်နိုင်တယ်၊ ကြည့်မှန်ကို မှန်သားမျက်နှာပြင် ကြည်လင်သန့်ရှင်းနေအောင် အထူးဂရုစိုက်ရမယ်၊ အစွန်းအထင်း အစက်အပြောက်တွေ မပေါ်စေရဘူး၊ ကြည့်မှန်ချိတ်တဲ့အခါလည်း သိပ်အရေးကြီးတယ်၊ နိမ့်လွန်းတဲ့နေရာ၊ မြင့်လွန်းတဲ့နေရာ မဖြစ်စေရဘူး၊ ကြည့်မှန်နေရာက ကြည့်သူထက်နိမ့်ရင် ခေါင်းကိုကန့်လန့်ဖြတ်ထားသလို ဖြစ်နေတဲ့အတွက် အတိတ် နိမိတ် မကောင်းဘူး၊ လူတွေဟာ အစိတ်စိတ်အမြွာမြွာ ကွဲနေတဲ့မှန်ကို နှမြောပြီး လွှင့်မပစ်ကြဘူး။ ကွဲနေတဲ့မှန်မှာ ပုံရိပ်ကိုကြည့်ရင် ကိုယ့်ပုံရိပ်ဟာလည်း တစ်စစီ ကွဲကြေနေကြလိမ့်မယ်၊ ဒီလိုမှန်မျိုးကို ကြည့်ပါများရင် စိတ်ပိုင်းဆိုင်ရာ အရှုံး



www.burmeseclassic.com

www.burmeseclassic.com



သတ္တိတွေ လျော့နည်းသွားလိမ့်မယ်၊ ကံဇာတာလည်း ညှိုးဖျင်းသွားတတ်တယ်”

ဟု ပြောလေရာ မိုးဝေက ...

“ဦးတိတ်ငွမ်နဲ့ တွေ့တော့မှပဲ လောကမှာ အရာရာဟာ အရေးပါကြောင်း သိရတော့တယ်”

ဟု ရေရွတ်လေ၏။ ဦးတိတ်ငွမ်က ...

“အရေးပါတာပေါ့ကွာ၊ ဒါဟာ ရှေးပညာတွေကွ၊ ဒီပညာတွေ တိမ်ကောပပျောက်သွားတဲ့အတွက် ဒီနေ့ခေတ်လူတွေဟာ ရှေးကထက် ဆင်းရဲပင်ပန်းတာပေါ့၊ ငါဟာ ရှေးပညာတွေကို ဂရုစိုက်တဲ့အတွက် မင်းတို့မျက်မြင်ပဲ၊ ဘယ်တုန်းက အခက်အခဲတွေ့တာ မြင်ဖူးလဲ၊ ငါ့ဆိုင်လေးမှာ အချိန်ပြည့် လူပြည့်နေတာပဲ၊ ငါဟာ ငွေမလိုချင်လို့ကွ၊ ငွေသာလိုချင်ရင် လိုသမျှ ဖြစ်နိုင်တယ်။ အဓိက,က ပညာရပ်တွေကို ဂရုတစိုက်နဲ့ နားလည်ဖို့လိုတယ်”

ထို့နောက်တွင်မူ ဦးတိတ်ငွမ်ကပင် ဆက်လက်၍...

“ကြည့်မှန်အကြောင်း ဆက်ရဦးမယ်၊ ကြည့်မှန်ထဲမှာ အမှိုက်ခြင်း၊ အမှိုက်ပုံ၊ အိမ်သာတံခါးဝ၊ လှေကားခြေရင်း အောက်ဆုံးလှေကားထစ်၊ အဲတာတွေ ပေါ်နေရင် ကြည့်မှန်





ကို နေရာချက်ချင်း ရွှေ့လိုက်ပေတော့၊ အိမ်မှာလာဘ်တိတ်တတ်တယ်၊ ရှာသမျှငွေ မလောက်မင ဖြစ်တတ်တယ်၊ ထမင်းစားခန်းထဲမှာ ကြည့်မှန်ထားတာ ကောင်းတယ်ကွ၊ အစားအစာတွေဟာ မှန်ထဲမှာထင်ဟပ်ပြီး ပုံရိပ်နှစ်ဆပေါ်နေတဲ့ ပေါများကြွယ်ဝမှုရဲ့ အတိတ်နိမိတ်ကို ဖြစ်စေတယ်၊ နောက်ပြီး ငွေသိမ်းစားပွဲအပေါ်မှာ ကြည့်မှန်ထားခြင်းဖြင့် ပိုက်ဆံတွေ နှစ်ဆပွားသလို ဖြစ်တဲ့အတွက် လာဘ်လာဘ ပေါ်ကြွယ်ဝမယ်ကွ”

ဟု ဆိုလိုက်ရာ မိုးဝေက ဆိုင်ထဲရှိ ကြည့်မှန်များကို ကြည့်၍ ...

“ဒါကြောင့် ဦးတိတ်ငွမ်က ဆိုင်ထဲမှာ မှန်တွေချိတ်ထားတာကိုး၊ အကြောင်းမသိခင်တော့ ကျုပ်က ဒီလူကြီး မှန်အတော်ကြိုက်တယ် ထင်နေတာ”

ဟု ပြောလေ၏။ ဦးတိတ်ငွမ်က ဆက်လက်၍ ...

“အိပ်ခန်းထဲမှာ မှန်ထားမယ်ဆိုရင်တော့ အိပ်စက်နေတဲ့ကိုယ့်ရဲ့ပုံရိပ်မပေါ်အောင် ဂရုစိုက်ရမယ်၊ မှန်မှာကိုယ့်ပုံရိပ်ပေါ်နေရင် အိပ်ရေးမဝပြီး စိုးရိမ်ထိတ်လန့်မှုကို ဖြစ်တတ်တယ်၊ အိမ်ထောင်ရေး မသာမယာ ဖြစ်တတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုယ့်အိမ်မှာရှိတဲ့ မှန်တွေကို အဃ်လိုပုံရိပ် ပေါ်သလဲဆိုတာ စစ်ဆေးကြည့်သင့်တယ်၊ အိမ်အပြင်မှာ ရှိတဲ့ ရေကန်လေး မှန်ထဲမှာ ပေါ်ပြီဆိုရင်တော့ ကျက်သရေ မင်္ဂလာရှိမှန် ဖြစ်ပြီ၊ ညမှာသာတဲ့ လရဲ့ပုံရိပ်၊ မှန်ထဲမှာ ပေါ်ရင်တော့ အေးချမ်းသာယာတဲ့မှန် ဖြစ်ပြီ၊ ဒီမှန်မျိုးကို နေရာဘယ်တော့မှ မရွှေ့ရဘူး၊ ထိန်းသိမ်းထားရမယ်ကွ၊ နောက်ပြီး လူမှာ ကိုယ်ရောင်ကိုယ်ဝါ ရှိတယ်ကွ၊ လူရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ မြင့်မြတ်ရင် မြင့်မြတ်သလို ကိုယ်ရောင်ကိုယ်ဝါ ထွက်တယ်၊ သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး၊ အချို့ယုတ်ညံ့တဲ့သူတွေမှာ ကိုယ်ရောင်ကိုယ်ဝါ မှေးမှိန်နေလေ့ရှိတယ်၊ ဗုဒ္ဓဝင်ပန်းချီကားတွေကိုကြည့်ရင် ကိုယ်ရောင် ကိုယ်ဝါကို ရေးဆွဲထားတာ မြင်ရမယ်၊ ကိုယ်ရောင်ကိုယ်ဝါဟာ ခန္ဓာကိုယ်မှာ ဥခွံလိုပတ်ပြီး လွှမ်းခြုံထားတယ်၊ ဒါကြောင့် မှန်ကြည့်တဲ့အခါ ကိုယ့်ရဲ့ပုံရိပ်သာမက ကိုယ်ရောင်ကိုယ်ဝါတွေပါ ဖင်ဆန့်အောင် ကိုယ်လုံးပေါ်မှန်ကြီးကို ကြည့်ပေးနိုင်ရင် ပိုကောင်းတယ်၊ မှန်သေးသေးလေးမှာ မဆန့်မပြကြည့်တာကို ရှောင်ရမယ်၊ ဒါမှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ခိုင်မာလာမယ်"





ဟု ပြောလရော မိုးဝေက တအံ့တသြဖြင့် ...

"ဦးတိတ်ငွမ် ပြောမှပဲ၊ ကျုပ်တို့ကိုယ်မှာ ကိုယ်ရောင် ကိုယ်ဝါ ထွက်တယ်ဆိုတာ သိရတော့တယ်"

ဟု ရေရွတ်လိုက်လေတော့၏။

**တ်ချက်။ ဦးတိတ်ငွမ် ပြောသော စကားသည် လွန်စွာမှန်ကန်၏။ လူတွင် ကိုယ်ရောင်ကိုယ်ဝါများရှိကြောင်း ယနေ့ခေတ် သိပ္ပံပညာရှင်များ ကကီအားလီးယာန်းဓာတ်ပုံနည်းပညာဖြင့် ရိုက်ကူးသက်သေပြခဲ့ ပြီး ဖြစ်ပါ၏။**

**(စာရေးသူ)**

ဦးတိတ်ငွမ်က ဆက်လက်၍ ...

"ကြည့်မှန်ရဲ့ အရေးပါပုံကို ပြောရရင် အများကြီးကျန်သေးတယ်ကွ၊ စကြဝဠာအတွင်းမှာရှိတဲ့ မြစ်တွေ၊ ချောင်းတွေ၊ နက္ခတ်တာရာတွေ၊ သစ်ပင်ပန်းမာန်စတဲ့ လှပကံကောင်း စေတဲ့ မြင်ကွင်းတွေကို ကြည့်မှန်တွေက မိမိအိမ်တွင်းကို ဆွဲငင်ယူဆောင်နိုင်တယ်။ အေးချမ်းသာယာမှုတွေကို ဆောင်ကျဉ်းပေးနိုင်တယ်။ ဒါကြောင့် ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေ၊ ထမင်းဆိုင်တွေမှာ ကြည့်မှန်ကြေးမုံတွေနဲ့ လူအများ စည်ကားအောင် ယတြာဆင်လို့ ရနိုင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှည်လျားစွာ ပြောဆို၍ အဆုံးသတ်လိုက်လေရာ မိုးဝေက ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"သိပ်ထူးဆန်းတဲ့ ကြည့်မှန်တွေပဲ၊ နောက်ဆိုရင် ကြည့်မှန်တွေကို အိမ်မှာအမြဲချိတ်ရမယ်"

ဟု ရေရွတ်လိုက်လေတော့၏။

✻ ○ ✻





အေးမြသော ညတစ်ည၌ ရွှေနဂါးခေါက်ဆွဲဆိုင်ကလေးကို သိမ်းရန်ပြင်ဆင်နေစဉ်မှာပင် ဆိုင်အတွင်းသို့ လွန်စွာရုပ်ရည်ကြမ်းတမ်းသော လူသန်ကြီးသုံးဦးဝင်ရောက်လာပြီး စားပွဲထိုး အိုက်စံဘက်သို့လှည့်ကာ ...

"ဟော့ကောင် ... ဘာတွေ ကျန်သေးလဲ"

ဟု လေသံမာမာဖြင့် မေးမြန်းလေရာ စားပွဲထိုး အိုက်စံက အလွတ်ကျက်ထားသည့်အတိုင်း ...

"အစိမ်းကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ချိုချဉ်ကြော်၊ ကုန်းဘောင်ကြီးကြော်"

ဟု တတွတ်တွတ် ရွတ်နေစဉ် မျက်စိတစ်ဖက်လပ်နေသော လူသန်ကြီးတစ်ဦးက ...

"ဟော့ကောင် လျှာမရှည်နဲ့တော့၊ နားငြီးတယ်၊ ရှိတာအကုန်စားပွဲပေါ်လာချ၊ အမြန်ဆုံးလုပ်နော်၊ ငါတို့သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com

မိုက်ဆာရင် လူသားစွပ်ပြုပ်တောင် လုပ်သောက်မဲ့ကောင်တွေ”

ဟု ကြိမ်းမောင်းလိုက်ရာ၊ အိုက်စံသည် ကြောက်ကြောက်လန့်လန့်ဖြင့် ဦးတိတ်ဌွမ်ဆီသို့ပြေးကာ စားသောက်ဖွယ်ရာများကို မှာကြားလေ၏။

ခဏကြာလျှင် ဦးတိတ်ဌွမ်၏အခန်းမှ ချက်ပြုတ်ကြော်လှော်သံများကို ကြားရလေ၏။ ပြီးနောက်တွင်မူ အိုက်စံသည် အငွေ့တထောင်းထောင်း ထနေသော စားသောက်ဖွယ်ရာများကို လူသန်ကြီးသုံးဦး၏ စားပွဲသို့ ချပေးလေ၏။

လူသန်ကြီးများသည် အငတ်တိုင်းပြည်မှ လာသူများကဲ့သို့ အစားအစာများကို အငမ်းမရ စားသောက်လေ၏။

မိုးဝေသည် ဆေးကြောပြီးသော ပန်းကန်ခွက်ယောက်များကို အဝတ်ဖြင့်သုတ်ရင်း လူသန်ကြီးများကို မသိမသာ အကဲခတ်နေလေ၏။ ၎င်းတို့သည် မြို့ခံလူများဖြစ်ပုံ မရဘဲ နယ်စပ်ဒေသမှလာသူများ ဖြစ်မည်ဟု ထင်၏။

လူသန်ကြီးများသည် ဦးတိတ်ဌွမ် ကြော်လှော်ချက်ပြုတ်ပေးသမျှ အစားအစာများကို လျင်မြန်စွာ စားသောက်ပြီး ထိုင်ရာမှထကာ မျက်စိတစ်ဖက်လပ် လူသန်ကြီးက ...





“မင်းတို့ဆိုင် မဆိုးဘူး၊ အစားအသောက် ကောင်းတယ်”

ဟု ချီးကျူးလေ၏။ ထို့နောက် ဆိုင်ပြင်သို့ထွက်ခွာသွားလေရာ အိုက်စံက နောက်မှလိုက်၍ ...

“ပိုက်ဆံမပေးရသေးဘူးခင်ဗျ”

ဟု သတိပေးလိုက်လေ၏။

ထိုအခါ လူသန်ကြီးတစ်ဦးက နောက်သို့လှည့်၍ အိုက်စံ၏ပါးကို ဖြန်းခနဲ ချလိုက်ပြီး ...

“သဘောက်မသား၊ ကျားညီနောင်သုံးယောက်ကို ပိုက်ဆံတောင်းရဲသလား”

ဟု မာန်မဲလိုက်လေ၏။ ကျားညီနောင်သုံးဦး၏ အမည်ကို နယ်စပ်ဒေသတွင် နေထိုင်သူတိုင်း ကောင်းစွာကြားဖူးကြ၏။ ၎င်းတို့သုံးဦးသည် လူသတ်ဓားပြတိုက်သော လူဆိုးလူသွမ်းကြီးများပင် ဖြစ်၏။ အိုက်စံသည် ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေရှာ၏။ ထိုအခိုက်မှာပင် ဦးတိတ်ဌွမ်သည် ကြော်လက်စယောက်မနှစ်လက်ကိုကိုင်၍ အခန်းထဲမှ ထွက်လာပြီး ...

“ကျားညီနောင်သုံးယောက်ကို သနားပါတယ်၊ ဒီနေ့ညတော့ ကျားညီနောင်သုံးယောက်ကနေ ခွေးညီနောင်သုံးယောက် ဖြစ်တော့မယ်၊ မင်းတို့ကို သနားလို့ ငါ့ရဲ့အကောင်းဆုံး အစားအစာတွေနဲ့ ကျွေးမွေးဧည့်ခံနေတာကွ၊ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲဆိုတော့ မင်းတို့ဟာ ဒီနေ့ညကစပြီး သံတိုင်နောက်ကို ရောက်တော့မယ်"

ဟု ပြောဆိုလိုက်လေရာ မျက်စိတစ်ဖက်လပ် လူသန်ကြီးသည် လွန်စွာဒေါသထွက်သွားပြီး ...

"ခင်ဗျားကြီး လူပါးဝလှချည့်လား သေပေတော့"

ဟု ရေရွတ်ကာ ဦးတိတ်ဂွမ်ကို ပြေး၍ လက်သီးဖြင့် ထိုးလေ၏။ ဦးတိတ်ဂွမ်က တဟဲဟဲ ရယ်မော၍ လျှင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး လူသန်ကြီး၏ ခေါင်းကို ယောက်ချိုကြီးဖြင့် ခွပ်ခနဲမြည်အောင် ရိုက်ချလိုက်ရာ လူသန်ကြီးသည် ဒယီးဒယိုင်ဖြင့် ပြိုလဲကျသွားလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ကျန်လူသန်ကြီး နှစ်ယောက်သည် လွန်စွာ အံ့ဩသွားလေ၏။ ဦးတိတ်ဂွမ်က တဟားဟား ရယ်မော၍ ...

"ငါ့ယောက်ချိုက မင်းတို့လို မားပြအစုတ်အပဲ့တွေနဲ့တွေ့ရင် နှိမ်နင်းဖို့အတွက် သံမဏိစစ်စစ်နဲ့ လုပ်ထားတာကွ၊ သိပ်မာတယ်"

ဟု ပြောဆိုလေ၏။ လူသန်ကြီးတစ်ယောက်သည် ဦးတိတ်ဂွမ်၏ စကားကို သည်းမခံနိုင်တော့ဘဲ ခါးတွင်ချိတ်ထားသော ပုဆိန်ကြီးကိုဖြုတ်၍ ...





"သေပေတော့ အဘိုးကြီး"

ဟု ကြုံးဝါးကာ ဦးတိတ်ဂွမ်အား ပုဆိန်ဖြင့်ခုတ်လေ၏။

သို့သော် ဦးတိတ်ဂွမ်က လူသန်ကြီး၏ "ပုဆိန်"ကို ယောက်ချိုဖြင့် ခံလိုက်ပြီး ကျန်လက်ထဲတွင် ကိုင်ထားသော သံမဏိယောက်မကြီးဖြင့် တခွပ်ခွပ် နှက်လိုက်ပြန်ရာ လူသန်ကြီးလည်း မေ့မျောသွားပြန်၏။ ကျန်သော လူသန်ကြီးသည် ဦးတိတ်ဂွမ်၏ အစွမ်းကို လွန်စွာထိတ်လန့်သွားပြီး အနားကပ်ရန် မကြိုးစားတော့ဘဲ သူ၏ အိတ်ထဲမှ သေနတ်တစ်လက်ကိုထုတ်၍ ...

"အဘိုးကြီးက တော်တော်စွမ်းပါလား၊ ငရဲပြည်ကို ပို့ပေးမယ်"

ဟုဆိုကာ ဦးတိတ်ဂွမ်အား သေနတ်ဖြင့်ချိန်လေ၏။

ထိုအခါ မိုးဝေသည် စားပွဲခုံကို လက်ဖြင့်ထောက်၍ လေထဲတွင် ကျွမ်းပစ်ကာ လူသန်ကြီးရှေ့သို့ ရောက်သွားပြီး သေနတ်ကိုင်လက်ကို တုတ်ဖြင့်တအားရိုက်လေ၏။

လူသန်ကြီးလည်း အားခနဲ အော်ဟစ်ကာ သေနတ်လွှတ်ကျလေ၏။ တစ်ဆက်တည်းမှာပင် မိုးဝေက လူသန်ကြီး၏ ပေါင်ခွကြားသို့ တုတ်ဖြင့်ပင့်ရိုက်လိုက်ရာ လူသန်ကြီး မြေပေါ်သို့ ထိုးကျလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးတိတ်ငွမ်က နောက်မှနေ၍ လက်ခုပ်တဖြောင်းဖြောင်းတီးပြီး ...

"လေထဲမှာ ကျွမ်းပစ်ပြီး ဒီကောင်ကြီးရှေ့ကို ရောက်သွားတာ သိပ်ကြည့်လို့ကောင်းတယ်ကွ၊ ဆပ်ကပ်ထဲက ကျွမ်းဘားသမား ပီသပါပေတယ်၊ လက်ထဲက သေနတ်ကိုလုဖို့ မကြိုးစားဘဲ တုတ်နဲ့လွှဲရိုက်တာ အမှန်ကန်ဆုံးပဲ၊ လုဖို့ကြိုးစားရင် ဒီကောင်ကြီးက မင်းထက် အားသန်တယ်၊ မအောင်မြင်နိုင်ဘူးကွ၊ ပေါင်ခွကြားကို တုတ်နဲ့ပင့်ရိုက်လိုက်တာလည်း အကောင်းဆုံး ပရိယာယ်ပဲ၊ မင်းဟာ လျှပ်တစ်ပြက်အတွင်းမှာ အကောင်းဆုံးစနစ်ကို ရွေးချယ်နိုင်ခဲ့တယ်"

ဟု ချီးကျူးလေ၏။ ထိုစဉ် တံခါးခေါက်သံ တခေါက်ခေါက် ကြားရ၍ မိုးဝေ မျက်လုံးပြူးသွားလေ၏။ လူသန်ကြီးများ၏ အပေါင်းအဖော်များ ရောက်လာပြီထင်၏။ ဦးတိတ်ငွမ်က အေးဆေးစွာပင် ...

"တံခါးဖွင့်ပေးလိုက်ပါကွာ၊ ဒီခွေးသုံးကောင်ကို လှောင်အိမ်ထဲသွင်းမယ့်သူတွေ ရောက်လာပြီ"

ဟု ပြောလေ၏။ မိုးဝေ တံခါးဖွင့်လိုက်သောအခါ ပုလိပ်များကို မြင်လိုက်ရလေ၏။ ပုလိပ်များသည် သေနတ်များကို အသင့်အနေအထားပြင်ဆင်၍ ...

"ဘယ်မှာလဲ ကျားညီနောင်သုံးယောက်"





ဟု အလန့်တကြား မေးလေ၏။ ဦးတိတ်ငွမ်က မျက်စိပေါက်ကလေးများပိတ်အောင် တခစ်ခစ်ရယ်မော၍ ...

"ကျားညီနောင် မဟုတ်တော့ဘူး၊ ခွေးညီနောင်ဖြစ်သွားပြီ၊ ငြိမ်ငြိမ်မနေလို့ ခဏအိပ်ခိုင်းထားတယ်"

ဟု ဆိုလိုက်ရာ ပုလိပ်များသည် အတုံးအရုံး လဲကျနေသော လူသန်ကြီးများကိုကြည့်၍ လွန်စွာအံ့ဩသွားလေ၏။

လူဆိုးထိန်းတစ်ဦးက ...

"ခင်ဗျားတို့ ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီကောင်ကြီးတွေက လူသတ်စားပြတိုက် မှဒိမ်းကျင့်နေတဲ့ အန္တရာယ်ကောင်ကြီးတွေဗျ၊ ဒီလိုကောင်ကြီးတွေကို ရအောင်ဖမ်းဆီးနိုင်တာ ကျုပ်တို့တော့ မယုံနိုင်ဘူးဗျ၊ တကယ်အံ့ဩဖို့ကောင်းတယ်"

ဟု ပြောလေ၏။ ဦးတိတ်ငွမ်က ရယ်မော၍နေ၏။

"ခေါင်းထဲမှာ ဘာအကြံမှမရှိတဲ့ နွားသာသာကောင်တွေကို ဖမ်းနိုင်တာကို ချီးမွမ်းမနေပါနဲ့ ကိုယ့်လူရယ်၊ ဒီကောင်တွေကို မိအောင်မဖမ်းနိုင်တာ ကိုယ့်လူတို့ ညံ့လို့ဖြစ်ပါလိမ့်မယ်၊ တို့အတွက်တော့ ဒီနေ့ည သွေးတောင်မပူဘူးကွ"

ဟု ပြောလိုက်လေ၏။ ပုလိပ်များသည် လူဆိုးသုံးယောက်ကို ဖမ်းဆီးခေါ်ဆောင်သွားလေ၏။ ပုလိပ်များထွက်သွားသောအခါ ...

"ပုလိပ်တွေ ဘယ်လိုရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ ဦးတိတ်ငွမ်က ...

"ဒီကောင်တွေဆိုင်ထဲဝင်လာကတည်းက လူသတ်၊ ဓားပြတိုက်နေတဲ့ ကျားညီနောင်သုံးဦးဆိုတာ ငါ ရိပ်မိတယ်၊ ဒီနေ့ည ငါ့ဆိုင်မှာ ပြဿနာဖြစ်တော့မယ် ဆိုတာလည်း ကြိုသိထားတယ်၊ ဒါကြောင့် ဒီကောင်တွေ အစားအသောက်မှာနေတုန်းမှာ တစ်ဖက်ခြံက ရှမ်းကြီးဆီသွားပြီး ပုလိပ်အဖွဲ့ကို ခေါ်ခိုင်းလိုက်တာကွ"

ဟု ရှင်းလင်းပြလေ၏။ မိုးဝေက ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"သိပ်အမြော်မြင်ရှိတဲ့ ဦးတိတ်ငွမ်ပဲ"

ဟု ချီးမွမ်းလေ၏။ ပြီးနောက် ဆက်လက်၍ ...

"ဒီဆိုင်မှာ ဒီပြဿနာဖြစ်တော့မယ်လို့ ကြိုသိထားတယ်ဆိုတာ ရှင်းပါဦး"

ဟု မေးမြန်းလေ၏။ ဦးတိတ်ငွမ်က ...

"ဒါကတော့ ငါ့ရဲ့ပညာအရသိတာပေါ့ကွာ၊ မင်းကို ရှင်းပြလည်း နားလည်မှာမဟုတ်ဘူး၊ လွန်ခဲ့တဲ့ရက်က ကြည့်မှန်ကြီး ကျကွဲတာလည်း အတိတ်နိမိတ်တစ်ခုပေါ့"

ဟု ပြောလေ၏။ ထိုအချိန်တွင် စားပွဲထိုးအိုက်စံသည် ပါးရိုက်ခံရသောဒဏ်ရာကို ရေနွေးအိတ်ဖြင့် ကပ်နေလေ၏။





မိုးဝေက ...

"ဦးတိတ်ငွမ် ပုဆိန်သမားနဲ့တိုက်ခိုက်တာ ကြည့်လို့ကောင်းတယ်ဗျာ၊ သိုင်းကောင်းကောင်းတတ်တယ်ထင်တယ်"

ဟု မေးမြန်းလေရာ ဦးတိတ်ငွမ်က ...

"အဲဒါ ငါတို့ တရုတ်ရိုးရာချွန်ဟန်အရိပ်သိုင်းကွ၊ သိပ်အစွမ်းထက်တယ်၊ ပုဆိန်သမားကို ငါ တိုက်ခိုက်လိုက်တာ ဓားသိုင်းနည်းကွ"

ဟု ရှင်းလင်းပြလေ၏။ မိုးဝေသည် ဦးတိတ်ငွမ်၏ ရိုးရာသိုင်းပညာကို လွန်စွာစိတ်ဝင်စားသွားပြီး ...

"ကျုပ်ကို အရိပ်သိုင်းသင်ပေးပါဗျာ"

ဟု တောင်းပန်လေ၏။ ဦးတိတ်ငွမ်က ရယ်မော၍ ...

"မင်းကတော့ ငါ့ဆီက ရှိသမျှပညာ အကုန်သင်ချင်တဲ့ကောင်ပဲ"

ဟု ရေရွတ်လိုက်လေတော့သတည်း။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေသည် နောက်တစ်နေ့မှစ၍ ဦးတိတ်ငွမ်ထံတွင် သိုင်းပညာကို စတင်သင်ကြားလေ၏။

ဦးတိတ်ငွမ်သည် နေ့လယ်ခင်း အားလပ်ချိန်များ၌ မိုးဝေအား ချန်ဟန်အရိပ်သိုင်းကို သင်ကြားပေးလေ၏။ ဦးတိတ်ငွမ်က ...

"ချန်ဟန်သိုင်းဟာ တရုတ်ရှေးဟောင်းအတွေးအခေါ် အယူအစဖြစ်တဲ့ ယင်ယန်သဘောတရားတွေနဲ့ ဖွဲ့စည်းတီထွင်ထားတာကွ၊ ဒီပညာကို တရုတ်ပြည် ချင်မင်းဆက်လက်ဆက်မှာ ချန်ဝမ်ကင်းဆိုတဲ့ စစ်သူရဲကောင်းတစ်ယောက်က တီထွင်ခဲ့တယ်ကွ၊ ရှေးတုန်းကဆိုရင် ချန်မျိုးဆက်တွေကိုပဲ လျှို့ဝှက်ပြီးသင်ကြားပေးခဲ့တယ်၊ ကျန်ဟန်သိုင်းမှာ အသက်ရှူလေ့ကျင့်ခန်းတွေ အများကြီးပါတယ်၊ ဒါကြောင့် မင်းကို အသက်ရှူလေ့ကျင့်ခန်းတွေကို အရင်ဆုံးသင်ပေး





မယ်၊ လူတွေဟာ အသက်ရှူတာကို မွေးကတည်းက လုပ်ခဲ့ကြပေမယ့် မှန်ကန်အောင်မရှူတတ်ကြဘူး၊ အမှန်တော့ အသက်ရှူတယ်ဆိုတာ သဘာဝအားဖြင့် လူ့ရဲ့လုပ်ဆောင်မှုမပါတဲ့ သီးခြားသက်သက်ပဲ၊ ဒါပေမဲ့ လူတွေဟာ လောဘ၊ ဒေါသများပြီး စိတ်အခြေအနေပြောင်းလဲမှုကြောင့် အသက်ရှူလုပ်ငန်းတွေ ဖောက်လွဲဖောက်ပြန်ဖြစ်လာတယ်၊ အသက်ရှူတာကို မြန်မြန်နဲ့တိုတိုပြတ်ပြတ် ရှူတဲ့အကျင့်ပါနေပြီ၊ ဒါဟာ စိတ်နဲ့ရုပ်ရဲ့ ညီညွတ်မျှတမှုကို ပျက်စီးစေတယ်ကွ၊ ဒါကြောင့် အသက်ရှူလေ့ကျင့်ခန်းတွေကို အဓိကထားပြီး လေ့ကျင့်သွားသင့်တယ်"

ဟုဆိုကာ မိုးဝေအား အသက်ရှူသွင်း၊ ရှူထုတ်နည်းများကို စနစ်တကျ သင်ကြားပေးလေ၏။ မိုးဝေသည် အသက်ရှူလေ့ကျင့်ခန်းများကို ရက်ပေါင်းများစွာ လေ့ကျင့်ပြီးသောအခါ ဦးတိတ်ငွမ်က အခြေခံလက်ဝါးရိုက်ချက်များကို စတင်သင်ကြားပေးလေ၏။ မိုးဝေသည် ဦးတိတ်ငွမ် သင်ပေးသမျှပညာများကို ကြိုးစားပမ်းစားသင်ယူလေ၏။ သုံးနှစ်ပြည့်သောအခါ သူသည် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသော လူငယ်တစ်ဦး ဖြစ်နေပေပြီ။ ဦးတိတ်ငွမ်သည် မိုးဝေအား ပညာရပ်မျိုးစုံကို သင်ကြားပေးလေ၏။



www.burmeseclassic.com

မိုးဝေသည် ထိုကာလအတွင်း ထူးခြားဆန်းကြယ်သော လောကီပညာရပ်များ၊ လူ့လောက၏ နေနည်းထိုင်နည်းများ၊ အရှေ့တိုင်း အနောက်တိုင်းမှ အတွေးအခေါ်အယူအဆများ စသည့် ပညာရပ်မျိုးစုံကို သင်ကြားတတ်မြောက်ခဲ့လေ၏။

သူသည် မြွေမင်းသမီးမူယာနှင့် အဆက်အသွယ်ပြတ်နေသည်မှာ ကြာပြီဖြစ်၏။ မူယာသည် သူ့အား မောင်အရင်းကဲ့သို့ ချစ်ခင်သူဖြစ်၏။ သူကလည်း မူယာကို အစ်မတစ်ယောက်ကဲ့သို့ သံယောဇဉ်ရှိ၏။

လူယုတ်မာကျော်နီ၏ ပယောဂကြောင့်သာ မူယာနှင့် ခွဲခွာခဲ့ခြင်းဖြစ်၏။ ကျော်နီသာ တိမ်ပျံဆပ်ကပ်အဖွဲ့သို့ ရောက်မလာလျှင် သူနှင့်မူယာသည် မောင်ချစ်နှမချစ်မှ လင်ချစ် မယားချစ်သို့ ပြောင်းလဲသွားနိုင်၏။

မိုးဝေသည် သုံးနှစ်တာကာလအတွင်း မူယာကို မကြာခဏ သတိရသော်လည်း ဆက်သွယ်ရန် ကတိပျက်ကွက်ခဲ့၏။ မူယာကတော့ သူ့ကို သတိရနေမှာသေချာ၏။ သူသည် မူယာကို ဆက်သွယ်ရန် စဉ်းစားတိုင်း ကျော်နီ့မျက်နှာကိုမြင်၍ စိတ်ပြောင်းလဲခဲ့ရ၏။

*○*





တစ်နေ့သ၌ ဦးတိတ်ဂွမ်သည် မိုးဝေအားခေါ်၍ ...

"မိုးဝေ ... မင်း ငါ့ဆီက ထွက်သွားဖို့သင့်ပြီ၊ လူ့လောကကြီးထဲကို တစ်လှည့်ဝင်ပြီး လူတွေဆီက အတွေ့အကြုံတွေ သင်ယူဖို့ အချိန်ကျပြီ၊ တကယ်တော့ လောကကြီးဟာ သင်ယူဖို့ မကုန်ဆုံးနိုင်အောင် ပညာရပ်တွေများလှပါတယ်ကွာ၊ သင်ယူမယ့်လူက မျက်စိဖွင့်၊ နားဖွင့်ထားဖို့ပဲလိုတယ်"

ဟု ပြောလေရာ မိုးဝေက ခေါင်းညိတ်၍ ...

"ကျုပ် ဘယ်တော့ သွားရမှာလဲ"

ဟု မေးမြန်းလေ၏။ ဦးတိတ်ဂွမ်က ...

"မနက်ဖြန်ပဲ ထွက်ခွာပေတော့၊ မနက်ဖြန်ဟာ ခရီးထွက်ဖို့နေ့ကောင်းရက်သာပဲ"

ဟု ပြောလေ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မိုးဝေသည် ကာကီအင်္ကျီနှင့်ဘောင်းဘီကို ဝတ်ဆင်၍ သူ၏ကျောပိုး



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကြီးထဲသို့ အဝတ်အစားတစ်စုံနှစ်စုံနှင့် ရေဘူး၊ လက်စွဲတော် ဆောင်စား စသည်တို့ကို ထည့်လေ၏။ မိုးဝေ၏ အမူအရာကို ကြည့်၍ စားပွဲထိုး အိုက်စံက ...

"ကိုမိုးဝေ ... ခင်ဗျား ဘယ်သွားမလို့လဲ"

ဟု မေးမြန်းလေ၏။ မိုးဝေက သက်ပြင်းချပြီး ...

"ငါ လူ့လောကကြီးထဲဝင်ဖို့ အချိန်သင့်ပြီကွ၊ ဒီနေရာက ထွက်ခွာရတော့မယ်၊ မင်းကတော့ ငါနဲ့ စတွေ့စအချိန်က အတိုင်း ခုံးရင်း ခုံရင်းပါပဲလားကွာ"

ဟု ရေရွတ်လေရာ ဦးတိတ်ငွမ်က နောက်မှရောက် လာပြီး ...

"ဒါဟာ လူ့သဘောဝပဲကွ၊ လူဟာ မျက်စိဖွင့် နားစွင့်ထားဖို့ လိုတယ်၊ အတွေ့အကြုံတွေကို သင်ယူဖို့ အမြဲတက်ကြွ လန်းဆန်းနေသင့်တယ်၊ ဒါပေမဲ့ လောကမှာ ဘာကိုမှ သင်ယူဖို့စိတ်မဝင်စားတဲ့ ထုံထိုင်းထိုင်းလူတွေက များတယ် ကွ၊ ဒီလိုလူတွေများနေသရွေ့ လူ့ဘောင်လောကကြီးရဲ့ တိုးတက်မှုက နှေးကွေးနေမှာပဲ၊ ကဲ ... သွားပေတော့ မိုးဝေ၊ ဒုက္ခရောက်နေတဲ့ လူတွေတွေ့ရင် ကူညီဖို့မမေ့ပါနဲ့ ကွာ"





ဟု လေးနက်စွာပြောလေ၏။ မိုးဝေက ခေါင်းညိတ်၍ ...

"စိတ်ချပါ ဦးတိတ်ငွမ်၊ ကဲ ... နှုတ်ဆက်ခဲ့ပါတယ်ဗျာ၊ ကံမကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့"

ဟု ပြောကာ ထွက်ခွာခဲ့လေ၏။ သူသည် အဝေးသို့ ရောက်သောအခါ ခြံကလေးကို လှည့်ကြည့်လိုက်၏။ နှင်းများ ကျနေသဖြင့် ခြံကလေးကို မှုန်ပျပျသာမြင်ရ၏။

ဤခြံကလေးတွင် သုံးနှစ်တိတိ သူ နေခဲ့ရ၏။ ယခု ခွဲခွာရပေဦးမည်။

*○*



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေသည် ဦးတိတ်ငွမ်နှင့် လေးနှစ်နီးပါး အတူနေ ထိုင်ပြီးနောက် ရင်းထံမှ ထွက်ခွာလာခဲ့လေ၏။

မိုးဝေသည် ခရီးသည်တင် ဘတ်(စ်)ကားကြီးဖြင့် ခရီးဆက်ခဲ့လေ၏။ သူသည် ရောက်လေရာမြို့များတွင် တိမ်ဖျူ ဆပ်ကပ်အဖွဲ့ကြီး၏သတင်းကို စုံစမ်းလေရာ တိကျသောသတင်း ကို မရခဲ့ပေ။

မြေလတ်ပိုင်းမြို့တစ်မြို့သို့ရောက်သောအခါ မြို့လယ် ကောင်ရှိ ဓမ္မာရုံကြီးတွင် လူများနှင့်စည်ကားနေ၍ မိုးဝေက မေးမြန်းကြည့်လေရာ ဘုရားလူကြီးဖြစ်ဟန်တူသော လူကြီးတစ် ဦးက ...

"နန္ဒဝန်ဆရာတော်ကြီးက ပရိတ်ဆီ တိုက်ကျွေးနေတာကွ၊ သောက်ရခဲ့တယ်၊ ဝင်သောက်သွား"

ဟု တိုက်တွန်းလေရာ မိုးဝေက ...





"ပရိတ်ဆီသောက်ရင် ဘာဖြစ်မလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဘုရားလူကြီးက အလိုမကျဟန်ဖြင့်ကြည့်၍ ...

"ညံ့ပါကွာ၊ ပရိတ်ဆီသောက်ရင် စီးပွားဥစ္စာ တိုးပွားမယ် ကွ၊ အန္တရာယ်တင်းရှင်းမယ်၊ လာဘ်လာဘ်ပေါကြွယ်ဝ မယ်၊ အရာရှိကြီးတွေဆို ရာထူးတက်မယ်၊ ကုန်သည်ကြီး တွေဆို ငွေပေါမယ်၊ လူငယ်လူရွယ်တွေဆို ပညာရေးအဆင် ပြေမယ်၊ ဂုဏ်ထူးတွေအများကြီးနဲ့ စာမေးပွဲအောင်မယ်"

ဟု အစချီကာ မည်သည့်မြို့ မည်သည့်ရွာတွင် ကုန်သည်ကြီးသည် ပရိတ်ဆီသောက်၍ ငွေသိန်းချီ၍ အမြတ် ထွက်သွားပုံ၊ မည်သည့်အရာရှိကြီးသည် မည်သို့မည်ပုံ ရာထူး တက်သွားပုံတို့ကို မစားရဝခမန်း ပြောဆိုလေ၏။ မိုးဝေသည် ဘုရားလူကြီး၏စကားကို နားထောင်၍ လွန်စွာစိတ်ဝင်စားသွား ပြီး ဓမ္မာရုံထဲသို့ ဝင်ခဲ့လေ၏။ ဓမ္မာရုံကြီးထဲတွင် လူများပြည့်လျှံ နေပြီး လွန်စွာကြီးကျယ်ခမ်းနားသော သံဃာစင်ကြီးကိုလည်း တွေ့ရ၏။ ဓမ္မာရုံထဲရှိ ပရိသတ်များသည် ပရိတ်ဆီသောက်၍ အကျိုးစီးပွားဖြစ်ထွန်းပုံများကို အားပါးတရပြောဆိုနေကြ၏။ မိုးဝေသည် လူအုပ်စုကြီးကို တဖြည်းဖြည်းတိုးဝှေ့၍ ရှေ့သို့တိုး ခဲ့ရာ သံဃာစင်ကြီးအနီးသို့ ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သံဃာစင်ရှေ့တွင် ကွက်လပ်ကို သံတိုင်ကြီးများနှင့် ကာရံ၍ ပရိသတ်ကို စည်းခြားထားလေ၏။ မနက်(၉)နာရီ တိတိတွင် မွေ့ရာရုံဘေးပေါက်မှ နန္ဒဝန်ဆရာတော်ကြီး ကြွလာသဖြင့် ပရိသတ်များသည် လှုပ်လှုပ်ရွရွဖြစ်သွားလေ၏။ ဆရာတော်ကြီးက လူထုပရိသတ်အား ရှေးဦးစွာ ပရိတ်ဆီ သောက်သုံးခြင်း၏ အကျိုးကျေးဇူးကို ရှင်းလင်းပြပြီး လူ့ဘဝတွင် လူဖြစ်လာလျှင် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသင့်ကြောင်း၊ ပရိတ်ဆီ သောက်သုံးမည့်သူများသည် ကံငါးပါးကို အနည်းဆုံးသုံးနှစ်ခန့် ထိန်းပါမည်ဟု ဝန်ခံကတိပြုရမည်ဖြစ်ကြောင်း ငါးပါးသီလဆိုသည်မှာ ...

(တစ်) ပါဏာတိပါတာ သူ့အသက်ကိုသတ်ခြင်း၊

(နှစ်) အဒိန္နာဒါနာ သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊

(သုံး) ကာမေသုမိစ္ဆာစာရာ သူတစ်ပါးသားမယားကို ပစ်မှားခြင်း၊

(လေး) မုသာဝါဒါ မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်း၊

(ငါး) သုရာမေရယ သေရည်သေရက် သောက်စားခြင်းတို့ ဖြစ်ကြောင်း ရှင်းလင်းပြပြီး ...

"ကဲ ... ပရိတ်ဆီသောက်ချင်တဲ့ဒကာတွေကို ဆရာတော်ရဲ့ပရိတ်စည်းကမ်းတွေကို ရှင်းလင်းပြပြီး ငါးပါးသီလကို





အနည်းဆုံး သုံးနှစ်လုံအောင် အဓိဋ္ဌာန်ပြုမယ့်လူ ပရိတ်ဆီ သောက်ရမယ်၊ ဒကာတို့ကို စဉ်းစားဖို့ မိနစ်(၃၀)အချိန်ပေးမယ်၊ စဉ်းစားကြပါ၊ ပေါ့ပေါ့တန်တန် မလုပ်ကြပါနဲ့"

ဟုဆိုကာ ဆရာတော်ကြီးသည် ပလ္လင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်တော်မူ၏။ ဆရာတော်ကြီးက စဉ်းစားခိုင်းသော်လည်း ပရိသတ်များသည် ထွေထွေထူးထူး မစဉ်းစားကြဘဲ ပရိတ်ဆီသောက်လျှင် မည်သို့မည်ပုံ အကျိုးဖြစ်ထွန်းပုံကိုသာ မစားရဝခမန်း ပြောဆိုနေလေ၏။ မိုးဝေကမူ ငါးပါးသီလကို ထိန်းသိမ်းနိုင်ရန်အတွက် လေးနက်စွာစဉ်းစားနေလေ၏။ အမှန်အားဖြင့် ငါးပါးသီလကို အတိအကျထိန်းနိုင်ရန် လွန်စွာခက်ခဲလေ၏။

ကံငါးပါးရှိသည့်အနက် သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊ သူတစ်ပါးသားမယားကိုပြစ်မှားခြင်း၊ သေရည်သေရက် သောက်စားခြင်းတို့ကို ထိန်းနိုင်သည့်ထားဦး၊ မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းကို ထိန်းနိုင်ရန် ခက်ခဲလှ၏။

မိုးဝေသည် ကံငါးပါးကို လုံအောင်ထိန်းနိုင် မထိန်းနိုင် မိမိကိုယ်မိမိ သံသယဖြစ်နေလေ၏။

ငါးပါးသီလကို စောင့်ထိန်းပါမည်ဟု ကတိခံယူပြီး ချိုးဖောက်ခြင်းမှာ ပိုမိုအပြစ်ကြီးသည်ဟု ထင်မြင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ဆရာတော်ကြီး စဉ်းစားခိုင်းသော မိနစ်(၃၀) အချိန်စေ့သွားသဖြင့် ဆရာတော်ကြီးက ထိုင်ရာမှထရပ်လိုက်ပြီး ...

"အချိန်တော့စေ့သွားပြီ၊ ဒကာတို့ကို ပရိတ်ဆီတိုက်ဖို့ စီစဉ်ရတော့မယ်"

ဟုဆိုကာ ဘုရားတရားသံဃာနှင့် ရတနာသုံးပါးကို ဦးထိပ်ဘားပြီး သာသနာစောင့်နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းနှင့် စကြဝဠာရှိ နတ်အပေါင်း၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့အား ဝင့်ဖိတ်၍ ပရိတ်ဆီ သောက်သုံးမည့်သူများကို စောင့်ရှောက်ပါရန် အပ်နှံလေ၏။

မိုးဝေသည် ထိုအချိန်အထိ စဉ်းစားခန်းဝင်နေဆဲဖြစ်၏။ ငါးပါးသီလကို သုံးနှစ်တိတိ စောင့်ထိန်းနိုင်ပါမည်လော၊ လူထုပရိသတ်ကြီးမှာမူ ပရိတ်ဆီကို အမြန်ဆုံးသောက်သုံးရန်သာ ဆန္ဒဖြစ်ပေါ်နေပြီး မိုးဝေကဲ့သို့ လေးနက်စွာ စဉ်းစားခြင်းမရှိပေ။

လူထုပရိသတ်သတ်ကြီးသည် ပရိတ်ဆီသောက်ရန် တိုးဝှေ့၍နေရာလုနေကြ၏။

မိန်းမကြီးများသည် တစ်ဦးနှင့်တစ်ဦး တွန်းထိုးကြ၏။ အရာရှိကြီးများသည် ပုဆိုးများကိုပင် ခါးတောင်းမြောင်အောင်





ကျိုက်၍ တိုးဝှေ့ရန်ပြင်ဆင်ကြ၏။ အချို့မိန်းမကြီးများသည် ထဘီကို တိုတိုပြင်ဝတ်၏။

ဆရာတော်ကြီးက ငြိမ်ငြိမ်သက်သက်နေရန် ပြောဆိုသော်လည်း မည်သူမျှ နားမထောင်ကြ။

ဆရာတော်ကြီးသည် ပရိတ်ဆီသောက်ရန် မင်္ဂလာအချိန်ရောက်ပြီဖြစ်သဖြင့် တံခါးမကြီးကိုပိတ်ရန် ညွှန်ကြားလိုက်၏။ ဆရာတော်ကြီးက ငါးပါးသီလကို သုံးနှစ်တိတိ စောင့်ထိန်းနိုင်မည်ဆိုလျှင် သစ္စာအဓိဋ္ဌာန်ပြုကြရန် လူထုပရိသတ်ကြီးကို မိန့်ကြားလေ၏။

ထိုအခါ မိုးဝေသည် ဆရာတော်ကြီးကို လျှောက်ထားရန် စိတ်ကူးပေါက်သွားပြီး ...

"ဆရာတော်ဘုရား တပည့်တော် လျှောက်တင်စရာရှိလို့ပါ၊ တပည့်တော်ဟာ ငါးပါးကို သုံးနှစ်တိတိထိန်းနိုင်မထိန်းနိုင် သံသယဖြစ်မိပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်အနေနဲ့ တစ်နှစ်ခွဲတိတိ သစ္စာအဓိဋ္ဌာန်ပြုချင်ပါတယ်။ ဘစ်နှစ်ခွဲပြည့်လို့မှ ဆက်ပြီးထိန်းနိုင်ရန် တပည့်တော် သုံးနှစ်ထိ ဆက်ထိန်းချင်ပါတယ်"

ဟု လျှောက်ထားလေရာ ဆရာတော်ကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူးဒကာ၊ သုံးနှစ်တိတိ အခိဋ္ဌာန်ပြုမယ့်လူမှ ပရိတ်ဆီကို သောက်ခွင့်ရှိတယ်"

ဟု မိန့်ကြားလေ၏။ မိုးဝေ၏ လျှောက်ထားချက်ကြောင့် ပရိသတ်များသည် လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။ သူ့အား အထူးအဆန်းသတ္တဝါတစ်ကောင်နှယ် ဝိုင်းဝန်းကြည့်ရှုနေကြပြီး မိုးဝေအနီးရှိ မင်းကတော်ဖြစ်ဟန်တူသော မိန်းမကြီးက ...

"မိုက်လိုက်တဲ့သူငယ်နှယ်၊ ငါးပါးသီလကို သုံးနှစ်တောင် လုံအောင်မထိန်းနိုင်ဘူးလား"

ဟု အပြစ်တင်လေ၏။ ပရိသတ်အပေါင်းသည် မိုးဝေအား ငယ်ငယ်ရွယ်ရွယ်နှင့် အကျင့်သီလ မရှိသောသူဟု အထင်သေးဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

မိုးဝေသည် စိတ်ထဲတွင် ရှက်ရွံ့သလိုခံစားရလေ၏။ အရာရှိကြီးတစ်ဦးကလည်း ...

"ဒီကောင် လေကြောရှည်နေတာနဲ့ ကျုပ်တို့ ပရိတ်ဆီ သောက်ဖို့ နောက်ကျကုန်ပြီး သေရင်အပယ်လားမယ့် အကောင်"

ဟု အပြစ်တင်လေ၏။ မိုးဝေ၏အနီးသို့ ကျောင်းဒကာကြီးတစ်ဦး တိုးကပ်လာပြီး ...





"ဟော့ သူငယ် ... ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့၊ ငါးပါးသီလလောက်တော့ ထိန်းနိုင်ပါတယ်၊ ပရိတ်ဆီဆိုတာ ရခဲတယ်နော်"

ဟု တိုက်တွန်းလေ၏။ ဆရာတော်ကြီးသည် မိုးဝေ၏ မျက်နှာကိုကြည့်၍ ...

"ဒကာ ဘာပြောချင်သေးလဲ"

ဟု မေးမြန်းလေ၏။ မိုးဝေသည် မိမိကိုယ်မိမိ မသေချာဘဲ ဆရာတော်ကြီးအား ကတိမပေးဝံ့ချေ။ ကတိပေးပြီး ဖောက်ဖျက်မိလျှင် ဘုရားတရားသံဃာ ရတနာသုံးပါးနှင့် သမာဓေ၀ နတ်ကောင်းနတ်မြတ်များကို လိမ်ညာမိမှာစိုးရိမ်၏။ ထို့ကြောင့် ယတိပြတ်ဆုံးဖြတ်လိုက်ပြီး ...

"တပည့်တော် မသောက်လိုတော့ပါဘုရား"

ဟု လျှောက်ထားလိုက်ရာ ပရိသတ်ကြီးသည် "ဟာခနဲ" "ဟင်ခနဲ" ဖြစ်သွားပြီး မိုးဝေအား တအံ့တဩ ကြည့်ရှုကြလေ၏။

သူသည် မည်သူ့ကိုမျှ ဂရုမစိုက်တော့ဘဲ ခန်းမကြီးထဲမှ ကျောခိုင်းထွက်ခဲ့၏။ ပရိသတ်ကြီးသည် မိုးဝေအား လမ်းဖယ်ပေးပြီး အထင်သေးဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။ နန်းတော်ဆရာတော်ကြီးကမူ ခေါင်းတဆတ်ဆတ်ညိတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒကာ မဆိုးဘူး"

ဟု တီးတိုး ရေရွတ်လေ၏။

ဤသို့ဖြင့် မိုးဝေသည် လွန်စွာသောက်ရခဲ့သော နန္ဒဝန်ဆရာတော်ကြီး၏ ပရိတ်ဆီကို မသောက်သုံးဘဲ ဓမ္မာရုံကြီးမှ လူထူးလူဆန်း တစ်ယောက်အဖြစ် ထွက်ခွာလာခဲ့လေတော့သတည်း။

✻ ○ ✻





မိုးဝေသည် မြန်မာပြည်အနှံ့လှည့်လည်ရင်း မှုယာကို သတိရသဖြင့် တိမ်ပျံဆပ်ကပ်အဖွဲ့ကြီး၏သတင်းကို နားစွင့်လေရာ တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးသည် ပြည်မြို့တွင် ရောက်ရှိနေသည်ဟု သတင်းရသဖြင့် ပြည်သို့လိုက်ခဲ့လေ၏။ မမမှုယာနှင့် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာလေပြီ။

တိမ်ပျံဆပ်ကပ်အဖွဲ့သို့ရောက်သောအခါ မြွေမင်းသမီးမှုယာ၏ ကြော်ငြာပိုစတာကြီးကို မမြင်သဖြင့် အံ့သြသွားလေ၏။ မှုယာသည် တိမ်ပျံဆပ်ကပ်အဖွဲ့ကြီးတွင် ရှိမှရှိပါလေစ။

ဆပ်ကပ်ရုံအတွင်းတွင် နေ့လယ်ခင်း ဖြစ်သဖြင့် လူရှင်းနေ၏။ ဆပ်ကပ်သမားများသည် ရုံအနောက်တွင် လေ့ကျင့်ခန်းများ ပြုလုပ်နေလေ၏။ မိုးဝေက ကျွမ်းတစ်ပတ်ပြီး တစ်ပတ်ထိုး၍ အဖွဲ့သူအဖွဲ့သားများ အလယ်သို့ ရောက်ရှိသွားလေရာ အားလုံးပင် ဝမ်းသာအံ့သြသွားကြပြီး

"မိုးဝေ ပြန်လာပြီ၊ မိုးဝေ ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ကာ သူနှင့် ကစားဖော် ကစားဖက် လူငယ်များက ပခုံးကိုဝိုင်းဖက်ကြလေ၏။ မိုးဝေက ၎င်းတို့အားလုံးကို နှုတ်ဆက်၍ ...

"မမမှုယာရော ... မမမှုယာ ဘယ်မှာလဲ၊ မမမှုယာရဲ့ ကြော်ငြာပိုစတာလည်း မတွေ့ပါလား"

ဟု မေးမြန်းလေရာ ဆပ်ကပ်အဖွဲ့သားများ မျက်စိမျက်နှာပျက်သွားလေ၏။ ဆပ်ကပ်လူရွှင်တော်ကြီး ဦးဘာဘူက ...

"မိုးဝေ ... မင်း မြွေမင်းသမီးသတင်းကို မကြားဘူးလား"

ဟု မေးမြန်းလေ၏။ မိုးဝေက ...

"မကြားလို့ မေးတာပေါ့ဗျာ၊ ဘာလဲ ဂျော်နီနဲ့ ယူသွားပြီလား၊ ဆပ်ကပ်မပြတော့ဘူးလား"

ဟု မေးလေ၏။ ထိုအခိုက်မှာပင် လူအုပ်ကြီးနောက်မှ ဆပ်ကပ်ပိုင်ရှင်လူဝကြီး ရောက်လာပြီးလျှင် ...

"မိုးဝေ မင်းကို မှုယာက ယွန်းသေတ္တာလေးတစ်လုံး ပေးသွားတယ်၊ ရော့ ... ဒီမှာ"

ဟုဆိုကာ မိုးဝေလက်ထဲသို့ သေတ္တာအနက်လေးကို ပေးလေ၏။ သေတ္တာနှင့်အတူ သော့ပါပါ၏။ မိုးဝေသည် သေတ္တာလေးကို နားမလည်နိုင်ဟန်ဖြင့် ကြည့်၍ ...

"ခင်ဗျားတို့ကလည်းဗျာ၊ မမ ဘယ်သွားလဲဆိုတာ ပြောလိုက်တာမဟုတ်ဘူး၊ ပဟေဠိလုပ်နေကယ်"





ဟု ရေရွတ်လေ၏။

မိုးဝေ သေတ္တာလေးကိုဖွင့်ရန်ပြင်သောအခါ ဆပ်ကပ်အဖွဲ့သားများသည် သူ၏အနီး၌ တစ်ဦးတစ်ယောက်မျှ မရှိတော့ဘဲ အလျှိုလျှို ထွက်ခွာသွားလေ၏။ မိုးဝေသည် သော့ပေါက်ထဲသို့ သော့ကိုထည့်၍ ဒေါက်ခနဲ လှည့်ဖွင့်လိုက်၏။

အဖုံးပွင့်သွားသောအခါ သေတ္တာထဲတွင် စာတစ်စောင်ကိုမြင်ရ၏။ မိုးဝေက မျက်မှောင်ကြုတ်၍ စာကိုဖွင့်ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

"မိုးဝေ ...

မောင်လေးစကားကို နားမထောင်ခဲ့မိတာ မမအမှားပါ၊ တကယ်တော့ ဂျော်နီဟာ မမကို တကယ်ချစ်ခဲ့တာမဟုတ်ပါဘူး၊ အယုံလွယ်တဲ့ မမဘဝကို ဖျက်ဆီးပြီး လက်ထပ်ဖို့ ငြင်းဆိုခဲ့တယ်၊ မမက လက်ထပ်ဖို့တောင်းပန်တဲ့အခါ ဆပ်ကပ်ထဲက ထွက်ပြေးသွားတယ်၊ မောင်လေးနဲ့ မမ ပြန်မဆုံနိုင်တော့ပါဘူးကွယ်၊ မမကိုယ်မမ အဆုံးစီရင်လိုက်ပါပြီ ...

နောင်ဘဝရှိရင်ပြန်ဆုံချင်သေးတယ်
မြွေမင်းသမီးမှုယာ"

မိုးဝေသည် စာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မျက်ရည်များစီးကျကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ မမရယ်၊ ကျွန်တော်သာရှိရင် မမ ဒီလို ဖြစ်မှာမဟုတ်ဘူး၊ ဆပ်ကပ်က ထွက်သွားတဲ့ ကျွန်တော့် အမှားပါ"

ဟု တတွတ်တွတ် ရေရွတ်နေလေ၏။

ထိုအခါမှပင် မိုးဝေ၏အနီးသို့ ဆပ်ကပ်အဖွဲ့သားများ ဝိုင်းအုံလာပြီး ဝမ်းနည်းကြေကွဲနေသော မိုးဝေအား နှစ်သိမ့်လေ၏။ ဆပ်ကပ်ပိုင်ရှင်လူကြီးက ...

"ငါတို့လည်း စိတ်မကောင်းပါဘူး မိုးဝေရယ်၊ မူယာ ဆုံးတာဟာ ငါတို့ဆပ်ကပ်အဖွဲ့ကြီးရဲ့ ကြီးမားသောဆုံးရှုံးမှုပါ၊ သူဟာ သူချစ်တဲ့မြွေကြီးတွေကို ကောက်မှာ သွားလွှတ်ပစ်ပြီး သူ့ဘဝသူ အဆုံးစီရင်ခဲ့တယ်၊ သူ မသေခင်မှာ မင်းကို ဒီသေတ္တာလေးကို ပေးခဲ့တာပဲ"

ဟု ပြောလေ၏။ မိုးဝေက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ...

"လူယုတ်မာဂျော်နီကို မတွေ့တွေ့အောင်ရှာပြီး မမအတွက် လက်စားချေရမယ်၊ မမ သေသလို လူယုတ်မာကြီးကိုလည်း သေစေရမယ်"

ဟု ကြုံးဝါးကာ တိမ်ပုံဆပ်ကပ်အဖွဲ့ကြီးမှ ထွက်ခဲ့လေတော့သတည်း။

* ○ *





မိုးဝေသည် မြန်မာပြည်အနှံ့လှည့်လည်၍ ရေကြည်ရာမြက်နုရာ ရှာဖွေလုပ်ကိုင်ရင်း လူယုတ်မာဂျော်နီ၏သတင်းကို အနံ့ခံခဲ့လေ၏။ ဂျော်နီသည် ဆပ်ကပ်လောကမှ ပျောက်ကွယ်သွားပုံရ၏။ ဂျော်နီ၏သတင်းအစအနကိုမျှ မရရှိပေ။

မိုးဝေသည် အောက်ပြည်အောက်ရွာသို့ စုန်ဆင်းခဲ့ပြီး အင်းစိန်ဘက်သို့ ရောက်သောအခါ စိန်ပီတာဟု ခေါ်သော ကုလားအဘိုးကြီး၏ နွားမွေးမြူရေးခြံတွင် ဝင်ရောက်လုပ်ကိုင်ခဲ့၏။

စိန်ပီတာ၏နွားခြံတွင် ဟိန္ဒူဘာသာဝင် ကုလားများ လုပ်ကိုင်ကြပြီး မြန်မာဆို၍ မိုးဝေတစ်ယောက်တည်းသာရှိ၏။ မိုးဝေသည် ကုလားများနှင့် တရင်းတနှီးနေထိုင်၍ နွားမွေးမြူရေးခြံတွင် နေထိုင်ခဲ့၏။

သူသည် အားလပ်ချိန်များတွင် ကုလားများအား ကျွမ်းဘားကစားခြင်း၊ မျက်လှည့်ပြခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိသဖြင့် ကုလားများသည် မိုးဝေအား အလွန်ခင်မင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကုလားများစု၍ မိုးဝေအား မကြာခဏ တောင်းဆိုလေ့ရှိ၏။ ထို့ကြောင့် မိုးဝေသည် ကုလားများ၏ ဖြေဖျော်ရေးတာဝန်ခံတစ်ဦး ဖြစ်နေ၏။

တစ်နေ့သ၌ နွားမွေးမြူရေးခြံမှ အလုပ်ထွက်သွားပြီး ဟိုတယ်တစ်ခုတွင် တံခါးစောင့်လုပ်နေသော ရာဂျူးဆိုသူ ကုလားတစ်ဦးရောက်လာပြီး မိုးဝေအား နှုတ်ဆက်၍ ...

"မိုးဝေ တို့ဟိုတယ်မှာ မင်းလိုပဲ မျက်လှည့်ပြတဲ့ ဆရာတစ်ယောက်ရှိတယ်၊ သူ့နာမည်က ကျော်နီတဲ့"

ဟု ပြောလေရာ မိုးဝေက အံ့ဩသွားပြီး ...

"ဘာ ... ကျော်နီတဲ့လား၊ သူက ဘာလူမျိုးလဲ"

ဟု မေးမြန်းလေ၏။ ရာဂျူးက ...

"ကပြားတစ်ယောက်ပဲကွ၊ လူကတော့ ခပ်ဖြောင့်ဖြောင့်ပဲ"

ဟု ဖြေလေ၏။ မိုးဝေသည် မမျှော်လင့်ဘဲ လူယုတ်မာ ကျော်နီ၏ သဲလွန်စကို ရလိုက်သဖြင့် သေချာအောင် ရွှေပျံ့လွှားဟိုတယ်သို့ မယောင်မလည် ကြည့်ရှုလေရာ သူ၏ရန်သူတော်ကြီး ကျော်နီပင်ဖြစ်နေလေ၏။

မိုးဝေသည် ကျော်နီအား လက်စားချေရန် နည်းအမျိုးမျိုးကို စဉ်းစားရင်း သူ့အား မြွေမင်းသမီးပေးခဲ့သော ကြေးပြားအဆောင်လေးကို မကြာခဏ ထုတ်ကြည့်နေမိ၏။





ထိုကြေးပြားအဆောင်လေးတွင် နောက်ကြောင်းဇာတ်လမ်းရှိ၏။

ဂင်္ဂါမြစ်ကမ်းနံဘေးတွင် နေထိုင်သော မာလာနှင့် ရိုရှိ မောင်နှမနှစ်ယောက်ထံသို့ လူယုတ်မာတစ်ယောက် ရောက်လာပြီး မာလာ၏အချစ်ကို ဖြားယောင်းသွေးဆောင်၍ အပျိုစင်ဘဝကို ဖျက်ဆီးခဲ့လေ၏။ မာလာသည် လူယုတ်မာအား သူမကို လက်ထပ်ယူရန် တောင်းပန်ခဲ့၏။ သို့သော် လူယုတ်မာကို တောင်းပန်၍မရသဖြင့် သူမကိုယ်သူမ အဆုံးစီရင်ခဲ့၏။ သူမ သေဆုံးပြီးနောက် အခြားမြို့သို့ ကုန်ရောင်းကုန်ဝယ်လုပ်နေသော မောင်ဖြစ်သူ ရိုရှိ ရောက်လာပြီးလျှင် အစ်မဖြစ်သူ၏အလောင်းကို ပွေ့ဖက်၍ ရက်ပေါင်း (၃၀)တိတိ ငိုယိုခဲ့၏။

ထိုအချိန်တွင် ရိုရှိ၏အနီးသို့ ဖက္ကီကြီးတစ်ယောက် ရောက်လာပြီး ကြေးပြားအဆောင်ကို ပေးလေ၏။ ထိုအဆောင်သည် မြွေများကို နိုင်၏။ ရိုရှိသည် ထိုအဆောင်လေး၏အစွမ်းဖြင့် လူယုတ်မာအား ရှာဖွေကာ မြွေများနှင့်တိုက်ခိုက်အနိုင်ယူလိုက်၏။

မိုးဝေသည် ထိုဇာတ်လမ်းလေးကို စဉ်းစားလိုက်ပြီးနောက် ကျော်နီအား မြွေများဖြင့် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။ သူသည် မြွေများကို ကောင်းစွာနိုင်နင်းသူ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

သူသည် နောက်တစ်နေ့မှစ၍ မြွေရှာထွက်ခဲ့လေ၏။ နှစ်ရက်ခန့်အကြာတွင် တာမွေဘက်တွင် နေထိုင်သော အလမ္မာယ်ဆရာတစ်ဦးနှင့်တွေ့ဆုံပြီး မြွေဟောက်ဝံစ်ကောင်ကို ဈေးများစွာပေး၍ ဝယ်ယူခဲ့လေ၏။

မြွေဟောက်ရရှိသောအခါ သူ နေထိုင်ရာအိမ်လေးတွင် လျှို့ဝှက်စွာမွေးမြူထားလေ၏။ မိုးဝေသည် ထိုရက်ပိုင်းအတွင်း ရွှေပုံလွှားဟိုတယ်တွင် တံခါးစောင့်လုပ်နေသော ရာဂျူးထံသို့ အကြောင်းမရှိ အကြောင်းရှာ၍ သွားရောက်ကာ ဟိုတယ်၏ဝင်ပေါက်၊ ထွက်ပေါက်များကို လေ့လာလေ၏။ ထိုအခါ ညအချိန်၌ ရွှေပုံလွှားဟိုတယ်တွင် လူရှင်း၍ ဝင်ထွက်ရန်လွယ်ကူကြောင်း သိရလေ၏။

တစ်နေ့သ၌ မိုးဝေသည် ရာဂျူးကြိုက်တတ်သော အရက်များကို ဝယ်ယူ၍ ၎င်းအား အရက်မူးအောင်တိုက်ကာ ဟိုတယ်ဝင်းအတွင်းတွင် လှမ်းထားသော စားဖွဲ့နိုးဝတ်စုံတစ်စုံကို ခိုးယူခဲ့လေ၏။ စားပွဲထိုးဝတ်စုံ ရရှိသောအခါ လာမည့်တနင်္ဂနွေနေ့ ညတွင် ကျော်နီကို လုပ်ကြံရန်ဆုံးဖြတ်လိုက်၏။

ထိုနေ့ညသို့ရောက်သောအခါ မိုးဝေသည် စားပွဲထိုးဝတ်စုံကို ဝတ်ဆင်၍ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ ဟိုတယ်အတွင်းသို့ ဝင်ခဲ့လေ၏။ သူနှင့်အတူ လွန်စွာအဆိပ်ပြင်းသော မြွေဟောက်လည်း ပါလာလေ၏။





မိုးဝေ ဟိုတယ်အတွင်းသို့ရောက်သောအခါ ဟိုတယ်ညှော်ခန်းမရှိ စင်မြင့်ပေါ်တွင် ကျော်နီ၏တစ်ကိုယ်တော်မျက်လှည့်ပွဲအစီအစဉ် ပြီးဆုံးခါနီးနေပြီဖြစ်၏။ ကျော်နီသည် မျက်လှည့်အစီအစဉ်များကို ကျွမ်းကျင်စွာပြသပြီး ပွဲသိမ်းလိုက်လေ၏။

ပရိသတ်များသည် လက်ခုပ်လက်ဝါးတီး၍ ကျော်နီအား အားပေးကြလေ၏။

မိုးဝေသည် လူယုတ်မာကျော်နီ၏မျက်နှာကို ကြည့်ရင်း မြမင်းသမီးမှယာ၏ ကံဆိုးရှာသောဘဝကို သတိရကာ တက်တစ်ချက်ခေါက်လိုက်လေ၏။ လူယုတ်မာကြီးအား မကြာမီ ကလဲ့စားချေရပေတော့မည်။

ကျော်နီသည် မျက်လှည့်ပွဲပြီးသောအခါ သူ၏အိပ်ခန်းသို့ ဝင်ရောက်သွားလေ၏။ မိုးဝေသည် စားဖိုခန်းထဲသို့ မယောင်မလည်ဝင်ရောက်သွားပြီး ကျော်နီအားလုပ်ကြံရန် စဉ်းစားနေမိ၏။ စားပွဲထိုးအချို့သည် မိုးဝေအား လူသစ်တစ်ယောက်ဟုထင်မြင်နေဟန်ရှိလေ၏။ မိုးဝေသည် စားဖိုခန်းထဲတွင် ဘီးတပ်တွန်းလှည်းတစ်စီးကို ပြင်လေ၏။

လှည်းပေါ်တွင် စားသောက်ဖွယ်ရာထည့်သော ဗန်းတစ်ခုပါရှိပြီး ဗန်းပေါ်တွင် သတ္တုအုပ်ဆောင်းကြီးတစ်ခုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေသည် ဖက်၍ယူဆောင်လာသော မြွေဟောက်ကို သတ္တုအုပ်ဆောင်းအောက်သို့ ထည့်လိုက်လေ၏။ ထို့နောက် ကျော်နီ အိပ်ခန်းသို့ တွန်းလှည်းကလေးကို ဟန်မပျက် တွန်းယူလာခဲ့၏။

ကျော်နီ၏အိပ်ခန်းအနီးတွင် အစောင့်ရိပ်ကျနေပြီး လူသွားလူလာပြတ်တောက်၏။ မိုးဝေက တံခါးခေါက်လိုက်သည်နှင့် အခန်းထဲမှ ကျော်နီသည် ...

"စောလှတယ်၊ ဝင်ခဲ့ဟေ့၊ မင်းတို့ ထမင်းပို့တာ နောက်ကျလိုက်တာ"

ဟု ကြိမ်းမောင်းလေ၏။ မိုးဝေက အခန်းထဲသို့ တွန်းလှည်းကလေးနှင့်ဝင်ရောက်သွားပြီး တံခါးကိုပြန်ပိတ်လိုက်၏။

ကျော်နီက တွန်းလှည်းကို အံ့သြသလို ကြည့်၍ ...

"ဒီနေ့ ထမင်းပို့တာ အထူးအဆန်းပါလား"

ဟု ရေရွတ်လေ၏။ မိုးဝေက ...

"ကျော်နီ ... လူယုတ်မာကြီး၊ ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း"

ဟု ဆိုလိုက်ရာ ကျော်နီသည် မိုးဝေကို ကြည့်၍ ...

"ဟင် ... မင်း ... မင်း ... မိုးဝေပါလား၊ မင်း ဘာလာလုပ်တာလဲ"





ဟု မေးမြန်းလေ၏။ မိုးဝေက ...

"မမမှုယာကို နှမချင်းမစာနာဘဲ ယုတ်မာ ရိုင်းစိုင်းခဲ့တာ ခင်ဗျားကြီး မေ့နေပြီလား၊ မမမှုယာဟာ ခင်ဗျားကြောင့် အရှက်ကို အသက်နဲ့လဲသွားရှာတယ်၊ ဒီအတွက် ခင်ဗျားကို အပြစ်ဒဏ်ခတ်ရမယ်၊ ခင်ဗျားကြီးကို သေဒဏ်ပေးရမယ်"

ဟု ဆိုလိုက်ရာ ကျော်နီက ...

"ဟောကောင် ... မင်း ဘာတွေ လာပြောနေတာလဲ၊ မင်း ငါ့အခန်းထဲက အခုထွက်သွားစမ်း"

ဟု မောင်းထုတ်လေ၏။

မိုးဝေက တဟားဟား ရယ်မော၍ ...

"တဏှာရူးကြီး၊ ခင်ဗျားကိုသတ်ဖို့ ကျုပ် မြန်မာပြည်အနှံ့ လိုက်ရှာနေတာ၊ ဒီနေ့မှတွေ့တော့တယ်၊ သေဖို့သာပြင်ပေတော့"

ဟုဆိုကာ သတ္တုအုပ်ဆောင်းအောက်မှ မြွေကြီးကို ထုတ်၍ ကျော်နီထံသို့ လှမ်းပစ်လိုက်ရာ မြွေဟောက်သည် ကျော်နီ ကိုယ်ပေါ်သို့ကျသွားပြီး လည်ပင်းကို ပေါက်လေ၏။

ကျော်နီသည် အားခနဲ အသံနက်ကြီးနှင့် အော်ကာ မြေပေါ်သို့ လဲကျသွား၏။ ထို့နောက် မြွေဆိပ်တက်ကာ သေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။ မိုးဝေသည် မြွေဟောက်ကို ကျင်လည်စွာဖြင့် ပြန်လည်ဖမ်းဆီးလိုက်ပြီး ဂျော်နီ၏အခန်းမှ ထွက်ခွာလာခဲ့၏။

ရွှေပျံလွှားဟိုတယ်ပြင်ပသို့ ရောက်သည်အထိ မိုးဝေကို သတိထားမိသူမရှိပေ။ သူ၏ရင်ထဲတွင် သက်သာပေါ့ပါးသွားလေ၏။ သေလွန်ပြီးသော မြွေမင်းသမီး၏ဝိညာဉ်သည် မိုးဝေအား ကောင်းချီးပေးလိမ့်မည်ထင်၏။ လူယုတ်မာကြီးအား မှယာ့ကိုယ်စား ကလဲ့စားချေနိုင်ခဲ့ပေပြီ။

✻ ◯ ✻





မိုးဝေသည် နွားမွေးမြူရေးခြံရှိ သူနေထိုင်ရာတဲ ထလေးသို့ ဟန်မပျက်ပြန်လာပြီး နောက်တစ်နေ့တွင် သူဝယ်ထားသော မြွေဟောက်အား ဘေးလွတ်ရာသို့ ပြန်ပို့ပေးလိုက်၏။ ထိုရက်ပိုင်းအတွင်း နွားမွေးမြူရေးခြံပိုင်ရှင် ကုလားအဘိုးကြီး စိန်ပီတာ ရောက်လာပြီးလျှင် ...

"မိုးဝေ ငါတို့ကိုးကွယ်တဲ့ဟိန္ဒူဘုရားကျောင်း ပြန်ပြင်ဖို့ ငွေလိုတယ်၊ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ဟု မေးမြန်းလေရာ မိုးဝေက ...

"ငွေလိုရင် အလှူခံပေါ့ စိန်ပီတာကြီးရယ်"

ဟု ပြောလေ၏။ ကုလားအဘိုးကြီးက ...

"အလှူခံတာကြာပါပြီကွာ၊ ပြည့်ကိုမပြည့်သေးဘူး"

ဟုဆိုလေရာ မိုးဝေသည် အကြံရခက်သွားပြီး ခဏ ကြာလျှင် တောဘုရားပွဲများ၌ အလှူခံလေ့ရှိပုံကို သတိရ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား စိန်ပီတာ၊ ဘုရားကျောင်းမှာ ပွဲလေးတစ်ခု ဖြစ်အောင်လုပ်ပြီး ငွေရှာကြည့်ပါလား"

ဟု အကြံပေးလေရာ စိန်ပီတာကြီးက ...

"ဘယ်လိုပွဲမျိုးလဲ မိုးဝေ၊ မင်းက ငါတို့အုပ်စုရဲ့ဖြေဖျော်ရေးတာဝန်ယူတဲ့သူဆိုတော့ မင်းပဲ စီစဉ်ပေးပါလားကွာ၊ ကုသိုလ်ရပါတယ်"

ဟု ဆိုလေ၏။ မိုးဝေသည် တိမ်ပုံဆပ်ကပ်အဖွဲ့တွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ဖူးသဖြင့် ဖြေဖျော်ရေးကိစ္စများနှင့် မစိမ်းပေ။ ထို့ကြောင့် ကုလားအဘိုးကြီး၏ အလှူငွေရှာခြင်းကို ကူညီရန် ဆုံးဖြတ်လိုက်၏။

မိုးဝေသည် ဟိန္ဒူဘုရားကျောင်းတွင် ဖြေဖျော်ရန် စဉ်းစားကြည့်သောအခါ မြွေမင်းသမီးပြောပြသော ရိုရှိနှင့် မာလာ၏ ကြေကွဲဖွယ်ဇာတ်လမ်းလေးကို အော်ပရာ(ခေါ်) တေးသရုပ်ဖော် ကဇာတ်အဖြစ် ကပြရန် ဆုံးဖြတ်လိုက်၏။

ယုံခါမှုပင် သူ၏အဆောင်ကြေးပြားလေးကို သတိရ၍ ရှာဖွေလေရာ မြွေမင်းသမီး၏အဆောင်လေးမှာ ပျောက်ဆုံးသွားကြောင်း သိရလေ၏။ မိုးဝေသည် လွန်စွာရှားပါးသော အဆောင်လေးကို နှမြောတသခြင်းဖြစ်လေ၏။





မိုးဝေသည် နောက်တစ်နေ့မှစ၍ မာလာနှင့် ရိုရှိ ဇာတ်လမ်းကို တေးသရုပ်ဖော် ကပြနိုင်ရန် လူများကို ရှာဖွေခဲ့၏။ ထို့နောက် ကုလားဗုံအဖွဲ့တစ်ဖွဲ့နှင့်ပင် နွားမွေးမြူရေးခြံတွင် ဇာတ်တိုက်ကြလေ၏။

ဇာတ်တိုက်ရာတွင် မိုးဝေ ကိုယ်တိုင်ကြီးကြပ်၍ သရုပ်ဆောင်မည့်လူများကို စိတ်ရှည်လက်ရှည် သင်ပြပေးလေရာ ကုလားများအလယ်တွင် တစ်ဦးတည်းဖြစ်နေသော မိုးဝေအား ကြည့်၍ ၎င်းတို့သည် ချီးမွမ်းကြလေ၏။

ဇာတ်တိုက်ရာတွင် အဓိကဇာတ်ကောင် ရိုရှိအဖြစ် သရုပ်ဆောင်မည့် ကုလားလူငယ်သည် အမူအရာ ညံ့ဖျင်းလွန်းသဖြင့် မိုးဝေက မကြာခဏ ဝင်ရောက်သရုပ်ဆောင်ပြရလေ၏။ နောက်ဆုံးတွင် ကုလားများက အဓိကဇာတ်ကောင် ရိုရှိ အဖြစ် မိုးဝေကို သရုပ်ဆောင်ပေးပါရန် တောင်းပန်ကြ၏။

မိုးဝေသည် ငြင်းဆန်၍ ခက်ခဲသည်နှင့် ရိုရှိအဖြစ် သရုပ်ဆောင်ရန် ခေါင်းညိတ်ခဲ့လေ၏။

ဘုရားကျောင်း၌ အလှူပွဲ ကျင်းပသောအခါ ထင်သည်ထက်ပင် လူများစည်းကားနေပြီး ကျောင်းပတ်ဝန်းကျင်၌ ဈေးသည်များနှင့် စည်စည်ကားကား ဖြစ်နေလေ၏။ မိုးဝေသည်



www.burmeseclassic.com

www.burmeseclassic.com



မာလာနှင့် ရိရှိဇာတ်လမ်းကို သုံးညတိုင်တိုင် ကပြပေးခဲ့လေ၏။ အလှူငွေများလည်း အမြောက်အမြား ရရှိခဲ့လေ၏။ နောက်ဆုံးညသို့ရောက်သောအခါ မိုးဝေသည် အစီအစဉ်ပြီးသည်နှင့် ရေဘူးထဲမှရေကိုသောက်ကာ ဘုရားကျောင်းသို့ ဝင်ခဲ့၏။ ကျောင်းထဲသို့ ရောက်သောအခါ သက္ကလပ်ဘောင်းဘီနှင့် ကုတ်အင်္ကျီဝတ်ဆင်ထားသော လူတစ်ဦးသည် နောက်ကျောပေးနေရာမှလှည့်၍ ...

"မာလာနဲ့ ရိရှိရဲ့ ရင်နင့်စရာ ဇာတ်လမ်းလေးကို ကပြသွားတာ သိပ်ကောင်းတယ်ဗျာ၊ ကိုမိုးဝေကို သဘင်သည်တစ်ဦးလား အောက်မေ့ရတယ်၊ ချီးကျူးပါတယ်ဗျာ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလေရာ မိုးဝေက ထိုသူအားကြည့်၍ ...

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးမြန်းလေ၏။

ထိုသူက သက်ပြင်းချ၍ ...

"ကျုပ်က အင်းစိန်စီအိုင်ဒီက ဆားပုလင်းမင်းအောင်ပါ၊ ကိုမိုးဝေကို ရှေပွဲလွှားဟိုတယ်မှာ မျက်လှည့်ဆရာ ကျော်နီကိုသတ်မှုနဲ့ ဖမ်းဆီးလိုက်ပါပြီ"





ဟု ဆိုလိုက်ရာ မိုးဝေသည် ဆားပုလင်းမင်းအောင်ဆိုသူအစွမ်းကို လွန်စွာအံ့ဩသွားပြီး တဟားဟား ရယ်မောကာ ...

"ဟား ဟား ဟား ... တော်တယ်ဗျာ၊ သဲလွန်စရှာပြီးလိုက်လာနိုင်တာ ကျုပ်ကပြန်ပြီး ချီးမွမ်းပါရစေ၊ ဒါကြောင့်လည်း မြန်မာပြည်စုံထောက်အဖွဲ့မှာ ဆားပုလင်းမင်းအောင်၊ ဆားပုလင်းမင်းအောင်ဆိုပြီး နာမည်ကြီးပေတာကိုး၊ ဘာပဲဖြစ်ဖြစ် လူယုတ်မာကျော်နီကို ကလဲ့စားချေလိုက်ရတာကို ကျုပ် ကျေနပ်ပါတယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် ဆားပုလင်းမင်းအောင်က သူ့အား ထွက်မပြေးရန် ကတိတောင်းလေရာ မိုးဝေက ...

"ကျုပ်က လုပ်ရဲရင် ခံရဲပါတယ်ဗျာ၊ ထွက်ပြေးတဲ့လူစားမျိုးမှာ ကျုပ်မပါဘူးဗျ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က မိုးဝေအားလက်ထိတ်မခတ်ဘဲ သူ၏နေအိမ်သို့ ခေါ်သွားလေ၏။ နေအိမ်သို့ရောက်သောအခါ ထိုညအတွက် ညစာကို ဂင်ဇာဟိုတယ်မှ မှာယူပေးပြီး မိုးဝေအား စားသောက်စေ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မိုးဝေနှင့် ဆားပုလင်းမင်းအောင်သည် ညစာစားရင်း စကားလက်ဆုံ ကျနေလေတော့၏။

ငယ်ပေါင်းကြီးဖော်များကဲ့သို့လည်း ခင်မင်သွားလေတော့၏။

*○*





မိုးဝေ၏အမှုအကြောင်းကို သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း စသော သတင်းစာကြီးများတွင် တခမ်းတနား ဖော်ပြလေ၏။ ဆားပုလင်းမင်းအောင်ကိုလည်း ချီးမွမ်းရေးသားကြလေ၏။

တရားခွင်သို့ သူ၏ဆရာတော်ကြီးနှင့် ကပ္ပိယကြီး ရောက်လာပြီး ဆရာတော်ကြီးက ...

"မိုးဝေ ... မင်းကို လူတွေကြားထဲ လွှတ်လိုက်တာ လူသတ်ဖို့ မဟုတ်ဘူးကွ၊ နင်တော့ ပါဏာတိပါတာကံ ထိုက်ပြီ"

ပြောလေ၏။ ကပ္ပိယကြီးကမူ ...

"သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့ကွာ"

ဟု တီးတိုးရေရွတ်လေ၏။

မွေးမြူရေးခြံမှ စိန်ပီတာ ဟူသော ကုလားအဘိုးကြီးသည် တရားခွင်သို့ နေ့စဉ်လာ၍ မိုးဝေ လိုအပ်သောအကူ



www.burmeseclassic.com

www.burmeseclassic.com

အညီများကို ပေးလေ၏။ စီရင်ချက်ချမည့်နေ့တွင် မိုးဝေ၏ဆရာကြီး ဦးတိတ်ငွမ် ရောက်လာပြီး ...

"ရောက်အောင် မသွားသရွေ့တော့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲကွ"

ဟု ပြောလေ၏။ သူ၏အမှုနှင့် ပတ်သက်၍ ကိုယ်တိုင်ဝန်ခံချက် ပေးထားသော်လည်း မျက်မြင်သက်သေ မရှိသည်နှင့် ထောက်ထားညှာတာသောအားဖြင့် ထောင်ဒဏ်(၁၀)နှစ်သာ အပြစ်ဒဏ်ချမှတ်ခဲ့လေ၏။

မိုးဝေသည် ထောင်ဒဏ်ကို ကျေကျေနပ်နပ်ကြီး ခံယူခဲ့လေ၏။

မမှုယာ ကိုယ်စား လူယုတ်မာ ကျော်နိုကို လက်စားချေ သတ်ဖြတ်လိုက်ခြင်းသည်ပင်လျှင် သူ့ဘဝတွင် အရာရာ ပြီးပြည့်စုံခြင်း မဟုတ်ပါလား။ ။

မည်သည့်အရာကိုမျှ သိမ်းပိုက်မထားသော

မင်းမြတ်သူရ

BURMESE CLASSIC .com
www.burmeseclassic.com